
www.burmeseclassic.com

ဂျာနယ်ကျော်မမလေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| | တမျက်နှာ |
|---|---|
| နိဒါန်း | ၁ |
| အေးအေး | ၄ |
| မိခွေး မိခွေး | ၄၉ |
| ဟာဟိရ | ၆၅ |
| အမျိုးသားနေ့ | ၈၁ |
| တရားပလိပ်စောင့် | ၉၇ |
| မိန်းမပီပီ | ၁၂၃ |
| သည်ဆောင်း | ၁၃၅ |
| မာမရှိန်း | ၁၅၇ |
| သည်မိုး | ၁၆၉ |

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ဂျာနယ်ကျော်မမလေးသည် 'သူလိုလူ' ဝတ္ထုရှည်ကြီးကို နေ့မအား ညမအား မရပ်မနား ရေးသားပြုစုပြီးသည့်နောက် ထိုသို့ ရေးသားပြုစုရသဖြင့် အိပ်ပျက်ဖန်များသောကြောင့် ကျန်းမာရေးကို မသိမသာ ထိခိုက်လာခဲ့သည့်ကြားထဲကပင် ရံဖန်ရံခါများ၌ 'ဂျာနယ်ကျော်' စာစောင်ကြီးအတွက်လည်းကောင်း မကောင်းရာမကောင်းကြောင်း၊ ခင်မင်ရာ ခင်မင်ကြောင်း၊ သူ့အရေးအသားကို သဘောကျ နှစ်ခြိုက်လျက်ရှိသူအပေါင်း၏ တိုက်တွန်းတောင်းပန်ချက်ဖြင့် အခြားစာနယ်ဇင်းများအတွက်လည်းကောင်း ဆောင်းပါးဝတ္ထုများကို မေတ္တာဖြင့် ကူညီရေးသားပေးရပြန်သည်ဖြစ်ရာ ကျန်းမာရေးအတွက် သိသိသာသာကြီး ထိခိုက်လာတော့မည့် အရိပ်အယောင်များကို တွေ့မြင်နေရသော ဂျာနယ်ကျော် အယ်ဒီတာချုပ် ဦးဂုဏ်ရှော်နှင့် ကျွန်ုပ်တို့က ဂျာနယ်ကျော်မမလေးအား စာရေးခြင်းအမှုကို ခေတ္တမျှ

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com



ရပ်ဆိုင်း၍ အနားပေးထားပါရန် အတန်တန် မေတ္တာရပ်ခံ တောင်းပန်ခဲ့ရပေသည်။

ဤသို့ဖြစ်သဖြင့် ဂျာနယ်ကျော်မမလေး၏ စာများကို အဆက်မပြတ် ဖတ်ရှုခြင်းမပြုသောကြောင့် များစွာပင် မကျေမနပ်ဖြစ်နေကြသော သူ့ စာဖတ်ပရိသတ်ကြီးက ဂျာနယ်ကျော်မမလေး၏ ဆောင်းပါးများ ဝတ္ထုများကို အဘယ့်ကြောင့် ရေးသားထုတ်ဝေခြင်းမှ ရပ်ဆိုင်းထားရပါသနည်းဟူ၍ ကျွန်ုပ်တို့ထံသို့ စာအားဖြင့် ပေးပို့၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း နေ့စဉ်နှင့်အမျှ မေးမြန်းစုံစမ်းကြပြန်ရာ ကျွန်ုပ်တို့မှာလည်း အကြောင်းရင်းအဖြစ်မှန်ကို ပရိသတ်များ ကျေနပ်အောင် ဖြေရှင်းလျက် ရှိနေပေသည်။

ထိုအတောအတွင်းမှာပင် ဂျာနယ်ကျော်မမလေးသည် ကျန်းမာရေးကို ငဲ့ကွက်သောအားဖြင့် ဝတ္ထုဆောင်းပါးများ နောက်ထပ်ပြုစုရေးသားခြင်း မပြုနိုင်သေးလျှင် ဂျာနယ်ကျော်စာစောင်ကြီးတွင် သူ ရေးသားခဲ့သော ဝတ္ထုတိုများမှာ ပြန်လည်ဖတ်ရှုသောအခါများ၌ပင် အသစ်အသစ်ဖြစ်သကဲ့သို့ ရှု၍မငြီး ဖတ်၍မပြီးချင်အောင် ရှိပါသောကြောင့် ဂျာနယ်ကျော်မမလေးကဲ့သို့ အနောက်နိုင်ငံတွင် နာမည်ကျော်ကြားလူကြိုက်များသော စာရေးဆရာတို့၏ အရေးအသားများကို "Omnibus" ဟူ၍ စာအုပ်တစ်အုပ်တည်းတွင် စုပေါင်းဖော်ပြလေ့ရှိသည်ဖြစ်၍ ဂျာနယ်ကျော်မမလေး၏ ဝတ္ထုတိုများကိုလည်း "Omnibus" စာအုပ်တစ်အုပ်အဖြစ် စုပေါင်းရိုက်နှိပ်



BURMESE CLASSIC .com



ထုတ်ဝေပါရန် ကျွန်ုပ်တို့ထံ အကြံပေး တိုက်တွန်းလာပြန်သောကြောင့် ဂျာနယ်ကျော်မမလေးတွင်လည်း ၎င်း၏ ကျန်းမာရေးကို မထိခိုက်ဘဲ သူ့ပရိသတ်၏ အလိုကို ဖြည့်နိုင်စေ၊ ပရိသတ်မှာလည်း ဆန္ဒပြည့်ဝစေဟူ၍ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောဖြင့် သူ့စာဖတ်ပရိသတ်တွင် ဖြစ်ပေါ်လျက်ရှိသော စိတ်အတိုင်း "ရှုမငြီး" ဟူသော အမည်ဖြင့်ပင် ဂျာနယ်ကျော်မမလေးသည် ကောင်းစွာ ပြန်လည်ကျန်းမာလာကာ (သူလိုလူ) ကဲ့သို့ အရသာထူးလှသော စာဟင်းလေးအိုးကြီးတစ်ခုကို မပြုစုနိုင်မီအတွင်း ပရိသတ်ကြိုက်လှသော သူ၏ ဝတ္ထုတိုများကိုပင် အဆာပြေ ချိုချဉ်ခဲဘွယ်များသဖွယ် သုံးဆောင်မြည်းစားနှင့်နိုင်ကြစေရန် ရေးသား ထုတ်ဝေလိုက်ရပေသတည်း။

လှကြည်

အယ်ဒီတာ-ဂျာနယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com

# အေးအေး

ဖခင်ပြောသည်ကိုသာ ခေါင်းညိတ်လိုက်လျှင် အလိမ္မာ အိမ်ပါ၊ ဥစ္စာပေါ၊ ရုပ်ချောကို အလွယ်တကူရဖို့ပင် ရှိ၏။ ယခု လို တစ်လမ်းလုံး ဆောင့်နေသဖြင့် တစ်ကိုယ်လုံး အောင့်နေဖို့ ရာမဟုတ်။ ကျွန်ုပ်မှာ ငယ်ကတည်းက ခဲရာခဲဆစ် ကျပ်ကျပ် တည်းတည်း အားထုတ်ရ၊ လုံ့လပြုရမှ ပို၍ အရသာတွေ့သည် ကို သဘောကျခဲ့သည့်ဝါဒအခံ ရှိသဖြင့် ယခုလည်း ဖခင်ပေး စားမည့် မိန်းမကို မယူနိုင်ဘဲ ငြင်းပယ်ခဲ့လျက် ခေတ်ပျက် မတတ်ဖြစ်နေသော အချိန်ကာလကြီးအတွင်းမှာပင် စွန့်စွန့် စားစား ခဲရာခဲဆစ်ယူရမည့် မိန်းမအတွက် နေပူထဲတွင် တည့်တည်းညည်း တညူညူ လူတစ်ကိုယ်လုံး အထောင်းခံကာ ခရီးနှင်လျက်ရှိသည်။ နေမှာ တစ်နာရီထက် တစ်နာရီ တိုး၍ သာ ပူလျက်ရှိသည်။ ကျွန်ုပ်၏လည်းကုလားမှာ ပူလောင်ခြင်း ကို ခံပြင်းတိုင်း နွားကို တရိုက်တည်း ရိုက်နေလေပြီ။ ကျွန်ုပ် နှင့်ပါလာသော ကျွန်ုပ်၏တပည့် ဘစောသည် ဝန်ထည်စလယ် အထုပ်အပိုးကဲ့သို့ အလားတူလုပ်၍နေရှာလေသည်။

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com



အစိုးရ အထူးအရာရှိကြီး ဦးကျော်မြင့်အနေဖြင့် သူကြီးလုပ်သူ အဖေအိမ်တွင် တည်းခိုရမည်ဖြစ်၍ သမီးလုပ်သူကို မြင်ရမည်ကား မလွဲဧကန်ပင်ဟု တစ်နည်းတစ်လမ်း စိတ်အေးမိရသည်။ ရုက္ခစိုးကြီးထွန်းမောင် လက်ညှိုးညွှန်လိုက်သည့်အတိုင်း ရုပ်လည်းချောမည်၊ ပညာလည်းရှိမည်၊ အထက်တန်းလည်း ကျမည်။ ဘယ်မိန်းမနှင့်ယှဉ်ယှဉ် အဖက်ဖက်က သာရမည်။ သို့ပေသည့် မာနအလွန်ကြီးသည်ဟူသော ဝိသေသနမြောက်မြားစွာထဲတွင် မာနအလွန်ကြီးသည်ဟူသော နောက်ဆုံးဂုဏ်ပုဒ်သည်သာလျှင် ကျွန်ုပ်အား ယခုကဲ့သို့ လှုပ်လထုတ်စေရန် အထူးပင် လှုံ့ဆော်လေတော့သည်။

ကျွန်ုပ်သည် ခွင့် ၂လယူခဲ့ပြီးနောက် ကျွန်ုပ်၏နေရပ်ရန်ကုန်မှ အုတ်ဖိုသို့ ကားနှင့်လာခဲ့ရာ လမ်းတွင် ကားလည်း ခဏခဏပျက်၊ လေယာဉ်ပျံရန်ကလည်း အခါခါ ရှောင်ရှားလာရသောကြောင့် ခရီးတွင်ကျယ်သင့်သလောက် မတွင်ကျယ်ဘဲ သုံးရက်ကြာမှ အုတ်ဖိုသို့ ရောက်ခဲ့ရလေသည်။ အုတ်ဖိုတွင် ကားပျက်နေသဖြင့် လှည်းငှား၍ ထိုမိန်းမပျိုနေရာ တိမ်မြုပ်ရွာသို့ ခရီးကြမ်းနှင်လျက်နေလေသည်။

ကောင်းကင်ယံမှ စက်သေနတ်ရန်ကြောင့် ကျွန်ုပ်တို့မှာ လှည်းပေါ်က ဆင်းလိုက်, တက်လိုက်နှင့် နေပူထဲတွင် တူတူပုန်းတမ်း လုပ်ရသည်မှာလည်း အမောပင်။ ထိုကဲ့သို့ တစ်ခါဖူးမျှ အပင်ပန်းမခံခဲ့ဖူးသဖြင့် တစ်ခါတစ်ရံ ပြေးရင်းပုန်းရင်းပင် ကိုယ့်အဖြစ်ကိုယ် ပြုံးမိသည်။





ညနေစောင်းနေမှာ ခြစ်ခြစ်တောက် ပူပြင်းလာလေပြီ။ ကျွန်ုပ်၏တပည့်မှာ ထိုအခါမှ သည်းညည်းမခံနိုင်တော့သကဲ့သို့ "ဝေးသေးသလားဆရာ" ဟု အသံထွက်ဖော်ရတော့သည်။

"ငါတော့မသိဘူး၊ လှည်းကလားကတော့ တစ်ည မအိပ်ရပါဘူး ပြောတာပဲ" ဟု ကျွန်ုပ်က ပြောရာ . . . "ကြံကြံဖန်ဖန် ဆရာရယ်" ဟု လေးလေးတွဲတွဲကြီး ညည်းညူလိုက်သဖြင့် ကျွန်ုပ်မှာ သူ့ကိုကြည့်၍ ရယ်ချင်လာသည်။

"ဘာ ကြံကြံဖန်ဖန်လဲ . . ."

"နိမိတ်မကောင်းပါဘူး ဆရာရယ် . . ."

"ဘာနိမိတ်မကောင်းတာလဲကွ၊ မင်းဟာက ယောကျ်ားမဟုတ်သလိုဘဲ . . . ဒါနဲ့များ ငါ့တပည့်လုပ်နေရသေးတယ်"

"မဟုတ်ပါဘူးဆရာရယ် . . . နေရပ်က တိမ်မြုပ်ဆိုတော့ နာမည်နိမိတ် . . ."

"တော်စမ်းပါ . . . နာမည်နိမိတ်ယူရင် မိန်းကလေးနာမည်က အေးအေးတဲ့ . . . တဲ . . တောက်ပါဦး ဘစော ရယ် . . ."

"အေးအေးမို့လို့ပဲဆရာ . . . ပူများပူရင် . . ."ဟု ရှေ့သို့ စကားမဆက်တော့ဘဲ ဦးထုပ်ကိုချွတ်၍ နဖူးပေါ်ကာ၍ နေလေရာ ကျွန်ုပ်မှာ သူ့အမူအရာကိုကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရတော့သည်။ ထိုသို့လုပ်နေရာကတစ်ဖန် "ရင်ပူလိုက်တာဆရာ" ဟု ညည်းညူပြန်ချေသေးသည်။

"ရင်ပူတာ ဘယ့်နှယ်လုပ်ရမလဲ . . ."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ရေသောက်ရမယ်ဆရာ"

ကျွန်ုပ်က ရေကုန်နေသည်ကိုမှ ရှာပြောတတ်တာကို မာန်ချင်သေးသဖြင့် "တိုက်လိုက်ကွ ဂွ" ဟု ပြောလိုက်ရလေသည်။

BURMESE CLASSIC .com

လှည်းဘီးများမှာ နေပူထဲတွင် တအီအီ အသံပေး၍ တညိမ့်ညိမ့် လှိမ့်လျက်ရှိသည်။ မြန်မြန်ရောက်လိုစိတ်ကို ထိုအသံက တစ်လမ်းလုံး ဆွဲ၍နေလေသည်။ ရေငတ်လွန်းသဖြင့် စောစောက တဲတွေ့လျှင် ရေသောက်ဖို့ ရပ်ခွင့်ပေးရန်ပြောထားရာ နေစောင်းမှပင် တဲကလေးတစ်တဲကို တွေ့ရတော့သည်။ လှည်းကိုရပ်ခိုင်းလိုက်ပြီး ဘစောအား ထိုတဲတွင် ရေသောက်ခိုင်းလိုက်ရာ မျက်စိမျက်နှာပျက်ပျက်နှင့် သုတ်သီးသုတ်ပျာ ဘစော ပြန်ထွက်လာသည်ကို မြင်ရသဖြင့် ဘာများဖြစ်လာရပြန်ပါလိမ့်ဟု မျက်မှောင်ကြုတ်၍ ကြည့်နေမိသည်။

"ဆရာ . . . ဆရာ . . . သေမလား မသိဘူး၊ လာပါလာပါ" ဟု ကျွန်ုပ်ကိုခေါ်နေလေရာ ကျွန်ုပ်မှာ ဒေါသများပင်ထွက်မိပြီး . . . "ရေသွားသောက်ပါဆိုတာကို ဘာတွေ့လာပြန်တာလဲ . . . မင်းဟာက . . ."

"လူ . . . ဆရာရဲ့ လူ၊ ဘဝပြောင်းတော့မယ် . . . ဒဏ်ရာကြီးနဲ့ . . . ဘယ်သူမှ မရှိဘူး၊ တစ်ယောက်တည်းရယ်"

"ရှုပ်တဲ့ကောင် . . . မြန်မြန်ရောက်ချင်ခါမှ မင်းနှယ်ကွာ . . ." ဟု မောင်းမဲပြစ်တင်လိုက်သော်လည်း ကျွန်ုပ်မှာ လှည်းပေါ်မှ ခုန်ချလိုက်မိပြီးဖြစ်သည်။ လှည်းကုလားအား





ခေတ္တစောင့်ရန် မှာကြားခဲ့ပြီးနောက် ကျွန်ုပ်လည်း ဘစောနောက်မှ တဲဆီသို့ လိုက်ပါလာခဲ့လေသည်။ တဲမှာ အလွန်သေးငယ်၍ အိုမင်းယိုင်နဲ့၍ နေလေပြီ။ လူမသုံး၍ ပစ်ထားသည်မှာ အတော်ကြာပုံရသည်။ စုတ်ပြတ်ဟောင်းနွမ်းလွန်းလှသည်။ တဲဝသို့ ရောက်ကြရာ ဘစောက ရှေ့ကမဝင်ဘဲ လမ်းဖယ်၍ပေးသဖြင့် ကျွန်ုပ်လည်း ရှေ့သို့တိုးဝင်လိုက်သည်တွင် တဲဒေါင့်၌ သွေးအလိမ်းလိမ်းလူးလျက် လူတစ်ယောက် လူးလွန့်နေခြင်းကို မြင်ရလေသည်။ မြင်လျှင်မြင်ချင်း ကျွန်ုပ်မှာ နောက်သို့ယိမ်းယိုင်သွားပြီးမှ တစ်ဖန် ရှေ့သို့တိုး၍ ထိုသူ့ဆီသို့ တဖြည်းဖြည်း လှမ်း၍ သွားလိုက်သည်။ ၎င်းသူမှာ ကျွန်ုပ်နှင့် သက်တူရွယ်တူခန့်လောက်ပင် ရှိသည်၊ အရပ်ရှည်ပုံမှာလည်း ကျွန်ုပ်နှင့် အတူတူပင်။ ကိုယ်လုံးကိုယ်ထည်မှာလည်း ကျွန်ုပ်ကဲ့သို့ပင်။ အသားအရေသာ သူက ကျွန်ုပ်ထက်ပို၍ ဖြူပါပေသည်။

အနီးသို့ရောက်လျှင် ကျွန်ုပ်အား မျက်လုံးဖွင့်၍ ပြူးပြူးကျယ်ကျယ်ကြီး ကြည့်နေလေသည်။ ကျွန်ုပ်လည်း သူ့ဘေးတွင် ဒူးထောက်ထိုင်လျက် သူ့အား ကူညီမည်ကဲ့သို့ အမူအရာပြရာ တစ်ဖန် မျက်စိကို စုံပြန်မှိတ်လျက် တိုးတိုးပင် ညည်း၍နေသည်။

"မိတ်ဆွေ . . . ဘာဖြစ်သလဲ၊ ဘာလုပ်ချင်သလဲ၊ မိတ်ဆွေ ဘယ်ကလဲ" ဟု ကျွန်ုပ်ကမေးရာ ထိုသူလည်း အတန်ကြာမှ မျက်စိကိုဖွင့်ကြည့်ပြီးနောက် အဖြေမပေးသေးဘဲ ကျွန်ုပ်၏ရင်တွင် ထိုးထားသော မြားကိုသာ စိုက်၍ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ . . . ကျုပ်ဆီက ဘာအကူအညီလိုချင်သလဲ ပြောပါ . . . ကျုပ် ကူညီပါ့မယ်၊ ရန်သူမဟုတ်ပါဘူး၊ မိတ်ဆွေလို့မှတ်ပါမိတ်ဆွေ"

ထိုသူမှာ ခဏမျှ ငြူစိုက်၍ကြည့်နေပြီးမှ ကျွန်ုပ်၏ရင်တွင် ထိုး၍ထားသော မြှားကို လက်ညှိုးထောက်၍ တစ်စုံတစ်ခု ပြောလေဟန် ပါးစပ်ကို လှုပ်ရှားလိုက်သောကြောင့် ကျွန်ုပ်လည်း မြှားကို ရုတ်ခြည်း ဖြုတ်လိုက်မိပြီးနောက် "မြှားလေမိတ်ဆွေ . . . မြှား" ဟု ပြောပြောဆိုဆို လက်ထဲသို့ ထည့်ပေးလိုက်မိသည်။

ထိုသူလည်း မြှားကို ရာထူးအဆင့်အတန်း သိနားလည်သကဲ့သို့ နီးကပ်စွာ ယူ၍ကြည့်လိုက်ပြီး သဲ့သဲ့မျှပင် "ခင်ဗျားအစိုးရအရာရှိပါလား . . . " ဟု ကျွန်ုပ်အား ဝမ်းနည်းသွားသကဲ့သို့ ညှိုးငယ်စွာပြောရှာလေသည်။

သူ၏သဘောကို ကျွန်ုပ်က ရုတ်ခြည်းနားလည်ကာ "စိတ်မကောင်းမဖြစ်ပါနဲ့ မိတ်ဆွေ . . . ခင်ဗျားကို ရန်မပြုပါဘူး။ တတ်နိုင်ရင် ကူပါ့မယ် . . . ဘာအကူလိုတယ်သာ ပြောပါ"

"ကျွန်တော် သေလှူပါ။ ကျွန်တော့်ရဲ့အသက် တစ်သက်လုံးမှာ ခင်ဗျားဟာ နောက်ဆုံးမိတ်ဆွေဖြစ်ရရင် . . . "

"ဖြစ်ရပါတယ် မိတ်ဆွေ . . . ကျွန်တော် ခင်ဗျားရန်သူ မဟုတ်ပါဘူး။ ခင်ဗျား ဘာမဆို ယုံကြည်နိုင်ပါတယ်။ ခင်ဗျား ဘာပြောချင်သလဲ . . . ပြောပါ၊ ကျွန်တော် ဆောင်





ကြဉ်းပါ့မယ်။ ကတိပေးပါတယ်"

ဤသို့ပြောသည့်တိုင် မျက်နှာရွှင်ပြမလာဘဲ မျက်မှောင်ကြုတ်ကာ မျက်စိကို စုံမှိတ်ထားသည်ကို တွေ့ရလေသည်။

ကျွန်ုပ်မှာ အနာ နာ၍လား၊ စိတ်ထိခိုက်သွား၍လား၊ အသက်ထွက်သွားပြီလားဟု ပူပင်သောကရောက်သွားကာ ဗျာများသွားပြီးလျှင် ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် သူ့ခေါင်းကို ကောက်၍ထူပြီး . . . "ဟေ့ . . . ဘစောရဲ့ ကြည့်လုပ်စမ်းပါဦး" ဟု ဘစောကို လှည့်ကြည့်လိုက်ရာတွင် ပကတိ ကျောက်ရုပ်ကြီးကဲ့သို့ မလှုပ်မယှက် ရပ်နေသော ဘစောကို တွေ့ရသဖြင့် ထ၍ကန်လိုက်ချင်သောစိတ်များပင် ပေါက်မိလေသည်။

"ရေကလေး ဖျန်းမှရမှာ . . . မြောနေသလား မသိဘူး၊ ရေလိုတယ်ဆရာ . . . ရေ"

"ရေမရှိပါဘူးဆိုကာမှ လာသေးတယ် ဟဲရေ"

"ဆရာ . . . ဟိုမှာ မျက်လုံးကြီးပွင့်လာပြီ"

ကျွန်ုပ်မှာ အမြဲတန်း စိတ်ဆိုးစရာလုပ်ပြီး ရယ်ချင်အောင်လုပ်တတ်သည့်သူ့အကျင့်ကို နောက်နောက်က ရယ်မိသော်လည်း ယခုသော် မရယ်အားတော့ဘဲ ထိုသူကို သာ ငုံ့၍ကြည့်ကာ "မိတ်ဆွေ . . . နာသလား၊ ဘယ်လိုနေသလဲ" နှင့် ဗျာဗျာသလဲ မေးရတော့၏။

ခေါင်းကို ညင်သာစွာ ရမ်း၍ ကျွန်ုပ်အား အသနားခံသည့် မျက်လုံးတို့ဖြင့် ညှိုးငယ်စွာကြည့်၍ နေလေသည်။

"မိတ်ဆွေ . . . ဘယ်ကလဲ . . . ဘယ်ကလဲ . . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


မိတ်ဆွေ ဘာဖြစ်သလဲ . . .”

ထိုသူလည်း သက်ပြင်းကြီးချလိုက်ကာ ညှိုးငယ်စွာနှင့် “ခင်ဗျားကို ကျွန်တော် စိတ်ချရပါ့မလား” ဟု မဝေခွဲနိုင်သကဲ့သို့ဖြစ်ကာ ပြောနေခြင်းကို ကျွန်ုပ်စိတ်တွင် အလွန်အမင်း ထိခိုက်လှသဖြင့် မသုံးသင့်သောစကားပင်ဖြစ်သော်လည်း “ခင်ဗျားကို နောက်ဆုံးကတိပေးတဲ့သူဟာ ကျွန်တော်ပါပဲ မိတ်ဆွေ . . . ယုံကြည်နိုင်ပါတယ်” ဟု ပြောလိုက်ရတော့သည်။

စောစောကနှင့် မတူတော့ဘဲ မျက်နှာကလေး အနည်းငယ်ခန့် လန်းသလို ရှိလာပြီးလျှင် “ကျွန်တော့်လုံချည် လှန်လိုက်ပါ . . . ပေါင်မှာ စာတစ်စောင် စည်းထားတယ်။ အဲဒီစာကို ခင်ဗျား အမြန်ဆုံးပေးပေးပါ၊ ဖောက်လည်းမဖတ်ဖို့ ကတိပေးပါ . . . ဘယ့်နှယ်လဲ”

“စိတ်ချပါမိတ်ဆွေ . . . ကတိပေးပါတယ်၊ မှာတဲ့အတိုင်း ယုံကြည်ပါ”

“ကျွန်တော်တော့ ကင်ပေရဲ့သေနတ် ဦးသွားပြီ”

“ဩော် . . . ခင်ဗျားကို ဂျပန်က ပစ်လိုက်တာလား၊ အို . . ဖြစ်ရလေ၊ ဘာဖြစ်လို့လဲဗျာ . . .”

ထိုသူမှာ အဖြေမပေး။ ရင်မှ ဒဏ်ရာကို လက်ဝါးနှင့် အုပ်ပြီး မချည့်မဆန့်ဝေဒနာကို ပြင်းထန်စွာ ခံစားလူးလွန့်၍ နေလေသည်။ ကျွန်ုပ်မှာ ကြည့်ရင်းပင် အကဲမလှတော့သဖြင့် “ခင်ဗျားနာမည်ကလေး တဆိတ်လောက် ပြောပါ” ဟု နားနား





သို့ ကပ်၍မေးရာ ရုတ်တရက် သက်သာသွားသကဲ့သို့ ငြိမ်သက်လိုက်ပြီးမှ မျက်လုံးကို လေးကန်စွာ ဖွင့်ပြီး . . .

“ကျွန်တော် . . .”

ရှေ့သို့ ဆက်မပြောသေး၊ တစ်စုံတစ်ခုကို တွေးတောနေသကဲ့သို့ မျက်စိကိုစင်းပြီးနေစဉ် ကျွန်ုပ်မှာ လွန်မင်းစွာ သိချင်ဇောနှင့် နားစွင့်လျက်ရှိရာ ကျွန်ုပ်ထင်သကဲ့သို့ တွေးတော တွေဝေနေခြင်းမဟုတ်ဘဲ ဘဝသစ်သို့ မျက်နှာမူနေမှန်း မျက်လုံးများ တဖြည်းဖြည်း စုံပိတ်သွားမှ သိရလေတော့၏။

နေပင် အတော်ကျ၍သွားသဖြင့် ကျွန်ုပ်မှာ ထိုသူ၏ ရုပ်အလောင်းကို မြေပေါ်သို့ ချလိုက်ပြီး သူ့ပေါင်တွင်းရှိ စာကို ဆောလျင်စွာ ဖြုတ်ယူရလေသည်။

ထိုသို့ ကျွန်ုပ်ပြုလုပ်နေစဉ် ဘစောမှာ ကမ္မဋ္ဌာန်းရှုသကဲ့သို့ ထွက်သက်ဝင်သက်အလုပ်မှတစ်ပါး ငြိမ်ငြိမ်သက်သက်ကြီးလုပ်၍ ကြည့်နေလေသည်။

ကျွန်ုပ်သည် စာအိတ်ပေါ်ရှိ လိပ်စာကို ကြည့်နေစဉ်တွင်မှ ဘစောက . . . “ဘယ်ကိုတဲ့လဲဆရာ” ဟု ကျွန်ုပ်အား အေးအေးလူလူ မေးနေပြန်သေးသည်။

“ကိုလူမောင်၊ အောက်ပိုင်း၊ တိမ်မြုပ်ရွာတဲ့ကွ”

“လာ လာသေးတယ်၊ တိမ်မြုပ်က . . .” ဟု သူ့ဟာသူ တစ်ယောက်တည်း ညည်းညူနေလေသည်။

ကျွန်ုပ်သွားရမည့် ခရီးပင် ဖြစ်သဖြင့် ခဲရာခဲဆစ် မဆောင်ကြဉ်းရခြင်းကို စိတ်ထဲတွင် ပေါ့ပါးသွားမိသည်။ သူ


www.burmeseclassic.com

www.burmeseclassic.com





မှာသည့်အတိုင်း ဖွင့်ကြည့်ရန် စိတ်အနည်းငယ်မျှ မရှိဘဲ စာကို အိတ်ထဲသို့ ထည့်လိုက်ပြီး ထိုသူ့အား နောက်ဆုံးတစ်ချက်မျှ စိုက်ကြည့်ပြီးနောက် တဲဝသို့ ထွက်ခဲ့လေသည်။

× × ×

ကျွန်ုပ်တို့သည် တဲထဲတွင် အလုပ်များနေသကဲ့သို့ တဲဝတွင်လည်း လှည်းကုလားမှာ အလုပ်များနေပြန်လေသည်။

ကျွန်ုပ်တို့ တော်တော်နှင့် ထွက်မလာနိုင်သဖြင့် သူလည်း နွားများကိုလွှတ်၍ ခေတ္တခဏ အပမ်းဖြေနေရာ ရုတ်တရက် ငိုက်မြည်းသွားခိုက် နွားတစ်ကောင် ဘယ်ရောက်သွားမှန်းမသိသောကြောင့် ဒေါင်းတောက် ဗျာများနေပြန်သည်။

စထွက်ကတည်းက ချောချောမောမောမရှိ ဖြစ်ရာ နောက်ဆုံးတွင် နေသာဝင်လုသည့်တိုင်အောင် သူ့နွားကို ရှာမတွေ့ ဖြစ်နေသောကြောင့် ကျွန်ုပ်မှာ သည်းမခံနိုင်တော့ဘဲ "ဟော့ ဘစော . . . ငါတော့ မစောင့်ဘူး၊ ရွာကို လျှောက်သွားမယ်၊ မင်းသာ နွားရတော့ သူကြီး ဦးဘအိမ်ကို မောင်းလိုက်လာခဲ့တော့" ဟု တစ်ခွန်းမှ မလှန်ရဲအောင် ခပ်ငေါက်ငေါက် ပြောပြီး ရွာဘက်ဆီသို့ သုတ်ခြေတင်ခဲ့လေသည်။

အရှိန်ပြင်းစွာမောင်းလာသော စစ်ကားကလေးတစ်စီးသည် ကျွန်ုပ်အနီးသို့ရောက်လျှင် ရုတ်ခြည်း ထိုး၍ရပ်လိုက်လေသည်။ တစ်ခဏအတွင်း ကားပေါ်မှ ဂျပန်ကြီးတစ်ယောက် ခုန်ဆင်းလိုက်ကာ ကျွန်ုပ်အား ခြောက်လုံးပြူးနှင့် ချိန်ပြီးလျှက်



သား ဖြစ်နေပေပြီ။ ကျွန်ုပ်မှာ ကိုယ်ရှိန်သတ်ကာ ရပ်၍နေလိုက်ရသည်။ မသင်္ကာသောမျက်စိနှင့် ခြေဆုံးခေါင်းဆုံးကြည့်ပြီး "မင်း ဘယ်ကလာသလဲ . . . ဘယ်သူလဲ" ဟု အင်္ဂလိပ်စကား ပီပီသသနှင့် ကျွန်ုပ်ကို မေးလိုက်သည်။

"ကျွန်တော် ရန်ကုန်က အစိုးရအထူးအရာရှိပါ"

"ဘယ်မလဲ လက်မှတ်ပြပါ"

ဤတွင်မှ ကျွန်ုပ်မှာ နားရင်းပါးရင်းများ ပူထူ၍သွားတော့သည်။ ကျွန်ုပ်၏ရာထူးတံဆိပ်ဖြစ်သော မြားမှာ တဲတွင် လဲ၍သေနေသော ထိုသူ၏လက်ထဲတွင် ကျန်ရစ်သည်ကို သတိရတော့သည်။ ထိုသူက ကင်ပေသေနတ်ဦးသွားပြီဟု ပြောသွားသောစကားကို တစ်မုဟုတ်ချင်း သတိရကာ ဘေးများပြီဖြစ်ကြောင်းကို ကျွန်ုပ်သိလေပြီ။ ကျွန်ုပ်အား မရှာဖွေဘဲ ရိုးရိုးပင် ဖမ်းဆီးသွားပါက ရန်ကုန်ရောက်လျှင် ကျွန်ုပ် ဦးကျော်မြင့်ဖြစ်ကြောင်းကို ၎င်းတို့ သံသယရှင်း၍ လွှတ်လိုက်ပေလိမ့်မည်၊ ထိုသို့မဟုတ်ဘဲ ရှာဖွေခဲ့လျှင် အန္တရာယ် အကယ်ရှိမည့်စာ တစ်စောင်ကို ကျွန်ုပ် ပြရပေလိမ့်မည်။ သေသူအပေါ်တွင်လည်း ကတိမပျက်ကွက်နိုင်၊ ကျွန်ုပ်တွင်လည်း ရန်များလျှင်များနိုင်စရာရှိသဖြင့် ကျွန်ုပ်၏တစ်သက်မှာ ဤတစ်ကြိမ်လောက် တစ်ခါဖူးမျှ စိတ်မအိုက်ဖူးပေ။

"ဘယ်မှာလဲ . . . လက်မှတ်ပေးပါ"

"ကျုပ်လှည်း နွားပျောက်လို့ နောက်မှာကျန်ရစ်ခဲ့တယ်။ လှည်းပေါ်မှာ ကျုပ်ပစ္စည်းတွေနဲ့ ပါတယ်။ ခင်ဗျား မယုံရင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်ပါ”

သာ၍မသက်သာသော မျက်နှာနှင့် ကျွန်ုပ်၏ရှေ့သို့တိုး၍ လာပြီးသကာလ ကျွန်ုပ်၏အပေါ်အင်္ကျီကို ဆွဲ၍ဆုပ်ကိုင်လိုက်သည်။ ကျွန်ုပ်ကား လျင်မြန်စွာ နောက်သို့ဆုတ်လိုက်ပြီးနောက် သူ၏လက်မှ သေနတ်ကို ဆုပ်၍လုလိုက်သည်။ ဂျပန်ကြီးမှာ ကျွန်ုပ်ထက် ခွန်အားကြီး၍ သေနတ်ကို ခိုင်မြဲစွာဆုပ်ကိုင်ထားသည့်အတွက် ကျွန်ုပ်လက်ထဲသို့ မရောက်ဘဲ သေနတ်မှာ လူနှစ်ဦးလက်ထဲတွင် လူးလွန့်လျက်ရှိသည်။ ကျွန်ုပ်တို့ လုံးလားထွေးလားဖြစ်နေသည်မှာ အနည်းငယ်ခန့်ကြာ၍နေပြီ။ ကျွန်ုပ်တွင်လည်း ချွေးပေါက်များ ယိုစီးလျက်ရှိသည်။ အဘယ်မျှ ခွန်အားကြီးစွာစိုက်ကာ ကျွန်ုပ်၏အသက်ကို ကျွန်ုပ်လုနေရသည်ကို စာအားဖြင့် ရေးသားမဖော်ပြနိုင်တော့ပေ။ သူ့သေနတ်ကို သူ့လက်တစ်ဖက်နှင့် ကိုင်နေရာကို ကျွန်ုပ်က လက်နှစ်ဖက်နှင့် အရင်းကိုစုံဝင်၍ အုပ်ဆုပ်ထားသဖြင့် ကျွန်ုပ်လွှတ်မှပင် ကျွန်ုပ်ကိုပစ်နိုင်ပေတော့မည်။ အင်အားရှိသမျှ အကုန်ကြုံး၍ ခိုင်မြဲစွာ ဆုပ်ထားရသဖြင့် သူ၏တခြားလက်တစ်ဘက်မှာ ဘာမှ အသုံးမဝင်သကဲ့သို့ ဖြစ်နေရာမှ ရုတ်တရက် ဆုပ်ထားသော လက်အောက်သို့ လျှို၍ သေနတ်ကို ယူလိုက်ပြီး အဝေးသို့ ပစ်လိုက်လေသည်။ မျက်စိတစ်မှိတ်အတွင်း ထိုသို့ လျင်မြန်စွာ လုပ်လိုက်သည့်အကြံမှာ ကျွန်ုပ်သွား၍တောက်လျှင် ကျွန်ုပ်အား မရှုန်းနိုင်အောင် ချုပ်ဖက်ပြီး သူ့ခွန်အားရှိသမျှနှင့် နှိပ်စက်ရန်အကြံရှိသည်။ ကျွန်ုပ်ကား သူ





ထင်သကဲ့သို့ သွား၍မကောက်ဘဲ အနီးရှိ တောစပ်သို့ စွတ်၍ အားရှိသလောက် ပြေးခဲ့လေတော့သည်။ တောစပ်အနီးသို့ ရောက်လျှင် သေနတ်သံတစ်ချက်နှင့်တကွ ကျွန်ုပ်၏လက်တစ်ဖက်မှာ ကျင်၍သွားသည်ကို သိလိုက်သော်လည်း အားမာန်မလျှော့သေးဘဲ တောထဲသို့သာ ပြေးဝင်ခဲ့ရသည်။

ဘာကိုမျှ ဂရုမစိုက်အားဘဲ တအား စွတ်၍ပြေးနေရာမှ အားအင်ကုန်ခန်းကာ ထိုး၍လဲကျသွားသောကြောင့် ကျွန်ုပ်ဘာမှ သတိမရတော့ချေ။

× × ×

တစ်ခုခုပေါ်တွင် ကျွန်ုပ်လည်း လျှောင်း၍နေရရာ ထိုအရာမှာ ကျွန်ုပ် သတိရသကဲ့သို့ မြေကြီးလို မမာကြောဘဲ ဂွမ်းများ၊ လဲများပေါ်တွင် လှဲနေရသကဲ့သို့ နူးညံ့လှသဖြင့် ကျွန်ုပ်၏မျက်စိကို ဖြည်းလေးစွာ ဖွင့်ကြည့်လိုက်သည်။ ကျွန်ုပ်မှာ အခန်းငယ်လေးတစ်ခုထဲရှိ မွေ့ရာပေါ်တွင် ရောက်၍နေသည်။ အခန်းမှာ ငယ်သော်လည်း သပ်သပ်ရပ်ရပ် ရှိလှသည်။ ကျွန်ုပ်ကြည့်နေစဉ် အခန်းထောင့်ရှိ တံခါးချပ်တစ်ဖက် ပွင့်လာပြီးနောက် အသက် (၆၀)ခန့်ရှိ အဘိုးကြီးတစ်ယောက် ဝင်ရောက်လာလေသည်။ အဘိုးကြီးမှာ ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း ရွှင်ပျသောအမူအရာဖြင့် . . . “မောင်ရင် . . . သတိရပလား” ဟု အားရပါးရ မေးကာ ကျွန်ုပ်၏နံဘေးတွင် ဝင်၍ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကား ဘာမျှ ပြန်မပြောသေးဘဲ ခေါင်းကို ဖြည်းလေးစွာ ငြိမ့်ပြလိုက်သည်။

"မောင် သက်သာရဲ့လား . . . ကံကြီးလို့သာ ကျုပ်လူတွေနဲ့ တွေ့လို့သာ . . . ဒဏ်ရာက တော်တော်ပဲကြီးတယ်၊ မောင့်ကို ဂျပန်က လက်ဦးသွားသလား"

ကျွန်ုပ်လည်း ခေါင်းကို တစ်ဖန် ငြိမ့်၍ပြလိုက်သည်။ ကျွန်ုပ်၏အဖြစ်ကို ကျွန်ုပ် ရှင်းရှင်းလင်းလင်း မသိနိုင်သေးခင် အဘိုးကြီး၏စကားသာ ကျွန်ုပ် နားထောင်နေသေးသည်။

"ကံကြီးလို့ပဲ မောင်ရေ . . . ကျုပ်လူတွေနဲ့တွေ့လို့ပဲ၊ ဒီမှာတော့ ဘာမှ မပူပါနဲ့တော့ . . . ကျုပ်လည်း သူကြီးလုပ်နေပေမယ့် ကျုပ်လည်း မောင့်လို တော်လှန်ရေးသမားပါပဲ။ ကျုပ်လေ တစ်သက်မှာ ပါဏာတိပါတကံ ဘာမှ မကျူးလွန်ခဲ့ပါဘူး။ ကျူးလွန်ရမှာလည်း အင်မတန် ကြောက်တယ်။ ဒါပေမဲ့ မောင့်ရဲ့ဂျပန်ကိုတော့ ကျုပ် သတ်ရဲတယ်။ ဂျပန်ကို အားပေးအားမြှောက်လုပ်တဲ့လူကိုလည်း ကျုပ် သတ်ချင်တာပဲ။ ယုံပါ၊ ကျုပ်ကို အစိုးရက သူကြီးပြန်ခန့်ပေမယ့်လည်း မလွှဲသာလို့ လုပ်နေတာပါ။ ကျုပ်တို့လူမျိုးကို ဒီလောက်တောင် ရိုင်းရိုင်းစိုင်းစိုင်း နိုင်လိုမင်းထက် နှိပ်စက်တာ ခံနေနိုင်တဲ့လူတွေ၊ ငြိမ်နေတဲ့လူတွေထက် အပေါင်းပါလုပ်နိုင်တဲ့လူတွေ ကျုပ်လက်နဲ့ကို ကိုယ်တိုင်သတ်ချင်တာပဲ။ ကျုပ်က တော်လှန်ရေးသမားပဲ"

ကျွန်ုပ်ကဲ့သို့သော တစိမ်းပြင်ပြင်တစ်ယောက်အား ဘေးအန္တရာယ်ကြီးလှသည့် အတွင်းစကားများကို ဖွင့်ထုတ်ပြော





ပြနေသည်ကို အလွန်အမင်းအံ့ဩကာ ကြက်သေသေနေမိလေတော့သည်။

"အခု ဘမော်အစိုးရလည်း ရုပ်သေးဖြစ်နေတာ ကျုပ်ကြားပါတယ်၊ စိတ်မချမ်းသာစရာကြီးပဲ . . . ကျုပ်တော့ ကျုပ်ကိုကျုပ် နိုင်ငံရေးကို လှူပြီးသား၊ နောင်လာနောက်သားတွေအတွက် တတ်အားသမျှ အသက်နဲ့လဲမယ် စိတ်ဖြတ်ပြီးပြီ မောင် . . . ဒါကြောင့်မို့လို့ မောင်တို့ တော်လှန်ရေးကို ကျုပ်အားပေးနေတာပေါ့။ ကျုပ် ဒီလိုအားပေးနေတာများ ဂျပန်ကရော အစိုးရကရော သိများသိရင် . . . "

အဘိုးကြီးသည် ထိုစကားကို ဆက်မပြောသေးဘဲ ကျွန်ုပ် မျက်မှောင်ကြုတ်လိုက်ခြင်းကို သတိပြုလိုက်မိသည့်အလား . . . "ဘာဖြစ်သလဲ . . . သခင်ထွန်းဝင်း . . . နာသလား၊ မူးသလား" နှင့် ပျာပျာသလဲ မေးနေတော့သည်။

ကျွန်ုပ်မှာ ဘယ်အရပ်ရောက်နေမှန်းလည်း မသိ။ သူ ဘယ့်နှယ်ကြောင့် ကျွန်ုပ်အား မဖြောအပ်သည့် လျှို့ဝှက်သည့် အကြောင်းများကို ပြောနေသနည်းဟု နားမလည်နိုင်အောင် ဖြစ်နေရာတွင် သခင်ထွန်းဝင်းဟု ကျွန်ုပ်အား ခေါ်နေသည့်အတွက် အဘိုးကြီး လူမှားနေခြင်းပဲဟု သိလာရသည့်အကြိုင်း ကျွန်ုပ်က "ဦး ဘယ့်နှယ်ကြောင့် ကျွန်တော့်ကို သခင်ထွန်းဝင်းလို့ ခေါ်သလဲ" ဟု မေးလိုက်မိသည်။

သွားပေါ်အောင် ပြုံးလိုက်ပြီးနောက် အပ်ကျရာကိုပင် သူ သိနိုင်သည့်အမူအရာမျက်နှာပေးဖြင့် မောင်က ခုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးကို မရိပ်မိသေးဘူးထင်တယ်၊ ညက မောင့်ကို ထမ်းလာကြတော့ မောင့်အဝတ်တွေ သွေးစိုနေလို့ ကျုပ်သမီးက အကျီလဲပေးတယ်။ အဲဒီအကျီအိတ်ထဲမှာ ကိုလှမောင်ဆိုပြီး စာတစ်စောင်ရှာတယ်။ ဒါ ကျုပ်တို့စောင့်နေတဲ့စာပဲ။ ဒါကြောင့် ကျုပ်လူတွေကို မောင့်ကိုစောင့်ဖို့ တောစပ်ကို လွှတ်လိုက်တာ။ ကံကောင်းလို့ မောင့်ကိုတွေ့ခဲ့ရတာ။ ဒီအတွက်ကတော့ စိတ်ချပါ။ ဟပ်မတော်လာရင် ကျုပ်တို့ အဆင်သင့်ပေါ့။ မောင်သာ နေကောင်းအောင် ကြိုးစားပါ။ မောင် ခရီးဆက်စရာရှိလည်း ခဏဆိုင်းပြီး ဒီမှာပဲ လျှို့ဝှက်ပြီးကုပါဦး။ အချိန်လည်း အတော်အသင့် လိုသေးတယ်မဟုတ်လား . . . ကျုပ်က ကြည်ညိုပါတယ်။ အမှားကြီးပဲ ပြုစုရတာ ဝမ်းသာပါတယ်။ ဘာမှ အားမနာပါနဲ့"

ကံကြမ္မာသည် ကျွန်ုပ်အား ဘယ်လိုမှား ဖန်တီးမည်မသိ။ သမက်လောင်းအဖြစ်နှင့် ရောက်ရမည့်နေရာကို သွားလေသူအဖြစ်နှင့် ပို့လိုက်လေပြီ။ လမ်းတွင် ကျွန်ုပ် တွေ့ခဲ့ရသော သွားလေသူမှာ သခင်ထွန်းဝင်း မုချဖြစ်ရမည်။ ဤလူကြီးမှာလည်း ကျွန်ုပ်တွေ့ဆုံရန် အလိုရှိသည့် အေးအေး၏ဖခင် တိမ်မြုပ်သူကြီး ဦးဘပင် ဖြစ်ရပေမည်။ ကျွန်တော် သခင်ထွန်းဝင်းမဟုတ်ဘူး။ အစိုးရရဲ့ အထူးအရာရှိ ကျော်မြင့်ဟူ၍ ပြောရလျှင် ဂျပန်က သေအောင်မသတ်လိုက်ဘဲ သူကပဲ သေအောင်သတ်ချင် သတ်လိုက်တော့မည်။ ကျွန်ုပ်၏ အခြေအနေမှာ တစ်ချိန်ထက်တစ်ချိန် အလွန်ဆိုးရွားပြီး လမ်းဆုံလမ်းခွ





ရောက်နေရသည်နှင့် တူလှသည်။ အမှန်ကို ဖွင့်ပြောရမလား၊ သခင်ထွန်းဝင်းအဖြစ်နှင့် ခေတ္တနေ၍ လစ်ရမလားဟု မစဉ်းစားနိုင်၊ မဝေခွဲနိုင်ရှိနေစဉ်တွင် အဘိုးကြီးက တစ်ဖန် ဆက်၍. .

"ဘာမှမပူနဲ့နော် . . . မောင် ဒီမှာရှိတာ ကျုပ်နဲ့ ကျုပ်သမီးပဲသိတယ်။ ကျုပ်အိမ်က လူဝင်လူထွက်များတော့ အထူးဂရုစိုက်ရလိမ့်မယ်။ မနက်ကတောင် အကောင်တစ်ကောင် လှည်းတစ်စီးနဲ့ ပေါက်လာသေးတယ်။ သူဆရာ အစိုးရအထူးအရာရှိတဲ့။ ကျုပ်ဆီ တမင်လာသတဲ့။ မလာဘူးလားလို့ လာမေးလာတယ်။ ပုံပန်းဒီအရာရှိက ကျုပ့်အိမ်မှာ တည်းမလို့တဲ့"

ကျွန်ုပ်မှား တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားမပြီး . . . "ဒီလူ ပြန်သွားပလား . . . ဦး ဘယ်လိုပြောလိုက်သလဲ" ဟု သွက်သွက်လက်လက်ကြီး မေးလိုက်မိလေသည်။

"မစိုးရိမ်ပါနဲ့ . . . မောင်ရှိတဲ့အကြောင်း နည်းနည်းမှ မရိပ်မိစေရပါဘူး။ သူဆရာလည်း မပါပါဘူး . . . တပည့်ပါ။ သူဆရာလာတဲ့အထိ ဒီအိမ်ကပဲနေပြီး သူ စောင့်ပါရစေတဲ့"

ကျွန်ုပ်မှာ ထ၍မခုန်မိအောင် မနည်းကြီး သတိထားရတော့သည်။ ဒီအကောင်အကြောင်းကို ကျွန်ုပ်ပင် သိသည်။ ကျွန်ုပ်ကို မတွေ့ဘဲ ပြန်မည့်အကောင်မဟုတ်သဖြင့် ဒေါကျပ်နဲ့ကျပ်ဖြစ်ကာ . . . "ဒါဖြင့် ဒီကောင် ဒီအိမ်မှာပဲလား ဦး"

"အခုအထိတော့ ရှိသေးတယ် . . . အရာရှိရဲ့တပည့်ဆိုပေမယ့် ကာလက တယ်ယုံရတာမဟုတ်ဘူး။ စုံထောက်လာချင်လာမှာ။ ကျုပ်က မောင် အိမ်ရောက်နေတော့ နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းမှ မရိပ်မိနိုင်အောင် သူ့ကို နေချင်သလောက်နေပါလို့ ပြောလိုက်ရတယ်။ ဘယ်လိုလုပ် နှင်လွှတ်ရမယ် မသိဘူး"

× × ×

ကျွန်ုပ်မှာ သက်ပြင်းကို မသိမသာချလိုက်ပြီး . . . "ဒီမှာ ထိုင်စောင့်နေလို့ ဘာတွေ့မလဲ၊ မင်းဆရာ မင်းကိုယ်တိုင်လိုက်ရှာလို့ ပြောပါလားဦးရဲ့"

"အကောင်းသားပဲ . . . ဒီလိုပဲ ပြောလိုက်မယ် မောင်၊ မောင့်အနာလည်း ဆေးထည့်ရဦးမယ် . . . ကျုပ် သွားမယ်"

"ကျွန်တော်တို့ ဆရာဝန်ခေါ် ထားသလား"

"မခေါ်ပါဘူး . . . ကျုပ်သမီးက ဆေးကျောင်းက ထွက်လာတာ . . . ကုမစားပေမယ့် အစုံရှိပါတယ်။ လာလုပ်ပေးလိမ့်မယ် . . . ဘာမှမပူနဲ့" ဟု ပြောပြောဆိုဆို ထ၍သွားလေသည်။

အဘိုးကြီးထွက်သွားမှ ကျွန်ုပ်လည်း နေသာထိုင်သာ ရတော့သည်။ ကျွန်ုပ်သည် လာရင်းပထမက ဤအိမ်ကို လာရောက်တည်းခိုပြီး မိန်းကလေးနှင့်တွေ့မည်။ ကျွန်ုပ်သဘောကျက တစ်နည်းနည်းနှင့် ရအောင်ကြိုးစားမည်ဟု ကြံဆ၍လာခဲ့ရင်းဖြစ်သည်။ ယခုကဲ့သို့ ယုယုယယ ကုသပေးလိမ့်မည်ကို အိပ်မက်မျှပင် မမက်ခဲ့ပေ။ စောစောက ကံကို ဆဲရေးမိသော်လည်း ယခု ကံကို ကျေးဇူးတင်မိပြန်သည်။ တစ်ဖန် ကျွန်ုပ်တစ်ဖက်တွင် မရိုးမဖြောင့် မလုပ်ခဲ့သဖြင့် အဘိုးကြီးအား အမှန်





ကို ဖွင့်မပြောနိုင်ခြင်းကို မိမိကိုယ်ကို မိမိ ရွတ်ချမိသည်။ သို့သော်လည်း စိမ်ဖန်တီးသည့်ကံကို ကျွန်ုပ် မတတ်နိုင်သည့်အတိုင်း ဖြစ်ချင်ရာဖြစ်တော့ဟု သဘောပိုက်ရမလိုဖြစ်နေလေသည်။

ထိုအတွင်း တံခါးဖွင့်သံ ကြားရပြန်၍ မျက်စိကို ပြန်၍ဖွင့်ရရာ ဒီအတိုင်းကြည့်နေရလျှင် တစ်သက်လုံးပင် မမှိတ်ဘဲနေနိုင်ပါရဲ့လားဟု အောက်မေ့မိပေသည်။ ကျောက်ဖြူဖြူ ထွတ်ထွတ်ကို ရုပ်လုံးထုပြီး ကျွန်ုပ်၏ရှေ့မှောက်တွင် လာ၍ချထားသလို မှတ်ထင်ရလောက်ပါပေသည်။

ငြိမ်ငြိမ်သက်သက်ကြီးဖြင့် ကျွန်ုပ်ကို ရပ်၍ကြည့်နေပုံမှာ အသက်ဝိညာဉ် ကင်းမဲ့သော ကျောက်ရုပ်ကဲ့သို့ ကြည့်ရသူတစ်ဖက်သားအား ချမ်းမြေ့ အေးမြစေလှသည်။ လျှံဝင်းတောက်ပ လွန်စွာလှပသည့် မျက်စိအစုံတို့မှာ အလှတွင်မဟုတ်၊ ကြာခြေရှင်အသွင်ပါ ကွင်းကွင်းကွက်ကွက် ထင်လင်းဖော်ပြနေလေသည်။ ဘယ်မိန်းမနှင့်မှ မယှဉ်နိုင်ဘူးဟု ထွန်းအောင်ကြီးပြောဖူးစဉ်က နည်းနည်းတော့ ပိုလွန်းသည်ဟု ထင်မြင်ပြောဆိုမိသော်လည်း ဘယ်တုန်းကမှ မမြင်ဖူးခဲ့သည့် အလှရှင် ကြာခြေရှင်ကြီး ဖြစ်နေသည်ကို မြင်ရသဖြင့် ယှဉ်စရာ မရှိနိုင်ခြင်းကို ဝန်ခံရတော့မည်။ တိမ်မြုပ်က ရွှေနေတဲ့ ပုလဲကလေးပဲဟု ပြောစဉ်အခါက ပိုကဲ၍ပြောနေသည်ဟု အထင်မှားခဲ့ခြင်းကို ယခု ကျွန်ုပ်ဟာကျွန်ုပ် မှားကြောင်း ကောင်းစွာ သိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သတိရပြီနော် . . ." ဟု ကျွန်ုပ်အား ရပ်နေရာက မရွေ့ဘဲ မေးနေသဖြင့် ကျွန်ုပ်က "ဟုတ်ကဲ့ . . . ရပါပြီ" ဟု ပြန်၍ပြောရလေသည်။

"ဒါဖြင့် ကျွန်မ လာနိုင်တယ်နော် . . ."

"လာနိုင်ပါတယ် . . . လာပါ" ဟုဆိုမှပင် ကျွန်ုပ်၏ အနားသို့ ရောက်၍လာတော့သည်။ သူ့အမူအရာမှာ အေးအေး ဆေးဆေးရှိသဖြင့် သူ့နာမည်နှင့်သူ လွန်စွာလိုက်ပါပေသည်။

ကျွန်ုပ်၏လက်ကို ခေါင်းအုံးတစ်ခုပေါ်တွင် တင်ကာ ပတ်တီးများကိုခွာ၍ထားခဲ့ပြီး တံခါးဝတွင် ချထားခဲ့သော ရေနွေး အိုးနှင့် ကိရိယာတန်ဆာပလာအိတ်ကို ထ၍ယူပြန်သည်။ လျှောက်ပုံသွားပုံကလေးမှာ အလွန်ပင် ချစ်စရာကောင်းလှ သည်။ ရင့်ကျက်သည့် ဣန္ဒြေအရှိန်ကြောင့် ကျွန်ုပ်မှာ စကား တစ်ခွန်းမှ မပြောနိုင်ဘဲ ကလေးငယ်ကလေးကဲ့သို့ လုပ်သမျှ ခံ၍ နေရသည်။ အနာဆေးစဉ် ဆေးထည့်နေစဉ်တွင်လည်း ကျွန်ုပ်အား စကားတစ်ခွန်းမျှ မပြောဘဲ သူ့အလုပ်သာ သူ ငြိမ် ငြိမ်သက်သက်ကြီး လုပ်၍နေလေသည်။ ပြီးစီး၍ ပတ်တီးတည်း ရင်း "ညက ကျွန်မ ကျည်ဆံထုတ်ပစ်လိုက်တယ်" ဟု ကျွန်ုပ် ကို မကြည့်ဘဲ ပြော၍နေသည်။ အသံရော၊ အမူအရာပါ ဒီ လောက် ငြိမ်သက်နိုင်ခြင်းမှာ ကျွန်ုပ်အား အထူးပင် အံ့သြ စေလေတော့သည်။

"ကျေးဇူးတင်ပါတယ် . . . ဒီဒဏ်ရာ မြန်မြန်ပျောက် ပါ့မလား . . ."





"ကိစ္စမရှိပါဘူး . . . အနာတော့ အရက် ၂၀လောက် ကြာချင်ကြာမယ်။ ပျောက်ပေမယ့်လည်း သန်အောင် ကုရပါ လိမ့်မယ်"

"ဒီရွာမှာ ဆေးရုံမရှိဘူးနော် . . ."

"ဟုတ်ကဲ့ . . . မရှိပါဘူး၊ အုတ်ဖိုမှာတောင် မရှိပါ ဘူး။ မင်းလှမှာမှ ရှိပါတယ်"

"ဟင် . . . ဒါဖြင့် လူနာသိပ်အရေးကြီးရင် ဒီရွာတွေ ခက်တာပဲ"

"ဒါကြောင့် ဒီပညာကို ကျွန်မ သင်ပါတယ်"

ယခုကြားရသောစကားသည် ပထမဆုံး သူ့ထံမှ အမြွက် နိုးဆုံးစကားတစ်ခွန်း ဖြစ်ပါတော့သည်။

"ကျောင်းကထွက်လာတာ ကြာပြီလား"

"အင်္ဂလိပ်တွေ ဆုတ်သွားတော့ အေး ကျောင်းက ဆင်း တဲ့နှစ်ပါပဲ"

"သြော် . . . ဒါဖြင့်ရင် ဒီရွာမှာပဲ ဆေးခန်းဖွင့်နေ သလား"

"ဆေးခန်းမဖွင့်ပါဘူး . . . လူနာရှိတယ်သိရရင် ကျွန်မ သွားပြီးကုပေးလိုက်တာပါပဲ"

"မြင့်မြတ်ပါပေတယ် . . ."

မျက်နှာကလေးပေါ် သွေးရောင်ကလေးဖြတ်သန်း၍ ရှက်အမ်းအမ်းဖြစ်သွားပုံကလေးမှာ ထိုမိန်းမပျို၏ ချစ်ခင်ဖွယ် ရာကောင်းသော အချက်တွေထဲတွင် ၄င်းပါရောရှ၍ အကျုံးဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

"သခင်ထွန်းဝင်းက အေးအေးထက် ပိုပြီး မြင့်မြတ်ပါ
တယ် . . . ဒါကြောင့်မို့လို့ ဒီလူမျိုးကို ကုရတာကို ဂုဏ်ယူပါ
တယ်"

ကျွန်ုပ်သည် မည်မျှ မိန်းမပျိုအား ရက်မိသည်ကို မဖော်
ပြနိုင်ပါ။ မိန်းမပျို၏ရှေ့မှောက်တွင် ကိုယ်လုံး ကွယ်ပျောက်
သွားရလျှင် ကောင်းလေစွဟု အောက်မေ့မိပြီ အလွန်အမင်း
စိတ်ကျဉ်းကျပ်ဆင်းရဲခြင်း ဖြစ်မိပါသည်။ ဖခင်တွင်မဟုတ်ဘဲ
သမီးပါ ကျွန်ုပ်အား နိုင်ငံအတွက် စွန့်စားသောသူတစ်ဦးကဲ့သို့
ကြည်ညိုလေးစားနေခြင်းကို အသိတရားက လူညာတစ်ဦးပဲဟု
ရင်တွင်းတွင် လှောင်ပြောင်ရှုတ်ချခြင်းကို ကျွန်ုပ်ခံနေရသည်
မှာ သံတွေခဲကို မျို၍ချနေရသကဲ့သို့ ပူလောင်လွန်းလှပါ၏။

"တစ်ရေးအိပ်ပါ . . . ကျွန်မ သွားပါဦးမယ်" ဟု နှုတ်
ဆက်ကာ ထွက်သွားသည်အထိ ကျွန်ုပ်သည် ဘာမှမပြောဘဲ
မိမိကိုယ်နှင့် ကံကြမ္မာကိုသာ အဖန်တလဲလဲ အပြစ်တင်နေမိ
ပါတော့သည်။

သို့ဖြင့် နေ့တိုင်းနေ့တိုင်း ကျွန်ုပ်ထံသို့လာ၍ ဆေးထည့်
ပေးတိုင်း ကျွန်ုပ်နှင့် စကားဆွေးနွေးကြရာ သဘောတရား အယူ
အဆ စိတ်နေစိတ်ထားတို့မှာ ထုထည်ကြီးမား၍ မြင့်မားလွန်းလ
သဖြင့် "ကျော်မြင့်ဘဝနှင့်ငါ သူ့ကိုရမှရပါတော့မလား" ဟု
ကြောင့်ကျပူပင်မိလေသည်။

တစ်နေ့ထက်တစ်နေ့ သူ့အပေါ်တွင် တိုး၍ချစ်ခင်လာ





လေလေ ကိုယ့်အပြစ်ကို ကိုယ် စက်ဆုပ်လေလေဖြစ်လှသဖြင့်
ဘယ်သူဘယ်ဝါပဲဟု ဖွင့်၍ပြောလိုက်ချင်တော့သည်။ သို့သော်
ကျွန်ုပ်အား သခင်ထွန်းဝင်းတော်လှန်ရေးသမားတစ်ဦး အထင်
နှင့် တော်လှန်ရန် သိုသိပ်စီစဉ်ထားပုံတွေကို ပြောပြပြီးဖြစ်
သဖြင့် ကျွန်ုပ်က ကျွန်ုပ်အဖြစ်ကိုပြောလျှင် မုချ ကျွန်ုပ်အပေါ်
တွင် ထင်မြင်လွဲမှားကြ၍ အစီအစဉ်များ ပျက်သွားအောင်
ဖြစ်မည်ကိုလည်း မဖြစ်ကြစေရန် ကျွန်ုပ်စိတ်ကိုပင် ချုပ်တီး၍
သာ စောင့်စည်း၍ နေရတော့သည်။

"အေးအေးရယ် . . . ဘာပြုလို့ ဒီလောက်အေးရတာ
လဲ" ဟု ကျွန်ုပ်က မေးလိုက်သည့်အခါ . . . "ဘယ်လို အေးလို့
လဲ ကိုထွန်းဝင်း . . . အေးအေး ဘာအေးလို့လဲ"

"မဟုတ်ဘူးလေ . . . အေးအေးဟာ သိပ်ပြီး ငြိမ်ငြိမ်
သက်သက် အေးအေးဆေးဆေးရှိတာပဲ။ အဲဒါ ဘာဖြစ်လို့လဲ
အေးအေး . . ."

"စိတ်ရဲ့တည်ငြိမ်ခြင်းဟာ ငြိမ်သက်ခြင်းကိုတော့ ရစေ
တာပဲ သခင်ထွန်းဝင်း"

"စိတ်ပညာတွေတတ်ပြီး ဆည်းပူးလေ့လာနေသလား"

"အို . . . အေးအေး ဒီစာတွေမတတ်ပါဘူး၊ ဒါပေမဲ့
ဘုရားတရားတော်တော့ အမြဲမပြတ် လေ့လာပါတယ်။ သမာဓိ
က တည်ကြည်ခြင်းဖြစ်ပြီး တည်ကြည်ခြင်းက ငြိမ်သက်ခြင်း
လည်း ဖြစ်စေတာပါပဲ။ ဒါတင်လည်း မဟုတ်သေးပါဘူး။ နိ
အမျိုးမျိုးတွေကို သတ်နိုင်မှလည်း ငြိမ်းချမ်းခြင်းဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံရေးသဘောတရားနဲ့ တရားတော်နဲ့ဟာ တစ်ခါ
တလေ ဆန့်ကျင်မနေဘူးလား"

"ဘယ်သဘောတရားကို ဆိုလိုတာပါလဲ"

"ဥပမာ ဆိုကြပါစို့တော့ . . . ချမ်းသာတဲ့လူတွေက
ချမ်းသာလာတော့ ချမ်းသာသထက် ချမ်းသာအောင် ပိုမို အား
ထုတ်တယ်။ ဆင်းရဲတဲ့ လူတွေကတော့ ရတာတ်သမျှနဲ့ ရောင့်ရဲ
မယ်၊ တင်းတိမ်ရမယ်။ လောဘနဲ့ ရမယ်ဆိုတဲ့တရားတွေကို
ကိုးကားယုံကြည်ပြီး အားထုတ်ချင်စိတ်မရှိဘဲ နှစ်သိမ့် ကျေနပ်
ကြတော့ သူတို့ဟာ ဆင်းရဲ နယ်ထဲက ထွက်ဖို့မရှိဘူး။ သူတို့
ရရမယ့် အခွင့်အရေးတွေကို သူတို့က မတောင်းဆိုကြတော့
ပြင်းပြင်းထန်ထန် အာသီသ မထားကြတော့ ဆင်းရဲပြီးရင်း
ဆင်းရဲရင်းပဲ။ ဒါကြောင့် နိုင်ငံ ရေးပါရဂူတွေက ဘာသာရေး
ဟာ ဘိန်းပဲလို့ အယူရှိကြတယ်"

"ဒါက ဘယ်ဘာသာကို ပြောနေတာလဲ . . . ဗုဒ္
ဘာသာက ကံ, ဉာဏ်, ဝီရိယ ဒီတရားသုံးပါး ပြထားပြီးသားပဲ၊
လူတစ်ယောက်တည်းဖြစ်ဖြစ်၊ လူတစ်မျိုးလုံးပဲဖြစ်ဖြစ် အတန်း
အစားမခွဲခြားဘဲ ဒီပေါ်မှာ မှီနေတာပဲ မဟုတ်လား။ အရ
တစ်ခု အကျိုးကျေးဇူး ဖြစ်ထွန်းအောင်မြင်ဖို့ဟာ ဒီတရားတွေ
ပေါ်မှာ မှီနေတယ်။ ဒီအချက်တွေကို ဘယ်လောက် ညီညွတ်
အောင် လုပ်သလဲ၊ လုပ်သလောက် အကျိုးရှိစေရမယ်လို့ ဆို
ထားတယ် မဟုတ်ပါလား။ ဘာသာက ဆင်းရဲတဲ့လူတွေကို အား
ပေးပြီးသားပဲ။ နိုင်ငံရေးမှာ အယူအဆတွေဟာ ယထာဘူတ





အမှန်ဖြစ်ဖို့ သိပ်လိုတာပဲ။ အခါ, ကာလ, ဒေသကြည့်ဖို့လည်း သတိလိုတာပဲ။ ဟိုတစ်ပြည်မှာ ဒီလိုဖြစ်လို့၊ ဒီတစ်ပြည်မှာလည်း ဒီလိုပဲဖြစ်ဖို့ဆိုတာ အောင်မြင်ချင်မှ အောင်မြင်မယ်။ အောင်မြင်နိုင်ဖို့ဟာ အကျိုးရှိဖို့ဟာက ကာလ, ဒေသကို ကြည့်ပြီး နည်းမှန်, လမ်းမှန် ရှာကြဖို့ရာ ဉာဏ်သိပ်လိုတယ်လို့ အေးအေးထင်တာပဲ၊ သခင်ထွန်းဝင်းတော့ အေးအေးထက်ပိုမြင်မှာပေါ့"

ထိုအခါမျိုးတိုင်း သူနှင့် ရှေ့ဆက်စကားမပြောချင်တော့ဘဲ ကျွန်ုပ်ဖြစ်အင်ကို နာကျင်မိသည်။ ရိုးသား ဖြောင့်မတ်သည့် မိန်းမပျိုရှေ့တွင် နဂိုအသွင်မျိုးနှင့် ကျွန်ုပ်ကို ကျွန်ုပ် စာရင်းရှင်းမပြနိုင်သေးခြင်းအတွက် ကိုယ့်ကိုကိုယ်ပင် ရွံမုန်း၍ လာတော့သည်။ ဒီအိမ်ပေါ်ကို ဒီနည်းနှင့် ပို့လိုက်သည့် ကံကြမ္မာကိုသာ အပြစ်တင်မိတော့သည်။

ကျွန်ုပ်ထံသို့ အကြောင်းမဲ့သက်သက် ဘယ်နံရောအခါမှ သူမလာပါ။ သူနှင့်တွေ့ရ၊ စကားပြောရသည့် အချိန်မှာ ကျွန်ုပ်ထံသို့ ဆေးလာထည့်သည့်အချိန်ပင် ဖြစ်သည်။ တစ်ခါတလေ ကျွန်ုပ်က "အေးအေးရယ် . . . တောမှာနေတာ ပျော်လို့လား၊ တောကိုကြိုက်လို့လား . . . တောမှာပဲ နေတော့မလား" ဟု သူ့ရုပ်ရည်၊ သူ့ပညာကလေးနှင့် မထိုက်မတန်ဖြစ်နေသည်ကို နှမြောမိသည့်အတိုင်း ပြောမိရာ . . .

"ပျော်တယ်ရယ်လို့လည်း မဟုတ်ပါဘူး . . . လိုလို့နေနေရတာပဲ။ အေးအေးတစ်ယောက်တင် မဟုတ်ဘူး . . .



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ် ယောကျ်ား မိန်းမ အမြောက်အမြား တောမှာရှိဖို့ သိပ်လိုတာပဲ။ နိုင်ငံရေးရဲ့ အခြေခံဟာ တောပဲ။ တောကလူတွေ မနိုးကြားသမျှ မြို့က ဘယ်လိုလုပ်လုပ် ခရီးရောက်မှာ မဟုတ်ဘူး။ သူတို့ နိုးကြားအောင်ကလည်း တစ်ခါတစ်ရံမှ လာပြီး ဟောလို့ပြောလို့လည်း မဖြစ်ဘူး။ အစဉ်သဖြင့် နေပြီး သူတို့မျက်စိကို ဖွင့်ပေးဖို့ သိပ်လိုတာပဲ။ အရေးအကြီးဆုံးက မိန်းမတွေကို မျက်စိဖွင့်ပေးဖို့ သိပ်လိုတာပဲ။ သူတို့က မြို့သူတွေလိုတော့ မဟုတ်ဘူး။ လင်နဲ့ ပွဲထမ်း ဦးထမ်းမို့ ထကြွလုံ့လကော့ ရှိပါရဲ့ . . . ဒါပေမဲ့ သူတို့မှာ အမြင်မကျယ်တာ၊ မျက်စိမပွင့်တာဟာ သူတို့ကိုယ်သူတို့ နှစ်ရုံတင်မဟုတ်ဘူး၊ သူတို့က ပေါက်ဖွားတဲ့ သားရော၊ သမီးပါ နှစ်ပစ်လိုက်တာပဲ။ စားတဲ့နေရာ၊ ဝတ်တဲ့နေရာ၊ နေတဲ့နေရာတွေဟာ ဘယ်လောက်များ စနစ် စည်းကမ်းမရှိဘဲ ပက်စက်တယ်ဆိုတာ ရွာတွေမှာရှိတဲ့ အိမ်တွေ၊ တဲတွေကိုကြည့်ရင် သိနိုင်ပါတယ်။ ပတ်ဝန်းကျင်ဟာ လူကို အမျိုးမျိုးဖန်တီးတာပဲ။ ပတ်ဝန်းကျင် သာယာသားနားမှလည်း လူဟာ လူနဲ့တူလာတာပဲ။ လူဟာ လူလိုနေချင်တာပဲ။ ဟိုအိမ်ကြည့်လည်း ဝက်နဲ့၊ ရွှံ့နဲ့၊ ချေးနဲ့၊ ဖုံနဲ့၊ ဒီအိမ်ကြည့်လည်း ဝက်နဲ့၊ ရွှံ့နဲ့၊ ဖုံနဲ့ဆိုတော့ သူတို့မျက်စေ့တွေက ယဉ်ပါးပြီး ဒါကို ပြုပြင်ဖို့ စိတ်မကူးတော့ဘူး။ တချို့အိမ်တွေမှာ အိမ်အဝင်မှာ ဝက်သာနစ်နေတယ်၊ တံတားမခင်းဘူး . . . တချို့ အိမ်ရှိပြီး အိမ်သာမရှိဘူး၊ ကန်သင်းထဲ၊ လယ်ထဲမှာ ကိစ္စပြီးကြတယ်။ စားတာသောက်တာလည်း ကလေးရော၊ လူကြီးပါ စည်းကမ်း





မရှိဘူး။ လူလို မစားဘူး။ လူအသိဉာဏ်ကို မသုံးဘူး။ ထမင်းလုံးရော၊ အရိုးအရင်းရော တို့စရာအရွက် အခွံရော စားပွဲလေးပေါ်မှာ စာရင်းပုံတင်နေတာပဲ။ ဒါကို ပန်းကန်တစ်ချပ် ခွက်တစ်ခုနဲ့ထည့်ဖို့ရာ စိတ်ကူးမရှိဘူး။ စားတုန်းတောင် ဒီလိုလုပ်တော့ စားပြီးရင်ဆိုရင်တော့ ဒါကို အဝေးမှာပစ်ဖို့ မြှုပ်ဖို့ စိတ် ဘယ်ရှိတော့မလဲ။ တစ်ခါတည်း ကြမ်းပေါက်က သွန်လိုက်တာပဲ။ အဲဒီလောက် အစစ အဖက်ဖက်က အဆင့်အတန်းမရှိတာဟာ အိမ်သူတွေ ညံ့ဖျင်းလွန်းလို့ ဖြစ်ရတာပဲ။ သန့်ရှင်းရေးနဲ့ စည်းကမ်းစနစ် သေဝပ်ရေးဟာ လူတစ်မျိုး မြင့်မားဖို့ရာ အခြေခံအုတ်မြစ်တစ်ချပ်ပဲ။ သူတို့ကို လူတန်းစေ့စေ့နေတာ ထိုင်တာ ပြမှ၊ ပြောမှ၊ သူတို့ မျက်စေ့ကို ဖွင့်ပေးမှ၊ သူတို့မှာ အဆင့်အတန်းရှိလာမယ်။ သူတို့ အဆင့်အတန်းမြင့်မှလည်း နိုင်ငံရဲ့ အဆင့်အတန်းမြင့်တာ မြင်ရတော့မှာပဲ။ မြန်မာပြည်ကြီးကို ပြန်လည်ထူထောင်ချင်ရင် မြို့မှာ မထူထောင်ဘဲ တောမှာထူထောင်မှ မြန်မြန်ကြီး လိုရာရောက်မှာပဲ မဟုတ်လား"

"နို့ . . အေးအေးကော ရွာမှာဘယ်လိုပြုပြင်နေသလဲ၊ အခက်အခဲကော မရှိဘူးလား"

"အေးအေး အဖို့တော့ သိပ်မခက်လှဘူး . . . အေးအေးက ဆရာဝန်ဆိုတော့ သူတို့လည်း ရိုသေကြတယ်။ အိမ်ပေါက်ဝလိုလို ရောက်နေလို့ ဒီလိုမစားနဲ့၊ ဒီလိုမနေနဲ့၊ ဒီလို မဝတ်နဲ့တို့ ကြပ်မတ်ပြီး နှိုးဆော်ဆောင်ရွက်နေတော့ အခု



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ ကျောက်ရောဂါတို့၊ ဝမ်းရောဂါတို့ မရှိသလောက်ပါပဲ။ ကလေးဖွားသေစာရင်းလည်း နည်းနည်းလာပါတယ်။ အေးအေးက သူတို့ကို မေတ္တာနဲ့ အခစားနား မယူဘဲ ကုသညွှန်ကြားနေတော့ အေးအေးကို ဆရာလေး . . . ဆရာလေးနဲ့ သိပ်ကို ချစ်ခင်ကြတာပါပဲ။ အနောက်နိုင်ငံက သူနာပြုဆရာမတွေ၊ သီလရှင်တွေ လွှတ်လွှတ်ပြီး အခမဲ့ နည်းပေးလမ်းပြ လုပ်ကြတော့ အောင်မြင်သလိုပါပဲ။ အခက်အခဲမရှိပါဘူး။ အခုရွာမှာ ဘုန်းကြီးကျောင်းတို့ ဘုရားတန်ဆောင်းတို့ ဇရပ်တို့ဟာ သန့်သန့်ရှင်းရှင်း နည်းစနစ်တကျထားတော့ အနောက်နိုင်ငံက ဘုရားရှိခိုးကျောင်းတွေလို ဖြစ်လာတယ်။ ရွာလမ်းတွေ ရေတွင်း ရေကန်တွေလည်း သန့်သထက် သန့်လာပါပြီ။ ဖေဖေကလည်း ဩဇာရှိ၊ ကျွန်မကလည်း စေတနာ့ဝန်ထမ်းဆိုတော့ ပြုပြင်ဖို့ရာ လွယ်နေတာပါပဲ"

"ဒီရွာမှာ ကျောင်းရောရှိသလား"

"စာသင်ကျောင်းရှိပါတယ် . . . ကျောင်းကိုလည်း အေးအေး တစ်ပတ်တစ်ခါသွားပြီး ကလေးတွေရဲ့ ကျန်းမာရေး အခြေအနေ စစ်ဆေးဖို့ ရောက်နေရလို့ ကလေးတွေရော ကျောင်းရော ဆိုသလိုပါပဲ၊ ပြုပြင်ပေးနေရတာပါပဲ"

"အင်မတန်ကို မွန်မြတ်တာပါပဲ။ ပညာတတ်မိန်းမတွေကို ဒီအလုပ်မျိုးလုပ်ဖို့ ရွာတွေလွှတ်ရရင် လွှတ်ကောင်းမှာပဲနော် . . ."

"မိန်းမအသင်းကြီးတစ်သင်းက လူချမ်းသာတွေဆီမှာ





ရံပုံငွေကောက်ခံပြီး ရွာတွေကို လက်တွေ့ဝါဒတွေ တာဝန်ပေးပြီး ဆရာမတွေလွှတ်ရင် အကောင်းဆုံးပါပဲ"

"ဒါနဲ့ စုံထောက်တွေကလည်း ဥဒဟိုမို့ အေးအေးတို့ လက်နက်တွေ ဝှက်ပေးနေတာ စစ်သားတွေကို ဝှက်နေတာ သိသွားရင် ဘေးသိပ်ကြီးတာပဲ . . . အေးအေး မစိုးရိမ်ဘူးလား"

"မသေရတာ အဆန်းမဟုတ်ပါဘူး၊ သခင်ထွန်းဝင်း . . မြန်မာပြည်ကြီး လွတ်လပ်ဖို့ဟာ၊ ဂျပန့်လက်က လွတ်မြောက်ဖို့ဟာ သခင်ထွန်းဝင်းတို့လည်း အသက်နဲ့လဲရမှာပဲ။ အေးအေးတို့လည်း လဲရမယ်ဆိုရင်တော့ လဲရတော့မှာပဲ။ တတ်နိုင်တဲ့သူတွေက ကိုယ်စီကိုယ်စီ ဒီလိုသဘောထားကြရင် သိပ်မြန်မှာပဲ"

ကျွန်ုပ်သည် သူ့အား ပေါင်းချောင်ကလေးနှင့်ထည့်၍ တိမ်မြုပ်ရွာက ယူခဲ့ပြီး မြန်မာပြည်တစ်ပြည်လုံး ထည့်၍ပြလိုက်ချင်သောစိတ်များပင် ပေါက်မိပေသည်။ စိမ်းစိမ်းဝါးဝါး သူ့အား စိုက်၍ကြည့်မိသည်။ ကြည်ညိုခြင်း၊ ချစ်ခြင်း၊ မြတ်နိုးခြင်းတို့မှာ ရေကာတာကျိုးသကဲ့သို့ ကျွန်ုပ်၏ရင်တွင်းဝယ် ဒလဟော သွန်၍ဆင်းနေလေသည်။ အေးအေးဆေးဆေး ဖြည်းဖြည်းလေးလေးပြောနေပုံမှာ နားထောင်၍ မငြီးနိုင်လောက်အောင် ဖြစ်ရသည်။ သူ့ကို အထင်ကြီး၍လာရတိုင်း လာရတိုင်း ကျွန်ုပ်ကိုယ်ကိုကျွန်ုပ် အထင်သေး၍ လာမိတော့သည်။ ကိုယ့်ကိုယ်ကို ရွံမုန်း၍လာလာသဖြင့် စိတ်ကို ထိခိုက်နာကျင်စေလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုဒဏ်ကို မခံနိုင်၍ ဖွင့်ပြောမည်ကြံတိုင်း, ကြံတိုင်း ကျွန်ုပ်တင် မဟုတ်၊ ၄င်းတို့ပါ အစီအစဉ်ပျက်ပြား၍ အကျိုးယုတ်ဖို့ရာ ရှိသဖြင့် စောင့်စည်းနိုင်သမျှ အောင့်အီးချုပ်တည်း၍ အခါအခွင့်ကို စောင့်နေရတော့သည်။

တစ်ညလုံးပင် ကျွန်ုပ်မအိပ်နိုင်ဘဲ တစ်ညနေလုံး သူ ပြောသွားသည့် စကားများ၊ သူ၏ အယူအဆ၊ အတွေးအတော၊ အပြုအမူများကို အထပ်ထပ် ပြန်၍ သုံးသပ်ဆင်ခြင်နေမိတော့သည်။ ထွန်းမောင်ကြီးက မာနအလွန်ကြီးသည်ဟု ပြောလိုက်သဖြင့် ဘာကို မာနကြီးဟယ်ပြောတာလဲ၊ ပိုက်ဆံရှိလို့ မာနကြီးတယ် ပြောတာလား။ ရုပ်ချောလို့ မာနကြီးတာလား၊ ဒီကောင် ဘာကို မာနကြီးတယ် ပြောတာပါလိမ့်ဟု စဉ်းစားရာတွင်လည်း စဉ်းစား၍မရနိုင်အောင် ဖြစ်ရသည်။ သူ၏ရုပ်သွင်မှာ ခန့်ငြားရင့်ကျက် တည်ကြည်လှသဖြင့် ဘယ်ယောကျာ်းမှ မချိတ်ရဲအောင် ဖြစ်၍သာ။ သူ့အား မာနကြီးသည်ဟု ထင်ကြမည်ဖြစ်ပေသည်။ ထင်မည်ဆိုကလည်း ထင်လောက်ပါပေသည်။ ကျွန်ုပ်ပင် သူ့အား လူပျိုစကားပြောဖို့ရာ ခက်ခဲ၍နေလေသည်။ ယခုသော် သူ့အား မာနကြီးသည်ဟု ထင်ဖို့ရာမရှိ။ ကျွန်ုပ်သာ လျှင် စွန့်စားဖို့ရာ ရှိသည်ကို အခြေမှန်သိရပါတော့သည်။

× × ×

ကျွန်ုပ် ဤအိမ်သို့ ရောက်နေသည်မှာ ယနေ့ အရက် ၂၀ မြောက် ရှိလေပြီ။ လက်နာမှာလည်း တစ်နေ့ထက်တစ်နေ့





သက်သာကာ ရောက်စကကဲ့သို့ လဲ၍မနေတော့ဘဲ အခန်းထဲတွင် ထိုင်လို့ ထလို့ နေနိုင်လာပေသည်။ ဘစောမှာ ကျွန်ုပ်အား ရှာဖွေရန် ညွှန်ကြားလိုက်ပြီးကတည်းက ယနေ့အထိ ပြန်လာသည်ဟု မကြားရပေ။ ကျွန်ုပ်မှာ အဘိုးကြီးနှင့် အေးအေးအပြင် အစေခံ ယောကျာ်းကြီးမှတစ်ပါး မည်သူနှင့်မျှ မတွေ့ရ။ အေးအေးက မနက်တိုင်း ညနေတိုင်းလာ၍ အဘိုးကြီးက နေ့လည်နေ့ခင်း လာတတ်လေသည်။ သားအဖနှစ်ယောက်မှာ တိုင်းပြည်နှင့် အမျိုးတာဝန်ကို နေ့စဉ်နှင့်အမျှ ကျေပြွန်စွာ ထမ်းရွက်နေကြသည်။ ထူးဆန်းပုံမှာ အဘိုးကြီးသည် ယနေ့တိုင် သခင်ထွန်းဝင်းအဖြစ်မှလွဲ၍ မြို့ရွာဒေသ ဇာတိဇစ်မြစ်ကို တစ်ခါဖူးမျှ မမေးပေ။ သခင်ထွန်းဝင်းကို ၄င်းတို့ တစ်ခါမျှ တွေ့ဖူးမည် မထင်ချေ။ သခင်ထွန်းဝင်းကို ဗဟိုတော်လှန်ရေးတပ်က သာယာဝတီ တော်လှန်ရေးအဖွဲ့သို့ စာပေးရန် လွှတ်သူဟုသာ ခန့်မှန်း၍ ယူကြည့်နိုင်လေသည်။ ယနေ့အထိ လုံးလုံးမပေါ်ပေါက်သေးဘဲ ဤအိမ်တွင် ချောင်၍နေခြင်းကို ထောက်၍ သခင်ထွန်းဝင်း၏အဆက်အသွယ်မှာ ဤအရပ်နှင့် ဝေးကြောင်း ထင်ရှားလေသည်။ ကျွန်ုပ်၏စိတ်၏ ဆင်းရဲခြင်း၊ ပူပင်ခြင်း၊ ကြောင့်ကြခြင်းဒဏ်တို့က အမျိုးမျိုး နှိပ်စက်နေသဖြင့် လှောင်အိမ်ပိတ်မိသည့် ငှက်ကဲ့သို့ တစ်နေ့တခြား ခွန်အား လျော့လျက်ရှိသည်။ ဒီဘဝက ဘယ်တော့ကျွတ်ရမည်၊ ဘယ်နည်းနဲ့ ဘယ်လို ကျွတ်ရမည်ဟု နေ့စဉ်ပင် အကြံယူ၍နေရသည်။ ကျွန်ုပ်ကသာ အေးအေးအား တစ်ဖက်သတ် စွဲလန်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်၍နေပြီး အေးအေးထဲမှ ကျွန်ုပ်အား မေတ္တာထားယောင် အရိပ်အငွေ့မှ မသန်းသေးသဖြင့် ဤအချက်ကလည်း စိတ်မအေးရသေးပေ။ ကျော်မြင့်ဘဝနှင့် ဘယ်တော့ သူ့မေတ္တာကို ရယူပါမည်နည်းဟူ၍လည်း စိတ်တစိတ်က အခါအခွင့်စောင့်ထင့်တုံးပင်။ ကျော်မြင့်အဖြစ်ကို ပြောလိုက်သည့်အခါတွင် မုန်းတီး၍သွားကြမည်လားဟုလည်း စိုးရိမ်မိသေးသည်။ ယနေ့အဖို့လည်း စိတ်ညစ်ညူးလွန်းသဖြင့် အိပ်၍မနေတော့ဘဲ ပြတင်းပေါက်တွင် ရပ်၍နေမိသည်။ လေပြေလေညင်းကလေးက တလူးလူး တလွန့်လွန့် တိုက်ခတ်နေခြင်းကြောင့် စိတ်အနည်းငယ် လန်းဆတ်သွားသကဲ့သို့ ထင်မှတ်ရသည်။ အဖိုးကြီးအပေါ်တွင်လည်းကောင်း၊ မိန်းကလေးအပေါ်တွင် လည်းကောင်း၊ သခင်ထွန်းဝင်း မဟုတ်ကြောင်းကို ဘယ်ကဲ့သို့ ရှင်းလင်းပြောပြရလျှင် ကောင်းမည်နည်းဟု အကြံယူဉာဏ်ယူနေမိသည်။

တံခါးဖွင့်၍ မိန်းမပျိုကိုယ်တိုင်ပင် ဝင်လာပြီး ကျွန်ုပ်လည်း ကုတင်ပေါ်သို့ ထိုင်လိုက်သည်။ ကျွန်ုပ်မှာ နေ့စဉ်နေ့စဉ် မြင်နေကျထက် ယနေ့ပို၍ ငြိမ်ငြိမ်သက်သက်ဖြစ်လာခြင်းကို စဉ်းစား၍မရသဖြင့် စကားတစ်ခွန်းမျှ မပြောဘဲ သူလုပ်သမျှကိုသာ ငြိမ်၍ခံနေသည်။ ကျွန်ုပ်တို့ စကားတစ်ခွန်းမျှ မပြော၊ ခါတိုင်းနေ့များတွင် နှုတ်ဆက်သကဲ့သို့လည်း မဆက်ဘဲ ရင့်ကျက်သည့်ကုန္နေကြီးနှင့် ငြိမ်သက်စွာ လုပ်ဖွယ်ရာရှိသမျှတို့ကို လုပ်၍နေလေတော့သည်။





အားလုံး ပြီးစီးသွားပြီးလည်း စကားတစ်ခွန်းမျှ မပြောသေးဘဲ ပြတင်းပေါက်တွင် စောစောက ကျွန်ုပ် ရပ်သကဲ့သို့ ကျွန်ုပ်အား ကျောခိုင်း၍ ရပ်နေသည်။ လူနှစ်ယောက်ရှိလျက်နှင့် အခန်းထဲတွင် မည်သူမျှမရှိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ငါ့အကြောင်းများသိလို့ အပြောခက်နေတော့သလားဟုလည်း များစွာ ပူပင်ကြောင့်ကျဖြစ်မိပါသည်။ သူ၏မျက်နှာမှာ ဒေါသစိတ်၊ ဝမ်းနည်းစိတ် အရိပ်အယောင်မှ မမြင်ရဘဲ ပကတိ ကြည်လင်သိမ်မွေ့ ချောမောလှပယျက်ပင် ရှိသည်။ သို့သော် နေ့စဉ်မြင်ရသည့် ကုန္နေထက် ယနေ့မြင်ရသော ကုန္နေက ကြီးရင့်လွန်းလှသဖြင့် ပိုမို၍ ခန့်ညားနေသည်ဟု မှတ်ထင်ရသည်။ သူလည်း ကျွန်ုပ်ကဲ့သို့ပင် လေပြေလေညင်းကလေးကို သုံးဆောင်ခံစားနေပေလိမ့်မည်။ သူ ကျွန်ုပ်ရှေ့တွင် ကျောခိုင်း၍ ရပ်နေခြင်းကို ပန်းချီကားကြီးတစ်ကား ကျွန်ုပ်ရှေ့တွင် လာ၍ချိတ်ပြထားသကဲ့သို့ ကျွန်ုပ်မှာ ရှုမဝနိုင်ဖြစ်နေလေသည်။ အဆက်အပေါက်, အချိုးအစားကျနေပုံကလေးမှာ တိတိရိရိပြေပြေပြစ်ပြစ် ရှိလှသဖြင့် အမှန်ပြောရမည်ဆိုလျှင် ဤအချိန်သည် အေးအေးအား အမက်မောဆုံးသောအချိန် ဖြစ်မိပါသည်။ ကိုယ်ကလေးကို ကျွန်ုပ်ဘက်သို့ လှည့်လိုက်ပြီး တစ်စုံတစ်ခု ပြောမည့်ဟန်ဖြင့် ကျွန်ုပ်အား စူးစိုက်၍ ကြည့်လိုက်သည်။ သူ့အမူအရာမှာ အလွန်အေးလွန်းလွန်းသလောက် ကျွန်ုပ်မှာ ပို၍ပို၍သာ စိုးရိမ်ပူပင်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင်ထွန်းဝင်း . . . ဒီနေ့ ဂျပန်နှစ်ယောက်လာတယ် . . . ဘယ်သူသတင်းပေးတယ်မသိဘူး . . . ဖေဖေ့ကို စစ်ဆေးဖို့ဆိုပြီး ခေါ်သွားကြတယ်"

ကျွန်ုပ်မှာ ကြားရသောသတင်းကိုလည်း အံ့ဩမိ၏။ သူ့ကိုလည်း ပို၍ အံ့ဩမိပါ၏။ တုန်လှုပ်ခြင်း၊ ပူပန်ခြင်း၊ ဝမ်းနည်းခြင်း စသည့်အချက်အလက်တို့ကို သူ့တစ်ကိုယ်လုံးတွင် ရှာကြည့်မိသော်လည်း စိုးစဉ်းမျှ အရိပ်အယောင် မမြင်ရ။ အံ့ဩဖွယ်ရာကောင်းသော မိန်းမတစ်ယောက်ဖြစ်ပါပေသည်။

"ဖြစ်ရလေ အေးအေးရယ် . . . ဘယ်တုန်းကလဲ၊ ဘယ်ကို ခေါ်သွားတာလဲ"

"နေ့လည်ကပါပဲ . . . စစ်တပ်ကို ခေါ်သွားမှာပေါ့"

"ဦးက ဘာများ ပြောသွားသေးသလဲ"

"ဘယ်သူ့ကိုလဲ"

"အေးအေးကိုလေ . . ."

"သတိထားပြီး ပိပိရိရိလုပ်ဖို့ပဲ ပြောသွားပါတယ်"

"အခု အရေးကြီးလာပြီလား . . . အခြေအနေတွေ ဘယ်လိုနေသလဲ . . ."

"ကြီးပြီဆိုပါတော့ . . . တချို့တပ်သားတွေတောင် ရုပ်ဖျက်ပြီး လစ်လာကြလို့ တောထဲရောက်လာပြီ။ စားနပ်ရိက္ခာအတွက် အေးအေးကို ဖေဖေ တာဝန်အကုန်လွှဲသွားတယ်"

"ရောက်လာကြတဲ့သူတွေက သခင်ထွန်းဝင်းကို တွေ့ချင်တယ်လို့များ ပြောကြသေးသလား အေးအေး" ဟု ကျွန်ုပ်က မရဲတရဲမေးရာ . . .





"မမေးပါဘူး . . . သူတို့ မသိကြသေးပါဘူး"

တစ်ယောက်လူ အမိပ္ပါယ်ကောက်မှားနေသည်ကို သိလျက်နှင့် ကျွန်ုပ်မှာ စကားကို အဆင်ပြေ ကြည့်ပြောနေရခြင်းကို အလွန်အမင်း စက်ဆုပ်လှသဖြင့် ယခုပင် ဖွင့်ပြောလိုက်မည်ဟု ကြံပြီးမှ တစ်ဖန် အကြောင်းကြောင်းကို စဉ်းစား၍ နေရပြန်ပါသည်။

"ဦးဆီကို အေးအေး လိုက်မသွားဘူးလား . . . အေးအေးအတွက် စိတ်မကောင်းဖို့ ဖြစ်လာတာပဲနော်"

"အေးအေးကို လိုက်ခဲ့ဖို့ရာ မပြောသွားပါဘူး၊ ဒီမှာ မလစ်လပ်ဖို့သာ မှာသွားပါတယ်။ စိတ်မကောင်းတော့ မဖြစ်တော့ပါဘူး။ အစကတည်းက ဒီဘေးကိုမြင်ပြီးလို့ ဆင်ခြင်ပြီးဖြေနိုင်ပါတယ်။ လွှတ်ရင်လည်း လွှတ်လိုက်မှာပါပဲ။ ခေါ်ရုံခေါ်မေးတာလား မသိဘူး။ လျှို့ဝှက်တဲ့အလုပ်ဟာ ပေါ်ပေါက်တတ်တာမျိုးပဲနော် . . ."

ကျွန်ုပ်မှာ နောက်ဆုံးစကားကြောင့် ကြက်သီးမွေးညင်းများပင် ထ၍သွားတော့သည်။ နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် စူးစိုက်၍ကြည့်နေကြသည်။ သို့ကြည့်ရာတွင် ရဲရဲကြည့်ဝံ့သူမှာ အေးအေးဖြစ်၍ ပထမဆုံး မျက်နှာလွှဲသူမှာ ကျွန်ုပ်ပင် ဖြစ်သည်။ ကျွန်ုပ်၏ မတည်ငြိမ်သော စိတ်ဓာတ်မှာ ကြီးလေးသော ပြဿနာပေါ်တွင် တာရှည်မတည်တံ့နိုင်ဘဲ အလံတံခွန်ကဲ့သို့ တလွင့်လွင့် လွန့်လူး၍နေသည်။ နောက်ဆုံး

www.burmeseclassic.com



တွင် မထူးတော့ပါဘူး၊ ပြောလိုက်တော့မယ်ဟု စိတ်ကို ဆုံးဖြတ်လိုက်ပြီး ၎င်းအား ပြန်၍ကြည့်လိုက်ရာ ကျွန်ုပ်အား စူးစိုက်လျက် ကြည့်နေလျက်ပင် ရှိသေးသည်ကို တွေ့ရသည်။

“အနာလဲ သက်သာပြီ၊ ကျွန်တော် သွားနိုင်ပြီ မဟုတ်လား”

“သွားရင်တော့ သွားနိုင်ပါပြီ။ တစ်နေ့ ဒီအိမ်ကို ဂျပန်မရှာဘူးလို့ မတွက်နိုင်ဘူးမဟုတ်လား”

ကျွန်ုပ်မှာ ပခုန်းနှစ်ဘက်ကို မလှုပ်မိရန် အထူးသတိပြုလိုက်ရသည်။ ဂျပန်ကို ပြန်လှန်ခုခံခဲ့ပြီဖြစ်၍ ထပ်မံ၍ ဂျပန်နှင့်တွေ့ရဖို့ရာ ကြောက်ရွံ့ခြင်းမဟုတ်ဘဲ ကျွန်ုပ်အား တော်လှန်ရေးသမားတစ်ဦးအဖြစ်နှင့် အထင်ကြီးနေခြင်းကို မခံဝံ့ခြင်းကြောင့် ဖြစ်တော့သည်။ “နက်ဖြန်လောက်ပဲ ကျွန်တော် သွားချင်တယ်။ အေးအေး . . . မသွားခင် အေးအေးကို ပြောစရာတွေ ရှိပါတယ်။ စောစောက မပြောဘဲနေတာရယ်၊ အခုမှ ပြောတာရယ်ကို အေးအေးရှုတ်ချမယ်ဆိုရင်လည်း ကျွန်တော် ခံဖို့ပါပဲ”

“မရှုတ်ချပါဘူး . . . ပြောမှာကို ပြောနိုင်ပါတယ်”

“ကျွန်တော်ဟာ သခင်ထွန်းဝင်း မဟုတ်ပါဘူး . . .”

“အေးအေး သိပါတယ်”

ကျွန်ုပ်၏ကိုယ်ထဲမှ သွေးကြောများ ခဏမျှ ရပ်ဆိုင်းသွားသလို ဖြစ်လိုက်သည်။ ကျွန်ုပ်သည် ရှေ့သို့ ဆက်ပြောရန်ပင် သတိမရဘဲ သူ့ကို ကြည့်၍ ကြက်သေသေနေမိသည်။





သူ ပြောလိုက်သည့်စကားနှင့် သူ့အမူအရာမှာ အေးအေးဆေးဆေးနိုင်လွန်းလှသဖြင့် လူသားစစ်စစ်မှ ဟုတ်ပါလေရော့သလားဟု အောက်မေ့မိပါသည်။

“အေးအေး ဘယ်လိုသိလဲ . . . ကျွန်တော်ဖြင့် အတော်အံ့သြသွားတယ်။ မြင့်မြင့်ချင်း သိတာပဲလား . . . ပြောပါဦး အေးအေးရယ်”

“မြင့်မြင့်ခြင်း မသိပါဘူး . . . ရှင်ရောက်ပြီး နောက်တစ်နေ့မနက် ကျွန်မဦးလေး ဦးလူမောင်အိမ်ကိုသွားတယ်။ သွားတော့ ရှင့်တပည့်ကို အိမ်ရှေ့မှာ မယောင်မလည် လုပ်နေတာတွေ့တယ်။ အေးအေးစိတ်မှာ မနက်ကပဲ အိမ်ကိုရောက်လာတယ်၊ သူ့ဆရာ ရှာတာလည်းပြောတယ်၊ ဒီကိုလည်းလာတယ်၊ ထူးပါတယ်လို့ အောက်မေ့ပြီး စုံစမ်းချင်လာတယ်။ သူ ဦးလူမောင်အိမ် ဒီအိမ်ပဲလားလို့ အေးအေးကို မေးတယ်။ အေးအေးက ဟုတ်တဲ့အကြောင်းပြောပြတယ်။ အေးအေးအိမ် မနက်ဘက်လာတော့ သူ့ကိုသာ အေးအေးတွေ့တယ် . . . သူက အေးအေးကို မတွေ့ဘူး။ ဒါနဲ့ အေးအေးက ဒီအိမ်ကပါပဲ၊ ဘာကိစ္စရှိသလဲ ပြောပါဆိုလည်း တော်တော်နဲ့ မပြောဘူး။ ဒီလို မပြောတော့ အကြောင်းတစ်ခုပဲလို့ စိတ်ခုပြီး ကျွန်မ ကူညီပါ့မယ်၊ ပြောပါလို့ မရမက မေးမှ ဦးကျော်မြင့်ဆိုတာ ညက ဒီအိမ်ကို မလာဘူးလားလို့ မေးတယ်။ မနက်ကလည်း ဖေဖေ့ကို ဆရာရောက်ပြီလားလို့ သူပဲမေးတယ်။ ဒါနဲ့ ကျွန်မ စဉ်းစားစရာဖြစ်လာတာနဲ့ မလာဘူး၊ ကိစ္စထူးသလား၊ ဒီကိုဘာကိစ္စနဲ့



www.burmeseclassic.com

www.burmeseclassic.com



လာဖို့ရှိလို့လဲလို့ မေးတော့ . . . ခပ်ဆိုင်းဆိုင်းနဲ့ပဲ စာတစ်စောင်ပေးစရာ သူ့မှာပါလာလို့ပါတဲ့။ အေးအေးတို့လိုချင်တဲ့စာက ညက ရှင့်ဆီက ရပြီးပြီ။ အခုတစ်ခါ စာစကားပြောတော့ ဒီစာမျိုးဟာ ၂ စောင်လည်း မရှိရဘူး၊ လူ ၂ ဦးလည်း မဖြစ်ရဘူး မဟုတ်လား . . . အေးအေးတို့ သိရတာက သခင်ထွန်းဝင်းဆိုတဲ့လူက လာပေးလိမ့်မယ်သိရတယ်၊ အခု သူက သူ့ဆရာဦးကျော်မြင့် လာမပေးဘူးလား မေးနေတယ်။ အေးအေးလည်း နည်းနည်းဆန်းတာ သိရပြီး သူ့ကို ပေါ်အောင်စစ်မှပဲလို့ အောက်မေ့ပြီး "သြော် . . . ဟုတ်လား၊ ဦးကျော်မြင့်နဲ့တစ်ဆင့်ပေးလိုက်သလား၊ ကျွန်မတို့လည်း ဒီစာ မျှော်နေတာပဲ။ စာယူလာတဲ့လူရော ရှင်နဲ့တွေ့ရလား၊ မာရဲ့နော်" လို့ မေးလိုက်တော့ ခင်ဗျားနဲ့ ဒီလူနဲ့ ဘာတော်သလဲတဲ့ . . . အေးအေးက အစ်ကိုပါပဲဆိုတော့ အေးအေးကို သနားသွားသလိုပဲ . . . မျက်နှာက ပြနေတယ်။ ဒါနဲ့ အမျိုးမျိုး မရမက မေးတော့မှ ခင်ဗျားအစ်ကို သေပြီဆိုပြီး လမ်းခရီးမှာ ဖြစ်ပျက်သမျှတွေ ပြောတယ်။ အဲဒီစာကို သူ့ဆရာယူလာတယ်။ အခု သူ့ဆရာလည်း ပျောက်နေတယ်လို့ ပြောပြီး အေးအေးကို အထပ်ထပ် ပိတ်တော့တာပဲ။ အေးအေးကလည်း ကျေးဇူးတင်တဲ့အကြောင်းနဲ့ ဒီစကားကို ဘယ်သူ့မှ မပြောဖို့ ပိတ်လိုက်တယ်"

အေးအေးသည် ဆက်၍မပြောသေးဘဲ ရပ်၍နေလေ၏။

"ဆက်ပါဦး အေးအေးရယ် . . . ကျွန်တော့်ကကို





ကျွန်တော်ဖြင့် ရယ်ပဲ ရယ်ချင်တော့တယ်။ ရှင့်ဆရာ အိမ်မှာရှိတယ်လို့ အေးအေး မပြောလိုက်ဘူးလား"

"ကျွန်မ ဘယ်လိုပြောလို့ဖြစ်မလဲ . . . ရှင့်ကို သခင်ထွန်းဝင်းရယ်လို့ ဖေဖေက ယုံကြည်ပြီးသားဖြစ်တယ်၊ အေးအေးက သခင်ထွန်းဝင်းမဟုတ်ဘူးဆိုရင် ဖေဖေ့စိတ်ကို အေးအေးနည်းနည်းမှ မပိုင်စိုးနိုင်ဘူး။ ဂျပန်က ပစ်လိုက်တယ်ဆိုတာဟာ ရှင် အစိုးရအရာရှိကြီးတစ်ဦးမို့ ပစ်စရာအကြောင်း ဘာမှ မရှိဘူး။ သေသွားတဲ့သူအပေါ်မှာ ထားတဲ့ကတိအတွက် ဒီစာကို ရှင် ပို့ဆောင်ပေးနိုင်အောင် စွန့်စားတယ်ပဲ ဖြစ်ရမယ်လို့ အေးအေး စဉ်းစားကြည့်တယ်၊ ယောကျ်ား ပီသပါပေတယ်၊ မြင့်မြတ်ပါပေတယ်၊ ဒီစာဟာ အေးအေးတို့ တစ်မျိုးလုံးတစ်ဆွေလုံး ဘေးသင့်နိုင်တာမို့ ရှင့်ကို အေးအေး အများကြီးပဲ ကျေးဇူးတင်မိပါတယ်၊ ရှင် မှန်တာကို သက်ညှာပြီး ဖွင့်မပြောသေးတာပဲလို့ ကျွန်မ ယူဆတာ မှန်တယ်မဟုတ်လား"

ချောတာ၊ လှတာတင် မဟုတ်ဘဲ အဆင်ခြင်ဉာဏ်နှင့်ပါးနပ်လိမ္မာ ပိရိခြင်းတို့ကို ချီးမွမ်း၍မကုန်နိုင်အောင် ဖြစ်မိလေသည်။ မြွေမသေ တုတ်မကျိုး၊ နှစ်ဦးအကျိုးမမဲ့ဖို့ရာ ဆိုင်းလိုက်ခြင်းအတွက် ပညာဉာဏ် မသေးသိမ်ခြင်းကိုလည်း ချီးမွမ်းပြီးရင်း ချီးမွမ်းရင်း ဖြစ်နေမိသည်။

"နိုင်ငံရေးနဲ့ စွန့်စားတဲ့သူ မဟုတ်လို့ ကျွန်တော့်ကို မြင့်မြတ်တယ်လို့ မယူဆစေချင်ပါဘူး"

"နိုင်ငံရေးမှ . . . ဘာမှ . . . မဟုတ်ပါဘူး၊ ကတိ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာကို အသက်စွန့်ပြီး တည်ကြည်ခိုင်မြဲတဲ့သူကို အေးအေး ကြည်ညိုပါတယ်"

"နို့ . . . ကျွန်တော် ဒီအိမ်ကို ဘာကိစ္စနဲ့လာတယ် ရယ်ကော မသိဘူးလား . . . တပည့်ကို မမေးလိုက်ဘူးလား"

ထိုမေးခွန်းကို ကျွန်ုပ် အခွင့်ပေါ်ပြီဟု မေးလိုက်ခြင်း ပင်ဖြစ်သည်။ ကျွန်ုပ်ကို ဤကိစ္စအတွက် လှောင်အိမ်တွင်းသို့ သွတ်သွင်းလိုက်သူမှာ ဘစောဖြစ်သည်။ လှောင်အိမ်ထဲမှ သော့ ဖွင့်၍ ထုတ်ပေးသူမှာလည်း ဘစောပင်ဖြစ်သည်။ နားဖောက် ရန်မှာကား ကျွန်ုပ်၏တာဝန်ပင် ဖြစ်၍ ထိုမေးခွန်းကို သွက် သွက်လက်လက်ကြီး ကျွန်ုပ် မေးလိုက်သည်။

"ဒါတော့ ကျွန်မ မသိပါဘူး၊ မမေးပါဘူး"

ကျွန်ုပ်သည် ထိုင်နေရာမှ ဖြည်းဖြည်း ထလိုက်သည်။ သူရပ်နေသော ပြတင်းနားသို့ တစ်လှမ်းချင်း လျှောက်၍သွား ပြီး သူ့ရှေ့တည့်တည့်၌ ရပ်လိုက်သည်။ သူ့ကို စိုက်၍ကြည့် လိုက်သည်။ ရင်တွင်း၌ရှိသော ချစ်ခြင်းမေတ္တာ၏ အခိုးအငွေ့ တို့မှာ ကျွန်ုပ်၏မျက်စိအစုံတို့တွင် အစွမ်းကုန် ရောင်စုံလွှတ်၍ နေကြသည်။ သူက မျက်လွှာကိုချလိုက်ပြီး ငြိမ်သက်လျက်နေ ရှာသည်။ လောကကြီးတစ်ခုလုံးတွင် သူနှင့်ကျွန်ုပ်သာ ရှိသည် ဟု ထင်မှတ်မိသည်။

ညနေစောင်း နေရောင်ခြည်သည် သူ့အလှအား အစွမ်းကုန် ထိုး၍ပြနေလေသည်။





"ကိုကျော်မြင့် ဒီကိုလာရတာ အေးအေးရဲ့သတင်း ကလေးက မွှေးလွှန်လွှန်းလို့ တွေ့လိုတွေ့ငြား ကြိုးစားပြီး လာခဲ့ တာ အမှန်ပါပဲ။ လာခဲ့စဉ်ကတော့ လူကြည့်ဖို့ လာတာပါ။ အခုလို လူကုဖို့ မဟုတ်ပါဘူး၊ ဒီလောက် ကြိုးစားပမ်းစား လာခဲ့ ရတာ အေးအေးကိုမြင်ရတော့ လာခဲ့ရကျိုးတော့နပ်ပြီ။ ဘယ်လို ကြိုးစားရမယ်ဆိုတာသာ နေ့နဲ့အမျှ တွေးတောပူပင်နေတာ ပါပဲ . . . ဒီအထဲမှာ ကံကြမ္မာကလည်း မင်း ဒီအတိုင်းမသွား နဲ့၊ ဒီအိမ်ကို ဒီလိုသွားလို့ ဖန်တီးပြီး ပို့လိုက်တော့ ကိုယ့်အဖြစ် ကို ကိုယ် မပြောနိုင်ဘဲ သာလို့ပဲ ဒီကိစ္စပြောဖို့ရာ အခက်ကြုံရ ပါတယ်။ အခုတော့ ရှင်းပြီမို့ ပြောရတော့မယ် . . . ကိုကျော် မြင့်ကို လက်ထပ်ဖို့ရာ မရွေးချယ်နိုင်ဘူးလား အေးအေး . . . ရွေးချယ်ပြီးသားလူများ ရှိနေပြီလား . . ."

ကျွန်ုပ်၏မေးခွန်းကို မဖြေကြားဘဲ သူ့ထုံးစံအတိုင်း ငြိမ် ငြိမ်သက်သက်ကြီးရပ်၍သာ နေသည်။ လေးလေးနက်နက် စဉ်းစားနေသည့် အမူအရာမှာ သူ့မျက်နှာပေါ်တွင် ပေါ်လွင်၍ နေသည်။ တဖြူးဖြူး တိုက်နေသောလေကြောင့် သူ့နဖူးပေါ် တွင် လွင့်လူး၍နေသော ဆံစကလေးများက မျက်ခုံးပေါ်သို့ ဝေ့ရမ်းလိုက်သည့်အခါတွင်သာ မျက်တောင်ကလေးများ ခတ် တော့သည်။ ပကတိ ငြိမ်သက်လျက် အသက်ဝိညာဉ် ကင်းမဲ့ သော အရုပ်တစ်ရုပ်ကဲ့သို့ သူလုပ်၍ နေနိုင်လွန်းလှသည်။ ကျွန်ုပ်သည် သူ့ကိုကြည့်နေရာက အားမလိုအားမရဖြစ်ကာ ကျွန်ုပ်၏မေးခွန်းကို ကျွန်ုပ် ထပ်၍မေးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ချထားသော မျက်လွှာကလေးမှာ အသက်ဝင်လာသကဲ့သို့ တဖြည်းဖြည်း ပင့်၍လာပြီးလျှင် ပြုံးယောင်ယောင် မျက်နှာပေးကလေးဖြင့် "အေးအေး လက်ထပ်ဖို့ရာ ရွေးချယ်ပြီးသား မရှိသေးပါဘူး"

"မရှိသေးရင် ကိုကျော်မြင့်ကို အေးအေး မရွေးချယ်နိုင်ဘူးလား . . . ကိုကျော်မြင့် အေးအေးကို တစ်သက်လုံး ချစ်ပါရစေတော့ . . ."

ကျွန်ုပ်အား ဘာမှ ပြန်မပြောဘဲ မျက်လွှာကလေးကို ချကာ ငြိမ်သက်စွာပင် နားထောင်၍နေလေသည်။

"အေးအေးနဲ့ထိုက်တန်တဲ့ ဂုဏ်အင်္ဂါ အရည်အချင်း ကိုကျော်မြင့်မှာမရှိလို့ အပြောခက်နေသလား အေးအေးရယ်၊ ကိုကျော်မြင့်က နိုင်ငံရေးနဲ့ စွန့်စားတဲ့သူ မဟုတ်လို့ . . ."

အသက်ပြန်ဝင်လာသကဲ့သို့ မျက်လွှာကလေးပင့်ကာ

"ကိုကျော်မြင့် ဒီလိုထင်ရင် မှားမှာပါပဲ . . . အေးအေး ဒီလိုတွေးနေတာ မဟုတ်ပါဘူး"

"နို့ . . . ဘယ်လိုတွေးနေတာလဲ အေးအေးရယ် . . . ဘယ်လိုတွေးနေတာလဲ . . ."

"အေးအေးကို သက်ဆုံးတိုင် ချစ်ပါ့မလားလို့ . . ."

အချစ်ပါရော၍ အသက်ဝင်လာသော ယခုပြောပုံ မျက်နှာအမူအရာကလေးမှာ ခါတိုင်းထက် မည်မျှပို၍ လှလာသည်ကို ကျွန်ုပ်ကလွဲ၍ ဘယ်ယောက်ျားမှ မြင်ဖူးမည်မဟုတ်ချေ။





ကျွန်ုပ်မှာ ရက်ပေါင်းများစွာ ခေါင်းပေါ်၌ရွက်ထားရသော ဝန်ထုပ်ဝန်ပိုးကြီးကို လွှတ်ချလိုက်ရသကဲ့သို့ တစ်ခဏချင်း သိသိသာသာကြီး ပေါ့ပါး၍သွားလေသည်။ သူ့လက်ကလေးနုစ်ဖက်ကို ဆွဲယူလိုက်ပြီး တဖြုံးဖြုံးတိုက်ခတ်နေသောလေကို တဝကြီးရှူရှိုက်လိုက်မိသည်။ ကျွန်ုပ် မည်မျှ ပေါ့ပါး၍ စိတ်ချမ်းသာသွားပြီကို မဖော်ပြနိုင်တော့ပါ။ သူ့အားသာလျှင် တစိမ့်စိမ့်ကြည့်၍ နေမိလေတော့သည်။

× × ×

မဟာမိတ်တပ်များ ဝင်လာလျှင်ဝင်လာချင်း သူ့ထံသို့ အမြန်လာခဲ့ရန်ပေးလိုက်သော လက်ဆောင်ပဏ္ဏာကြီးဖြင့် ကျွန်ုပ်မှာ လှည်းပေါ်တွင် အူးမြူး၍နေလေသည်။ အလာတုန်းက ကဲ့သို့ နေလည်း မပူ၊ လောကဓာတ်ကြီးတစ်ခုလုံး အုံ့မှိုင်းညို့ဆိုင်းနေသဖြင့် သာယာကြည်နူးစရာကြီး ဖြစ်နေလေသည်။ ရွာကလေးမှာ သစ်ပင်ကြီးများက အုပ်ဆိုင်းဖုံးလွှမ်း၍ ထားသောကြောင့် မြုပ်၍နေလေသည်။ အဝေးမှ ညိုညို့ဆိုင်းဆိုင်းကြီးသာ မြင်ရလေသည်။ ရွာထိပ်မှ လက်ရပ်ပြ၍နေသော သူကလေးကိုသာ မြင်ယောင်ထင်ယောင် နေတော့သည်။ ကျွန်ုပ်အဘက်ဘက်က ပြည့်စုံအောင်မြင်ခဲ့သည်မှာ သတ္တာဘာ ဘေစောကြောင့်သာဖြစ်လေရာ၊ ဘေစောသာပါလျှင် ပို၍ ပြည့်ပြည့်စုံစုံ ချစ်အာရုံခံစား၍ ချစ်စကားများကို သူကလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြောရမည့်အစား ဘောဘောအား ပြောကြားပျော်ရွှင်ဖွယ် ရှိပေလိမ့်မည်။ သို့ဖြစ်၍ ယခုအပြန်တွင် ဘောဘော်မပါရခြင်းသာ တောက်တခေါက်ခေါက် ဖြစ်မိပေတော့သည်။

× × ×

# မိခွေး မိခွေး

www.burmeseclassic.com

www.burmeseclassic.com

ဆံပင်ကို ကျောပေါ်သို့ ဖြန့်၍ချလိုက်ပြီးလျှင် ဘီးနှင့် မဖြီးသေးဘဲ ဖွေးဖွေးကလေးလူးထားသည့် မျက်နှာကို မှန်နားကို ကပ်လိုက်ကာ ဘယ်နေရာမှာ လိုသေးသည်ကို မျက်စိနှစ်လုံး ချာချာလည်လျက် ရှိရှာလေသည်။ စိတ်တိုင်းမကျသေးသလို မျက်နှာကို မှန်ကြီးမှခွာလိုက်ပြီးနောက် ဘဲဥပုံ မှန်သေးကလေးကို အစ်ကလေးတစ်ခုထဲမှ ထုတ်၍ယူလိုက်ပြန်သည်။

မှန်ကလေးကို မျက်နှာနှင့် အနီးဆုံးကပ်လိုက်ပြီး စေ့စေ့စပ်စပ် ကြည့်ပြန်သည်။ သို့ မျက်နှာကို မှန်ကလေးနှင့် ကပ်လိုက်ခွာလိုက် ခွာလိုက် ကပ်လိုက် လုပ်ပြီးတော့မှ နှုတ်ခမ်းဆိုးဆေးတောင့်ကလေးကိုယူကာ နှုတ်ခမ်းပေါ်တွင် တို့ပြီး လက်ညှိုးနှင့်ပွတ်ကာ ဆိုးလေသည်။ အရပ်အမောင်း ကိုယ်နေ ကိုယ်ဟန်မှာ မနိမ့်လွန်း မမြင့်လွန်း မဆူလွန်း မကြုံလွန်းထဲက ဖြစ်သည်။ ဖြန့်၍ထားသော ဆံပင်များသည် ပေါင်လည်ဆီသို့ ဝဲပျံ၍နေလေသည်။





တို့ပတ်နှင့် မျက်နှာကို ဖုံဖုံပါအောင် အထပ်ထပ် တစ်ဖန်ရိုက်ပြန်ပြီး မှန်ကြီးထဲတွင် မျက်နှာနေကို ကိုယ့်သဘောကျ အချိုးကျကျထားလျက် အားရအောင်ကြည့်နေရင်း လက်တစ်ဘက်ကလည်း မှန်ခုံပေါ်တွင် ဘီးကို လိုက်၍ စမ်းနေလေသည်။

"မမသန့်"ဟု နောက်မှ အော်ခေါ်သံကိုကြားမှ ဘီးကို စမ်းမိကာ လန့်လန့်ဖျပ်ဖျပ် နောက်သို့ လှည့်ကြည့်လိုက်ရာ မိမိအိမ်တွင် လက်တိုလက်တောင်း ခိုင်းစေသော မိခွေး အနားသို့ ရောက်နေသည်ကို တွေ့ရလေသည်။

"ဘာလဲဟဲ့ . . . နင့်ဟာက အလန့်တကြား . . ."

မိခွေးသည် ရုတ်တရက် မပြောသေးဘဲ လှလှပပ လိမ်းထားသည့်မျက်နှာကိုသာလျှင် စိုက်၍ကြည့်နေလေသည်။ မိခွေးကား ရောင်ပေတူးကလေးနှင့် ၇ နှစ် ၈ နှစ်ခန့်သာ ရှိသေးသည်။ ဗိုက်ပူပူ ပုအိုင့်အိုင့် နှုတ်ခမ်းစူကလေးမို့ သူ့ရုပ်ရည်မှာ လူမြင်လျှင် ရယ်စရာသဖွယ် ဖြစ်ပေသည်။

စောင့်ဆိုင်းနေရန် သည်းမခံနိုင်တော့သကဲ့သို့ မိခွေး၏ အနားသို့ တိုးကပ်သွားပြီး "ဘာလဲလို့ မေးနေတာကို . . ." ဟု ငေါက်လိုက်ကာ လက်ထဲကဘီးနှင့် ထိပ်ကို တစ်ချက်ခေါက်လိုက်မှ စူနေသည့်နှုတ်ခမ်းကို မဲ့လိုက်ပြီးနောက် . . .

"မမကိုလေ ဟိုဘက်အိမ်က ဟိုလူကြီးက . . . အဲဒီလူကြီးက . . ."

ရှေ့သို့ မဆက်ဘဲ နှုတ်ခမ်းကို ပြန်၍ စူထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"လူကြီးက ဘာဖြစ်သလဲ . . . ပြောစမ်းပါဟဲ့"

"အဲဒီလူကြီးကလေ မမကို ဝမ်းဆွဲမတဲ့" ဟု မပြောဝံ့သလိုလို ပြောဝံ့သလိုလိုနှင့် စူးစူးရဲရဲ ပြောလေရာ ခင်ခင်သန့်မှာ စိတ်ဆိုးရမည့်ကိစ္စကဲ့သို့ မရယ်နိုင်အားဘဲ "ငါ့ကိုလား ဝမ်းဆွဲမလို့ခေါ်တာ၊ ဘယ်အကောင်လဲဟင် . . ."

သိချင်ဇောနှင့် ရောင်ပေစူးကလေးကို လှမ်း၍ ဆုပ်ခါခေါင်းကိုမော့မော့ပင် ကိုင်ထားလိုက်ပြီး "နင်နဲ့ ဘယ်လိုတွေ့သလဲ . . . ပြောစမ်း ပြောစမ်း" ဟု စစ်ဆေးလေသည်။

ထိုသို့လုပ်၍ထားသဖြင့် မိခွေးမှာ ကြောက်၍လာကာ ဘာပြောရမှန်းမသိတော့ဘဲ မျက်လုံးဝိုင်းလျက် နေလေသည်။

ထိုအတွင်း အသက် ၄၀ ခန့်ရှိ မိန်းမကြီးတစ်ယောက် အထဲသို့ဝင်လာပြီးလျှင် မှန်တင်ခုံဘေးရှိ တစ်ယောက်အိပ် သံကုတင်ပေါ်သို့ ကိုယ်ကို ပစ်လှဲလိုက်ကာ "ဘာဖြစ်နေကြပြန်ပြီလဲ" ဟု ရိုးနေသကဲ့သို့ အေးအေးဆေးဆေးပင် မေးနေလေသည်။

"ဘာဖြစ်ရမလဲ ဒေါ်လေးရဲ့ . . . ဟိုဘက်အိမ်က အကောင်က ခင်ခင်သန့်ကို ဝမ်းဆွဲမလို့ ခေါ်တယ်လို့ လာတိုင်နေတယ်"

"ဟဲ့ . . . နေစမ်းပါဦး၊ ဘယ်အကောင်ကလဲ . . ."

"မျက်မှန်ကပေါ့ ဒေါ်လေးရဲ့ . . ." ဟု ခင်ခင်သန့်က အော်၍ပြောလေသည်။





"ဘာလို့ ဒီလိုခေါ်ရတာလဲ" ဟု ဒေါ်လေးက မိခွေးကို မေးလေသည်။

မျက်စိလေးလုံးစလုံးက မိခွေး ဘာပြောမည်ကို စိုက်၍ကြည့်နေကြရာ မိခွေးကလည်း မိမိမျက်စိနှစ်လုံးကို သူ့တစ်လုံးစီနှင့် ပြန်၍ ကြည့်နေလေသည်။ ထို့အပြင် အပြောကျပ်နေသကဲ့သို့ တံတွေးကို အတွင်းမျိုနေတော့သည်။

"လွှတ်လိုက်စမ်း . . . ငါ့ဆီကို" ဟု ဒေါ်လေးက ပြောသဖြင့် ခင်ခင်သန့်လည်း ဆုပ်ထားသော ရောင်ပေစူးကလေးကို တွန်း၍ လွှတ်လိုက်လေသည်။

"ကဲ ကဲ . . . ဘွားဘွားကိုပြောစမ်း . . . ဘယ်မှာတွေ့သလဲ"

"ခုနက မမက သရက်ခွံတွေပစ်လိုက်ဆိုလို့ ကျွန်မ သွားပစ်တယ်၊ သွားပစ်တော့ အဲဒီမျက်မှန်နဲ့လူကြီးက ကျွန်မဂုတ်ကို ဆွဲထားပြီး ဘာလို့ ဒီမှာပစ်သလဲလို့ မေးတယ်"

"မေးတော့ နင်က ဘယ့်နှယ်ပြောလိုက်သလဲ" ဟု ခင်ခင်သန့်က ဝင်၍ထောက်လိုက်သည်။

"ကျွန်မက ကျွန်မပစ်တာမဟုတ်ဘူး . . . ကျွန်မတို့မမက ပစ်ခိုင်းတာလို့ ပြောလိုက်တယ်"

မိခွေးသည် ဆက်၍မပြောဘဲ ရပ်၍ထားလေသည်။

"ပြောတော့ ပြောလေ. . ." ဟု ဒေါ်လေးက ထောက်၍ပေးပြန်သည်။

"ပြောတော့ . . . ပြောတော့ . . . အဲဒီလူကြီးက"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . သူက . . ဒီလူကြီးက ဘာလုပ်နေတာလဲ" ဟု ခင်ခင်သန့်က စိတ်မရှည်နိုင်ဘဲ ငေါက်လိုက်သည်။

"နေစမ်းပါဦး ခင်ခင်သန့်ရယ် . . . ကောင်မလေးကလည်း မအူမလည် . . . ခင်ခင်သန့်ကလည်း ဒေါချည်းပဲ" ဟု ဒေါ်လေးက ဟန့်လိုက်ပြီး . . . "ပြောတော့ သူက ဘာပြန်ပြောသလဲ" ဟု မိခွေးအား လေအေးအေးနှင့် ထပ်မေးလိုက်သည်။

မိခွေးလည်း တွေတွေကလေးလုပ်၍နေပြီးမှ "နင့်အစ်မ ဘယ်သူလဲလို့ မေးတယ်။ ကျွန်မက မမသန့်လို့ ပြောတော့ အဲဒီလူကြီးက နင့်အစ်မဝမ်းဆွဲကို ပြောလိုက်တဲ့ နောက်ကို ဒီလိုမလုပ်ပါနဲ့တဲ့ . . . အဲလို အဲလို ပြောတယ်"

သူပြောသည့်စကားကို သူဟာသူ အတော်စဉ်းစားပြီး ပြောရသလို ခေါင်းတညိတ်ညိတ် လည်တညိတ်ညိတ်လုပ်၍ ပြောနေခြင်းကို ဒေါ်လေးမှာ ကြွေမဆည်နိုင်ဘဲ အသံများပင် ထွက်အောင် ရယ်မောနေလေသည်။

သို့ ဒေါ်လေးလုပ်သူက ရယ်လေလေ ခင်ခင်သန့်မှာ ဒေါပို၍ပွလေလေ ဖြစ်ကာ . . .

"အမယ် . . . ဒေါ်လေးကပါ သဘောကျနေသလား၊ မျက်မှန်က လူပါးဝလိုက်တာ၊ ဒီမှာ . . . ခင်ခင်သန့်-ခင်ခင်သန့် လို့ ဟိုးလေးတကျော်သိလျက်သားနဲ့ လူကို ဝမ်းဆွဲတဲ့ . . . သက်သက်ချိုးတာ၊ သက်သက် အရှက်ခွဲတာ၊ မခံဘူး . . . တွေ့ဦးမယ်၊ တွေ့ပြီး ခွေးပြောသလို ပြောပစ်လိုက်မယ် . . .





သိရောပေါ့" ဟု ဘီးကလေးကိုမြှောက်ကာ မြှောက်ကာ ဟစ်အော်ကြိမ်းဝါး လိုက်ရာ ဒေါ်လေးသည် ထပ်၍ပင် လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်သည်။

"နေပါဦးဟဲ့ . . . ဒီလူငယ်ကလေး မရိုင်းပါဘူး၊ လူကောင်းကလေးပါ . . . မနေ့က စကားဖြူပန်းတွေ ခြံရှေ့မှာ ငါ ကောက်နေတုန်း သူကလည်း ထွက်အလာနဲ့ ကူပြီးတောင် ကောက်ပေးသွားပါသေးတယ်။ ယဉ်ယဉ်ကျေးကျေးပါ။ ငါက မေးလို့ သူ သတင်းစာတိုက်မှာ သတင်းထောက် လုပ်ပါတယ်တဲ့။ ဖော်ဖော်ရွေရွေ သိမ်သိမ်မွေ့မွေ့ ရှိက ရှိပါဘိသနဲ့။ ဒီကောင်မလေး နားကြားလွဲရင် လွဲနေမှာပါ" ဟု ဖြေစကား ပြောလိုက်လေသည်။

"အင်းလေ . . . သတင်းထောက်မို့လို့ပေါ့ . . . ဒီလိုလွဲတာ ကောင်မလေးက ဒီစကားကို ဘာလွဲစရာရှိသလဲ။ ဒီမှာ ခင်ခင်သန့်ဆိုတာ ဘယ်လိုအစားဆိုတာ တစ်ရပ်လုံးသိတယ်။ အိမ်နားကပ်ပြီးနေတဲ့ သတင်းထောက်က မသိဘူးလား . . . တမင် ဒေါ်လေးရဲ့ . . . တမင်ချိုးတာ"

ဆတ်ဆတ်တုန်လျက် ဒေါသထွက်နေခြင်းကို ပြေလည်ပပျောက်အောင် မတတ်နိုင်တော့သဖြင့် ဒေါ်လေးမှာ မိခွေးကိုပင် အထပ်ထပ် ချော့မော့ မေးနေလေတော့သည်။

ဟိုလိုမေး သည်လိုမေး ဘယ်လိုပင်မေးမေး မိခွေးကလည်း "ဟုတ်ပါတယ်၊ ဝမ်းဆွဲလို့ခေါ်ပါတယ် ဝမ်းဆွဲလို့ ခေါ်ပါတယ်" ဟုချည်း ထပ်ခါထပ်ခါ အဖြေပေးနေသဖြင့် ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



ပင် ဇဝေဇဝါ ဖြစ်မိပြီးလျှင် သတင်းထောက်ကို ဒေါသထွက်ချင်သလိုလို ဖြစ်လာလေသည်။

× × ×

ယနေ့ညနေသည် မိုးသား မိုးတိမ်များ ကင်းစင်ပြီးလျှင် ကောင်းကင်တွင် တိမ်များ ယှက်သန်းလျက် ရောင်စုံတောက်၍ နေလေရာ ယခုလို မိုးရာသီတွင် ယနေ့ညနေလောက် လှပသော ညနေခင်းကို မမြင်ကြရသေးပေ။ ညနေခင်းကလေး သာသာယာယာ လှလှပပဖြစ်နေသလို ခြံဝတွင် ခေါက်တုန့်ခေါက်ပြန်၍ လျှောက်နေသော ခင်ခင်သန့်သည်လည်း အစွမ်းကုန် မွမ်းမံပြုပြင်၍ထားသဖြင့် အထူးပင်လှ၍နေလေသည်။

ထိုညနေခင်းနှင့် ထိုမိန်းမပျို၏ အလှချင်းကား ပဏာရနေကြပုံကို တစိမ့်စိမ့်ရှုစားရင်း တဖြည်းဖြည်း လျှောက်လာနေသူမှာ သတင်းထောက် ကိုဦးပင်ဖြစ်လေသည်။

ကိုဦးသည် မိမိနေရပ်နှင့် သတင်းစာတိုက်မှာ အလွန်ဝေးလွန်းလှသဖြင့် နေ့စဉ် အိမ်သို့မပြန်ဘဲ တိုက်ပိတ်သည့် ရက်များမှ အိမ်သို့ပြန်တတ်လေသည်။ ထိုနေ့ကား သတင်းစာတိုက်ပိတ်ထားသဖြင့် အလုပ်အားလပ်သောကြောင့် တိုက်သို့မသွားဘဲ ဥယျာဉ်တွေထဲတွင် လျှောက်လည်ပြီး အချိန်ဖြုန်းကာ ညနေစောင်းမှ အိမ်သို့ပြန်လာခြင်း ဖြစ်လေသည်။ ခင်ခင်သန့်လည်း ယနေ့ တနင်္ဂနွေနေ့ဖြစ်ခြင်းကြောင့် မုချ အိမ်သို့ပြန်လာမည်ကို





အတတ်သိကာ အိမ်ဝတွင် ထွက်၍ အပြန်ကို စောင့်နေသူဖြစ်လေသည်။

၄င်းတို့မှာ အလွန်ကျယ်ဝန်းသော ဥယျာဉ်ခြံကြီးထဲတွင် တစ်အိမ်စီနေကြသူများ ဖြစ်လေသည်။ လူသွားလမ်းကား ထိုဥယျာဉ်ကြီးများဘေးတွင် ပေပေရေရေ ကျိုးကျိုးပဲ့ပဲ့နှင့် ကျဉ်းကျဉ်းမြောင်းမြောင်းကလေး ဖြစ်သည်။ ကိုဦးသည် ခြံဝတွင် တွေ့ရသော ပန်းချီကားကို ကြည့်ရင်းလာနေသဖြင့် တစ်ခါတစ်ရံ ချိုင့်များ၊ ဗွက်များကိုပင် သတိမရဘဲ ချော်၍နင်းမိလေသည်။

ခြံဝသို့ရောက်လာသော်လည်း ခင်ခင်သန့်က လမ်းဖယ်၍မပေးဘဲ အဝတွင်ရပ်နေသဖြင့် ခင်ခင်သန့် ဖယ်ပေးလိုပေးငြားဟု ကိုဦးက အရှိန်သတ်ကာ ရပ်တန့်လိုက်သော်လည်း ခင်ခင်သန့်ကား လမ်းဖယ်၍မပေးဘဲ မျက်နှာထားတင်းတင်းနှင့် "သတင်းထောက် ကိုဦးဟာ ရှင်ပဲနော် . . ." သိလျက်သားနှင့် ရွဲ့လိုက်လေသည်။

ခင်ခင်သန့်ကို ခြေဆုံး ခေါင်းဆုံးအပြန်အလှန်ကြည့်လိုက်ပြီးမှ ကိုဦးက "ဟုတ်ပါတယ်" ဟု ခပ်ဖြည်းဖြည်းပင်ဖြေလေသည်။

"ရှင် ကျွန်မကိုရော သိရဲ့လား"

မိမိအိမ်ဘေးက အိမ်က မိန်းမပျိုမှန်းကိုကား သိ၏။ သို့သော် ဤကဲ့သို့ နီးနီးကပ်ကပ် တစ်ခါဖူးမျှ မကြည့်ခဲ့သဖြင့် ဤမျှ လှပမှန်းကို မသိခဲ့ရသည့်အတွက် အဖြေကို ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



မပေးသေးဘဲ စေ့စေ့စပ်စပ် အားရအောင်ကြည့်ပြီးမှ . . .

"ကျွန်တော် သိပါတယ်"

"ဘယ်လိုသိတာလဲ"

ကိုဦးတွင် ဖြေဖို့ရာ ဝကျ၍နေလေသည်။ ဘယ်လို အဓိပ္ပါယ်နဲ့ မေးလိုက်တာပါလိမ့်ဟု နားမလည်နိုင်အောင် ဖြစ်သွားပြီးလျှင် "ခင်ဗျား ဘယ်လိုမေးတာလဲ" ဟု ပြန်၍မေးလိုက်လေသည်။

"ဘယ်လိုမေးရမလဲ . . . ရှင် ကျွန်မကို သိတယ်လည်း ပြောတယ်၊ ဘယ်လိုသိတာလဲဆိုတော့ ရှင် မပြောနိုင်ဘူး။ ရှင် ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ စောစောက သိရင် ရှင့်ကို ဘယ်လိုမှ မေးဖို့မရှိဘူး။ အခု ရှင်က ကျွန်မကို အများသိသလို မသိဘဲ ဝမ်းဆွဲလို့ ရှင်သိနေလို့ ရှင် ဘာသိတာလဲလို့ မေးရတာပေါ့"

ထိုအချိန်တွင် ကိုဦးတွင် ပို၍ နားမလည်နိုင်အောင် ဖြစ်ကာ မျက်မှောင်များကြုတ်လိုက်လျက် . . .

"ခင်ဗျားကို ဝမ်းဆွဲလို့ ကျွန်တော် မသိရပါကလား ခင်ဗျာ"

ခင်ခင်သန့်သည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ရှင် မသိရင် ဘာပြုလို့ ကျွန်မကို ဝမ်းဆွဲလို့ ခေါ်ရသလဲ။ ပြောစမ်းပါဦး . . . ရှင်ဘယ်လိုလူလဲ" နှင့် ကက်ကက်လန် ရန်တွေ့လိုက်လေသည်။

သတင်းထောက် ကိုဦးတင်ပင်မဟုတ်၊ ပိန္နဲပင်ကွယ်တွင်





ချောင်း၍နားထောင်နေသော ဒေါ်လေးပင် ပြုံးနေလေသည်။

ကိုဦးကား မိမိပြုံးလိုက်သည်ကို အားနာသွားပြီးမှ . . .

"နေပါဦး . . . ခင်ဗျား ရှင်းပါဦး . . . ကျွန်တော်က ခင်ဗျားကို ဝမ်းဆွဲလို့ ဘယ်တုန်းကမှ မခေါ်ရ မပြောရပါကလား" ဟု ခပ်လေးလေးနှင့် မျက်နှာကိုလည်း ခပ်တည်တည် ပြန်၍ထားပြီး ပြောလိုက်သည်။

"နို့ . . . ရှင် မနက်က ကျွန်မအိမ်က ကောင်မလေးကို ဘယ်လိုပြောလိုက်သလဲ"

ကိုဦးသည် ဤတွင်မှ သဘောပေါက်၍သွားတော့ကာ အောင့်လိုသော်လည်း မအောင့်နိုင်ဘဲ သွားများပင်ပေါ်အောင် ပြုံးမိလေသည်။

"ရှင့်ကို ရယ်စရာပြောနေတယ်မှတ်လို့ ရယ်နေတာလား"

"မဟုတ်ပါဘူး . . . ကျွန်တော် ဝမ်းဆွဲလို့ မပြောလိုက်ပါဘူး၊ သူက ဒီလမ်းမမှာ သရက်ခွံတွေထွက်ပစ်လို့ ကျွန်တော်ကလည်း အထွက်နဲ့တွေ့တော့ နင်ဘာလို့ ဒီလမ်းပေါ် ပစ်ရသလဲလို့ ငေါက်လိုက်တာ ကျွန်မပစ်တာမဟုတ်ဘူး၊ ကျွန်မတို့ မမက ဒီမှာပစ်ဆိုလို့ လာပစ်တာပြောလို့ ဒါဖြင့် နင့်မမ လက်သယ်ကို ပြောလိုက်၊ ဒီလို မလုပ်ပါနဲ့လို့၊ ဒီလိုပြောတာပါ"

ကိုဦး ရယ်၍နေလေသည်။ ကိုဦး ရယ်သကဲ့သို့ ဒေါ်လေးမှာလည်း အသံမထွက်အောင် ကြိတ်၍ရယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်သန့်ကား ပြေလည်၍မသွားဘဲ ရှက်ရှက်နှင့် ပို၍ပင် စိတ်ဆိုးပြန်ကာ "ရှင်က ဘာကိစ္စ လက်သယ်လို့ ပြောရတာလဲ" ဟု ခပ်ငေါက်ငေါက် မေးလိုက်လေသည်။

ခင်ခင်သန့်၏မျက်နှာကလေးမှာ တစ်မိနစ်ထက် တစ်မိနစ် နီမြန်းသည်ထက် နီမြန်းနေသည်ကို ကိုဦးတွေ့ရလေသည်။

"ဩော် . . . လက်သယ်လို့ပြောရတာ၊ လူသွားလမ်းမပေါ် ပစ်ခိုင်းတာ နည်းလမ်းမကျလို့ လက်သယ်လို့ ပြောလိုက်တာပါ"

"အမယ် . . . ရှင် ခင်းထားတဲ့ လမ်းမို့လို့လား . . . ရှင့်အပူပါရအောင် ရှင့်အိတ်ထဲက ပိုက်ဆံနဲ့ တံမြက်လှည်းကုလားတွေ ငှားခိုင်းနေရလို့လား၊ လမ်းရှုပ်ရင် မြူနီစီပါယ်က လုပ်လိမ့်မယ်၊ လက်သယ်လို့ ရှင်ပြောဖို့ အလုပ်လား"

"ကျွန်တော်ပြောဖို့ အလုပ်ဖြစ်လို့ ကျွန်တော် ပြောရတာပါပဲ။ ကျွန်တော်တင် မဟုတ်ပါဘူး . . . လူတိုင်း လူတိုင်းပဲ ပြောနိုင်ပါတယ်။ ငွေပေးရလို့လား ဆိုတာလည်း ကျွန်တော်တင် မဟုတ်ပါဘူး၊ လူတိုင်းလူတိုင်းပဲ ပေးနေကြရတာပဲ။ လက်သယ်လို့ ပြောရတာက ခင်ဗျားတို့လို မိန်းမတွေက ဒီလို လမ်းမှာထွက်ပြီး အမှိုက်မရှုပ်ကြဘူးဆိုရင် အမှိုက်လှည်းကုလားတွေကို အမြောက်အမြား ပိုက်ဆံပေးနေကြရဖို့ မရှိဘူးမဟုတ်လား။ အခုလို မြူနီစီပါယ်အခွန်အခ နင့်နေတာ အကြောင်းရင်း လက်သယ်ကိုရှာတော့ အိမ်ကအမှိုက် လမ်းမထုတ်ပြီး ရှုပ်နေကြတဲ့





ခင်ဗျားတို့တစ်တွေကြောင့်ပဲလို့ ဆိုရမှာပဲ။ သန့်သန့်ပြန့်ပြန့်ဖြစ်ဖို့ တံမြက်စည်းကိုင်ရတဲ့အလုပ်က ခင်ဗျားတို့အလုပ်၊ ကျွန်တော်တို့ယောကျ်ားတွေ အလုပ်မဟုတ်ဘူး။ ခင်ဗျားတို့က လုပ်ရမှာကို ခင်ဗျားတို့က ရှုပ်နေကြတော့ ဒီမြို့ရွာဟာ သန့်ရှင်းနိုင်ပါဦးမလား။ ဒီတော့ ခင်ဗျားတို့ လက်သယ်ပဲ"

"မြို့ရွာသန့်ရှင်းရေးဟာ ဘာဆိုင်လို့ ကျွန်မ လက်သယ်ဖြစ်ရမှာလဲ . . . ကျွန်မနဲ့ မဆိုင်ဘူး" ဟု ခင်ခင်သန့်က ခါခါကြီးပြောလိုက်လေသည်။

"ယုံပါတယ် . . . ခင်ဗျားနဲ့မဆိုင်ဘူး . . . ခင်ဗျားအလုပ် မဟုတ်ဘူးလို့ ခင်ဗျားထင်လို့ ခင်ဗျား ဒီလို လုပ်ရက်တာပေါ့။ ခင်ဗျားပြည်ပဲ၊ ခင်ဗျားမြို့ပဲရယ်လို့ ခင်ဗျားပိုင်ပိုင်ဆိုင်ဆိုင်ယူဆထားရင် ခင်ဗျားတင် မဟုတ်ဘူး၊ ခင်ဗျားတို့လို မိန်းမတွေအားလုံး အားလုံးက ယူဆကြရင် ကုလားတွေ အများကြီးထားဖို့ မလိုပါဘူး။ အခွန်အခလည်း ဒီလောက်များဖို့ မရှိဘူး။ သည့်ပြင်နိုင်ငံတွေမှာ မိန်းမတွေ သန့်လွန်လွန်းလို့ အမှိုက်ဆိုတာ အိမ်မှာရော လမ်းမှာရော တွေ့ချင်လို့မှ မတွေ့ရဘူး။ တွေ့ချင်ရင် အမှိုက်တောင်း၊ အမှိုက်ကျင်းကိုရှာကြည့်မှ အမှိုက်ကို မြင်ရပါလိမ့်မယ်။ ဒီလို လမ်းမှာ အမှိုက်ထွက်ပစ်ကြတာ ရှိကိုမရှိကြပါဘူး။ ဒါကြောင့် ခင်ဗျားရုပ်ကလေးကို လှရမှန်းသိသလို ခင်ဗျား နာမည်ကလေးသန့်သလို ခင်ဗျား အပြုအမူကလေးတွေလည်း သန့်ဖို့ ကျွန်တော်က ပြောလိုက်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောချင်ရာပြောနေ ရုပ်နဲ့ နာမည်ကို ခိုက်ပြောစရာ မလိုဘူး"

"စိတ်ဆိုးသွားသလား . . . ကျွန်တော်ပြောတာ" ဟု စောစောက အေးအေးလေးလေးပြောသည်ထက် ယခုပို၍ အေးလေးသောအသံဖြင့် မေးလေသည်။

ခင်ခင်သန့်က မျက်စောင်းကလေးထိုးလျက် "လူကိုက" ဟု ရေရွတ်လိုက်ပြီး ချာခနဲ လှည့်ကာ အိမ်ဘက်ဆီသို့ သုတ်သုတ်လျှောက်သွားတော့သည်။

ထိုအခါမှ ကိုဦးမှာ လမ်းပေါက်ပွင့်သွားသဖြင့် မိမိ အိမ်ဘက်ဆီသို့ကွေ့၍ လျှောက်သွားလေသည်။ တစ်ဦးတစ်ယောက်က ကိုဦးကိုတွေ့လျှင် "ကိုဦး ဘာများသဘောကျလာပါလိမ့်" ဟု မုချ အောက်မေ့ကြပေလိမ့်မည်။ ကိုဦး လွန်သွားမှ ဒေါ်လေးမှာ သစ်ပင်ကွယ်ရာက ထွက်လာရသဖြင့် ကိုဦး၏ မျက်နှာတစ်ပြင်လုံး ပြုံးချင်တိုင်း ပြုံးသွားသော အမူအရာကို မတွေ့လိုက်ရပေ။

ခင်ခင်သန့်မှာ အိမ်ဘေးတွင် မိခွေးကို လှည့်၍ရှာနေလေသည်။ မိခွေးသည် ရေတွင်းဘေးတွင် ဆောင့်ကြောင့်ထိုင်လျက် ချေးတွန်းနေလေသည်။ မိမိဆီသို့ ခင်ခင်သန့် လျှောက်လာနေသည်ကို ကျောခိုင်း၍နေသဖြင့် မမြင်ဘဲရှိလေသည်။ မိမိ၏တင်ပါးကို ခြေထောက်နှင့်ကန်လိုက်သည့်အတွက် လှည့်၍ကြည့်တော့မှ သူ၏မမကို မြင်ရလေသည်။





"ခွေးမ . . . ဟိုဘက်အိမ်က မျက်မှန်က ငါ့ကို ဘယ်လိုခေါ်တယ်"

"ဝမ်းဆွဲ လို့ခေါ်ပါတယ်" ဟု မိခွေးသည် ကြောက်ရွံ့ရွံ့နှင့် ဖြေလေသည်။ ဤအကြောင်း ထပ်၍မေးနေပြန်ခြင်းကိုလည်း အံ့ဩနေလေသည်။

တင်ပါးကို ထပ်၍ တစ်ချက်ပေါက်လိုက်ပြီး . . .

"လက်သယ်လို့ခေါ်သလား ဝမ်းဆွဲလို့ ခေါ်သလား"

မိခွေးသည် ရုတ်တရက် အဖြေမပေးနိုင်။ သူ့လုံချည်မှ တစ်စက်တစ်စက်ကျနေသော ရေပေါက်ကိုသာ ကြည့်နေလေသည်။ ခဏကလေးကြာမှ . . . "အတူတူပါပဲ" ဟု ခင်ခင်သန့်မျက်နှာကို မကြည့်ဘဲ ငုံ့လျက်ပင် မဝံ့တဝံ့ ဖြေလေသည်။ ဒီစကားကို ဘာကြောင့် အရေးတကြီးလုပ်ပြီး မေးနေပါလိမ့်ဟု သူ စဉ်းစား၍ မရနိုင်အောင် ဖြစ်နေလေသည်။

"ဘာ အတူတူပါပဲလဲ" ဟု ခင်ခင်သန့်က အော်ငေါက်လိုက်ပြီးနောက် ဆင့်ကာဆင့်ကာ ၂ ချက် ၃ ချက် ဖနောင့်နှင့် ပေါက်လေသည်။

ဒေါ်လေးတွင် မချုပ်တီးနိုင်ဘဲ အသံထွက်အောင် ရယ်မောပြီးလျှင် "ဘယ်လိုတူတာလဲ ရအောင်မေး ရအောင်မေး" ဟု ပြောကာ ထပ်၍ တခစ်ခစ်ရယ်နေပြန်လေသည်။

"ပြောလေ . . . နင် မပြောဘူးလား၊ ဘယ်လို ဖြစ်တာလဲ . . . နင့်ကို ဘယ်သူကများ တူတယ်လို့ ပြောသလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com

မိခွေးသည် ထိုင်ရာမှထ၍ ရပ်လို့ ခဲ့ပြီးလျှင် ဒေါ်လေးကို ကြည့်လိုက် ခင်ခင်သန့်ကိုကြည့်လိုက်နှင့် သုပ်နေလေသည်။

ခင်ခင်သန့်က "မေးနေတာ မပြောဘူးလား" ဟု ထပ်၍ ကန်မလို ဟန်ပြင်လိုက်မှ . . .

"ရွာထဲက လက်သယ် ဒေါ်နှင်းဆီကြီးကို မမပဲ ဝမ်းဆွဲလာရင် မာကလာသီးတွေ ပေးလိုက်လို့ ပြောပြီးတော့ . . ."

မိခွေးလည်း ဆက်၍မပြောတော့ဘဲ သူ့စကား၏ အဓိပ္ပါယ်ကို လူကြီးသိသလို မသိနိုင်တိုင်း ယခုလို အကန်အကျောက်ခံရခြင်းကြောင့် မျက်နှာအိုကလေးနှင့် နှုတ်ခမ်းကလေး စူ၍ထားလေရာ ဒေါ်လေးသာ ခင်ခင်သန့်ကို ဆွဲ၍ မထားလိုက်ပါက မိခွေးကား မုချ ယခုထက် ပို၍ နာနာကြီး အကန်ခံရပေလိမ့်မည်။ ဒေါ်လေးတွင် ရယ်ရလွန်းသဖြင့် မျက်ရည်များပင် ကျလာပြီးလျှင် လက်ကိုင်ပုဝါဖြူကလေးကို ထုတ်၍သုတ်ကာ ခင်ခင်သန့်ကို အိမ်ထဲသို့ ဆွဲ၍ ခေါ်သွားလေသည်။

မိခွေးမှာ တစ်စက်တစ်စက်ကျနေသော ရေပေါက်ကလေးများကို တစ်စက်တစ်စက်ကျနေသော မျက်ရည်ပေါက်ကလေးများအကြားမှ ကြည့်ရင်း မိမိ မှန်သောစကားကို ပြောပါလျက် မိမိ၏ မမသန့် မတရားနှိပ်စက်သွားခြင်းကို နာကျည်းခံပြင်းနေရစ်ခဲ့လေသတည်း။

× × ×

# တာဟိရ

www.burmeseclassic.com

www.burmeseclassic.com

ဝင်းမေသည် လက်ထဲက အုန်းတံမြက်စည်းတိုကလေးနှင့် ရေစင်ကို ထိုင်လျက်လှဲနေရင်းက ၄၆ ဒန်ပေါက်က ၅၂ စီးကရက်က ၁၀၊ ၄၉ စသည်ဖြင့် နှုတ်ကလည်း စာရင်းကို တတွတ်တွတ် တွက်၍ တေးနေလေ၏။

စိတ်က စာရင်းထဲတွင် စိတ်ဝင်စားနေခိုက်တွင် လက်ထဲက တံမြက်စည်းကို အရပ်အနားပေးထားသဖြင့် အသံမထွက်ဘဲ တိတ်ဆိတ်နေလေ၏။ စာရင်းမကိုက်၍ စိတ်ရှုပ်သလို စိတ်နှင့်ပါးစပ်ကို အနားပေးပြီး အတွက်ရပ်ပြန်မှသာလျှင် အုန်းတံမြက်တို၏ တဂျစ်ဂျစ်မြည်သံမှာ ပေါ်လာပြန်လေ၏။

သို့ တွက်လိုက် လှဲလိုက် လှဲလိုက် တွက်လိုက် လုပ်နေရာက အသံလည်း မထွက်၊ တွက်လည်း မတွက်တော့ဘဲ တံမြက်စည်းကိုသာ ဆုပ်ကိုင်ထားလျက် နောက်ဖေးကွင်းပြင်ကြီးဆီသို့ မျက်နှာမူလိုက်ကာ ငေးမောနေလေ၏။

ဝင်လုဆဲနေမင်း၏ ရောင်ခြည်ဓာတ်အဟုန်သည် ဖျော့





တော့သည်ထက် ဖျော့တော့သွားပြီးနောက် မှေးမှေးမှိန်မှိန် ဖြစ်လာသည်အထိ ဝင်းမေ၏ မျက်နှာသည် ကွင်းပြင်နှင့်မခွဲခွာဘဲ စူးစူးစိုက်စိုက် တွေလျက် ငေးလျက်ပင်ရှိလေ၏။

ဝင်းမေ၏ ခင်ပွန်းသည် ကိုဘဌေးမှာ တစ်လ ၂၅ဝ စား စာရေးကြီးတစ်ယောက်ဖြစ်၍ ၎င်းတို့တွင် သားသမီးလည်း မရှိကြပေ။ ကိုဘဌေးသည် နာမည် ဌေးသလောက် ငွေ မဌေးသော်လည်း အပြုအမူ အလွန်ဌေးလေ၏။ မည်သူကိုမဆို မိမိအိမ်သို့လာလျှင် ကျွေးမွေးလိုက်ရမှ ကျေနပ်တတ်လေ၏။ ၎င်းတို့အိမ်တွင် ဧည့်တရုံးရုံးနှင့်ဖြစ်နေလေရာ လာလာသမျှ မိတ်သင်္ဂဟတို့အား တစ်ဦးမျှ မလွှတ်ဘဲ ကျွေးမွေးပြုစု ဖော်ရွေလှပေ၏။ ယုတ်စွအဆုံး လက်ဖက်ရည်ကလေးတစ်ခွက်မျှ မတိုက်လိုက်ရလျှင် "လက်ဖက်ရည်ကလေးမှ မတိုက်လိုက်ရဘူးကွာ" ဟု တတွတ်တွတ် တဖွဖွနှင့် ပြော၍မဆုံးနိုင် ရှိလေ၏။

ဝင်းမေမှာ မိဘလက်ထဲတွင် မွေးချင်းပေါက်ဖော်များအနက် ရက်ရက်ရောရောအရှိဆုံးဖြစ်သူတစ်ဦးဖြစ်၍ သူကိုယ်တိုင် ရက်ရောနေသဖြင့် မိမိအိမ်တွင် ဧည့်စရိတ်ထက်နေ့ခြင်းအတွက် ဆိုးကျိုး ကောင်းကျိုးကို တစ်ခွန်းမျှမပြောဘဲ လင်၏စေတနာသာ တွင်တွင်ကြီး ပါရမီဖြည့်ခဲ့သူ ဖြစ်ပေ၏။

"ဝင်းရေ . . . ဧည့်သည်ဟေ့" ဟု ဆိုလိုက်လျှင် လုပ်နေသည့်အလုပ်ကို ချ၍ လက်ဖက်ရည်ကို အပြေးကလေး ဖျော်ပြီး ဧည့်သည်ရှိရာသို့ ယူလာသည့်အခါ၌ ဧည့်သည်နား မရောက်ခင်ပင် ကိုဘဌေးက ကပျာကယာ၍ မျက်နှာချင်း

www.burmeseclassic.com



ဆိုင် ယူလိုက်ကာ . . . "ဒါပဲလား ဝင်းရာ . . . မုန့်ကလေး ကော" ဟု မသက်မသာ မျက်နှာထားနှင့် တိုးတိုးကလေး လုပ်တတ်လေရာ ထိုအခါမျိုး၌ ဝင်းမေက "ဟုတ် . . . ဟုတ်ကဲ့" ဟု ဟိုလိုလို ဒီလိုလို ပြောခဲ့ပြီးလျှင် အိမ်ရှေ့သို့ ထွက်မလာရဲတော့ဘဲ နောက်ဖေး၌သာ ထိုင်၍ မှိုင်ပုံချနေမိလေတော့၏။

"သူတို့ယောကျ်ားတွေဟာ သူတို့ပေးတဲ့ငွေဟာ ဘယ်ဒင်းမဆို ဘယ်အခါမဆို လိုတိုင်း အကုန်ရနိုင်တယ်လို့များ ထင်နေကြသလား၊ ကျပ်နေသလား၊ ကုန်နေပလားလို့မှ မတိုင်းဆကြတော့ဘူး" ဟု အောက်မေ့ရင်း မုန့်နှင့် ထပ်၍မထွက်နိုင်ခြင်းကို စိတ်မကောင်းဖြစ်ကာ သက်ပြင်းသာ တွင်တွင်ချမိသည်မှာ မကြာခဏ ဖြစ်ခဲ့လေ၏။

အိမ်ထောင်ကျ၍ လာကြပြီးနောက် မိမိတို့၌ သားသမီးလည်းမရှိကြ၊ ကြီးဒေါ်တစ်ယောက်သာ စားသူရှိ၍ ရသည့်လခ ၂၅ဝ နှင့် အိမ်ထောင်စရိတ်မှာ လောက်သည်ဟူ၍ ဘယ်သောအခါကမျှ မရှိခဲ့ဘဲ မိမိ၏ မိဘထံမှ ပါလာသော လက်ဝတ်လက်စားကလေးများပင် ဖဲ့ရွဲ့ထည့်နေရသေးရာ "ဒီလဖြင့် စုမည်၊ ရှေ့လဖြင့် ရွှေးမည်" ဟု ခဲသမျှလည်း ဘယ်လမှာမှ အရာမထင်ဘဲ အပိုကြွေးများပင် တင်တင်လာနေခြင်းအတွက် အိမ်ထောင်ပြုရသည့် မိမိဘဝကို စဉ်းစားတိုင်း စဉ်းစားတိုင်း လင်ကောင်း သားကောင်းကို ရပါလျက် ယခုလို ပူပင်ကြောင့်ကျ စိတ်ညစ်ရသေးသလားဟု တွေးရင်း တွေးရင်း မျက်ရည်ကလေး တလယ်လယ်ဖြစ်နေလေ၏။





ကွင်းပြင်ကြီး တမျှော်တခေါ်ကို လှမ်းကြည့်နေသော်လည်း သူ မြင်ရသည်မှာ မြန်မာစကား မပီတပီနှင့် မဲမဲရွှဲ့ရွှဲ့ ပြောမည့် နီ့သည်ကုလားကြီး၏မျက်နှာ ဖြစ်ပေ၏။ နက်ဖြန်နံနက်လင်းလျှင် လင်းခြင်း ရှေးဦးစွာ တွေ့ဆုံရမည့်သူမှာ နို့ကုလားဖြစ်၍ ဖြေရှင်းရမည့်ပြဿနာမှာ "ဆိုင်းအုံးလေ" ဟု ဆိုရုံနှင့် ပြီးမည်မဟုတ်ပုံကို တွေး၍ ရင်လေးနေပေတော့၏။

ကိုဘဌေးကို မိမိ စိတ်တိုင်းကျ ရွေးချယ်လက်ထပ်ခဲ့ခြင်းဖြစ်၏။ ချစ်လွန်း၍လည်း ကိုဘဌေး၏ အကျင့်ကို သည်းညည်းခံနိုင်နေလေ၏။ တစ်ခါတစ်ရံ လင့်အကြိုက်ကလေးကို ရွေး၍ ဝယ်ခြမ်းချက်ပြုတ်သည့်အခါမျိုး၌သော်လည်းကောင်း၊ လင် နှစ်သက်ရာကို နေကုန်နေခမ်း ဖွယ်ဖွယ်ရာရာ လုပ်ကိုင်ထားသည့်အခါမျိုး၌သော်လည်းကောင်း မိမိအား အကြောင်းတစ်စုံတစ်ရာ မကြားဘဲ ဧည့်သည်တွေကို ခေါ်၍လာပြီး "စားကြပါ၊ စားကြပါ" နှင့် တွင်တွင်ကြီး ဖိတ်ခေါ်နေခြင်းကြောင့် ဝင်းမေမှာ မိမိစီမံဖန်တီးထားရသည့် တစ်ယောက်စာ အထူးကလေးကို အများအတွက်ပါ မျှဝေပြီး ဘုံစာဟိုလုပ်လိုက်ရသည့်အခါမျိုးတွင် စေတနာဘယောက်ဘယက်နှင့် အောင့်သက်သက်ကြီး ဖြစ်သွားမိလေ၏။

ထိုသို့ ကိုဘဌေး၏ သဒ္ဓါလှိုင်း၊ စေတနာလှိုင်းများက နေ့စဉ်နေ့တိုင်း ရိုက်ပုတ်ခတ်တိုက်နေလေရာ ဘတ်ဂျက်ကို တတိတိစား၍ လာလေ၏။ မိဘလက်ထဲတွင် မပူမပင် မကြောင့်မကျနေခဲ့ရလျက် လင့်လက်ထဲတွင်မှ ဤအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဤအချက်တွေကြောင့် ပူရ ပင်ရ ကြွေးနှင့် ရင်ဆိုင်တိုးရသည်ကို စိတ်မချမ်းသာလှသဖြင့် မိမိတို့၏ အိမ်ထောင့်စီးပွားပြဿနာကြီးကို တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲရန် မိမိခင်ပွန်းအား ယနေ့ညပြောမည်ဟု ထိုနေ့တွင်ကား စိတ်ကို ဒုံးဒုံးချပစ်လိုက်လေ၏။

စားသောက်ပြီး ဆေးကြောသိမ်းဆည်းနေတုန်းပဲဟု မှတ်ထင်ပြီးလျှင် ကိုဘဌေးလည်း အပြင်မထွက်ဘဲ မီးဖိုထဲက ဝင်းမေအတွက်ကို ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်စောင့်နေလေ၏။

မိမိ၏ သူငယ်ချင်းတစ်ယောက်က ဗိုက်ကြီးပြီး ပျက်စီးသည့်အထဲတွင် မယားပါသွားသဖြင့် ကလေးတွေနှင့် ဒုက္ခရောက်နေသည့်အကြောင်းနှင့်တကွ ငွေ ၅ဝိကို အရတောင်းနေသောကြောင့် သန်ဘက်ခါ လခထုတ်မှ လာယူပါဟု ကတိပေးခဲ့ခြင်းအတွက် လာတောင်းလျှင် ပေးလိုက်ရန်၊ ဝင်းမေထွက်လာလျှင် ဝင်းမေအား မှာပြောထားရန် စကားအဆင်သင့်ရှိလေ၏။

နေဝင်ဖြိုးဖျတွင် ထမင်းစားပြီးကြပါလျက် ယခု မှောင်သည့်တိုင် ဝင်းမေ ထွက်မလာနိုင်သည်နှင့် ကိုဘဌေးလည်း ဝင်းမေရှိရာ နောက်ဖေးပေါက်သို့ ထလာခဲ့ရာ ဝင်းမေကလည်း အထွက်နှင့် တံခါးပေါက်တွင် ဆုံမိကြလေ၏။

"ကိုဘဌေး လမ်းလျှောက်မထွက်ဘဲကိုး" ဟု ဝင်းမေက ပြောရင်း နှစ်ယောက်သား အိမ်ရှေ့သို့ ရောက်ကြပြီး ကိုယ်စီကုလားထိုင်များတွင် ထိုင်ကြလေ၏။





"ဒီနေ့ မလျှောက်တော့ဘူး၊ ဒါနဲ့ ကိုမြနဲ့တွေ့တယ်၊ သူ့မှာ မိန်းမသေပြီး အတော်ကို ဒုက္ခဖြစ်နေတယ်၊ အဲဒါ သန်ဘက်ခါ သူလာရင် နက်ဖြန်ညနေ ထုတ်လာမယ့်လခထဲက သူ့ကို ၅ဝိ ပေးလိုက်နော် . . ."

အင်းမလုပ် အဲမလုပ် ဝင်းမေက ငုတ်တုတ်ကြီးလုပ်နေသည့်အတွက် ကိုဘဌေးတွင် အစဉ်းစားရ ခက်သွားပြီးလျှင် "မပေးချင်လို့လား ဝင်း" ဟု အံ့ဩသည့် အမူအယာနှင့် ဝင်းမေအား မေးလေ၏။ ထိုသို့ မေးလိုက်လျှင် မေးလိုက်ချင်း ဝင်းမေက ကောက်ကာငင်ကာ မြန်မြန်ဆန်ဆန်ပင် "ဟုတ်ကဲ့ မပေးချင်လို့" ဟု ဖြေပစ်လိုက်လေ၏။

"ဘာပြောတယ် . . . မပေးချင်ဘူး ဟုတ်လား၊ ဘာပြုလို့လဲ . . . ဪ . . ဝင်း ကပ်စေးနဲ . . ."

ကပ်စေးနဲသလားဆိုသောစကားကြောင့် ဝင်းမေသည် ဒေါသ ထောင်းခနဲ ထွက်သွားလေ၏။

"ဟုတ်တယ် . . . အခု ကပ်စေးနဲတော့မလို့ . . ."

"ဒီလို ကပ်စေးနဲမယ်ဆိုရင် ကျုပ်တော့ ကပ်စေးနဲမဲ့လူနဲ့နေရတာ စိတ်အဆင်းရဲဆုံးပါပဲ"

"ကျွန်မကလည်း စည်းမရှိ ကမ်းမရှိတဲ့လူနဲ့ နေရမှာ စိတ်အဆင်းရဲဆုံးပါပဲ"

"ကျုပ် ဘာစည်းကမ်းမရှိလို့လဲ" ဟု ကိုဘဌေးလည်း ဒေါသထွက်လာ၍ ငေါက်ဆတ်ဆတ်မေးလိုက်လေ၏။

"အဝင်နဲ့အထွက် မျှမျှတတ ဘာမှမသုံးဘဲ၊ အလဟော



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းနေတာ စည်းကမ်းမရှိတာပေါ့”

“ငွေသုံးတာက မင်းမဟုတ်လား၊ ကျုပ်က ဘာဖြုန်းလို့လဲ . . . မြင်းလောင်းသလား၊ ဖဲရိုက်သလား . . . ပြောစမ်းပါ

“ငွေကိုင်တာကတော့ ကျွန်မပါပဲ၊ တရားမရှိသုံးတာ ဖြုန်းတာက ရှင်ပဲ။ ရှင့်ကို ဖဲရိုက်တယ်၊ မြင်းလောင်းတယ်လို့ ပြောစရာ အပြစ်မရှိပါဘူး၊ ရှိတာက ဧည့်တရုန်းရုန်းနဲ့ အိမ်ထဲရော အိမ်ပြင်ရော ဒိုင်ခံပြီး ဒါယကာ လုပ်နေတာကို ကျွန်မ ပြောတာပါ”

“ဒါလားကွယ် . . . တရားမရှိတာ၊ ကျုပ် အိမ်ကိုလာတယ်၊ ကျွေးတယ်၊ မွေးတယ်။ ဒါ ကာလ ဒါန ဒီတရားမျိုးကို လူတိုင်းမွေးနိုင်သလား၊ ကျုပ်တို့လူမျိုးမှာ ဒီဒါနဟာ အမွန်မြတ်ဆုံးမဟုတ်လား”

“အဲဒီစိတ်ကြောင့် အဲဒီလူမျိုး ခက်နေတာပေါ့။ လုံးလုံးပြောပြီး သိမ်းသိမ်းလုပ်တာ ခက်တာပေါ့။ ဘုရားဟောတဲ့ တရားက တစ်ဖို့ကိုစု၊ တစ်ဖို့ကိုလှူ၊ တစ်ဖို့ကို သုံးတဲ့။ အားလုံး ကာလဒါန လုပ်ပစ်ဖို့ မဟောပါလား။ လှူတယ်ဆိုရင်လည်း စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူရမယ်၊ မလှူခင်တစ်ခါ၊ လှူတုန်းတစ်ခါ၊ လှူပြီးတစ်ခါ စေတနာဆိုတာ သုံးခါဖြစ်မှလည်း လှူကျိုးနပ်တယ်။ အခုလို ကာလဒါနမျိုးကို မလှူခင် လှူတုန်း ဖြစ်တယ် ထားပါဦး၊ လှူလည်းပြီးရော ဒါက ဝန်တင် ဝန်တက်လာရင် စေတနာဖြစ်နိုင်ပါဦးမလား။ ဒါကြောင့် သဒ္ဓါနဲ့ ပညာနဲ့ မျှရမယ်လို့ ဘုရားဟောတာပဲ”





ကိုဘဒွေးကား နှုတ်ဆိတ်နေလေ၏။

“ဒီပြည်ကလူမျိုးကိုပဲ စည်းကမ်းမရှိပါဘူး၊ လာချင်တဲ့ အချိန်လာစားတယ်၊ ပြန်ချင်တဲ့အချိန် ပြန်တယ်၊ လူတကာလို ဆာမှ မဆာမှ မဟုတ်ဘူး။ အချိန်ကျမှ မကျမှ မဟုတ်ဘူး။ ဘယ်အခါမျိုးပဲဖြစ်ဖြစ် ကျွေးနိုင်မွေးနိုင် အကုန်ခံနိုင်မှ လူ့ဝတ္တရားကျေတယ် ထင်ကြတယ်။ သူများတိုင်းပြည်မှာ တစ်အိမ်ကို သွားစားချင်ရင် ကြိုတင်ပြောရတယ်။ အိမ်က လူကလည်း ဒီလူကိုကျွေးချင်ရင် ကြိုတင်ဖိတ်ရတယ်။ အဲသလို ဖိတ်ပြီး အသိပေးပြီးမှ တတ်နိုင်သလောက် ကျကျနနကြီးကို ကျွေးကြတယ်။ ဒီစံနစ်ကို ကျွန်မ သိပ်ကြိုက်တယ်။ မြန်မာပြည်မှာတော့ ထမင်းစားနေတုန်း ရောက်လာရင် ရပ်ဝေးဧည့်သည်လား၊ ဘာလား မကြည့်ဘူး၊ စားပြီးသားလား မစားရသေးဘူးလား နားမလည်ဘူး။ တစ်ခါတည်း ခေါ်ပြီး အတင်းကျွေးတာ သိပ်ဆိုးတာပဲ။ စားရတဲ့လူအဖို့လည်း ဆိုးတာပဲ။ အိမ်ရှင်မကလည်း အိမ်ရှိလူလောက် တိုင်းချက်တာ၊ ဧည့်သည် ပြန်းခနဲ စားမယ်ဆိုတော့ ချက်ဖို့ ဘယ်မှာလဲ အချိန်၊ နောက်ဖေးပေါက်က ပြေးပြီး မတန်တန် ဝယ်ရတယ်မဟုတ်လား။ ပြီး နည်းနည်းကျဉ်းကျဉ်းဝယ်လို့ မဖြစ်ဘူး။ ဧည့်သည်ဖို့ဆိုတော့ ပိုပိုမိုမို ဝယ်ရတယ် မဟုတ်လား။ ဒါဟာ တစ်ကြိမ်တစ်ခါပဲ ကောင်းတယ်။ ဒါမျိုး အကြိမ်ကြိမ်အခါခါဆိုရင် အမျိုးမျိုးထိခိုက်တာပဲ။ ဒီပြင်ပြည်မှာ စားချိန်လည်း သွားခဲတယ်၊ စားနေတယ်ဆိုရင်လည်း စောင့်နေရတယ်။ မခေါ်လို့ မကျွေးလို့ ရိုင်းတယ်ရယ်လို့ ထုံးစံကို

www.burmeseclassic.com



မရှိဘူး။ ရှင့်လို လာလာသမျှလူကို ကာဖီနဲ့မုန့်နဲ့ အကြိမ်ကြိမ် တစ်နေကုန်လုပ်မနေဘူး။ စားတုန်းသောက်တုန်းရောက်လာလို့ ကျွေးရတာထက် စားပြီးသောက်ပြီးချိန်မှာ ရောက်လာလို့ ကျွေးရတာဟာ ဘယ်လောက်တာဝန်ကြီးသလဲ။ ဒါကြောင့် စည်းမရှိဘူး ကျွန်မပြောတာ"

"ဒါက ဘယ်လောက်များထိခိုက်သွားလို့လဲ"

"ဘယ်လောက်လို့ ရှင်မေးတယ်လား . . . ရှင် ရတဲ့ လခမှာ သုံးပုံနှစ်ပုံဟာ အဲဒီလို အပိုကုန်နေရတာပဲ။ ရှင်တို့ပေးတဲ့ငွေဟာ ဘယ်တော့မှ သုံးမကုန်နိုင်သလိုပဲ။ ဘယ်သူ့ဘယ်လောက်ပေးလိုက်ပါ, ဘယ်လိုကျွေးလိုက်ပါ; ကမ်းလိုက်ပါနဲ့ သိပ်လွယ်တာပဲ။ ဒီမှာဖြင့် တစ်လနဲ့တစ်လ အလျင်မှီဖို့ကို မပြောနဲ့တော့။ လဝက်လောက်ကျရင် ဘာရောင်းရပါ့မလဲ။ ဘာပေါင်ရပါ့မလဲနဲ့ ပူနေရတာပဲ။ အိမ်သုံးစာရင်းမလဲ ဆန်, ဆီ, ငရုပ်, ခေါင်းအမယ် တတ်နိုင်တဲ့ငွေက နည်းနည်း၊ အပိုတာဟီရက တို့တိတို့တိနဲ့ ကုန်လိုက်တဲ့ငွေဟာ အများကြီးဆိုတာ ရှင်တစ်ခါလောက် ကျွန်မတာဝန်ကို ယူကြည့်စမ်းပါလား"

"မြန်မာအိမ်ထောင်ကို သတ်နေတာ တာဟီရပဲ။ ဝင်ငွေနည်းတဲ့ အိမ်ထောင်မှာ သာဆိုးတာပေါ့။ ဘယ်အိမ်မဆို မေးကြည့်ပါ။ တာဟီရက အနည်းနဲ့အများ နှိပ်စက်နေတာပဲ။ ပြောတော့သာ တို့တိ,တာဟီရ၊ သုံးတော့ တတိတိနဲ့ လုံးကြီးခဲကြီးထက် ကုန်သေးတယ်။ ဒါကြောင့် တာဟီရစာရင်းကို လျှော့ပြီး အဝင်နဲ့အထွက် တိုင်းပြီး ရှေ့လျှောက် ကျစ်ကျစ်သုံးတော့မလို့





ဆိုတာ ရှင့်ကို အခု အသိပေးပါတယ်"

"ဒါဖြင့်ရင် ဒီငွေ ၅ဝ မပေးဘူးလို့ ဆိုလိုတယ်ပေါ့"

"ဝမ်းနည်းပါတယ်၊ ကျွန်မ မပေးနိုင်ပါဘူး"

"ဪ . . . ကျုပ် ကိုမြ အပေါ်မှာ မင့်ကြောင့် ပျက်ကွက်ရမယ်လား"

"ကျွန်မက ပျက်ကွက်တာမဟုတ်ပါဘူး၊ ရှင်က ပျက်ကွက်တာပါ။ ရှင် ကျွန်မကိုမေးရမယ်။ အိမ်ရဲ့ ငွေအခြေအနေကို စုံစမ်းမေးမြန်းပြီးမှ ရှင် လုပ်ရမယ်။ အခုတော့ ရှင့်သဘောနဲ့ရှင် လုပ်လာတာမို့ ရှင်ကသာ ကျွန်မအပေါ်မှာ ပျက်ကွက်တာပါ"

"ဘာပဲဖြစ်ဖြစ် ဒီငွေကို ကျုပ်ပေးရမယ်"

"ပေးပါ . . . ငွေဟာ ရှင့်ငွေပါပဲ။ ဒါပေမဲ့ ရှင် ကျွန်မအပေါ်တော့ ပျက်ကွက်တာပဲ"

ထိုသို့ပြောပြီး ဝင်းမေသည် မျက်ရည်ပေါက်ကြီးများ ကျလာသဖြင့် အခန်းထဲသို့ ထသွားလေ၏။

ခိုက်ရန်ဖြစ်ဖို့ကို မဆိုထားနှင့်။ ခွန်းကြီးခွန်းငယ်ပင် တစ်ခါမျှ အကျင့်မရကြဖူးသေးသဖြင့် နှစ်ဦးစလုံး စိတ်နှလုံးထိခိုက်သွားခြင်းမှာ အရှိန်သတ်၍မရနိုင်အောင် ဖြစ်ကြလေ၏။

ထိုနေ့ညတွင် ကိုဘဌေး သက်ပြင်းတွင်တွင်ချနေသလို ဝင်းမေ၏မျက်ရည်များလည်း ခေါင်းအုံးပေါ်သို့ တွင်တွင်စီးနေလေ၏။ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြ။ တစ်ဘက်သို့လှည့်၍သာ တွေးနေကြလေရာ သန်းခေါင်ကျော်မှ



www.burmeseclassic.com

www.burmeseclassic.com



ကိုဘငွေး အိပ်ပျော်သွားလေ၏။ ဝင်းမေကား လင်းသည့်တိုင် တစ်မှေးမှ မမှေးပေ။

နံနက်တွင် ကိုဘငွေးလည်း ထမင်းမစားတော့ဘဲ အိမ်မှ ထွက်သွားလေ၏။ ဝင်းမေသည် မိမိအား မခေါ်မပြောလုပ်သွားသော ကိုဘငွေးအား တစ်နေ့လုံး စိတ်နာပြီးရင်း နာနေလေ၏။ "ငါ့မိဘလက်ထဲတုန်းက ၅ဝိ ငွေများ ငွေလို့တောင် မထင်ခဲ့ဘူး။ ငါ အပေးအကမ်းရက်ရောတာ မြို့သိ ရွာသိပဲ။ အခုဖြင့် ဒီငွေ ၅ဝိလောက်များ ပြောနေရတယ်။ ငါမပြောချင်ဘဲနဲ့ ပြောရတယ်ဆိုတာ သူ သိမှာမဟုတ်ဘူး။ ငါ ဒီစကားကို ပြောရတာ ဘယ်လောက်ရှက်တယ်ဆိုတာ ငါ့ဟာပဲ ငါသိတယ်။ နှစ်ယောက်စလုံး စေတနာသန့်နေရင် ဒုက္ခရောက်မှာမို့ အမုန်းခံပြောလိုက်ရတယ်။ ငါ့ကိုတော့ အထင်သေးမှာပဲ။ သေးပစေတော့ သေးပစေတော့ . . . ငါ့အကြောင်းပဲ" ဟု တစ်ကိုယ်တည်း တွေး ဆွေးနေလေ၏။

ကိုဘငွေးတွင်လည်း ရုံးတွင် ဘာအလုပ်မျှ စိတ်မဝင်စား။ "ငါ အထင်ကြီးတာ မှားတာပဲ။ ရက်ရောတယ်လို့ ထင်မိတာလည်း လွဲတာပဲ။ လက်စသတ်တော့ တွန့်တိုတတ်ပါကလား။ ရှေ့လျှောက် ဒီလိုပဲ စိတ်ဆင်းရဲရတော့မှာပဲ ထင်ပါရဲ့။ ငါ့အကြောင်းပဲ" ဟု မိမိကံကိုသာ တွင်တွင်ကြီး အပြစ်တင်နေလေတော့သည်။

ညနေတိုင်း အိမ်ပေါက်ဝတွင် တွေ့ရသော ဝင်းမေကို မတွေ့ရသဖြင့် စိတ်ထဲတွင် ဟာသလိုလိုဖြစ်၍သွားလေ၏။ သို့





ဖြစ်သော်လည်း ဝင်းမေရှိရာ နောက်ဖေးသို့လည်း မသွားချင်သဖြင့် အဝတ်အစားလဲပြီး ကုတင်ပေါ်သို့ လှဲလိုက်လေ၏။

ယခုလို လခထုတ်လာသည့်နေ့မျိုး၌ မိမိသည် ဝင်းမေအား လခထည့်လာသည့် စာအိတ်ကို လက်ဆောင်ပေးသကဲ့သို့ အားရပါးရ ပေးနေကျဖြစ်ခဲ့သော်လည်း ယနေ့တွင် ပေးရမည့်လူကပင် မမောက်ရဘဲ ကြောက်နေရဖို့ကဲ့သို့ ဖြစ်နေပါတကား ဟု တွေးတောရင်း စိတ်မသက်မသာဖြစ်နေလေ၏။

ကိုဘငွေးလည်း ပက်လက်လှန်နေရာမှ မှောက်လိုက်ပြီ။ ခေါင်းအုံးထဲသို့ လက်သွင်းလိုက်ရာ စာအုပ်တစ်အုပ်ကို ဆုပ်မိလျက်သားဖြစ်သဖြင့် ဆွဲထုတ်၍ ယူလိုက်လေ၏။ စာအုပ်ကို အိမ်သုံးစာရင်း ဟု ရေးထား၏။ ကိုဘငွေးသည် တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလ (၁)ရက်နေ့မှ (၃၁)ရက်နေ့ထိ
အောက်တိုဘာလအတွက်ရှင်းတမ်း

| | ထွက်ငွေ | ဝင်ငွေ |
|---|---|---|
| လခ | | ၂၅၀ိ |
| ဆန် ၂ တင်း | ၁၄ိ | |
| ဆီ ၅ ပိဿာ | ၂၅ိ | |
| ငရုပ်၊ ကြက်သွန်၊ ပုစွန်ခြောက် သကြား၊ ကော်ဖီမှုန့်၊ ဆပ်ပြာ | ၆၀ိ | |
| မဲနယ် | | |
| အိမ်လခ | ၄၀ိ | |
| နေ့စဉ်ဈေးဖိုး | ၅၅ိ | |
| ထင်း | ၁၀ိ | |
| ဆွမ်းတော်ကြီးပွဲအလှူ | ၁၀ိ | |
| ရေနံဆီ | ၁၀ိ | |
| ပင်းမင်း | ၆ | |
| ရုံးစားရိတ် | ၂၀ိ | |
| တို့တိ ဟာဟီရ | ၁၆၀ိ | |
| လက်စွပ်ပေါင်၍စိုက်ငွေ | | ၁၆၀ိ |
| | ၄၁၀ိ | ၄၁၀ိ |

လက်ကျန်ငွေ - မရှိ

| ရရန် | ပေးရန် |
|---|---|
| ရုံးစာရေးကိုအေးချေးငွေ ၃၀ိ | ယခုလအတွက်နို့ဖိုး ၃၀ိ |





ငှင်းရှင်းတမ်း စာရင်းစာမျက်နှာ၏နောက်တွင် ရက်စွဲနှင့်တကွ နေ့စဉ် ဈေးသုံးစာရင်းနှင့် ဟာဟီရ အသေးသုံးစာရင်းကိုတွေ့၍ ဟာဟီရစာရင်းကို ဖတ်ကြည့်ရာ ဇော်သည်လာဒန်ပေါက်ဝယ်၊ အိုင်စကရင်ဖိုးပေး၊ ဝက်သားဟင်းဖိုးပေး၊ ဧည့်သည်များနှင့် အပြင်ထွက်၍ ယူသွားငွေ၊ ဒန်ပေါက်ထမင်းကျွေးရ၍ ရှာလပတ်ရေတိုက်၊ သံပုရာသီးဖိုးပေး၊ သတင်းစာဖိုး၊ ရုံးစာရေး ကိုအေး ငွေ ၃၀ိ ချေး၊ သကြားမလောက်၍ ထပ်ဝယ်၊ သကြားထပ်ဝယ်၊ မုန့်ဝယ်၊ ဧည့်သည်တည် စီးကရက်ဝယ်၊ တနင်္ဂနွေနေ့ မုန့်ဟင်းခါးလုပ်ကျွေးသည့် စရိတ်အထွေထွေ၊ ဟင်းဝယ်၊ ဟင်းဝယ်၊ အပြင်ထွက်၍ ကုန်ခဲ့သည့်ငွေ ငွေ ၁၆၀ိ ချော၍နေလေ၏။

ကိုဘငွေးသည် စာအုပ်ကို လက်က လွှတ်မချဘဲ အကြောင်းသားပြူး၍ကြည့်နေလေ၏။ သို့ကြည့်ရင်း ရင်ထဲတွင် ကတုန်ကရင်ကြီးဖြစ်လာသဖြင့် လက်များပါ တုန်ရီနေပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိသကဲ့သို့ စာအုပ်ကိုပစ်ချလိုက်ပြီး ကုတင်ပေါ်မှ ခုန်ချပြီးလျှင် မီးဖိုဆောင်သို့ ပြေးလေ၏။ ငရုပ်သီးထောင်းနေသော ဝင်းမေကို ဘာမပြော ညာမပြော လက်ကိုအတင်းဆွဲပြီး အိမ်ထဲသို့ခေါ်သွင်းလာပြီးလျှင် ရှပ်အင်္ကျီအိတ်ထဲမှ ငွေများကို ဝင်းမေ၏လက်ထဲသို့ ထည့်ရင်း "ဒီတစ်ခါတော့ ခွင့်ပြုပါ ဝင်းရယ် . . . နောက်ကို ကျုပ် ဒီလိုမလုပ်တော့ဘူး။ ရှေ့လတွေ ရှေ့လတွေထဲမှာ ဒီလို ဟာဟီရ မများစေရပါဘူး၊ စိတ်ဖြေပါ ဝင်းရယ်" ဟု ထပ်တလဲလဲ တောင်းပန်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဌေးက ဝင်း တမင်ကပ်စေးနဲလို့ ပြောတယ်ရယ်လို့ ထင်တာကို သိပ်ပြီး ဝမ်းနည်းတာပဲ။ ဝင်း ါတစ်ခုတော့ တစ်သက်လုံး မေ့နိုင်မယ် မဟုတ်ဘူး . . ."

"မေ့ပါဝင်းရယ်၊ ကိုဌေး ဝင်းကို ကပ်စေးနဲတယ်လို့ မဆိုပါဘူး၊ ဆိုရင်လည်း ဝင်းတော့ သိပ်ဝမ်းနည်းမိမှာပဲ။ ဝင်းကတော့ ဝင်ငွေနဲ့ သုံးငွေကို မျှအောင် ငွေကိုင်သုံးနေရတဲ့သူ ဖြစ်တော့ နားလည်ပါတယ် ဝင်းရယ် . . . နားလည်ပါပြီ။ ဝင်း မေ့ပစ်လိုက်ပါတော့ . . ."

× × ×

# အမျိုးသားနေ့

www.burmeseclassic.com

www.burmeseclassic.com

"မေမေရေ . . . မေမေရဲ့"

"ဟော . . . ဟော . . ."

"လာပါ မေမေရဲ့ . . . လာကုန်ကြပြီ"

"လှည့်လာပြီလားဟေ့"

"ဩော် . . . မေမေကလည်း လာပါဆိုမှပဲ၊ ဒေါ်လေးတို့ ပူစူးတို့ လာနေကြပြီ"

"အေး အေး . . . ဝရံတာမှာ ဖျာခင်းပေးလိုက်ပါ"

"ဟော ဦးလေးထွန်းကြီးတို့လည်း လာကြပြီမေမေရဲ့၊ မေမေကလည်း မြန်မြန်လုပ်ပါဆိုမှ"

"ရေချိုးနေတုန်း အပါရဲ့ . . . ခက်ပါဘိတော့ အပေါ်ကို ခေါ်လိုက် ခေါ် ခေါ်"

သားအမိနှစ်ယောက် အိမ်ရှေ့မှ နောက်ဖေးသို့ တစ်ပြန်စီ လှမ်း၍ညည်းနေကြစဉ် ဧည့်သည်များ တက်ရောက်လာကြသည့်အတွက် အပါလေးမှာ ဖျာလေးခင်းလိုက် ကုလားထိုင်က





လေးတွေ လက်ညှိုးညွှန်လိုက်ရနှင့် ဧည့်ဝတ်စောင်ဝတ် ဖိတ်မန္တက ပြုနေရသည်မှာ အသက်အရွယ် ၁၀ နှစ် ၁၁ နှစ်ရှိ ကလေးတစ်ယောက်နှင့်မျှ မလိုက်အောင် ကျေကျေပွန်ပွန် ရှိလှပေ၏။

"မေမေ ရေချိုးနေပါတယ် . . . လာပါလိမ့်မယ်၊ ဖေဖေက မနက်က အစောကြီးပဲ လှည့်ဖို့ ထွက်သွားပါတယ်" နှင့် အမျိုးသားနေ့ လှည့်ပွဲကို အပါတို့အိမ်ကနေကြည့်ရန် တက်၍လာကြသော ဧည့်ပရိသတ်တိုင်းအား နေရာထိုင်ခင်းချရင်း ချက်ချက်ချာချာ ပြောလျက် ဖော်ဖော်ရွေရွေလုပ်နေသည့် ကို အပါ၏ဖခင်နှင့် အလွန်ပင် ချစ်ကျွမ်းဝင်သောအပါ၏ မိတ်ဆွေကြီး ဦးလေးကွန်းမှာ အပါ့အမူအရာကို ကြည့်၍ အလွန်သဘောကျသွားလေ၏။

"မင်းရော ဘာပြုလို့ လိုက်မသွားလဲကွ၊ မင်းလဲ မင်းအဖေလို မျိုးချစ်စိတ်ရှိရင် အမျိုးသားနေ့မှာ ဝင်လှည့်ရတယ်ကွ"

"လိုက်ချင်တာပေါ့ ဦးလေးကွန်းရာ၊ မေမေက အပါလိုက်ဖို့ ထည့်ပါတယ်။ ဖေဖေက နေပူတယ် ပင်ပန်းမယ်ဆိုလို့ မလိုက်ရပါဘူး"

"ဒါဖြင့် မင်း မျိုးချစ်စိတ် မရှိဘူးပေါ့ကွ။ မျိုးချစ်စိတ်ဆိုတာ သိသလား၊ အမျိုးသားနေ့ဆိုတာကော မင်း သေသေချာချာ သိသလား"

"မေးပြန်ပြီ၊ ဦးလေးကွန်းကလည်း မနက်ကတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကွန်းလာကြည့်လို့ ဒီလိုမေးတုန်းက အပါပြောပြီးပါရောလား"

"ဟော့ ဟော့ အပါ . . . တို့ မကြားရသေးဘူးဟေ့၊ မင့်အဖေလို လက်ချာကလေးများ ပေးစမ်းပါဦး" ဟု မိန်းမကြီးတစ်ယောက်က ဝင်၍ထောက်လိုက်ရာ ရောက်နေသည့် ဧည့်သည်တစ်စုကလည်း "ပွဲလှည့်မလာခင် မင်းအလှည့်ကွ" ဟု အပါအား ဝိုင်း၍ ပွဲတောင်းနေကြလေ၏။

ထိုအတွင်း အပါ၏မေမေကလည်း အိမ်ရှေ့သို့ ထွက်၍လာလေ၏။ အပါ၏မေမေမှာ အသက်အရွယ် ၃၀ ခန့်ရှိ၍ ဟုတ်သည်ကိုသာ မှန်သည်ကိုသာပြုမည့် ပြောမည့်ပုံမျိုးဖြင့် တည်ကြည်ဖြောင့်မတ်သောအသွင်ကြောင့် ရုပ်ရည်မှာ ကြီးပုံဆောင်၍ ရင့်ကျက်နေလေ၏။ အပါ၏ဖခင်သည်လည်း အမျိုးသား ကျောင်းဆရာတစ်ဦးဖြစ်ခြင်းကြောင့် အသက်အရွယ် မကြီးရင့်လှသေးသော်လည်း ဣန္ဒြေကြီးရင့်ပြီးသား ဖြစ်ရာ ၄င်းတို့နှစ်ဦးမှ ဖွားမြင်သော သားကလေးအပါတွင်လည်း နီးစပ်ရာဝေလေ့အသွင်အပြင်အတိုင်း ကလေးလူကြီးလေး ဖြစ်၍နေလေ၏။

"မမြလေး . . . ခင်ဗျားသားကို အမျိုးသားနေ့ တရားပွဲတောင်းနေကြတယ်" ဟု ဦးကွန်းက မမြလေးအား လှမ်း၍ပြောပြရာ "အပါက လူကြီးတွေမေးရင် ပြောပြရမယ်လေ" ဟု မမြလေးက သားကိုကြည့်ပြီး ပြုံးပြုံးကလေးဖြင့် ဩဝါဒပေးလေ၏။





"အပါ မပြောချင်ပါဘူး မေမေရယ် . . . ပြောရင် အပါနဲ့ ဦးလေးကွန်းနဲ့ ရန်ဖြစ်ဦးမယ် . . ."

"ဘာပြုလို့လဲကွဲ့" ဟု မမြလေးရော ဧည့်သည်များပါ ထိုစကားကို ပြိုင်တူမေးလိုက်မိကြလေ၏။

"အပါကို မျိုးချစ်စိတ်မရှိဘူးတဲ့၊ အပါ့ကို ဖေဖေကလေးဆိုပြီး မခေါ်သေးလို့ နေရတာပါ၊ ဦးလေးကွန်းတို့က လူကြီး၊ မျိုးချစ်စိတ်မရှိတာက အပါမဟုတ်ပါဘူး၊ ဦးလေးကွန်းတို့ . . ."

အားလုံးပင် အပါ့စကားကို ပွဲကျသွားကြလေ၏။

"မျိုးချစ်စိတ်ရှိတယ်ဆိုတာ ဘာလဲကွယ်၊ လုပ်ပါဦး" ဟု ဦးလေးကွန်းက ရယ်မောရင်းပင် ဧည့်သည်များဘက်သို့ မျက်စိတစ်ဖက်မှိတ်ပြလိုက်လျက် အပါ့အား မေးလိုက်၏။

"မျိုးချစ်စိတ်ရှိတယ်ဆိုတာ ဖေဖေ့လိုပေါ့ ဦးလေးကွန်းရဲ့ ဖေဖေက ပညာအများကြီးတတ်တယ်၊ ဒါပေမဲ့ မြို့အုပ်လည်း မလုပ်ဘူး၊ ဝန်ထောက်လည်းမလုပ်ဘူး၊ ကျောင်းဆရာပဲ လုပ်တယ်။ အဲဒါ အပါက ဖေဖေ ဘာလို့ ဝန်ထောက်ကြီးမလုပ်လဲလို့ မေမေ့ကိုမေးတော့ အစိုးရက တို့ကိုယ်ပိုင် ကိုယ့်တိုင်းပြည်ကို ကိုယ့်ဘာသာကိုယ် ချယ်လှယ်ရတဲ့အစိုးရ မဟုတ်ဘူးတဲ့။ အင်္ဂလိပ်တွေလက်အောက်မှာ တို့လူမျိုးတွေ ရောက်နေကြရတယ်တဲ့။ အဲဒါ တို့လူမျိုးနဲ့ တို့အစိုးရကျတော့ မင်းအဖေလုပ်မှာပေါ့ကွဲ့တဲ့။ အခု ဝန်ထောက်ကြီးလုပ်ရင် ကိုယ့်စိတ်စေတနာရင်းအတိုင်း မလုပ်နိုင်ဘဲ သူ့စည်းကမ်းဆနစ်အတိုင်း

www.burmeseclassic.com



သာ လုပ်နိုင်မယ်တဲ့။ ဒါကြောင့် ဖေဖေက မျိုးချစ်စိတ်ရှိလို့ အပါတို့လူမျိုးနဲ့ အပါတို့စိတ်ရှိသလိုလုပ်နိုင်တဲ့ အစိုးရဖြစ်အောင် လူတွေကို လိုက်တရားဟောနေတာတဲ့ . . . ဦးလေးကွန်းတို့ကော ဒီစိတ်မရှိဘူးလား"

အပါ ကြီးကျယ်တတ်ခြင်းကို ဦးလေးကွန်း အဆင်းသိသကဲ့သို့ "လိုက်လည်း လိုက်တဲ့သားအမိ သားအဖ" ဟု ခေါင်းတညိမ့်ညိမ့်နှင့် ပြောနေသော်လည်း အချို့ဧည့်သည်များမှာ အပါ၏စကားကြီးစကားကျယ်တွေကို အသစ်အဆန်းဖြစ်ကာ တဝါးဝါးဖြစ်၍ နေကြလေ၏။

"ဦးလေးကွန်းလည်း ရှိတာပေါ့ကွ။ ဦးလေးကွန်းလည်း မင်းအဖေလို မျိုးချစ်ပဲ"

"မျိုးချစ်ရင် နေရှင်နယ်ဒေးကို ဘာပြုလို့ မလိုက်သလဲ ဦးလေးကွန်းရဲ့"

"နေပူလို့ပါကွာ"

"ဒါဖြင့်ရင် ဦးလေးကွန်းကို အပါ မျိုးချစ်လို့ မခေါ်ဘူး"

"နို့ ဘာခေါ်သလဲကွဲ့" ဟု အားလုံးက ဝိုင်း၍ အပါအား မေးမြန်းကြရာတွင် အပါသည် ဦးလေးကွန်းအား အားနာသကဲ့သို့ ခေါင်းကလေးငုံ့လျက် ပြုံးစနဲ့နဲ့ လုပ်၍ နေလေ၏။

"မျိုးချစ်မခေါ်ရင် မင်းက ငါ့ကို ဘယ်လိုခေါ်မလဲ" ဟု ဦးလေးကွန်းက ထပ်ခါထပ်ခါ မေးမှ . . .

"အုန်းခြစ် ဦးလေးကွန်းရဲ့ အုန်းခြစ်" ဟု အပါက ပြန်၍ပြောလိုက်ပြီး သူ နောက်လိုက်သည့်စကားကို သူများတကာ





တွေထက်ပင် သူက သဘောကျသွားဘိသကဲ့သို့ တခစ်ခစ် ရယ်နေလေ၏။

"ကဲ . . . နေရှင်နယ်ဒေးလေးလည်း ဟောပါဦး အပါ" ဟု ဦးလေးကွန်းရယ်နေသည့်အတွက် ဦးကွန်းအစား ဧည့်သည်တစ်ဦးက ထပ်လောင်း၍ မေးနေသော်လည်း အပါက မကြားသကဲ့သို့ လမ်းဘက်သို့ထိုင်ရာမှ ထ၍ကြည့်နေလေ၏။

"လှည့်လာတဲ့အသံတွေ မကြားသေးပါဘူးကွ၊ မလာကြသေးပါဘူး။ လုပ်စမ်းပါဦး၊ နေရှင်နယ်ဒေးကို" ဟု အပါကို ပြောနေကြသော်လည်း အပါသည် စိတ်မဝင်စားတော့သကဲ့သို့ လမ်းဘက်သို့သာ ငေးနေသောကြောင့် မမြကလေးက လူကြီးများမေးနေသည်ဟု ပြောပြရန် ဝင်၍ ပြောရလေ၏။

အပါသည် စ၍ပြောမည်ဟု ဟန်ပြင်လိုက်ရာတွင် ဦးလေးကွန်းက မိမိအိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်၍ အပါ့အား လှမ်းပေးရင်း "ဟော့ ဟော့ မင်းအဖေလို စကားမပြောခင် မျက်နှာသုတ်လိုက်ပါဦး ရော့ ရော့" ဟု လုပ်လိုက်သည့်အတွက် အားလုံးက ဝိုင်း၍ရယ်ကြခြင်းကို ရှက်သွားသကဲ့သို့ "မပြောတော့ဘူး" ဟု ဆိုကာ ဝရံတာသို့ ထွက်ပြေးပြန်လေ၏။

ထိုအခါ မမြလေးက "အပါ လာခဲ့ လာခဲ့" ဟု ခေါ်လိုက်သည့်အတွက် အပါသည် ကြောက်ကြောက်ရှက်ရှက်နှင့်ပင် ပြန်၍ ဝင်လာရပြန်ပြီးနောက် မိခင်ဘေးတွင် ကပ်၍ထိုင်လိုက်ရပြန်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေက စတာကို စိတ်မဆိုးရဘူး၊ မင်း လူကြီးဖြစ်ချင်တယ်ဆို၊ လူကြီးဖြစ်ချင်ရင် ကလေးလို စိတ်မဆိုးတတ်ရဘူး၊ ကဲ - ပြောမှာကိုပြောပါ" ဟု အသံပြတ်ပြတ်နှင့် မိခင်က ပြောလိုက်ခြင်းကြောင့် အပါလည်း စ,ရန် ဟန်ပြင်ရပြန်လေ၏။ သို့သော် စိတ်မချသေးသကဲ့သို့ ဦးလေးကွန်းအား လှမ်း၍ကြည့်လိုက်သဖြင့် "ဟောမှာကို ဟောပါ ဆရာလေးရယ်၊ မင်းကို မနောက်တော့ပါဘူးကွာ" ဟု ပြောလိုက်ရလေ၏။

"နေရှင်နယ်ဒေးဖြစ်လာတာဟာ အင်္ဂလိပ်အစိုးရလုပ်တဲ့ ကျောင်းဥပဒေတွေကို ကျောင်းသားတွေ မကြိုက်လို့ သပိတ်မှောက်ကြပါတယ်"

"ဟုတ်ပြီကွဲ့ အပါလေးကွဲ့"

"မေမေ . . . ဦးလေးကွန်း ဝင်နောက်ပြန်ပြီ"

"ဒါ နောက်တာမဟုတ်ဘူးကွဲ့၊ မင်းကို ချီးမွမ်းတာကွဲ့" ဟု သားဖြစ်သူအား ညင်ညင်သာသာပြော၍ပြုံးပြီး ပြုံးနေလေ၏။

"ရန်ကုန်မြို့ထဲက ကျောင်းသားတွေတင် မဟုတ်ဘဲ တစ်ပြည်လုံး တညီတညွတ်တည်း ကျောင်းတွေကို သပိတ်မှောက်ကြပြီး ကျောင်းသားတွေ ထွက်လာကြပါတယ်။ အဲဒီတုန်းက ကျောင်းတွေမှာ ကျောင်းသားတွေမရှိလို့ တံခါးပိတ်ထားရပါတယ်"

"ဟုတ်ပြီဟေ့ . . . ဟုတ်ပြီ"





"အဲဒီလို ထွက်လာကြပေမယ့် အင်္ဂလိပ်က အလျှော့မပေးဘဲ တင်းနေလို့ ကိုယ့်ကျောင်းတွေ ကိုယ့်ဘာသာထောင်ကြရလို့ အမျိုးသားကျောင်းတွေ ပေါက်ပေါက်လာပါတယ်။ ကျောင်းသားတွေရဲ့ စိတ်တွေထဲမှာလည်း ချုပ်ချယ်ဖိနှိပ်တာကို မခံနိုင်ဖြစ်ကြပြီး အဲဒီအမျိုးသားကျောင်းတွေမှာ ပြောင်းနေကြပါတယ်။ ဒီကတည်းက ကျောင်းသားတွေ နိုးကြားပြီး မျက်စိပွင့်လာပါတယ်။ ဒါပေမဲ့ မျက်စိလင်းတဲ့သူတွေသာ အမျိုးသားကျောင်းမှာနေကြပါတယ်။ တချို့ မလင်းသေးတဲ့ အကန်းတွေကတော့ အစိုးရကျောင်းပဲ ပြန်နေကြပါတယ်ခင်ဗျာ"

"အပါက အရင်နှစ်ကထက် တိုးတက်လာတယ်ဟေ့"

"ဒါကြောင့် ချုပ်ချယ်တဲ့ဥပဒေတွေကို တစ်ပြည်လုံးညီညွတ်ပြီး ဝိုင်းရုန်းကြတဲ့နေ့မို့လို့ ဒီနေ့ကို အမျိုးသားနေ့လို့ တွင်ပါတယ်။ ဒီလိုဖြစ်အောင်လုပ်တဲ့အထဲမှာ ဖေဖေလည်း ပါဝင်ပါတယ်ခင်ဗျာ"ဟု အဆုံးသတ်လိုက်သည့်အတွက် "အပါကတော့ အဖေ့ခြေရာ တကယ်နင်းမဲ့ သူငယ်ပဲ" ဟု ဧည့်သည်များအား ဦးလေးကွန်းက လှမ်း၍ပြောလိုက်ပြီး လက်ခုပ်တီးလိုက်ရာတွင် အားလုံးပင် ဝိုင်း၍ လက်ခုပ်လိုက်တီးကြခြင်းကြောင့် မမြလေး နှစ်နှစ်ခြိုက်ခြိုက်ကြီး သားအား သဘောကျနေခြင်းကို မျက်နှာတွင် ထင်ထင်လင်းလင်းပေါ်လွင်သွားလေ၏။

"မင်းအဖေတင်လားကွ၊ ဆက်ပါဦး အပါအဖေ မင်းအမေကော"



www.burmeseclassic.com

www.burmeseclassic.com



"မေမေလည်း သပိတ်မှောက်တဲ့အထဲမှာ ပါပါတယ်"

"အဲဒီမှာ မင်းအမေနဲ့အဖေ တွေ့ကြတယ်မဟုတ်လား ကွ"

"ဟာ . . . ဦးလေးကွန်းကလည်း မတွေ့ပါဘူး၊ မျက်စိကောင်းလို့ မြင်တာပါ" ဟု ပြောရင်း ဝရံတာသို့ ထ၍ပြေးလေ၏။

အပါ၏ ပြောသွားပုံ အဓိပ္ပါယ်သဘောကို အတွေးနက်နက်ဖြင့် တဝါးဝါးရယ်ကြရင်း လှည့်လာသော လူထုကြီးကို အားလုံး ထွက်၍ကြည့်ကြတော့၏။

ပရိသတ်ကြီးမှာ အလွန်စည်ကားလှလေ၏။ အသင်းပေါင်းစုံအဖွဲ့ပေါင်းစုံ ပေါင်းစု၍ အမျိုးသားအရေးအတွက် သွေးတက်ကြွဖွယ်ရာ ဟစ်အော်ကြွေးကြော်လာကြသည့် လူထုကြီးကို စိတ်အားထက်သန်စွာ အပါကြည့်သကဲ့သို့ မမြလေးလည်း မိမိ၏ခင်ပွန်းသည်အား ရှာ၍ကြည့်လေ၏။

အပါသည် လူထုကြီးဆီသို့ လက်တစ်ဖက်ဆန့်တန်းလျက် "ဒို့ဗမာ - ဒို့ဗမာ" ဟု စိတ်အားတက်ကာ သံကုန်ဟစ်အော်ကြွေးကြော်နေခြင်းကို သားအားလည်းကောင်း၊ မယားအား လည်းကောင်း၊ မိတ်ဆွေများအားလည်းကောင်း၊ မော့၍ပြုံးပြီး အပါအား လက်မြှောက်၍ လက်သီးဆုပ်ပြသွားရာ အပါလည်း ထိုအခါမှ ဆန့်တန်းထားသောလက်ကို ဖခင်လုပ်ပြသွားသကဲ့သို့ မြှောက်၍ဆုပ်ပြီး ဖခင်သင်ပေးထားသည့်အတိုင်း "ဓန ရှင်ဝါဒပျက်စီးပါစေ၊ လွတ်လပ်ရေးကို လိုချင်တယ်၊ ဒို့ဗမာ





ဒို့ဗမာ" ဟု ပရိသတ်မဆုံးမချင်း သံကုန်ဟစ်နေလေတော့သတည်း။

× × ×

ထိုအချင်းအရာများကို မမြလေးသည် စဉ်းစားရင်း စဉ်းစားရင်းတွင် ရှေးဖြစ်ကြောင်းများက မိမိ၏ မမှိတ်မသုံ အစွမ်းကုန်ဖွင့်၍ထားသော မျက်စိနှစ်စုံတို့တွင် ကွင်းကွင်းကွက်ကွက် ပေါ်ထင်၍ပင်လာသဖြင့် ဆိတ်ဆိတ်ငြိမ်သထက် ငြိမ်၍နေခြင်းကို အပါသည် မိမိ မိခင်တစ်စုံတစ်ခုကိုတွေးထင်နေပြီဟု အတပ်သိကာ ကြီးစွာ စိတ်မကောင်းခြင်းဖြင့် မိခင်အနီးတွင် မိခင်ကဲ့သို့ ဆိတ်ဆိတ်ငြိမ်လျက် ထိုင်နေလေ၏။

မမြလေးကား သတင်းစာ၏ စာကြောင်းများနှင့် စာလုံးနက်များကို ပြတ်သားစွာ မြင်နေသကဲ့သို့ မိမိတို့၏ ရှေးဖြစ်ဟောင်းတွေကိုလည်း အကြောင်းလိုက် မြင်နေရလေ၏။ ထိုသို့မြင်နေသည့်အထဲတွင် ကွင်းကွင်းကွက်ကွက် အထင်ဆုံး အမြင်ဆုံးဖြစ်သောမျက်နှာမှာ မိမိခင်ပွန်းသည်၏ မျက်နှာဖြစ်နေလေ၏။ ထိုမျက်နှာကို ရီဝေသောမျက်လုံးတို့ဖြင့် အားစိုက်သွန်၍ ခေါင်းကို အနည်းငယ်ရှေ့သို့တွန်းလိုက်သလို ယွန်း၍သွားပြီးနောက် တအားစိုက်၍ကြည့်နေရင်းမှ မိမိမြင်နေရသည့်မျက်နှာသည် ဓာတ်ပုံအရုပ်ကားတွင် မြင်ရသကဲ့သို့ မဟုတ်တော့ဘဲ အသက်ဝင်လာသကဲ့သို့ ကြည့်နေရင်း မြင်နေရင်းမှ တဖြည်းဖြည်း နှုတ်ခမ်းများ လှုပ်ရှားလာပြီးနောက် "မြရယ်၊ မောင်တို့သားကို တကယ့်အမျိုးသားစစ်စစ်ဖြစ်အောင် မွေးတောင်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပေးမှ မောင်တို့ သားမွေးရကျိုးနပ်လိမ့်မယ်" ဟု ပြောလိုက်သည့်စကားသံကိုပါ နားကပင် ကြားလာရပြန်သလိုလို နားထဲသို့ပင် ထိုအသံပြန်၍ ဝင်လာသလိုလို ဖြစ်နေလျက် မျက်စိတွင် မဟုတ်တော့ဘဲ နားကိုပါတစ်ဖန်စွင့်၍ ထားပြန်လေ၏။

"ဒီသားလေးကို လူလားမြောက်လာရင် အိမ်တာဝန်တွေကို ဘာမှမပေးဘဲ တိုင်းပြည်ကြီး မလွတ်လပ်သမျှ တိုင်းပြည့်တာဝန်ပဲ မောင်တော့ထမ်းခိုင်းမှာပဲ . . ."

ရုတ်ခြည်းပင် မမြလေး မျက်စိကိုမှိတ်လျက် တံတွေးကို တစ်တစ်ဆို့ဆို့ မျိုချလိုက်ပြီး လက်ထဲမှ ဖြန့်ကိုင်ထားသော သတင်းစာကို ဖြည်းဖြည်းဆေးဆေး ဖုံးရင်း သားကို လှမ်းကြည့်လိုက်ရာတွင် ဝမ်းနည်းပမ်းနည်းဖြစ်နေသော မျက်နှာကလေးဖြင့် ငုံ့၍နေသောသားကို မြင်လိုက်ရာ မမြလေးလည်း မျက်မှောင်များကြုတ်လိုက်လျက် သားအား စူးစိုက်၍ ကြည့်လိုက်ပြီးနောက် တဖြည်းဖြည်း တင်းမာသည့် မျက်နှာကလေးမှာ သားကဲ့သို့ပင် ညှိုးနွမ်းသွားရှာလေ၏။

ဤသို့ ညှိုးနွမ်းလိုက်မိသည့်မျက်နှာကို အမြန်ဆုံး ပြန်တင်းပြီးနောက် တစ်စုံတစ်ရာ မထူးခြားသော နဂိုသံနေသံမှန်နှင့်ပင် "လူကလေး ဒီတစ်ပတ် အမျိုးသားနေ့မှာ ဝင်လှည့်ရလိမ့်မယ်" ဟု ပြောလိုက်လေ၏။

အပါသည် အနည်းငယ်အံ့ဩသောအမူအရာနှင့် မိခင်၏မျက်နှာကို ဖြတ်ခနဲ မော့၍ကြည့်လိုက်လေ၏။





"ငါ့သား ဟိုတုန်းကတော့ ငယ်လို့ အပင်ပန်းမခံနိုင်မှာစိုးလို့ မပါခဲ့ရဘူး၊ အခုတော့ လူပျိုပေါက်ကလေးဖြစ်နေပြီ။ ဒီနေ့ကို ဆက်ဆက်လှည့်ရမှာမို့ ငါ့သားအလိုဆန္ဒတော့ ပြည့်ပြီ"

မိခင်၏ ကြည်လင်သောမျက်နှာနှင့် ကြည်လင်သောအသံနေအသံထားကြောင့် မိမိက ပြန်၍ အပြောချင်အောင် ဖြစ်နေလေ၏။

"လူလေးကြည့်တာ အားမရစရာကွယ် . . . ဝမ်းမသာဘူးလား . . . ပြောစမ်း"

"မသာတော့ဘူးမေမေရယ်" ဟု အပါက ပြန်၍ပြောပြီး ပြန်၍ငုံ့နေလိုက်သေး၏။

ပင့်သက်ကြီးကို အသံမထွက်ရအောင် မှိတ်၍ချလိုက်ပြီး "မေမေသိပါတယ်၊ မင့်ဖေဖေ မပါတော့လို့ ဝမ်းမသာတာလားကွယ်" ဟု မေးလိုက်လေ၏။

မိခင်က တုန်တုန်ရီရီ တစိုးတစိမျှ မရှိသည့်အတွက် အပါသည် မိမိပြောလိုရာ ပြောရဲသွားသကဲ့သို့ မိခင်ကို မကြည့်ဘဲ "ဟုတ်ပါတယ်" ဟု ဖြေလိုက်လေ၏။

"မင်းဖေဖေ မရှိလို့ မင်းသွားပြီး မင်းတတ်နိုင်တာလုပ်ဖို့ရာ သိပ်တာဝန်ရှိနေတာပေါ့။ အခုတော့ တာဝန်က နှစ်မျိုးဖြစ်လာတယ်။ မင်းအဖေအတွက်က တစ်တာဝန်၊ တိုင်းပြည်အတွက်က တစ်တာဝန်။ ဒါကြောင့် ဒီတာဝန်တွေကို မင်းကကျေပွန်ရလိမ့်မယ်။ မင်း မသွားချင်တာ မေမေသိပါတယ်။ ဒါပေမဲ့ မင်း မနေသာဘူး၊ မင်း သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားဆိုလည်း သွားပါ့မယ်မေမေ၊ ဒါပေမဲ့ ကျွန်တော်တော့ အများကြီး စိတ်နာပါတယ်"

"အို . . . ဘာပြုလို့လဲ"

"မေမေပြောတဲ့ ဖေဖေ့အတွက် တာဝန်ဆိုတာ ဖေဖေ လုပ်ခဲ့တဲ့ အလုပ်တွေကို ကျွန်တော် ဆက်လုပ်ဖို့ရာ ဝန်မလေးပါဘူး၊ ဒါပေမဲ့ တိုင်းပြည်အတွက် ကျွန်တော့်တာဝန်လို့ မေမေ့ ပြောတာတော့ မေမေ့ကို ပိုသနားပြီး တိုင်းပြည်ကို ပိုစိတ်နာ ပါတယ်"

"ဘယ့်နှယ်ကြောင့်လဲကွယ်" ဟု ထိုအခါ၌သာ မမြလေး၏ စိတ်မကောင်းသံ ထွက်သွားလေ၏။

"ဖေဖေ သေရတာက ဒီအမျိုးကိုချစ်၊ ဒီတိုင်းပြည်ကို ချစ်၊ ဒီအမျိုးနဲ့ တိုင်းပြည်ရဲ့ ဝတ္တရားတွေ ထမ်းရလို့၊ ဂျပန့် လက်ထဲမှာ သေချင်းဆိုးနဲ့ သေသွားရရော။ ကျွန်တော်တို့လည်း ဆင်းရဲပြီး နောက်ဆုံး ဦးလေးကွန်းတို့နဲ့ တွဲနေကြရတဲ့ဘဝရောက် ရော။ တိုင်းပြည်ကတော့ အရင်တိုင်းပြည်အတိုင်းပါပဲ။ အရင် အခြေအနေ အခွင့်အရေးရတာထက်တောင် နိမ့်ကျသွားသေး တယ်။ ဒီအမျိုးသားနေ့ဟာလည်း အရင်အမျိုးသားနေ့လိုပါပဲ။ လူတွေ စိတ်သဘောကလည်း အရင်စိတ်သဘောပါပဲ။ ဘာမှ မထူးခြားလို့ ဒီတိုင်းပြည်ကိုတော့ စိတ်နာပါတယ်"

"မှားမယ် သား . . . မှားမယ်၊ ရိုင်းလိုက်တာကွယ် ရိုင်းလိုက်တာ၊ ဘယ်လိုပြောလိုက်တာလဲ . . . အကုန် သိမ်းကျုံးမပြောပါနဲ့။ အခု ကျင်းပမယ်လို့ သတင်းစာထဲမှာ ကြော်ငြာ





ထားတဲ့ အခု အမျိုးသားနေ့က အရင်အမျိုးသားနေ့နဲ့ မတူတော့ ဘူး။ အခု ကျင်း ပမှာ ပါကြမယ့် လူတွေရဲ့ စိတ်သဘောက လည်း အရင်က စိတ်သဘောမျိုး မဟုတ်တော့ဘူး။ လွတ်လပ် ရေးရဖို့ကို အမျိုးမျိုးအဖုံဖုံ အားလုံး လုံးပမ်းလာကြပြီးခဲ့ပြီမို့၊ နစ်နာလည်း နစ်နာလာခဲ့ကြပြီးပြီမို့ တကယ့်လွတ်လပ်ရေးကို အရင် လိုလားတာထက် အခု ပိုပြီး လိုလားကုန်ကြပြီ။ ဥရောပ တိုက်ဆီမှာ နိုင်ငံကလေးတွေရကြတဲ့ အခွင့်အရေးမျိုး အခု ဒို့လူတွေလည်း ပြင်းပြင်းထန်ထန်လိုချင်ကြပြီ။ အဲဒါ ဘာဖြစ်လို့ ပြင်းထန်လာကြသလဲဆိုတော့ နစ်နာလွန်းလို့ကွဲ့၊ နစ်နာလွန်း လို့။ ဘယ်လိုနစ်နာကြသလဲဆိုရင် မြို့မဲ့၊ ရွာမဲ့၊ အိုးမဲ့၊ အိမ်မဲ့၊ လင်မဲ့၊ သားမဲ့ ဖြစ်ကုန်ကြလို့၊ နစ်နာရတာတွေ သိသာလွန်းလို့ နောင်ကို မဆုံးရှုံး မနစ်နာဘဲ ကိုယ့်ကြမ္မာကိုယ် ဖန်တီးပြီး အေး ချမ်းသာယာ ဖြစ်နိုင်ရမယ့် တကယ့်လွတ်လပ်ရေးကို တကယ် လိုချင်ရမှန်း သိလာကြပြီ။ အရင်းကြီးကြီးနဲ့ ဆိုက်ပြီးခဲ့ကြလို့ အခုတော့ အရှုံးခံနိုင်ကြလိမ့်မယ် မဟုတ်တော့ဘူး။ မင်းလည်း အဖေမဲ့ရတယ်။ မင်းလိုပဲ အဖေမဲ့မဲ့ သားတွေ၊ သားမဲ့မဲ့ မအေ တွေ၊ လင်မဲ့မဲ့ မယားတွေ၊ မြန်မာတစ်ပြည်လုံး ပြည့်လို့ကွဲ့။ ဒီလူတွေရဲ့ စိတ်နှလုံးကို ကြိမ်မီးအုံးသလို တငွေ့ငွေ့ တမြည့် မြည့် ဆွေးပြီး စိတ်ဆင်းရဲတဲ့ရောဂါ ဖိနေကြတာကို ကုစားလို့ ရမယ့်ဆေးက လွတ်လပ်ရေးပဲ။ လွတ်လပ်ရေး မရမချင်း ဒီခံနေရ တဲ့ဥစ္စာတွေရဲ့ ဝေဒနာဟာ တို့တစ်တွေကို နှိပ်စက်နေတော့မှာ ပဲ။ ခုလို နှိပ်စက်နေတာ သက်သာရာရဖို့ရာ တို့လိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးပဲ။ တို့ကြွားချင်တာ လွတ်လပ်ရေးပဲ။ ဒီလို တကယ့်လွတ်လပ်ရေးရဖို့ရာ မေမေက ငြ[illegible]မပြီးသေးဘူး။ သားက ပြုလို့ မပြီးသေးဘူး။ လူထုနဲ့ အင်အားနဲ့ တစ်မျိုးလုံး၊ တစ်ပြည်လုံး၊ တသွေးတစည်းတည်း ပြုဖို့ရာ အချိန်ဟာ သား ဘယ်အချိန်ထင်သလဲ။ အခုအချိန်ကွဲ့ လူကလေးရဲ့ . . . အခု အချိန် . . .”

“ဒီပွဲမှာ မင်းဝင်မပါရင် သွားလေသူ မင်းအဖေရဲ့ မျက်နှာကို မထောက်ရာလည်း ကျမယ်၊ ကျန်ရစ်သူ တို့တစ်တွေ ရဲ့ စိတ်ကို နှစ်သိမ့်ရာရောက်အောင် . . .”

ဤအထိ တင်းတင်းမာမာ တစ်လုံးစီပြောနေရင်းက “သွားပါ လူကလေးရယ်” ဟု နောက်ဆုံးအဆုံးသတ်စကားတွင် ငိုသံပါ၍သွားလေရာ အပါက “သွားပါ့မယ် မေမေ” ဟု အဖြေကို မြန်မြန်မပေးလိုက်ခင်ပင် တစ်ဘက်ခန်းမှ ဦးလေးကွန်းတွင် သားအမိနှစ်ယောက် ပြောဆိုနေပုံကို တစ်လုံးမကျန်ကြားရသူဖြစ်သဖြင့် စိတ်ထဲတွင် မချိတရိဖြစ်၍သွားပြီး . . . “အပါရေ . . . အခု အမျိုးသားနေ့မှာ ဦးလေးကွန်းပါ လိုက်မဟေ့” ဟု အော်လိုက်ရာ အပါလည်း ရုတ်တရက် ကောက်ကာ ငင်ကာ “ဒါဖြင့် ဦးလေးကွန်း အုန်းခြစ်မဟုတ်တော့ဘူး၊ မျိုးချစ်ကြီးပေါ့” ဟု ပြန်၍ချေပလိုက်နိုင်သည့်အတွက် မသက်သာဖြစ်နေကြသော သုံးဦးသားတို့၏စိတ်များမှာ ထိုစကားက ဆေးကု၍ပေးလိုက်သဖြင့်သာ သက်သာရာ ရသွားကြလေတော့သတည်း။

× × ×

# တရား ပုလိပ်စောင့်

www.burmeseclassic.com

www.burmeseclassic.com

ဤမြို့သို့ ရောက်လာခဲ့သည်မှာ ၁၅ ရက်ခန့် ရှိလေပြီ။ လက်ထပ်ပြီးပြီးချင်း လိုက်လာခဲ့ရသဖြင့် မိဘများကို လွမ်းဆွတ်လှ၍ ပထမသော် နေလို့ထိုင်လို့မရအောင်ပင် ဖြစ်မိသည်။ ကျွန်မ၏ ခင်ပွန်းသည်မှာ သူ့အလုပ်ဝတ္တရားအတိုင်း ဂါတ်နှင့်သာ အချိန်ကုန်နေခြင်းကြောင့် နေ့လည်နေ့ခင်းဆိုလျှင် အစေခံတွေနှင့်သာနေရ၍ ခြောက်သွေ့သွေ့ကြီး ဖြစ်နေလေသည်။

ကျွန်မအပေါ်တွင် အထူးဂရုစိုက်ပြီး မြတ်နိုးချစ်ခင်ခြင်း တွေ့ရမှ မိဘများ နားချစဉ်က ဖြစ်ပေါ်ခဲ့သော "ဖြစ်မှဖြစ်ပါ့မလား" ဟူသော ဇဝေဇဝါ သံသယစိတ်များ ပပျောက်သွားပါသည်။

ထိုစဉ်က ချီတုံချတုံနှင့် မဝေခွဲနိုင်အောင် ဖြစ်ခဲ့ခြင်းမှာ ကျွန်မ လက်ထပ်ရမည့် ကိုကျော်အေးမှာ "ပုလိပ်ဘက်မှ





(တိုင်ပိုင်)ဖြစ်နေသည့်အတွက် ပုလိပ်စိတ်ဆိုရင် ကြမ်းတမ်းမှာပဲ။ ကျွန်မနဲ့ မကိုက်ပါဘူး" ဟု အတန်တန် ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

"စိတ်သဘော အင်မတန်ကောင်းရှာတယ်။ သမီးကိုသိပ် မြတ်နိုးပါတယ်သမီးရယ်၊ မမှားပါဘူး စိတ်ချပါ" ဟု မိခင်၏ အခါခါတိုက်တွန်းတောင်းပန်ချက်အရ လက်ထပ်ခဲ့ရာ ဤမြို့ရောက်သည့်နေ့ရက်ကစ၍ ယနေ့ထိပင် မိခင်၏စကားအတိုင်း ကျွန်မအပေါ်တွင် စုံမက်ကြင်နာပုံမှာ ကျွန်မ မျှော်လင့်တာထက်ပင် ပိုနေပေသည်။

"ဒီနေ့ည မိုးချုပ်လိမ့်မယ် ခင် . . . ထမင်းစားနှင့်တော့" ဟု အထပ်ထပ်မှာကြားသွားသော်လည်း တစ်ယောက်တည်း မစားလိုသေး၍ ညနေဘက်တွင် လမ်းလျှောက်ထွက်ခဲ့သည်။ ကိုကျော်အေးမပါဘဲ တစ်ယောက်တည်း အပြင်ထွက်သည်မှာ ဤအကြိမ် ပထမအကြိမ်ပင် ဖြစ်သည်။

ဤမြို့တွင် ရုံးနှင့်ဂါတ်မှာ မြို့စွန်တွင်ရှိ၍ မြစ်ကမ်းပါးနှင့် အလွန်နီးလေသည်။ အစိုးရတံတားကြီးကို ဂါတ်ရှေ့တွင် ဆောက်၍ထားသည်။ ရုံးနှင့်ဂါတ်တံတားကို ဖိုခနောက်ဆိုင်၍ ဆောက်ထားသဖြင့် ကြည့်၍မငြီးအောင် ကျက်သရေပဏာရ နေလေသည်။ တဖြည်းဖြည်း လျှောက်ခဲ့ရင်း ဂါတ်နားသို့ ရောက်ခဲ့ရာ အထက်ဖော်ပြပါ တံတားကြီးဆီသို့ သွားလိုသေးသဖြင့် ဂါတ်ဘေးကပင် ကွေ့၍ဖြတ်ခဲ့သည်။ အကျဉ်းသမားများ ခေါင်းကလေးတွေပြူ၍ ဂါတ်ပေါ်မှ ကျွန်မအား ကြည့်နေကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူချင်းအတူတူ ၎င်းတို့မှာ တိရစ္ဆာန်များကဲ့သို့ လှောင်ပိတ်ခြင်းခံနေရပုံကို ဆင်ခြင်စဉ်းစားလိုက်၍ စိတ်မချမ်းသာသွားသည့်အတွက် "သူတို့အပြစ်နဲ့သူတို့ဘဲလေ" ဟု ကိုယ့်ကိုကိုယ် တရားချလိုက်ရသည်။ သို့မှပင် စိတ်သက်သာသွားတော့သည်။ သို့သော် "အပြစ်မရှိဘဲနှင့် ဤအထဲဝင်နေရရင်တော့ စိတ်ဒုက္ခ ဘယ်လောက်ရောက်မလဲ" ဟူသော ပြဿနာတစ်ခုမှာကား အပေါက်ကလေးတွေမှ ပြူ၍နေသော မျက်နှာများကို လှမ်းကြည့်ရင်း စိတ်ထဲတွင် ပျောက်မသွားဘဲ စွဲလမ်းနေသည်။ ဤအကြောင်းကို ထပ်တလဲလဲ စဉ်းစားရင်း တံတားကြီးပေါ်သို့ ရောက်လာခဲ့လေသည်။

မျက်နှာမူရာ ရှုမျှော်ခင်းကား အလွန်ချမ်းမြေ့ သာယာလှပေသည်။ ဝင်လုဆဲနေဝန်းသည် ဝင်းဝင်းထိန်၍နေသည်။ မြစ်ထဲတွင် ရေလှိုင်းကလေးများ နေရောင်နှင့် ဟပ်မိတိုင်း ဟပ်မိတိုင်း အရောင်တလက်လက် တပျက်ပျက် တောက်ထွက်နေသည်။ မြစ်တစ်ဘက်ကမ်းရှိ ဆန်စက်ခေါင်းတိုင်ကြီးများမှ မီးခိုးတွေ ကောင်းကင်သို့ အလိပ်လိပ်တက်နေပြီးလျှင် မိုးတိမ်များနှင့် လွန့်လိမ်ရောယှက်သွားပုံမှာ ကြည့်၍ အလွန်ကောင်းလှသည်။ မြစ်ထဲမှ ငှေ့၍တိုက်နေသောလေကြောင့် ခါးတွင်ဝတ်ထားသည့် အဝတ်များလည်း တလူလူလိုက်၍ လွင့်နေသည်။ အစုန်အဆန်မြောနေကြသည့် လှေသမ္ဗာန်တို့မှာ မြစ်ထဲတွင် ငှက်ကလေးတွေ ရေလှိုင်းစီးနေသကဲ့သို့ နိမ့်တုံမြင့်တုံ မြောနေလေသည်။





လှေငယ်တစ်စင်း ခနိုခက်ကို ရွက်လုပ်၍ လှေဦးတွင် စိုက်ကာ တံတားဘက်သို့ တရွေ့ရွေ့ လှော်ခတ်လာနေသည်။ ခပ်လှမ်းလှမ်းမှနေ၍ မြင်ရသဖြင့် ပတ်ဝန်းကျင်ဖြစ်ပေါ်နေသည့် မြက်ခင်းတွင် ဤလှေငယ်ကလေး၏ ပုံပန်းသဏ္ဌာန်ပါသွင်း၍ သဘာဝ၏ လှပပုံကို စိတ်ထဲတွင် သာယာ၍နေပေတော့သည်။ တံတားအနီးသို့ ချဉ်းကပ်လာသည့်လှေကို သဲသဲကွဲကွဲမြင်ရသောအခါတွင်မူကား စောစောက လျှင်၍မြင်ပုံမျိုး မဟုတ်တော့ဘဲ သာယာနေသောစိတ်ကို တစ်ခဏချင်း ဖွဲချိုးချေမွပစ်လိုက်လေသည်။

မျက်တွင်းကြီးများ ဟောက်နက်နေရာတွင် သွားမရှိ၍ ပါးနှစ်ဘက်ပါ ချိုင့်ခွက်နေသဖြင့် ရှုံ့ဝင်နေသည့် မျက်နှာပုံပန်းကို ဖုံးလွှမ်းထားပြန်သော အရေပြားများက တွန့်လိမ်နေခြင်းကြောင့် သောက၊ ဒုက္ခ၊ ကြောင့်ကြဆေးများ မျက်နှာပေါ်ဝယ် ချယ်ထားသကဲ့သို့ မြင်ရုံနှင့်ပင် ဒုက္ခိတအမယ်အိုမျက်နှာမှန်း ထင်ရှားပေါ်လွင်နေသည်။

အသက် ၆၀ ခန့်ရှိသော်လည်း ရှိရှိသမျှ ခွန်အားကလေးထုတ်၍ လှေကို သွက်နိုင်သမျှ သွက်သွက်လှော်လာသည်။ အမယ်အို ဝတ်ဆင်ထားသည့် ရင်စိလက်တိုအင်္ကျီမှာ ဟောင်းရုံပြဲရုံတင် မကဘဲ ရွှံ့စက်တွေ အလူးလူးပေနေသည်။ ခါးက လုံချည်အနက်မှာလည်း အနက်ရောင်မပေါ်တော့ဘဲ ဖုံအလိမ်းလိမ်း ရွှံ့အလိမ်းလိမ်းလူးနေ၍ နက်ရာမှ ဖြူနေလေသည်။ လှေထဲတွင် တောင်းနက်ကလေးတစ်လုံး ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်းထဲတွင် ဘာမျှမရှိဘဲ လက်လေးသစ်ခန့်ရှည်သော ပြောင်းဖူးဖက် ဆေးလိပ်တိုတစ်တိုသာ တွေ့ရလေသည်။

တံတားပေါ်မှ လှေကလေးကို ဆီး၍ကြည့်ရင်း အမယ်အိုကဲ့သို့ သေခါနီးသည့်တိုင် ပင်ပန်းကြီးစွာ ဆင်းရဲရတုန်းပင် ဆိုလျှင် သေတာက ကောင်းလိမ့်ဦးမည်ဟု တွေးထင်မိသည်။

ဆင်းရဲခြင်း ဆင်းရဲခြင်း၊ ဘာကြောင့် ဆင်းရဲကြသနည်း။ ဘာကြောင့် ဆင်းရဲသူတွေ ပေါများရသနည်း။ တစ်ဘက်ကမ်းက စက်များ မီးခိုးတလူလူနှင့် လည်နေနိုင်ခြင်းသည် ဆင်းရဲသူတွေဆီက စပါးနှင့် လည်နေနိုင်ခြင်းဖြစ်သည်။ စပါးမှ ထွက်သည့် ဆန်ကား ဆင်းရဲသူများအဖို့ မဟုတ်ပါတကား။

ကျွန်မသည် ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ဟိုဘက်ကမ်းမှ ဤဘက်ကမ်းသို့ ဆင်းရဲသူ အမယ်အိုနှင့် စက်ရုံကြီးများ၏ အဆင်မပြေပုံကို အပြန်အလှန် အတန်တန် ကြည့်ရင်း၊ ပြည်သူတို့ဆင်းရဲတွင်းကား "သမုဒ္ဒရာ ရေကဲ့သို့ စောက်နက်လှချည်ရဲ့" ဟု တွေးတော ငေးမောနေသဖြင့် လှေကလေး တံတားတွင် လာ၍ဆိုက်သည်ကိုပင် သတိမထားလိုက်မိပေ။

အမယ်အိုလည်း လှေမှဆင်းသက်ကာ ကမ်းနဖူးထိပ်တွင် ဆောင့်ဆောင့်ထိုင်လျက် တစ်စုံတစ်ယောက်ကို မျှော်သကဲ့သို့ ရုံးဘက်သို့သာ လှမ်း၍ကြည့်နေလေသည်။ သူ့လက်ထဲမှ ဆေးလိပ်တိုကို လက်မနှင့် နှိပ်ကာနှိပ်ကာ သူလုပ်နေလေသည်။ သူ့ထံတွင် မီးခြစ်ရှိပုံမရပေ။ ကျွန်မလည်း သူ့အနီးသို့ သွားကာ အိတ်တွင်းမှ စက်မီးခြစ်ကိုထုတ်၍ ကမ်းပေးလိုက်





သည်။ အလွန်ကျေးဇူးတင်သည့် အမူအရာနှင့် မီးကို ကုန်း၍ ညှိယူပြီး "လုံမလေး ရုံးဆင်းသွားပလား" ဟု မေးလေသည်၊ အဆင်းအင်္ဂါ ချို့ယွင်းပြီဖြစ်သဖြင့် အသံသြဇာလည်း မရှိတော့ပေ။

"ရုံးမဆင်းသေးဘူးထင်တယ်၊ အဘွား ရုံးကိုသွားချင်လို့လား"

"မသွားပါဘူး၊ ရွာကလူတစ်ယောက် ရုံးဆင်းရင် လှေဆိပ်ကို ဆင်းလာလိမ့်မယ်၊ ကျုပ် လိုက်သွားရင် လှေစောင့်မယ့်လူ မရှိဘူး၊ သူများလှေ ငှားလာရတာ"

"တော်တော်ကြာမလား . . . မကြာရင် ကျွန်မ စောင့်နေပါ့မယ်"

အမေအိုလည်း ကျွန်မကို အဖြေမပေးဘဲ ဆေးလိပ်တိုကို အားရပါးရ ရှူရှိုက်ပြီး မီးခိုးနှင့်သက်ပြင်းကို ရောမှုတ်လိုက်သည်။

"လိုက်သွားလည်း မထူးပါဘူး၊ သွားလည်း မကြည့်ချင်ပါဘူး" ဟု သူ့ကိုယ်သူ ပြောသကဲ့သို့ ဆေးလိပ်နှုတ်ခမ်းမှ ထ၍တောက်နေသည့် မီးပွားကလေးများကို လက်ညှိုးနှင့် ငြိမ်းသတ်ရင်း ပြောသည်။

နှုတ်ခမ်းလောင်မတတ် ဖြစ်နေသော်လည်း မပစ်ရက်သေးသကဲ့သို့ ဆက်ခါဆက်ခါ မရပ်မနား ဖွာရှူပြီးနောက် ကမ်းစပ်သို့ ပစ်လိုက်ကာ မျက်ရည်ပေါက်ကြီးများ စီးကျလာသည်ကို ဖုံ့စိအင်္ကျီတိုနှင့် လှမ်း၍သုတ်ပစ်လိုက်သည်။ ချိုင့်ဝင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်နှင့် နံရိုးအပြိုင်းပြိုင်းတို့က ဇရာဒုက္ခကို ကွက်ကွက်ကွင်းကွင်း ဖော်ပြလျက်ရှိသည်။

"ဘာဖြစ်လို့လဲ ... ဘယ်လိုဒုက္ခရှိလို့လဲ အဘွား" ဟု ကျွန်မ ပျာပျာသလဲမေးသော်လည်း ကျွန်မကိုကား မော်မကြည့်၊ ဒူးပေါ်တွင် ခေါင်းတင်လိုက်လျက် အသံမထွက်ဘဲ ရှိုက်ကာ ရှိုက်ကာ ကျိတ်ငိုနေသည်။

ကျွန်မ၏သနားခြင်း ကြင်နာခြင်းမှာ ပြောဖွယ်ရာမရှိ။ တစ်ခဲနက်ဖြစ်ပေါ်လာတော့သည်။ ညနေခင်း၏ သာယာခြင်းကို အမယ်အို၏ မျက်ရည်က ဆေးကြောပစ်လိုက်လေပြီ။ ကျွန်မသည် ခေါင်းမွေးတလူလူလွင့်လျက် တရှုံ့ရှုံ့ငိုနေသော အမယ်အို၏ဒုက္ခကို မကြားမသိရသေးသော်လည်း "ဒုက္ခတစ်ခု" ဟု အတတ်သိကာ ကူညီလိုစိတ် ပြင်းပြစွာ ဖြစ်ပေါ်လာလေသည်။

အမယ်အိုအနီးတွင် အမယ်အိုကဲ့သို့ ဆောင့်ဆောင့်ထိုင်လျက် အမယ်အို၏ ဒုက္ခကို ကြားနာရသည်။

"အဖွားက မုဆိုးမပါ ... သားကလေး လူပျိုတစ်ယောက်ရှိတယ်။ အဲဒါ လူသတ်မှုနဲ့ ချုပ်ထားတယ်။ သတ်တဲ့လူကတစ်ယောက် ... ကံဆိုးလိုက်တဲ့သား၊ မပြောနဲ့တော့။ သူ သတ်ပါတယ်လို့ ပုလိပ်က ရိုက်ပြောခိုင်းနေသတဲ့။ သူတော့ သေရမှာပဲ ... သူသေရင် ကျုပ်လည်း သေမှာပဲ ..."

"သေတဲ့လူကကော ဘယ်သူသတ်တယ်လို့ ပြောမသွားနိုင်ဘူးလား ..."





"သေတဲ့လူက ဘာမှမပြောနိုင်ဘူး ... ကျုပ်တို့ရွာက ထိုက်ဆိုတဲ့ သူငယ်လေးပဲ။ ဟောဟို စက်ကြီးက သူဌေးသားများနဲ့ ကွင်းဆင်းသွားရင်း ကွင်းထဲမှာ ဖြစ်ကြတဲ့ ကိစ္စ။ သတ်တဲ့လူကတော့ သတ်ပြီးပြေးမှာပေါ့။ အထောင်းကိုသွားတွေ့တာက ကျုပ်သားငနီဘဲ။ အဲဒါ ငနီကို မသင်္ကာဘူးဆိုပြီး ဖမ်းတာပဲ။ ငနီ မသတ်တာတော့ အမှန်ပါပဲ"

"အဖွားသားနဲ့ သေတဲ့လူနဲ့ကော ရန်ညှိုးရန်စ ရှိလို့လား"

"အရင်ကတော့ ရှိတယ်၊ နောက်တော့လည်း အရင်လိုပဲ ချစ်ချစ်ခင်ခင်ပဲ"

"ရှိတာက ဘယ်လိုရှိပုံလဲ ... ရန်ညှိုးရှိဖူးတာကကော ရွာကသိသလား ..."

"သိကြတယ် ... ဒီလိုလေ အခုသေတဲ့ ထိုက်မှာ နှမတစ်ယောက်ရှိတယ်။ အဲဒါ ငနီနဲ့ ကလေးချင်း မျက်စိကျကြတယ်။ အဲဒါ ငနီက ထိုက်ကို "ယောက်ဖ ယောက်ဖ"နဲ့ ပြောင်ခေါ်တယ်။ တစ်ခါတော့ လူတွေရှေ့မှာ ခေါ်ရမလားလို့ ရှက်ပြီး ငနီကို လူတွေရှေ့မှာပဲ ရိုက်ဖူးတယ်။ နောက်တော့ ခေါ်ခေါ်ပြောပြောပါပဲ"

"ဒီ.. ကောင်မလေးနဲ့ အဘွားသားနဲ့ ညားကြသလား"

"မညားရပါဘူး ... ကောင်မလေးက သူတို့လယ်ရှင် ဟောဟိုစက်ရဲ့ သူဌေးအိမ်မှာ အခနဲ့ သွားနေသတဲ့။ တော်တော်ကြာမှ ရွာပြန်လာပြီး ရေနစ်သေသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထောက်သေတာကို ရွာက အဖွားသား သတ်တယ်လို့ ထင်နေကြသလား . . ."

"ရွာကတော့ အချိန်မတော်ကြီး ငနီက သွားတွေ့လို့ အလောင်းထမ်းလာတော့ ငနီသတ်တယ်ထင်တာပေါ့။ ငနီက ကျုပ်ကိုပြောတော့ ကွင်းထဲကို သူဌေးသားနဲ့ ဆင်းသွားတယ်။ သူဌေးသားလူသိုက်က သတ်မှာပဲလို့ ပြောတာပဲ။ ငနီက ကံဆိုးပါတယ်။ နေဝင်ချိန်လောက် ထောက်အိမ်ကိုသွားပြီး ထောက်ကို ရှာသတဲ့။ ထောက်အိမ်က ထောက်လယ်ထဲက မလာသေးဘူးလို့ ပြောလို့ လယ်ထဲလိုက်သွားတော့ အလောင်းသာတွေ့ရတာပဲ"

"နို့ . . . ရွာက သူဌေးသားလူစုနဲ့ ကွင်းထဲသွားတာ မမြင်ကြဘူးလား . . ."

"သူဌေးသားလူစုနဲ့ သွားတာ ဆွမ်းခံပြန်ချိန်လောက်က ပဲတဲ့ . . . သူတို့လူစုလည်း ရွာထဲပြန်ဝင်လာပြီး ထောက်အိမ်ကို နှုတ်ဆက်ပြီးမှ ပြန်ကြတယ်လို့ ပြောတယ်"

"ထောက်အိမ်က ထောက်ရောလို့ မမေးလိုက်ဘူးတဲ့လား"

"ဒါကတော့ ထောက် လယ်ထဲနေခဲ့မှာ သိကြတာပေါ့"

"လယ်ထဲမှာ သည့်ပြင်လူကော မရှိဘူးလား"

"နွေခေါင်ခေါင်ကြီး လုံမရယ် . . . တစ်ခါတလေ လည်း လူပြတ်တာပေါ့"

ကျွန်မမှာ အမှုသွားအမှုလာကို ကြားနာပြီး စိတ်ဝင်စားစွာ တွေးတောနေသည်။ နှစ်ဦးစလုံး တစ်ခဏ တိတ်ဆိတ်လျက် နေသည်။





"ကျုပ်သားကို စက်တိုင်တင်ရင်လည်း ကျုပ်သား သေတဲ့နေ့ ကျုပ်လည်း လူ့ပြည်မှာ မနေပါဘူး"

"ဒီလိုလည်း မဟုတ်သေးပါဘူး အဖွားရယ် . . . တရားနတ်စောင့်ပါသေးတယ်"

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ ကျုပ်တို့မှာ ဆင်းရဲသား၊ မျက်နှာမွဲ။ သူတို့က သတ်ဦးတော့ သူတို့က ပိုက်ဆံရှိတယ်။ ကျုပ်သားကို သူတို့ ပိုက်ဆံနဲ့ဝယ်ပြီး ပုလိပ်ကို အစားထိုးပေးလိုက်မှာပဲ။ သူတို့အသက်က အဖိုးတန်တဲ့အသက်။ ငနီ့အသက်က ခွေးဝင်စားတစ်ကောင်လို ဘာမှ အဖိုးမတန်ပါဘူး။ ကျုပ်တို့မှာ ပိုက်ဆံဆိုလို့ အပိုတစ်ပြားမရှိဘူး။ ငနီ သူရင်းငှားလုပ်ခကလေးနဲ့ အသက်ရှင်နေရတာ။ သူသေရင် ကျုပ်လည်းသေမှာပဲ။ သေရရင်လည်း ရွာမှာတောင် ပြန်မသေတော့ဘူး။ သေစရာစရိတ်လည်း မရှိဘူး။ ရွာကိုလည်း ဒုက္ခမပေးပါဘူး။ ကျုပ်တော့ ကျုပ်သချိုင်းကို ကြည့်ထားပြီးပါပြီ"

ဤကဲ့သို့ တုန်တုန်ရီရီပြောလိုက်သဖြင့် စိတ်ထိခိုက်လှ၍ မျက်နှာကို ငုံ့ပစ်လိုက်မိပါသည်။ အတန်ကြာ အသံတိတ်နေပြန်၍ သူ့မျက်နှာကို မော့ကြည့်လိုက်ပါသည်။ ကျွန်မ ဘယ်တော့မှ မမေ့နိုင်သည့် ငိုတော့မလို ရယ်တော့မလို မျက်နှာမျိုးနှင့် "ဟိုဟာ ကျုပ်သချိုင်းပဲ" ဟု ပြော၍ မေးထိုးပြလိုက်သည်။

သူပြလိုက်သည့်နေရာကား . . . တသွင်သွင် စီးနေသည့် ဧရာဝတီမြစ်ကြီးပင်တည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း မြစ်ဘက်သို့ ငေး၍ကြည့်နေသည်။ ခနို ဖောင်တစ်ခု မျောလာရာကို စူးစိုက်စွာလိုက်၍ကြည့်နေသည့် အမေအို၏ အတွင်းစိတ် ဖြစ်ပေါ်နေမည့်ပုံကို ကျွန်မ ကောင်းစွာ ရိပ်မိခန့်မှန်းနိုင်ပါသည်။

"အဘွားသားက ဘာပြုလို့ သူဌေးသားလူစုက သတ်တယ်လို့ ထင်တာလဲ"

"သူထင်တာကတော့ ရေနစ်သေသွားတဲ့ ကောင်မလေးက သူဌေးသားနဲ့ ဘာလိုလိုဖြစ်လာတယ်။ အဲဒါ ကျုပ်သားကို ကောင်မလေးက အသိပေးသတဲ့"

ကျွန်မသည် ဤစကားကြောင့် မျက်စိနှစ်လုံး ဝင်းဝင်းတောက်သွားပါသည်။

"ရွာကရော သိသလား . . . ကောင်မလေးအိမ်ကရော သိသလား"

"ရွာကတော့ မသိပါဘူး၊ ငနီကတော့ ကောင်မလေးသေပြီးမှ ငထိုက်ကို ဒီအကြောင်းကို ပြောဖူးတယ်လို့ ကျုပ်ကို ပြောတာပဲ။ ဒိပြင်တော့ ကျုပ် ဘာမှမသိဘူး"

လူတစ်ယောက် ကျွန်မတို့အနားသို့ လျှောက်လာသည်။ ထိုအဖွားအိုက "တိုးချစ် . . . ဘယ့်နှယ်လဲ" ဟု လှမ်း၍ မေးလိုက်သည်။ ထိုသူမှာ အင်္ကျီမရှိ၊ တဘက်ခေါင်းပေါင်း၍ ပုဆိုးတိုတိုဝတ်ထားသည်။

"တနင်္လာနေ့ကို အထက်ရုံးကြီးကို သင်္ဘောနဲ့ ပို့မလိုလို ကြားခဲ့တယ် . . . ငနီနဲ့ မတွေ့ခဲ့ရဘူး"





"သတ်တော့ကော ဟိုမှာပဲလား တိုးချစ်ရယ် . . ."

ကိုတိုးချစ် ဆိုသူမှာ ငိုင်၍နေလေသည်။

"သန်ဘက်ခါ သန်ဘက်ခါ၊ တို့လည်း လိုက်မသွားနိုင်ဘူး။ ငါလည်း ရွာမပြန်ချင်တော့ဘူး"

အဘွားအိုလည်း ကိုတိုးချစ်၏ ခြေသလုံးကိုဖက်လျက် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် စီးကျနေသည်။

ကျွန်မလည်း ကိုတိုးချစ်အား သွားရမည့်မြို့တွင် အသိရှိ မရှိ မေးမြန်းကြည့်သည်။ သူက မရှိကြောင်းကို ခေါင်းတွင်တွင်ခါပြသည်။ ကျွန်မက အိတ်ထဲတွင်ပါလာသော ငွေ ၁၀ိကို ထုတ်၍ အမေအိုအားပေးလိုက်ပြီးလျှင် သူ့သားနှင့် တသင်္ဘောတည်း လိုက်သွားဖို့ရန်၊ သန်ဘက်ခါမနက် ဒီကိုလာပါဟု တိုက်တွန်းပြီး ၎င်းမြို့တွင် ထမင်းဆိုင်၌ တည်းနိုင်ကြောင်းပါ ညွှန်ကြားရပါသည်။ ဤအမှု တရားမှန်ဖြစ်ရန် ကြိုးစားကူညီမည့်အကြောင်းကို အထပ်ထပ် အားပေးပါသည်။ ကျွန်မ မည်သူမည်ဝါဖြစ်ကြောင်း အမေအိုက မေးသဖြင့် အမှုပြီးမှ ပြောပါရစေဟု အမေအိုအား တောင်းပန်ရပါသည်။ လှေကလေးထွက်သွားမှ ကျွန်မလည်း တံတားမှ ခွာခဲ့ပါသည်။

ကျွန်မ အိမ်သို့ပြန်ရောက်သောအခါ ကိုကျော်အေး ပြန်မလာသေးပါ။ စိတ်ဝင်စားလာသည့်အမှုကို ကျွန်မ စဉ်းစားရင်း၊ တွေးရင်း၊ အချိန်ကုန်မှန်းမသိ ကုန်သွားပါသည်။ ဆာလောင်စိတ်လည်း မရှိပါ။ ဘုရားမီးထွန်း၍ ဘုရားရှိခိုးပြီးနောက် ဘုရားခန်းထဲတွင်ပင် မှုးဝေဝေဖြစ်လာ၍ ခွေနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန် မည်မျှကြာမြင့်သွားသည်ကို မခန့်မှန်းနိုင်ပါ။ ကျွန်မ ခေတ္တအိပ်ပျော်သွား၍ နိုးလျှင်နိုးချင်း ဘုရားခန်းနှင့် ကပ်လျက် ဧည့်ခန်းမှ စကားပြောနေကြသော အသံများကို ကြားရပါသည်။ ကျွန်မသည် ခွေနေရာမှ ငုတ်ခနဲ ထ၍ထိုင်ပါသည်။ "ဟုတ်ကဲ့ ဟုတ်ကဲ့" ဟု လိုက်နေသောအသံမှာ ကိုကျော်အေးအသံ ဖြစ်သော်လည်း အခြားတစ်သံကို ကျွန်မ မကျက်မိပါ။ သူတို့ပြောနေကြသည့် စကားသံတွေကို နားစိုက်၍ ထောင်နေရသဖြင့် အသက်ရှူရန်ပင် မေ့မေ့သွားပါသည်။ ယခု ပြောနေသောသူမှာ ညနေက အဖွားအိုပြောလိုက်သော သူဌေးသား၏ အဖေမှန်း စကားအသွားအလာဖြင့်ပင် သိရပါသည်။

"အဲဒီတော့ . . . တိုက်ပိုင်မင်း သေရမှာကြောက်ပြီး လျှောက်ရမ်းမှာ စိုးရတယ် . . . အခု ပုလိပ်စစ်ချက်မှာ သူ သတ်ပါတယ်လို့ ဝန်ခံရဲ့လား"

"တော်တော်ခေါင်းမာတယ် . . . ဝန်မခံလို့ ဘယ်ရမလဲ ဦးရယ်"

"သေတဲ့ကောင်ကလေးဟာ ဦးရဲ့ သူရင်းငှားသားကလေးပဲ . . . သူတို့အစဉ်အဆက် ဦးပဲ ကျွေးလာခဲ့ရလို့ ဦးအရိပ်ခိုနေတဲ့လူတွေမို့ ရှေ့ဆောင်ရှေ့ရွက် လုပ်နေရတယ်။ ဦးသားကလည်း အဲဒီနေ့ကမှ တာတိုဖ်းထွက်လို့ အမှုရှုပ်ရက်လာမှာ ပူမိတယ်။ တိုက်ပိုင်မင်းကိုတော့ ညီလိုသားလို ချစ်ခင်လို့ မေးရဦးမယ်၊ တကယ်လို့ ငနိုက ရုံးကြီးမှာ သူ မသတ်ဘူးလုပ်မှာ စိုးရတယ်။ ရွာကလူတွေကလည်း ငနိုသတ်တာလို့





ပြောပါတယ်။ ဒီ-၁မှု ဘွင်းဘွင်းပေါ်နေလျက်နဲ့ ရှည်များနေဦးမှာလား"

"ဟာ . . . ဒါကတော့ မရှည်ပါဘူး၊ သူသတ်တယ်လို့ပဲ အစစ်ခံရမှာပဲဦးရယ် . . . မပူပါနဲ့ . . ."

"ဟုတ်ပါတယ်လေ . . . ဦးက ဆယ်ရေးတစ်ရေး မေးရတာပါ။ တိုက်ပိုင်မင်းကို အများကြီး အားကိုးကြည်ညိုပါတယ်။ အကြံဉာဏ်ရော ဖြောင့်မတ်တာရော ရှားပါတယ်။ ဒီမြို့မှာ တိုက်ပိုင်မင်းရှိမှ အမှုတွေပါးတယ်လို့ ဦးဝန်ကြီးကို ပြောခဲ့ရသေးတယ်။ မင်းကတော်လည်း မမြင်ဖူးသေးပါဘူး။ တစ်ခါလောက် လာလည်ပါဦး တိုက်ပိုင်မင်း . . ."

ကျွန်မသည် တဟဲဟဲနှင့် ရယ်ပြီးဆုံးလိုက်သည့် သူ့အသံကို နားစိုက်ထောင်ပြီး အတော်ပင် စက်ဆုပ်လိုက်မိပါသည်။ ကိုကျော်အေးအား အားကိုးပါသည်၊ ကြည်ညိုပါသည်။ ဖြောင့်မတ်တာ ရှားပါသည်ဟု တတွတ်တွတ် ပြောနိုင်သကဲ့သို့ သူ့စကားအတိုင်း အားကိုးကြည်ညိုလောက်အောင် ဖြောင့်မတ်သူဟု အကယ်ပင် ယုံကြည်ခဲ့လျှင် ဤအိမ်ကို ဤကိစ္စနှင့်လာရဲမည်မဟုတ်ချေ။ သက်သက် စော်ကားနေခြင်းပင် ဖြစ်သည်။ ထိုအသံနှင့်ရော၍ လိုက်လိုက်လျောလျောလုပ်နေသော ကိုကျော်အေးအားလည်း စိတ်ဆိုးမိပါသည်။ ဤအမှုကို ဤလူကြီးသိလျက်နှင့် ထိန်,မထိန် ကိုကျော်အေးက ပါ, မပါကို ကျွန်မ အလွန်သိလိုပါသည်။ ယခုကြားရသည့်အတိုင်း ဆိုလျှင်သူငယ်တွင် အပြစ်ရှိသည်ဟု ကိုကျော်အေး ပိုင်းဖြတ်ထားပြီး ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရှိရပါသည်။

မည်သို့ပင် ကိုကျော်အေးက ဆုံးဖြတ်ဆုံးဖြတ် ကျွန်မ၏ အလိမ္မာဉာဏ်ဖြင့် အမှုကိုရော၊ ကိုကျော်အေးကိုပါ တရားမှန် ရောက်စေမည်ဟု သန္နိဋ္ဌာန်ချလိုက်ပါသည်။

ညှော်သည်ဆင်းသွားလျှင် ဆင်းသွားခြင်း ကျွန်မ အပြင်သို့ ထွက်ခဲ့သည်။ ကိုကျော်အေးလည်း အိမ်ထဲသို့ ပြန်ဝင်လာပြီး . . . "နိုးပလားခင် . . . ခုနက ညှော်သည်က မေးနေသေးတယ်"ဟု ပြောရင်း နှစ်ယောက်ထိုင်ကုလားထိုင်တွင် ကျွန်မဘေးက ဝင်၍ထိုင်လိုက်သည်။

"ခင် ထမင်းမစားသေးဘူးဆို . . ."

"ခင် မဆာလို့ပါ . . . ကိုကျော်အေးကို စောင့်ရင်းနဲ့ မေ့ခနဲ အိပ်ပျော်သွားတယ်။ ခုနက လာတဲ့ညှော်သည်က ဘယ်သူလဲ"

"ဦးမွေးလေ . . . စက်လည်း စက်သူဌေး၊ လယ်တွေလည်း အများကြီးပဲ၊ ဒီမြို့မှာတော့ သူ အချမ်းသာဆုံး သြဇာအရှိဆုံးပေါ့။ ပေါက်လည်း ပေါက်ရောက်တယ်၊ အထက်အစိုးရပိုင်းက တော်တော်လေးစားရတယ်။ ဒီမြို့က အရာရှိတွေတော့ သူလက်ထဲမှာပဲ . . . သူ မပြောင်းသချင်ရင် မပြောင်းရဘူး"

"သြော် . . . သြော် . . . သိပ် တန်ခိုးရှိတာပဲပေါ့။ ဒီလူကြီးမှာ သမာဓိရော ရှိရဲ့လား"

"ဘယ်လိုသမာဓိလဲ . . ."

"သြော် . . . ဖြောင့်ဖြောင့်မတ်မတ် တည်တည်ကြည်





ကြည် ရှိ့မရှိ မေးတာပါ"

"ဒါလော ကျိုကျိုတက် ဌေးနေတာ ဖြောင့်မတ်လွန်းလို့တော့ ဘယ်ဟုတ်မလဲ . . . ဒါပေမဲ့ တစ်မြို့လုံးက သူဌေးကြီးဆိုပြီး လေးစားနေကြတာပဲ"

"သူ ဘာကိစ္စ ဒီကိုလာတာလဲ"

"အမှုတစ်ခုအတွက်ပဲ . . . အမှုကတော့ ရှင်းနေပါတယ်။ သူက အလကား စိုးရိမ်နေတယ်၊ ဌာနအုပ်နဲ့ ရာဇဝတ်အုပ်တွေကတော့ အဘိုးကြီးကို အမဲဖမ်းပြီး ပွနေကြတယ်။ မသိချင်ယောင် ဆောင်နေရတယ်"

"အမှုက ဘယ်လိုလဲ ကိုကျော်အေး"

"နတ်ချောင်းရွာက လယ်ကူလီ ငထိုက်ဆိုတဲ့ ကောင်ကလေးကို အဲဒီရွာက ငနီကသတ်တယ်။ အဲဒီနေ့က အဘိုးကြီးသားကလည်း ရွာကိုသွားပြီး ငထိုက်နဲ့ ကွင်းထဲကို ဆင်းကြသတဲ့။ အဲဒါ တရားခံက ရိုးမှာစိုးနေတယ်"

"ကိုကျော်အေးကော ဘယ်လိုယုံကြည်သလဲ"

"အမှုကတော့ ကောင်ကလေး ထင်ရှားနေတာပဲလေ" ဟု ဆွဲဆွဲငင်ငင်ပြောသဖြင့် ပေါ့ပေါ့ဆဆ သဘောထားရမလားဟု စိတ်မကောင်းဖြစ်မိပါသည်။

"ငနီကိုရော ကိုကျော်အေးကိုယ်တိုင် စစ်ပြီးပလား။ ဝန်ခံသလား"

"ဘယ်ဝန်ခံမလဲ . . . ဌာနအုပ်ကတော့ ဖိုးလိပ်စစ်စစ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပုလိပ်စစ်ဆိုတာ ဘယ်လိုလဲ ကိုကျော်အေး"

"မသိချင်ပါနဲ့ ခင်ရယ် . . . အင်မတန်ကြမ်းတဲ့ အလုပ်ပဲ . . . ကြားရရင် နားမချမ်းသာစရာတွေပါ၊ မပေါ် ပေါ်အောင်လုပ်ရတာပဲ"

"ဒီလိုလုပ်လို့ကော အမြဲတမ်းမှန်ရဲ့လား"

"ရည်ရွယ်တာကတော့ မှန်အောင်လို့ လုပ်ရတာပဲ"

"မှားနေပါပြီတဲ့ ကိုကျော်အေး"

"ခင်ကလည်း စိတ်ဝင်စားလိုက်တာ" ဟု ပြောကာ ရယ်၍နေလေသည်။

"မမှားအောင်ဖြစ်ဖို့ ဝင်စားရတာပေါ့။ ခင်လည်း ပုလိပ်မယားပဲဟာ" ဟု ခပ်နွဲ့နွဲ့အသံနှင့် ပြောလိုက်ရသည်။

"လောကမှာ ပုလိပ်ဘက်မှာ မမှားအောင်ဆိုတာ ခဲယဉ်းသားပဲ"

"လောကမှာသာ ခဲယဉ်းပါစေ၊ ကိုကျော်အေးကတော့ အမှုတစ်ခုကို မမှားအောင်လုပ်လိမ့်မယ်လို့ ခင်တော့ သိပ်ယုံကြည်အားကိုးတာပဲ။ ခင့်ယောကျ်ားကို ခင် အထင်ကြီးနေတာ ကြီးတဲ့အတိုင်း အမှန်ပဲမဟုတ်လား"

"မမှားပါဘူးဗျာ . . . မှန်ပါတယ် မှန်ပါတယ်"

"ဒါနဲ့များ လောကမှာ ဘာမှာ ပြောနေရသေးတယ်"

"ဒါက အများကိုပြောတာ ခင်ရဲ့"

"အများကိုပြောချင်ပြောပါ . . . ခင့်ယောကျ်ားကို ထည့်မပြောပါနဲ့။ အမှန်ပဲ . . . ခင်ဖြင့် ပုလိပ်ဆိုရင် သိပ်မယုံ





ဘူး။ ခင့်ယောကျ်ားကိုတော့ ခင်ယုံနိုင်ပါတယ်။ တိတိကျကျ မှန်မှန်ကန်ကန်လုပ်တဲ့ ပုလိပ် ဦးကျော်အေးလို့ လောကမှာ ခင် ဂုဏ်ယူမယ်လို့ ခင် ကြံမ်းထားတာ . . . ဘယ့်နှယ်လဲ"

ကိုကျော်အေးလည်း ကျွန်မကို ပြုံး၍ကြည့်နေပါသည်။ ကျွန်မကလည်း ချစ်စရာကောင်းသည်ထက် ကောင်းသည့် အမူအရာလေးနှင့် သူ့ကိုပြန်၍ ပြုံးပြလိုက်ပါသည်။

"ကဲ ကဲ . . ခင့်ကို တစ်ခုမေးမယ်၊ မှန်မှန်ကန်ကန် လုပ်တိုင်းလည်း ရာထူးမတိုးဘူး . . . ဒီတော့ . . ."

"မဒီတော့ပါနဲ့ ကိုကျော်အေး . . . ဖြောင့်ဖြောင့်မတ်မတ်လုပ်တဲ့ ဂုဏ်ကို ခင် ရာထူးနဲ့ လဲနိုင်ပါတယ်။ ဒီပြည်မှာ ကိုကျော်အေးကို တရားစောင့်တဲ့ ပုလိပ်လို့ ဂုဏ်ကြီးနေရင် ခင် ဘာကို မက်မောနေရဦးမလဲ။ သားစဉ်မြေးဆက် မင်းတို့ဖေဖေဟာ ပုလိပ်ပီပီ ဘယ်လိုတရားရှိတယ်ဆိုတာ ခင် သေတဲ့အထိ ပြောချင်တယ်"

ညားကာစ လင်မယားဖြစ်သဖြင့် ကျွန်မ၏စကားကို သကာထက်ပင်ချို၍နေကြောင်း ကျွန်မ ရိပ်မိပါသည်။ ကျွန်မလည်း ပိတ်တော့မည်ဖြစ်သောစကားကို ပြန်၍ကောက်ရပါသည်။

"တကယ်လို့ အဲဒီလူကြီးသားက သတ်တယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား"

ကျွန်မအား စိမ်းစိမ်းစိုက်ကြည့်လျက် "ဒီအမှုကို စိတ်ဝင်စားချည်လား ခင်" ဟု ထပ်၍ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားဆို အမှုမှန်ကို ဒီနေ့ ခင် ပေါ်အောင် စစ်ခဲ့ရလို့ပါ"

ကိုကျော်အေး ကြက်သေသေနေပါသည်။ "ခင် ဘယ်လိုသိသလဲ" ဟု သူ့နှုတ်ဖျားမှ တစ်လုံးချင်းထွက်လာပါသည်။ ကျွန်မ ဤမြို့ကရောက်သည်မှာ အရက် ၂၀ ပင် မပြည့်သေး၍ အထူး ပိုမိုအံ့ဩနေဟန်တွေ့ရှိရပါသည်။ ကျွန်မသည် ညနေက အဖြစ်အပျက် အမှုသွား အမှုလာကို အကုန်ပြောပြပြီးနောက် လောကတွင် တရားကား ရှိသည်ဟု ယုံကြည်ကြောင်း ထိုတရားကို ကိုကျော်အေးကဲ့သို့သော တိုက်ပိုင်တစ်ယောက်က စောင့်စည်းမည်ဆိုလျှင် တရားမှာ တရားအတိုင်းတည်ရမည်ဖြစ်၍ အမှန်ကို အားထုတ်သဖြင့် လွတ်သွားမည့် ဇီဝိတဒါနကို အနုမောဒနာပြုနိုင်ကြရန် သမာဒေဝနတ်များအား အမျှပေးဝေလိုက်မည်ဟု စိတ်ထဲတွင် ခဲ၍ထားကြောင်းပါ ထည့်၍ပြောပြလိုက်ပါသည်။

"နေပါဦး . . . သူငွေးသား သတ်တယ်လို့ သူ သက်သေပြနိုင်မလား"

"သက်သေမပြနိုင်လို့ ခက်နေတာပေါ့ . . . ခိုင်လုံတဲ့ အထောက်အထားဟာ သက်သေမဖြစ်နိုင်ဘူးလား။ အမှုကို အမှန်ပေါ်အောင်စစ်ပါ ကိုကျော်အေးရယ် . . . ငနီကို ကိုကျော်အေးကိုယ်တိုင် စစ်ရင်တော့ ခမြာ ပြောမှာပဲ။ အမှန်ရဲ့ အစအန ရချင်လည်း ရလာမယ်။ ခင်ထင်သလို ဖြစ်ချင်လည်း ဖြစ်မယ်"





"ဘယ်လို ခင်ထင်သလိုလဲ"

"ခင်ကတော့ သေတဲ့ကောင်လေးက သူ့နှမကို စော်ကားလို့ ရန်ဖြစ်ရာက သတ်ပွဲဖြစ်တာနဲ့တူတယ်"

"အင်း . . . အဘိုးကြီး ဗျာများနေပုံလည်း ထင်စရာပဲ။ ငနီနဲ့ ထပ်တွေ့ပါဦးမယ်လေ . . . သူငွေးသားတင် မဟုတ်ဘူး၊ အဖော်လည်း ပါသေးတယ်။ အဲဒီအဖော်ကို ဖမ်းလိုက်ရင် ပေါ်ချင်ပေါ်မယ်"

"ဟုတ်ပါရဲ့ . . . ခင်ဖြင့် မတွေးမိဘူး၊ ခင် ထင်တယ် ကိုကျော်အေးတော့ အမှုတစ်ခုလုံး ရှင်းပြီးမြင်နေပြီမဟုတ်လား"

ဤစကားနှင့် ကျွန်မယောက်ျားကို မြှောက်လိုက်ခြင်း မဟုတ်ပါ။ ပုလိပ်ရေဝ,နေသဖြင့် ဤလောက်ပြောလျှင် ဤမျှ မြင်နိုင်ပါလိမ့်မည်။ မြင်လို့ရလာသည့် အချက်အလက်တွေ ယိမ်းယိုင်သွားမည် စိုးသဖြင့် ဤစကားနှင့် ခိုင်ခိုင်ချည်လိုက်ခြင်းသာ ဖြစ်ပါသည်။

နောက်တစ်နေ့ ဂတ်ကပြန်လာရာ မျက်နှာ တယ်မသာယာလှပါ။ ကျွန်မမှာ တစ်ညနေလုံး အစစအရာရာ စားမှုသောက်မှု ပျာပျာသလဲ အထူးဂရုစိုက်၍နေရပါသည်။ စားသောက်ပြီးကြမှ သူက စတင်၍ အမှုသွားအမှုလာကို ပြောပြပါသည်။

သူ့နှုတ်ဖျားမှ "ခင်ပြောတဲ့အတိုင်းပဲ . . . ဒီကောင်ကလေးမှာ အပြစ်မရှိဘူး" ဟု ပြောရာ ကျွန်မတွင် ကြက်သီးမွေးညင်းများပင် ထသွားပါသည်။ ထိုနေ့ညနေက ကျွန်မသာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်မထွက်ဖြစ်လျှင် အသက်နှစ်သက်ကား . . .

ကျွန်မသည် ဆက်၍ မစဉ်းစားချင်တော့ဘဲ ဝမ်းသာစရာကိုသာ ပြောင်း၍ . . . "ဒါဖြင့် ငနီ လွတ်မှာပေါ့" ဟု အားရပါးရ မေးရပါသည်။

"ငနီကတော့ လွတ်မှာပါပဲ . . . ကြိုးကွင်းကတော့ သူ့ဒွေးသားဘက် စွပ်မလားပဲ . . . ဒါပေမဲ့ . . ."

ဆက်မပြောဘဲ ရပ်နေသဖြင့် စောစောက မျက်နှာမသာမယာ ဖြစ်နေပုံကို သတိရလိုက်ပြီး "ဒါပေမဲ့ဆိုတာ ဘယ်လိုလဲ ကိုကျော်အေး" ဟု ဖြည်းနိုင်သမျှ ဖြည်းဖြည်းကလေး မေးရသည်။

"စက်ရှင်ကိုလည်း ငွေနဲ့သွားပေါက်မှာပါပဲ။ ကိုယ်ကြိုးစားရတာ အလကား အချည်းနှီးဖြစ်ပြီး ကိုယ့်သာ အဘိုးကြီးက အထက်နဲ့လှည့်တိုက်လို့ အထက်ကမုန်းရင်လည်း မုန်းမှာပဲ"

"ဆင်းရဲတဲ့ဘက်က ကြိုးစားတာ အမှန်ဖြစ်ချင်လို့သာဆိုတာ လူတိုင်းအသိပါ။ ဘယ်သူတွေ မုန်းမုန်း ခင်ဖြင့် တိုးလို့ပဲ ချစ်လာပြီး၊ ငါ့ယောက်ျားဟာ အင်မတန် ဖြောင့်မတ်တဲ့ယောက်ျားလို့ ခင် ဘယ်လောက်ဝမ်းသာ ဂုဏ်ယူနေမလဲဆိုတာ ကိုကျော်အေးကို ခင်ဖြင့် ရင်ခွဲပြချင်ပါတယ်"

မိန်းမများသည် သနားကြင်နာလွယ်သည်။ ကိုယ်ရေးကို မကြည့်တတ်။ အဆင်ခြင်တုံတရား နည်းပါးသည်ဟု ထင်ချင်လည်း ထင်ပေလိမ့်မည်။





ယနေ့ညကား လွန်ဆွဲသကဲ့သို့ ဖြစ်ပါသည်။ အသိုင်းအဝိုင်းက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပုလိပ်၏မွန်မြတ်သောဝါဒကို လယ်ပြင်တွင် ဆင်သွားသကဲ့သို့ အထင်အရှားဖော်ပြရန်မှာ သူ့တာဝန်ပင် ဖြစ်လေသည်။ အိမ်ထောင်ကျစ ကျွန်မ မှန်ရာသို့ ရွေးချယ်ရမည့်လမ်းကား ဤလမ်းပင်ဖြစ်ပါသည်။ သူ့အား သတ္တိနည်းသောယောက်ျားတစ်ယောက်ဟု ကျွန်မ စိုးစဉ်းမျှ အထင်မသေးမိပေ။ သူသည် သူပြုရမည့်တာဝန်ဝတ္တရားဟု သဘောထားရမည့် စိတ်ဓာတ်အားနည်းနေခြင်းသာဖြစ်သည်။ အားပေးသူ အားကူဖြည့်သူရှိက လမ်းဖြောင့်ဖြောင့်ကြီးပေါ်တွင် မတိမ်းမစောင်း မတ်မတ်ကြီးလျှောက်မည့်သူဟု ကျွန်မ အယုံအကြည်ရှိပါသည်။ သူ့ကိုယ်၌က ဤဝါဒကို နှစ်နှစ်ခြိုက်ခြိုက် သဘောကျလာလျှင် ကျွန်မအား သနားလွယ်သူ၊ ကိုယ်ရေးတွက်တာ မမြင်သည့် အဆင်ခြင်ဉာဏ် ကင်းမဲ့သူဟု အဘယ်မှာ ထင်နိုင်မည်နည်း။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆိုးဝါးမှုကြောင့် ဖြစ်ပေါ်ရသည့် အလွဲလွဲအမှားမှား သဘောတရားများက တံတိုင်းနံရံကြီးကဲ့သို့ ပုလိပ်ဘက်တွင် အကြောင်းအမျိုးမျိုး အခက်အခဲအမျိုးမျိုးတို့ဖြင့် ဆီးဆို့ထားခြင်းကို ဖောက်ထွင်းကျော်နင်း၍ ဖြောင့်မတ်တည်ကြည်သွားသောကိုကျော်အေးအား ကျွန်မတစ်သက်လုံး လေးစားရမည်ဖြစ်သကဲ့သို့ ကျွန်မအားလည်း မုချ သူ လေးစားပေလိမ့်မည်။

"ကိုကျော်အေး တရားခံအစစ်ကို တွေ့ပြီနော် . . ."

သူသည် ကျွန်မအား ပြုံး၍ကြည့်သည်၊ သူ့ ပြုံးပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



အမိပွါးသပါပါနှင့် ပြုံးခြင်းဖြစ်သည်။ ဤကဲ့သို့ မေးလိုက်သည့်အတွက် ကျွန်မ စိတ်သဘောကို ကောင်းစွာ ရှင်းလင်းနားလည်သွားပြီး မြတ်နိုးသည့်အရိပ်အယောင်တွေပါ မျက်စိနှစ်လုံးက အထင်အရှား လက်ထွက်နေသည်။

"မိပါပြီ . . . အဲဒီသူဌေးသားရဲ့တပည့်ကို ဖမ်းပြီးပြီ၊ မြို့ထဲတော့ ဆူသွားတာပဲ။ ဌာနအုပ်ရော သူဌေးရော ပျာလောင်ခတ်နေကြပြီ။ ငနီ ပြောချက်ကတော့ ကောင်မလေး ရေနစ်သေတာမဟုတ်ဘူး။ ရေထဲဆင်းသေတာ၊ သူဌေးသားက စော်ကားလွှတ်လိုက်လို့ အရှက်ကွဲမှာစိုးလို့ ဆင်းသေတာပဲ။ ဒီလို ရေထဲ တမင်ဆင်းသေမှန်း ငထိုက်ကသိတော့ ငနီကြောင့် စိတ်ညစ်ပြီး ဆင်းသေတာပဲလို့ ငနီကို ညှိုးတယ်။ တစ်နေ့တော့ ငထိုက်က ငနီကို စစ်တယ်။ ဒီတော့မှ ငနီက ရေထဲဆင်းသေလိမ့်မယ်လို့ သူ မသိရပါဘူး။ ည ခိုးရာလိုက်ဖို့ခေါ်တော့ သူဌေးသားနဲ့ ဖြစ်ခဲ့တဲ့အကြောင်း ပြောပြီး ငြင်းသတဲ့။ ဒါပေမဲ့ ငနီက သနားလို့ ယူမယ်လို့ အခါခါပြောလည်း မရဘူး။ နောက်ဆုံး ရေထဲဆင်းသေသွားတာပဲလို့ ရှင်းပြသတဲ့။ အဲဒီတုန်းက ငနီကို ငထိုက်က မင်း လက်စားမချေနဲ့၊ ဒီကောင့်ကို ငါ့လက်နဲ့ သတ်မယ်။ လာပေစေလို့ ပြောဖူးသတဲ့။ သူဌေးသား ဆရာတပည့်နဲ့ ငထိုက် ကွင်းထဲကို လိုက်သွားတယ်လို့ သိရတော့ စိုးရိမ်ပြီး လိုက်သွားတာ အလောင်းသာတွေ့ရတာပဲတဲ့"

"ခု ဖမ်းလိုက်တဲ့ ကောင်ကလေးကရော ဘယ့်နှယ်ပြောသလဲ"





"ပထမ ခေါင်းမာနေတယ်၊ ကိုယ် ကိုယ်တိုင် ကန်လိုက်ရ၊ ချော့လိုက်ရနဲ့ ပုလိပ်အလုပ်ဟာ စက်ဆုပ်စရာပဲ။ ငထိုက်က တံစဉ်ယူလာသတဲ့။ အဲဒီ တံစဉ်နဲ့ နောက်ကနေပြီး သူဌေးသားလည်ကို ခုတ်တာ ဒီကောင်က ဝင်လုတယ်။ လုံးထွေးလုနေတုန်း သူဌေးသားက သူ့တုတ်ဓားနဲ့ ငထိုက်ကို ခုတ်သတ်လိုက်တယ်လို့ ဖြောင့်ချက်ပေးပါပြီ။ ဒီကောင်သာ မဖမ်းမိလို့ရှိရင် ငထိုက်လည်း မရှိဘူး၊ ငထိုက်နှမလည်း မရှိဘူး၊ အစအန သက်သေဘယ်လိုမှ မရှိလို့ ငနီပဲ လက်သယ်ဖြစ်ရမှာပဲ။ အခက်အခဲတွေများလွန်းလို့ မနည်းကို မပေါ်ပေါ်အောင် စစ်ရတယ်၊ ပုလိပ်အလုပ်တော့ စိတ်ပျက်လာပြီ"

"ဒါဖြင့် ငနီ ဘယ်တော့လွှတ်မလဲ"

"ဟိုကောင့်ဖြောင့်ချက် ကူးပြီးရင် ငနီလွှတ်မှာပါပဲ"

"စိတ်မပျက်ပါနဲ့ ကိုကျော်အေးရယ် . . . ပုလိပ်အလုပ်ဟာ ဘယ်လောက်မွန်မြတ်တယ်ဆိုတာ အခု အဖြစ်အပျက်က သက်သေပါပဲ။ တိုင်းပြည်မှာ ပုလိပ်ကို လူမကြည်ညိုဘူး၊ ပုလိပ်ဆိုရင် မဟုတ်တာလုပ်တဲ့လူလို့ လူတိုင်းပဲ နားလည်ကြတယ်။ အဲဒီအထဲမှာ ကိုကျော်အေးက (တရားကို ပုလိပ်စောင့်) တယ်ဆိုတာ အထင်အရှားပြလိုက်ပြီမို့ နတ်တွေတော့ သာဓု ခေါ်နေကြပါပြီ"

ကျွန်မသည် ထိုင်ရာမှ ဒူးထောက်၍ ကျွန်မခင်ပွန်း၏ ခြေစုံကို အကြိမ်ကြိမ် အနူးအညွတ် ဦးခိုက်လိုက်ပါသည်။ သူက ကျွန်မလက်ကို ဆွဲယူ၍ သူနှင့်အတူထိုင်စေပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ခင် . . . ခင် မောင့်ကို တကယ်ချစ်တဲ့ ခင်၊ အမိလို မယား၊ နှမလို မယား . . . မောင့်ကို တကယ်ချစ်တဲ့မယား"

သူ၏ နှလုံးသည်းပွတ်မှ တစ်စက်စက်ကျနေသည့် သွေးနှင့် သူ့အသည်းတွင် အထက်ပါအတိုင်း ကမ္ပည်းထိုးလျက် နေသည်။

ကျွန်မမှာ တနလ်ာနေ့၌ ရုံးဆိပ်တွင် အဘွားအို၏ ဘုန်းကြီး၍ သက်ရှည်ပါစေဟု လေ့မထွက်ခင် တတွတ်တွတ် ဆုပေးနေသံကို လုံးစေ့ပတ်စေ့ မကြားနိုင်ဘဲ "အမိလို မယား၊ နှမလို မယား၊ မောင့်ကို တကယ်ချစ်တဲ့မယား" ဟူသော အသံသာ နားတွင် ပြတ်ပြတ်သားသား ကြားနေတော့သည်။

× × ×

# မိန်းမပီပီ

www.burmeseclassic.com

www.burmeseclassic.com

"စစ်အတောအတွင်းကြီးမှာတော့ ဖြစ်သလိုပဲ နေရမှာပဲကွယ် . . . ဒါတွေကို ခုနေခါ တွေးပူလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

ဒေါ်နှင်းအေးလည်း လေးလေးနက်နက် စဉ်းစားလျက်ရှိ၏။

"သွားချင်လို့သွားရတာ မဟုတ်တာလည်း မင်းအသိပဲ၊ မလုပ်လည်း တပြစ်၊ လုပ်လည်း တပြစ်နဲ့ ဒီတစ်ခါလောက် လူလုပ်ရတာကျပ်တာ မတွေ့ဖူးပါဘူး။ ကိုယ့်ဟာနဲ့ကိုယ် နေရတာပဲကွယ် ဗိုလ်တဲကြီးက အကျယ်ကြီးပဲ သူတို့က အပေါ်နေတာပဲ၊ ကိုယ်က အောက်မှာနေပေါ့၊ တခြားစီပဲ"

"တခြားစီတော့ တခြားစီပဲ . . . ဒါပေမဲ့ လှေကားက





အတွင်းကဆိုတော့ တစ်အိမ်တည်း နေကြသလိုမို့ ကိုက်ပ့ါမလား-ဆိုတာသာ ပူတာပါ"

"ဒါကတော့ မနှင်းအေးရယ် . . . သူတို့လည်း မင်းထဲစိုးထဲကပဲဟာ အောက်တန်းစားမှ မဟုတ်တာ၊ ပူမနေပါနဲ့။ ဒီလိုပေါ့၊ ဖြစ်သလိုပေါ့ကွယ်"

ဦးဘမောင်က မည်သို့ပင် မပူရန်ပြောပါသော်လည်း ဒေါ်နှင်းအေးမှာ ပြောင်းရွှေ့ရခါနီး၌ သောကမအေးဘဲဖြစ်၍ နေ၏။ မိမိတို့ မရောက်ဖူးသောမြို့တွင် မသိသောသူများနှင့် အတူ စပ်၍ တစ်အိမ်တည်းနေရမည်ကို မိမိခင်ပွန်းက လွယ်လွယ်ကလေး သဘောထားနိုင်သော်လည်း မိမိတွင်မူ ဤကိစ္စလောက် အရေးကြီးသောကိစ္စမရှိဟု ထင်မှတ်မိလေ၏။

ကိုယ့်ဘာသာ သပ်သပ် အိမ်တစ်ဆောင်ငှား၍ နေရန် စုံစမ်းပါသော်လည်း မိတ္ထီလာတွင် ဂျပန်ဝင်လာစက ဗုံးကြဲထားသဖြင့် အချို့ ပျက်စီးကုန်၍ အိမ်အပိုအလွတ်တစ်လုံးမှ ငှား၍ မရခဲ့ပေ။ အရာရှိကြီးများအတွက် နေထိုင်ရန် ဗိုလ်တဲ တစ်တဲသာ ကျန်ရှိလေရာ ထိုဗိုလ်တဲတွင်လည်း ယခုနေထိုင်လျက်ရှိသော ရာဇဝတ်ဝန်ထောက် ဦးအေးတို့နှင့် မိမိတို့ တွဲ၍နေရတော့မည် ဖြစ်လေ၏။

ဦးအေးထံမှလည်း မိမိခင်ပွန်းထံသို့ အမြန်ပြောင်းရွှေ့လာရန်နှင့် ၄င်းတို့နှင့်ပင် အတူနေရန် စာတစ်စောင်ရေးပို့ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘမောင်သည် ဦးအေးထံသို့ ယခုလကုန်အရောက် လာရောက်မည့်အကြောင်းပြန်စာတစ်စောင် ရေးလျက်နေစဉ် ဒေါ်နှင်းအေးလည်း မသက်မသာ မျက်နှာထားနှင့် ဦးဘမောင်ရှေ့တွင် ထိုင်၍နေ၏။

"ခုနေခါကွယ် လူချင်း အမျိုးမတော်ပေမယ့် အလုပ်ချင်းက အမျိုးတော်နေတော့ ကျောချင်းကပ်ပြီးနေရတာလည်း တအားပဲကွဲ့ . . . ကာလကြီးက ကောင်းတာမဟုတ်ဘူး။ ကိုယ့်အလိုကျအတိုင်း ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး။ ဒီတော့ အခါကာလကိုကြည့်ပြီး သည်းခံကြရတော့မှာပဲ"

မိမိအား ဖျောင်းဖျောင်းဖျဖျ တရားချနေသော ခင်ပွန်းသည်ကိုကြည့်လျက် ဒေါ်နှင်းအေးလည်း အင်းမလုပ် အဲမလုပ် နားထောင်နေလေ၏။

ထိုအတွင်း အသက် ၂၅နှစ်ခန့်ရှိ သူငယ်တစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာရာ ဦးဘမောင်က လှမ်း၍ပြုံးပြီး "မောင်မောင်ရေ မင်းမေမေပစ္စည်းတွေ ကူပြီးသိမ်းပေးကွယ်၊ ဖေဖေတို့ တနင်္ဂနွေနေ့လောက် ရုံးက ကားစီစဉ်ပေးမယ်ပြောတယ် . . . အဆင်သင့်လုပ်ထားမှပဲ"

"ဖေဖေတို့ ဟိုမှာ အိမ်ရပြီလား" ဟု မောင်မောင်က မေးရင်း မိဘနှစ်ဦးနားတွင် ဝင်၍ ထိုင်လိုက်လေ၏။

"အိမ်မရလို့ မင်းမေမေ စိတ်ညစ်နေတာပေါ့ သားရဲ့ ဟိုမှာ ဝန်ထောက်ဦးအေးတို့နဲ့ အတူနေရလိမ့်မယ်"





"စိတ်မညစ်ပါနဲ့ မေမေရယ် . . . ကျွန်တော်တို့လည်း လူများတာမှ မ[illegible]ဘဲ၊ သားအဖသုံးယောက်နဲ့ အစေခံ လင်မယားနှစ်ယောက်ပဲဟာ . . . ဒီလိုပဲ ကြည့်နေရတာပေါ့"

ခင်ပွန်းသည်တင်မက၊ သားဖြစ်သူကပါ ဖျောင်းဖျနေခြင်းကို ဒေါ်နှင်းအေးလည်း ခေါင်းတဆတ်ဆတ် ညိမ့်၍နေလေ၏။

× × ×

ဖုန်တထောင်ထောင်းထဲ၌ လူးလိမ့်၍ ပြေးနေသော ကားကြီးပေါ်တွင် ဒေါ်နှင်းအေးသည် အဝတ်ကို ခေါင်းပေါင်းလျက် လိုက်ပါလာခဲ့လေ၏။

မြို့ထဲသို့ ကားဝင်လာခဲ့သည့်တိုင် နှာခေါင်းတွင် ပဝါဖြူနှင့်ပိတ်၍ ထားသဖြင့် ဦးဘမောင်က သားလုပ်သူအား

"ဟော့ . . . မင်းမေမေ အသက်ရှူခိုင်းပါဦးကွဲ့" ဟု ရယ်ရယ်မောမော ပြောရလေ၏။

မြို့ထဲတွင် ရုတ်တရက် မျက်စိလည်နေကြ၍ ဟိုဝင်သည်မေးနှင့် တစ်နာရီခန့်ကြာမှ ကန်ကြီးနားရှိ ဗိုလ်တဲဝင်းထဲသို့ ကားဝင်ခဲ့နိုင်လေ၏။

မိတ္ထီလာကန်တော်ကြီးကား ကြည့်လေတိုင်း မဆုံးနိုင်ဘဲ အမှိုက်သရိုက်ကင်းစင်၍ ရေတစ်ပြင်လုံး ဖွေးဖွေးကြည်လင်နေလေ၏။ ကန်မှ တသိမ့်သိမ့် တိုက်ခိုက်လိုက်သော လေပြေ



www.burmeseclassic.com

www.burmeseclassic.com



လေညင်းကလေး၏အရသာကို သုံးဆောင်ခံစားလိုက်ရခြင်းကြောင့် တစ်လမ်းလုံး ဖုံတထောင်းထောင်းနှင့် ငြီးငော်နံလာရခြင်းကို ဆီး၍ ယပ်ခတ်ပေးလိုက်သကဲ့သို့ အေးမြကြည်လင်သွားကြလေ၏။

အိမ်ပြင်ဘက်တွင် ကားထိုးဆိုက်လိုက်သော်လည်း တစ်ဦးတစ်ယောက်မျှ ရုတ်တရက် ထွက်မလာကြပေ။ ဟွန်းသံ အတန်တန်ပေးမှ အပေါ်ထပ် ဆင်ဝင်တံခါးပေါက်တစ်ချပ် ပွင့်လာပြီး အသက် ၄၀ ခန့်ရှိ မိန်းမတစ်ယောက် ကိုယ်တစ်ပိုင်း ထွက်ပေါ်လာလေ၏။

အင်္ကျီကြယ်သီးများပြုတ်၍ ဆံပင် ဖိုးယိုဖားယားနှင့် ထိုမိန်းမ၏အသွင်ကို ဒေါ်နှင်းအေးလည်း လှမ်း၍ အကဲခပ်လိုက်၏။ ပြတင်းပေါက်မှ ခေတ္တမျှ စိုက်ကြည့်နေပြီးမှ "ဩော် ဘယ်သူတွေလဲလို့ . . . လက်စသတ်တော့ ကိုအေးပြောနေတဲ့ ဝန်ထောက်မင်းတို့ပါလား . . . လာပါ လာပါ၊ ဟဲ့ မိစော . . . ဟုတ်ပေါင် . . ဟဲ့ မိစမ်း၊ တံခါးဖွင့်လိုက်စမ်းပါဟဲ့။ အောက်က တံခါးတွေ ဖွင့်လိုက်ပါဆိုမှ . . . ဒီကောင်မလေးနှယ် ယောင်တီးယောင်တောင်နဲ့ မြန်မြန်လုပ်၊ ဧည့်သည်တွေ ရောက်နေပြီ . . . မြန်မြန်ဟဲ့"ဟု ပြောလေ၏။

ထိုမိန်းမ၏အသံမှာ တစ်ပြိုင်နက်တည်း စီစီညံသွားလေ၏။

ဦးဘမောင်၊ မောင်မောင်နှင့်တကွ အစေခံနှစ်ယောက်





ပါ ကားကြီးပေါ်မှ ပစ္စည်းများကို မြေပေါ်သို့ ပုံချနေကြစဉ် ဒေါ်နှင်းအေးမှာ ပွင့်လာသော အောက်ထပ်တံခါးဝတွင် ရပ်လျက် အခန်း၏အခြေအနေကို အကဲခတ်၍နေလေ၏။

အခန်းကိုကြည့်နေစဉ်တွင် လှေကားမှ အပေါ်ထပ်က မိန်းမကြီးလည်း တဖျတ်ဖျတ်နှင့် ဆင်း၍လာလေ၏။

"ဝန်ထောက်မင်းတို့ လာမယ်ဆိုတာနဲ့ ကျွန်မတို့ အောက်ထပ်ကို ရှင်းထားပါတယ် . . . အကျယ်ကြီးပဲ၊ နေနိုင်ပါတယ်။ ဒီကတော့ ဝန်ထောက်မင်းနဲ့ ဘာတော်ပါသလဲ။ တစ်နေ့နေ့ မျှော်လိုက်ရတာ မပြောပါနဲ့တော့ . . . သူကလည်း လာခဲလိုက်တာဆိုပြီး မျှော်နေတာပါပဲ။ ဒီနေ့မနက်တောင် 'ဒီနေ့များ ရောက်ကြမလားမသိဘူးကွဲ့'လို့ ပြောသွားသေးတယ်။ ညနေ ရုံးကပြန်လာရင်တော့ ဝမ်းသာမှာပဲ"

ခေါင်းတညိတ်ညိတ် လည်တညိတ်ညိတ်နှင့် ကိုယ်အငြိမ်မနေ၊ လက်အငြိမ်မနေ၊ တစ်ကိုယ်လုံး သွက်သွက်ခါ၍ ပြောနေပုံကို ဒေါ်နှင်းအေးတွင် နတ်ဝင်သယ်နှင့်တွေ့ရသကဲ့သို့ မှတ်ထင်နေမိလေ၏။

စကားအဆုံးသတ်၍ ရပ်တည်ရာရသွားပြီး ငြိမ်ငြိမ်သက်သက်ဖြစ်၍သွားမှပင် ဒေါ်နှင်းအေးက "ကျေးဇူးတင်ပါတယ်။ ကျွန်မ ဦးဘမောင်ဇနီးပါပဲ။ တွေ့ရတာ ဝမ်းသာပါတယ်"ဟု တစ်လုံးချင်း ခပ်လေးလေး ခပ်အေးအေးနှင့် သံယောသိမ်မွေ့စွာ ပြန်၍ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကလေ ဒါက အိပ်ခန်းလုပ်နိုင်တယ်။ ဒါက ဧည့်ခန်းနဲ့ ထမင်းစာခန်း ရောလုပ်ပေါ့။ သြော် . . . မင်းကတော်က သနပ်ခါးလိမ်းခန်းမလိုပါဘူး။ သမီးပျိုမှ မရှိဘဲ၊ အိမ်ခန်းထဲပဲ လုပ်တာပေါ့။ ရေချိုးဖို့တော့ အောက်မှာ အခန်းမရှိဘူး။ နောက်ဖေးဘက်မှာပဲ ကာပြီးချိုးပေါ့။ ထမင်းချက်တာတော့ ဟိုအစေခံတန်းလျားနားမှာ မီးဖိုရှိတယ်။ အဲဒါ အတူတူချက်တာပေါ့"

အိမ်ထဲတွင် တောင်လျှောက် မြောက်လျှောက် ဒယိမ်းဒယိုင်နှင့် စာစာ စာစာ လုပ်နေသည့်အတွက် အိမ်၏အနေအထားကို ပစ္စည်းများ ချက်ချင်းသွင်းနိုင်ရန် မစီမံ မရာထားနိုင်ဘဲ စိတ်အနှောင့်အယှက်ဖြစ်လျက် "ဟုတ်ကဲ့ ဟုတ်ကဲ့" ဟုသာ ခေါင်းတွင်တွင် ညိတ်နေရလေ၏။

ပစ္စည်းများ အိမ်ထဲသို့ သယ်လာလျှင် ဟိုမှာထားပါလား၊ သည်မှာထားရင် မကောင်းဘူးလားနှင့် မုချပင် ဆရာလုပ်နေဦးမည့် ပုံပန်းပဲဟု အကဲခပ်မိပြီးနောက် ပစ္စည်းများကို နေရာချ၍ မရွှေ့ဘဲ တစ်နေရာတည်းတွင် စုပုံထားစေလေ၏။

ဦးဘမောင်ဝင်လာလျှင် လာခြင်း ဒေါ်နှင်းအေးက "ကိုဘမောင် ဒါ ဦးအေးမင်းကတော်ပဲ" ဟု မိတ်ဆက်၍ ပေးလိုက်ကာ ဆင်ဝင်အောက်တွင် ခေါက်ကုလားထိုင်များကို ပြန်၍ခင်းပေးလိုက်ပြီး နှစ်ယောက်သား စကားလက်ဆုံကျနေစေ၍ ၎င်းတွင်မူ အိပ်ရန်အခန်းကို ရှေးဦးစွာ တွင်တွင်ကြီး သုတ်ခြေ





တင်၍ ဆေးကြောရှင်းလင်း သုတ်သင်နေလေ၏။

ဦးဘမောင်နှင့် စကားပြောနေရာမှ မိမိအား "ကျွန်မတို့လဲ့ထားပါတယ် . . . လဲ့ပြီးသားပါ"ဟု တစ်ချက်တစ်ချက် လှမ်း၍ပြောသဖြင့် ဒေါ်နှင်းအေးလည်း အားနာသောအသွင်ကျေးဇူးတင်သော အမူအယာ မျက်နှာထားမျိုးပြလျက် "ဟုတ်ကဲ့ ဟုတ်ကဲ့" ဟု ပြန်ပြောရင်း ရှင်းမြဲရှင်း၍ နေလေ၏။

"မောင်ဖိုးနီ . . . မင်းက အိုးတွေခွက်တွေထုတ်၊ ဆန်တို့ ဆီတို့ ငါးခြောက်တို့ကိုယူ၊ ဟိုနောက်ဖေးက တန်းလျားမှာ ထမင်းသွားချက်တော့ တစ်ဖိုက ရေနွေးအိုးတည်ထားပါ"

"မြမေ ဟိုထောင့်မှာ စုထားတဲ့ အမှိုက်ပုံကြီးကို ကျုံးပြီး ဝင်းထရံဟိုတစ်ဖက်မှာ သွားပစ် . . . ပစ္စည်းတွေ စုပုံထားရတဲ့ နေရာက ရေဖတ်မတိုက်ရသေးဘူး။ ပြီးတော့ သံပုံးထဲက ရှိလက်စ ရေကလေးနဲ့ တိုက်လိုက်"

"မောင်မောင်ရေ . . . မင်းဖေဖေ ရေချိုးပြီး လဲဖို့ အဝတ်အစားတွေ ထုတ်ထား၊ မင်းလည်း ခေါက်ကုတင်တွေ ဆင်ပြီးရင် ရေချိုးတော့"

တစ်ယောက်စီ တစ်ယောက်စီ လှမ်း၍ နှုတ်ကလည်း စီမံခန့်ခွဲလျက် လက်ကလည်း ပန်းကန်သေတ္တာများကို ဖွင့်၍ ရှင်းလင်းနေပြီးလျှင် ခေါက်စားပွဲတွင် ညစာစားရန် ပြင်ဆင်ပြီးနောက် သားဖြစ်သူ ဆင်ထားသောကုတင်ဆီသို့ သွား၍ အိပ်ရာများ ပြင်ဆင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီ သုံးနာရီအတွင်း အောက်ထပ်မှာ နေသားတကျဖြစ်သွားလေ၏။ ခရီးရောက်မဆိုက် ခေတ္တ တစ်နေ့တစ်ညနေနိုင်ထိုင်နိုင်ရန် အချိန်လု၍ အပြေးအလွှား စီမံခန့်ခွဲပြင်ဆင်လုပ်ကိုင်နေရသဖြင့် ဒေါ်နှင်းအေးတွင် ချွေးတလုံးလုံးနှင့်ဖြစ်၍နေ၏။

အိပ်ရာများကို ခင်းကျင်းပြီးနောက် အပြင်ဘက်တွင် မိမိခင်ပွန်းနှင့် စကားလက်ဆုံကျတုန်းရှိသော ထိုမင်းကတော်အား "တော်တော်လည်း စကားပြောနိုင်တဲ့မိန်းမပဲ . . . နေစောင်းနေပြီ . . ." ဟု စိတ်ထဲတွင် အောက်မေ့လျက် အပြင်သို့ထွက်လာကာ ဗန်းငယ်ကလေးတစ်ချပ်ထုတ်၍ မတ်ခွက်နှစ်လုံးဆေးကြောပြီးလျှင် ဇီးဖျော်ရည်များ ဖျော်ထည့်လိုက်ပြီးနောက် ၎င်းတို့ စကားပြောနေရာသို့ မြမေအား သွား၍ပို့ခိုင်းလိုက်လေ၏။

"ဩော် . . . နေရာရှာလို့ ပြောင်းတုန်းရွှေ့တုန်းမှာ ဒုက္ခများလိုက်တာ ထမင်းညစာမချက်ပါနဲ့ဦး။ ဒီတစ်ည အိမ်ကပဲချက်ပါ့မယ် ဝန်ထောက်မင်းရယ်"

"သောက်ပါ သောက်ပါ . . . အင်မတန် ခံတွင်းရှင်းပါတယ်။ ထမင်းချက်နေပြီထင်ပါရဲ့ . . . မနှင်းအေးရေ . . မနှင်းအေး . . . မင်းကတော်က ထမင်းမချက်ပါနဲ့တဲ့ကွဲ့" ဟု ဦးဘမောင်က လှမ်း၍ပြောလိုက်သော်လည်း . . .

"အို . . . နေပါစေ၊ ချက်ခိုင်းထားပါပြီ၊ နေပါစေ"ဟု ဒေါ်နှင်းအေး၏အသံသာ ထွက်လာပြီးလျှင် လူကား ထွက်မလာသေးချေ။

"ဝန်ထောက်မင်းက ရုံးပြန်နောက်ကျတယ်နော်" ဟု ဦးဘမောင်က မေးလိုက်ရာ . . .

"ဟုတ်တယ်လေ . . . တစ်ခါတလေလည်း ဂျပန်တွေနဲ့ မြင်းစီးသွားနေလို့ နောက်ကျတတ်ပါတယ်။ လာချိန်တန်ပါပြီ" ဟု ပြန်ပြောလေ၏။

"အင်း . . . မင်းကတော် ခုနက ပြောသလိုဆိုရင်တော့ အခုနေအခါ လူတွေလည်း အရင်လိုမဟုတ်တော့ဘူး၊ လောဘတိုက်နေကြပြီး ဒီလောက်ပဲ စားကုန်သောက်ကုန် ဈေးကြီးသလား မင်းကတော်ရယ် . . ."

"အဲဒါ ဈေးနှုန်းကန့်သတ်ထားလို့ ဝန်ထောက်မင်းရဲ့၊ လူတွေကလည်း ဂျပန်စစ်တပ်သာ ကဲထရိုက်သွင်းချင်တာပဲ။ ကန့်သတ်တဲ့ဈေးနဲ့ မရောင်းပါဘူး။ ဝှက်ပြီးရောင်းတော့ မတန်အတန် ပေးဝယ်ရတယ်၊ ရတဲ့ လခကလည်း ဆီတစ်ပုံးဖိုးတောင် မရှိတော့ အိတ်ထဲက စိုက်နေရတာပါပဲ။ တစ်လနဲ့တစ်လဟာ . . ." "ဟော . . . မင်းကတော်တောင် ရေချိုးပြီးပါရောလား . . . ဘယ်မှာသွားချိုးလိုက်သလဲ၊ အပေါ်ထပ်တက်ချိုးရောပေါ့"

"နေပါစေ . . . မြမေနဲ့ ဆွဲခိုင်းပြီး ချိုးလိုက်ပါတယ်" ဟု ဒေါ်နှင်းအေးက ပြန်ပြောပြီး ဦးဘမောင်ဘက်သို့လှည့်၍







www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ရှင် ရေသွားချိုးတော့လေ" ဟု ဆိုကာ ဦးဘမောင် အထတွင် ဦးဘမောင်၏နေရာတွင် ဝင်၍ တစ်လှည့် ဧည့်ခံရလေ၏။

အပေါ်ထပ်မှာ လူတော်တော်များပါသလား မင်းကတော်"

"မများပါဘူး . . . ကျွန်မတို့ သားအဖသုံးယောက်ရယ် . . . ခိုင်းတဲ့ကောင်မလေးနှစ်ယောက်ရယ်၊ ဒါပါပဲ"

"ဩော် . . . သားသမီးရှိတယ်နော်"

"သမီးပျိုကလေး ရှိပါတယ်၊ မင်းကတော်သားရော ကျောင်းမထားခဲ့ဘူးလား"

"ကောလိပ်တော့ ဖွင့်နေပါတယ်၊ ဒါပေမဲ့ သားအဖေက ကာလဆိုးကြီးထဲမှာ သားကို မထားခဲ့ချင်လို့ ခေါ်လာပါတယ်"

"ဒီလိုပါပဲ . . . မြမြလည်း မိန်းကလေးပဲဆိုပြီး ဆက်မထားပါဘူး။ ခေတ်က ပညာသင်ဖို့မပြောနဲ့ နေဖို့ထိုင်ဖို့တောင် အတော်ဆိုးတဲ့ခေတ်။ အလုပ်လုပ်ရတာလည်း မင်းကတော်ရဲ့ မာစတာချည်းပဲ။ အထက်ကတစ်မျိုး သခင်ကတစ်မျိုး၊ ဓားမကတစ်မျိုး ဂျပန်ကတစ်မျိုး၊ ဘယ်သူ့ဘယ်သူ ရှိခိုးရမှန်းတောင် မသိဘူး။ ဝန်ထောက်ရယ်လို့သာဆိုတယ်၊ ဘာဩဇာမှလည်း မရှိဘူး။ ဘာပါဝါမှလည်း မရှိပါဘူး။ အခိုင်းအစေ အစေခံပြာတာကစပြီး မနာခံချင်ဘူး၊ ဘုရားမထူးချင်ဘူး။ ဒါကြောင့် ပြောလိုက်ရတယ်။ ဟဲ့ . . မနေ့တစ်နေ့ကဖြစ်တဲ့ လက်သစ်





ဝန်ထောက်မဟုတ်ဘူးနော်။ တို့ကို မင်းတုမင်းရောင်တွေလို့ မမှတ်နဲ့လို့ ပြောရတယ်။ ခရိုင်ဝန်ဆိုတာလည်း မင်းကတော်မို့ ပြောရဦးမယ်။ မနေ့တစ်နေ့ကမှ ခရိုင်ဝန်တက်လုပ်တာလား၊ အလုပ်ကို ဘယ်လိုလုပ်ရမှန်း နည်းနည်းမှ နားမလည်ဘူး။ ကိုအေးတို့က ကူညီသင်ပေးနေရတယ်။ ခရိုင်ဝန်ကတော်ကို မင်းကတော်တွေ့ရပါလိမ့်မယ်။ ငါးစိမ်းသည်ပါပဲ။ အဲပေါင်အာရင်းက သန့်ပါဘိနဲ့။ မာနကြီးနေလိုက်တာ မျက်စိကို မပွင့်ပါဘူး။ ဝတ်စားထားလိုက်တာကလည်း လုပ်သင့်လုပ်ထိုက်တာတွေ အကုန်လုပ်တော့တာပါပဲ။ ဥဩဖရားရော။ ကျောက်နီရော၊ ကျောက်စိမ်းရော၊ ရွှေရော ပြွတ်သီးနေတာပဲ မင်းကတော်ရဲ့ . . .၊ ဒါကြောင့်မို့ မြမြကိုပြောရတယ်။ ငါ့သမီးစိန်တွေကို ချွတ်ထား၊ မဝတ်နဲ့။ သူတို့လိုပဲ ဥဩဖရား ထင်နေမယ်လို့ ပြောရတယ်။ အရပ်ကလည်း ကောင်းတဲ့အရပ်မဟုတ်ဘူး။ မျက်ခမ်းစပ်တွေနဲ့။ ပြောရဆိုရ ဆက်ဆံသွယ်ရတာလည်း စိတ်ညစ်စရာကြီးပဲ မင်းကတော်ရဲ့ . . . တစ်နေ့ကလည်း ဈေးထဲမှာ မင်းမှန်း စိုးမှန်း မသိ။ ရိုင်းရိုင်းစိုင်းစိုင်းပြောလို့ ကျောင်းမှန်းကန်မှန်းသိရအောင် နန်းမတော်မယ်နှလို မင်းကတော်အစားထဲက မထင်နဲ့လို့ ပြောခဲ့ရသေးတယ်။ မကောင်းဘူး မင်းကတော်။ ရှေးကလို မဟုတ်ဘူး မင်းကတော်ရဲ့။ သုံးပန်းလှ မင်းကတော်တွေနဲ့ ပေါင်းရ သင်းရတာ ဘယ်လိုများ ဝွကျမှန်းမသိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ခရားမှ ရေလွှတ်သကဲ့သို့ တတွတ်တွတ် ပြော၍အဆုံးတွင် ဒေါ်နှင်းအေးက ဖန်ခွက်ကို လက်ညှိုးညွှန်ပြလိုက်ကာ "သောက်လိုက်ပါဦး မင်းကတော်" ဟု ဆိုလေ၏။

အသက် ၅၀ ခန့်ရှိ ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက် ဝင်းထဲသို့ ဝင်လာသည်ကို မြင်၍ သောက်နေသည့် ဖန်ခွက်ကိုလက်ထဲကချပြီး "ကိုအေးရေ . . . ဝန်ထောက်မင်းတို့ ရောက်နေကြပြီ" ဟု လှမ်း၍အော်လိုက်လေ၏။

"ဩော် . . . မျှော်လိုက်ရတာ မင်းကတော်၊ ဟဲ ဟဲဝမ်းသာပါတယ်၊ ဦးဘမောင်ရောခင်ဗျာ"

မျက်ထောက်ကြီးနီ၍ တစ်ခွန်းနှင့်တစ်ခွန်း လေမဆက်ဘဲ ခေါင်းကို ရှေ့တိုးနောက်ငင်လုပ်ကာ အရက်သမားမျက်စိမျိုးနှင့်ကြည့်၍ ပြောနေခြင်းကို ဒေါ်နှင်းအေးက "ရေချိုးနေပါတယ် ဝန်ထောက်မင်း . . . ထိုင်ပါ ထိုင်ပါ" ဟု မိမိကုလားထိုင်ကို ထိုး၍ပေးလိုက်လေ၏။

"အို . . . ထိုင်ပါ ထိုင်ပါ၊ ကျွန်တော် တစ်နေ့လုံးထိုင်ရလို့ ညောင်းပါတယ်၊ မလှမေ . . . မင်းကတော်တို့ကိုဘာလေးညာလေး ကျွေးပြီးပြီလား၊ ထမင်းလည်း ကျွေးပါ၊ ထမင်းကျွေးဖို့ မင်း စီမံပါ။ မင်းကတော် . . . ကျွန်တော့်မိန်းမကစကားသာပြောတတ်တယ်၊ ဧည့်သည် ဧည့်ဝတ်တော့ နားမလည်ဘူးဗျ"

"အို . . . ကိုအေးကလည်း ဘာတွေ လျှောက်ပြောနေ



ပါလိမ့်မလဲ၊ ဒီလိုပဲ မင်းကတော် . . . ဂျပန်တွေက အတင်းတိုက်လိုက်ပြန်ပြီထင်တယ်။ မသောက်ဘူးတော့ အူရိုင်းနေတယ်ဟု ဒေါ်နှင်းအေးကို ဟှာဟှာသလဲ ပြောလိုက်ပြီးနောက် "ကိုအေးကလည်း ဧည့်သည်ရှိတယ်လေ" ဟု လင်အား စိုးရိမ်ကြောင့်ကြဟန်နှင့် ဒေါ်လှမေမှာ မျက်စိမျက်နှာပျက်၍ နေလေ၏။ မိမိအား အားနာနေကြောင်း သိရသဖြင့် ဒေါ်နှင်းအေးက "ကိစ္စမရှိပါဘူး။ တခြားလူတွေမှ မဟုတ်ဘဲ။ ကျွန်မ နားလည်ပါတယ်မင်းကတော်" ဟု များစွာ အရေးမကြီးလှသည့်ဟန်ဖြင့် ပြန်၍ပြောလိုက်ရလေ၏။ ဤသို့ပင် ပြောလိုက်ရစေကာမူ ဦးအေးမှာအရှိန်မရပ်နိုင်သေးဘဲ . . .

"အူရိုင်းတယ် . . . အမယ် . . ဟော့ . . ကျုပ်ကိုလား အူရိုင်းတယ်ပြောတာ၊ ကိုယ့်လင် တစ်သက်လုံးသောက်လာတာ အဆန်းလားကွ။ မင်းကတော် ကျွန်တော်အများကြီးအားနာပါတယ်။ ဒီမိန်းမ အရှက်အများကြီးခွဲတယ်၊ မဟုတ်တာ အင်မတန်ပြောတယ်။ ကျွန်တော် အရက်သောက်ပေမယ့်သူလို မဟုတ်တာတော့ မပြောဘူးဟု အာလုပ်သံ လျှာလုပ်သံကြီးနှင့် ယိုင်တိယိုင်တိုင် ဖြစ်နေပြန်ရာ ဒေါ်နှင်းအေးတွင် လင်မယားနှစ်ယောက် ဖြစ်နေပုံကို ကြည့်၍ နားမျက်စိရှက်လာသောကြောင့် "ကိုဘမောင် ကိုဘမောင်" ဟု လှမ်းခေါ်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘမောင်ထွက်၍လာပြီး ဦးအေးအား လက်ဆွဲနှုတ်ဆက်ကာ လွတ်နေသောကုလားထိုင်များကို ဝင်၍ထိုင်ကြမှ မိန်းမသားနှစ်ဦးမှာ စိတ်သက်သာရာ ရ၍သွားကြလေ၏။

× × ×

ညစာစားကြစဉ်တွင် ဦးဘမောင်က ဦးအေးသည် အရက်သောက်တတ်သော်လည်း စိတ်သဘောကောင်း၍ လူဝတ္တရား အင်မတန်သိသူတစ်ယောက်ဖြစ်သည်ဟု ပြောပြနေလေ၏။

ဒေါ်နှင်းအေးသည် ဦးဘမောင်၏မိန်းမအကြောင်းကို တစ်ခွန်းတစ်ပါဒမျှ ထင်မြင်ချက် ဝင်၍မပေးဘဲ လင်ပြောသည့်စကားများကိုသာ အလိုက်သင့် ပြောကြားနားထောင်ပြီး နေလေ၏။

ထိုအတွင်း လှေကားမှ "ဘလပ် ဘလပ်" နှင့် ဆင်းလာသောအသံကို ကြားကြ၍ အားလုံး လှမ်း၍ကြည့်လိုက်ကြ၏။

အထဲမှ အတွင်းခံ ဇာဘော်လီကို လက်သုံးလုံးလောက် ဖော်ပြထားသည့် အင်္ကျီတို ကိုယ်ကျပ်နှင့် ထမီတိုတိုဝတ်ထားသော မိန်းကလေးတစ်ယောက်ကို မြင်ကြရလေ၏။ အသက်အရွယ်မှာ ၁၆ နှစ် ၁၇ နှစ်ခန့်လောက် ရှိလေ၏။ ခေါင်းက ဆံပင်များမှာ အဖုအလိပ်အတွန့်အကောက်တွေဖြင့် အမောက်





ကြီးလုပ်ထားသဖြင့် ရုတ်တရက်ကြည့်သော် ဆံပင်နှင့်မတူဘဲ ဦးထုပ်ကို ဆောင်းထားသည်နှင့်တူလေ၏။ မျက်နှာတစ်ပြင်လုံး ဖွေး၍ နှုတ်ခမ်းရဲရဲနှင့် မျက်ခုံးကို အလိုရှိသလို ခဲနှင့် ကောက်ကောက်ဆွဲထားလေ၏။

ထမင်းစားနေကြသည်ကိုမြင်လျက်နှင့် ကိုယ်ရှိန်မသတ်ဘဲ ဘလပ် ဘလပ်နှင့် ဆင်းခဲ့၍ အောက်ဆုံးအထစ်သို့ ရောက်သောအခါမှ "အန်တီတို့ ထမင်းစားနေပြီကိုး" ဟု ဒေါ်နှင်းအေးအား လှမ်း၍ နှုတ်ဆက်လေ၏။

"ထမင်းစားပါဦးကွယ်" ဟု ဒေါ်နှင်းအေးက လှမ်း၍ ပြောလိုက်ရာ ထမင်းဝိုင်းနားတွင်လာရပ်လျက် "မြမြတို့ မိုးချုပ်မှ စားပါ့မယ်၊ အခုမှ လက်ဖက်ရည်သောက်ကြပါတယ်။ အန်တီတို့ အလကားချက်စားတယ်၊ ဖေဖေက အပေါ်မှာ မေမေ့ကို တဗျစ်တောက်တောက်နဲ့ ပြောနေတယ်"

"ဝန်မလေးပါဘူး မြမြရယ် . . . ဒေါ်ဒေါ်တို့ အရံသင့်ပါလာပါတယ်" ဟု ဒေါ်နှင်းအေးက ပြောရလေ၏။

"အန်တီတို့ လူသိပ်မများပါဘူး"

"အင်း . . . မြင်တဲ့အတိုင်းပဲ . . . ဒေါ်ဒေါ်တို့ သားအမိသားအဖသုံးယောက်ရယ်၊ ခိုင်းတဲ့ လင်မယားရယ်၊ ဒါပါပဲ"

မြမြသည် မောင်မောင့်ကို မျက်ထောင့်ကလေးကပ်လျက် ကြည့်လိုက်လေ၏။ မောင်မောင်က ငုံ့၍စားနေသဖြင့် မမြင်ပေ။ ဒေါ်နှင်းအေးသာ မြင်လေ၏။ ထမင်းစားပွဲနားတွင်



www.burmeseclassic.com

www.burmeseclassic.com



လာရပ်စကားပြောနေခြင်းအတွက် သားဖြစ်သူ အစားခက်လိမ့်မည်ကို တွေးမိလေ၏။ မောမောပန်းပန်းနှင့် ဝဝ မြိန်မြိန် စားပါစေတော့ဟု ထမင်းကို ကပျာကယာ လက်စသတ်ကာ စားပွဲမှ ထ၍ မြမြအား အိမ်ရှေ့သို့ခေါ်ရလေ၏။

"အန်တီ . . . ကန်မှာ လေညှင်းခံရအောင် လာပါ" ဟု မြမြသည် ပြောပြောဆိုဆို အပြင်သို့ ထွက်နှင့်သဖြင့် ဒေါ်နှင်းအေးလည်း ၄င်းနှင့်အတူ ကန်ဘောင်ရိုးသို့ ထွက်ခဲ့ရလေ၏။

နေဝင်ရီတရော အချိန်ကလေးဖြစ်လေရာ ပုပ္ပါးတောင်ရိုးထစ်ခွင်မှ မြူခိုးတွေညို၍နေလေ၏။ သပ္ပါယ်စွာတည်ရှိသော ကန်လည်မှ စေတီတော်ဆီသို့ လှေငယ်ကလေးတစ်စီး ဦးတိုက်လှော်ခတ်၍နေ၏။ ဒေါ်နှင်းအေးသည် စေတီအားလည်းကောင်း၊ အဝှမ်းကျယ်သော ကန်ကြီးအားလည်းကောင်း၊ ခပ်လှမ်းလှမ်းမှ မြင့်မားထိုးထွက်နေသည့် တောင်ရိုး တောင်ဆွယ် တောင်တန်းကြီးအားလည်းကောင်း ရပ်တန့်ကာ လှမ်းမျှော်ကြည့်ရင်း စိတ်နှလုံး မွေ့လျော်နေခြင်းကြောင့် စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ငူးစိုက်၍ကြည့်နေမိလေ၏။

"ကန်ကြီးက သိပ်လမ်းလျှောက်လို့ ကောင်းတယ် အန်တီရဲ့ . . . မြမြတို့တော့ ညနေတိုင်း လမ်းလျှောက်တာပဲ။ ဒီဘက်မှာ မြို့ထဲလောက် ဖုန်မထူဘူးအန်တီ"

"ဂျာဒူးကုလား ငှားလို့ရရဲ့လား မြမြ"

"မရပါဘူး . . . ရှိလား မရှိလား မသိပါဘူး"





"နွားနို့ရော စစ်စစ်ရမှာပေါ့နော်"

"ရပါတယ် . . . မြတို့တော့ ဂျပန်ဆီက သကြားရမှ ကာဖီသောက်တာပဲ။ နို့ပဲ သောက်ကြတာပဲ"

"ဂျပန်တွေ အိမ်မှာ အရက်လာမသောက်ဘူးလား"

"တစ်ခါတလေ လာသောက်ပါတယ်၊ ဆူနေတာပဲ"

ဒေါ်နှင်းအေးသည် အရက်သမားနှင့်တွဲနေရမည်ကို စိတ်မသက်မသာဖြစ်၍သွားလေ၏။ သားအမိ အသားအဖ သုံးယောက်တို့၏ အကျင့်အမူအရာ စိတ်နေသဘောထားတို့ကို တွေးတောဆင်ခြင်၍ ကန်ဘောင်တွင် ငြိမ်သက်စွာ ရပ်လျက်နေမိလေ၏။

"ဟော . . . ကိုကိုနဲ့ ဦးတို့ လိုက်လာပြီ" ဟု မြမြက ပြောလိုက်လေ၏။

"ဦးဘမောင်က ဒေါ်နှင်းအေးအား ကန်ကို သဘောမကျဘူးလား" ဟု မေးလိုက်သဖြင့် ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

မောင်မောင်သည် မိဘများနားသို့ ကပ်မလာဘဲ ခပ်လှမ်းလှမ်း၌ရပ်ကာ ရေကသိုင်းရှု၍ နေ၏။

ထိုအခိုက် မြမြသည် ကန်စပ်သို့ ပြေးဆင်းသွားကာ ကျောက်စရစ်ခဲကလေးကို ကောက်၍ ကန်ဘောင်ပေါ်သို့ ပြေးတက်လာပြီးနောက် ရေလယ်လို့ လှမ်း၍ပစ်လိုက် ပြေးဆင်းကာ ကောက်လိုက် ပစ်လိုက်နှင့် လုပ်၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်သက်သက် အများနည်းတူ ရပ်၍မနေဘဲ မောင်မောင် ခပ်လှုမ်းလှုမ်းမှနေခြင်းကို မရိုးမရွဖြစ်ဘိသကဲ့သို့ မမြင်မြင်အောင် လှုပ်လှုပ်ရှားရှားဖြင့် အိန္ဒြေအိန္ဒြာမဲ့၍နေခြင်းကို မြမြအား သမီးချင်းစာနာကာ သနား၍သွားလေ၏။

မိမိတွင် သားယောကျ်ားဖြစ်သော်လည်း အစစအရာရာ စံနစ်တကျ စည်းကမ်းညွှန်ပြ၍ ပိပိပြားပြား သေသေဝပ်ဝပ်ဖြစ်စေခဲ့၍ ယခုလို သမီးအရွယ် မိန်းကလေးတစ်ဦး၏ ချို့ယွင်းချက်များကို တွေ့မြင်ရသောအခါ၌ကား မိမိသားနှင့်စာနာနှိုင်းယှဉ်ကာ မိန်းကလေးအတွက် သနားသွားခြင်းပင် ဖြစ်လေ၏။

ခရီးရောက်မဆိုက် ညဉ့် အိပ်မပျော်၍ ယနေ့ တွေ့သမျှ မြင်သမျှတို့ကို မှတ်တမ်းတင်ပြီး ၎င်းတို့သားအမိ သားအဖ အတွက် ဒေါ်နှင်းအေးလည်း စိတ်မောမိလေ၏။

နံနက်တွင် ခင်ပွန်းသည်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပြီး၍ ရုံးတက်သွားမှပင် နံနက်စာစား၍ အကြမ်း ရှင်းလင်း သုတ်သင်ထားသောအိမ်ကို အချောပြင်ပြန်လေ၏။ ပင့်ကူမျှင် ကြပ်ခိုး တစိုးတစိမှ မကျန်အောင် အမိုးအထပ်ကို သုတ်သင် ရှင်းလင်းလေ၏။ အတွင်းနံရံများကိုလည်း ရေဖတ်နှင့် အထပ်ထပ်တိုက်၍ ချေးချွတ်ပစ်လေသည်။ တံခါးဘောင် တံခါးရွက် ဟိုထောင့် ဒီထောင့် နောက်ဖေးခန်းမှမချန် တစ်အိမ်လုံး နံ့နံ့စပ်စပ် အားရအောင် ဆေးကြောသုတ်သင်ပစ်ပြီးနောက် ပါလာ





သော စားပွဲ ကုလားထိုင်ကလေးများကို ဖုန်သုတ်ကာ အရောင် တင်လိုက်လေ၏။

ဧည့်ခန်း၊ ထမင်းစားခန်း၊ ရုံးခန်းတို့ကို နေရာတကျ မွမ်းမံ ပြင်ဆင်ပြီးနောက် ပန်းချီကားကို ဧည့်ခန်းတွင် ချိတ်ရန် မောင်နီအား လက်သမားကိုရိယာသေတ္တာကို ယူခဲ့ရန် ပြော၍ မောင်မောင်ကို ကားများထုတ်ပေးလေ၏။ မောင်မောင်သည် ကားများကို ကိုင်လျက် နံရံအနီး ကုလားထိုင်ပေါ်တွင် ရပ်ကာ စောင့်၍နေ၏။

တအောင့်လောက်ကြာမှ မောင်နီက သေတ္တာပါမလာပါဘူးမမ ကျန်ရစ်ခဲ့ပါတယ်ဟု လာပြောသဖြင့် "မင်းတို့ ဂရု မစိုက်ဘူး၊ အိမ်ပြောင်း အိမ်ရွှေ့မှာ ဒါ အမြဲယူရမှန်းသိလျက်နဲ့ ပေါ့ဆတယ်" ဟု မြည်တွန်တောက်တီးနေရင်းက သံ ဘယ်နေရာတွင် ပါလာနိုင်သေးသည်ကို စဉ်းစား၍နေလေ၏။

အခန်းထဲသို့ဝင်သွားပြီး အံဆွဲ ဆွဲလိုက်၊ သေတ္တာဖွင့်လိုက်နှင့် မကြာမီ ဒေါ်နှင်းအေးလက်ထဲတွင် သံလေးငါးချောင်း ဆုပ်၍ ထွက်လာလေ၏။

"တူမရှိတာ ခက်တယ်၊ ဒီပြင်ဟာနဲ့ ရိုက်ရင် ကောက် ကွေးသွားမှာစိုးရတယ်၊ မြမေ အပေါ်သွားစမ်း . . . တူကလေး" ဆိုပြီးမှ သတိတဖန်ရသလိုဖြင့် "နေ . . နေ . . ငါသွားမယ်" ဟု ပြောကာ ဒေါ်နှင်းအေးသည် ကိုယ်တိုင်ပင် အပေါ်ထပ်သို့ တက်၍သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လှေကားထိပ်တွင် တံခါးပေါက်ပွင့်နေသဖြင့် ဆင်ဝင်ဧည့်ခန်းကို မြင်လိုက်ရသောအခါတွင် ဒေါ်နှင်းအေးလည်း နှစ်မိနစ်ခန့် ငြိမ်သက်ရပ်တန့်၍ သွားလေ၏။

ဧည့်ခန်းတွင် သစ်သားလက်ရမ်း ကြိမ်ထိုးကုလားထိုင်လေးလုံး ဝိုင်း၍ချထား၏။ အလယ်တွင် စားပွဲကလေးတစ်ခုရှိလေ၏။ စားပွဲကိုခင်းထားသော စားပွဲခင်းမှာ မည်သည့်အရောင်အဆင်းဖြစ်သည်ကို မခန့်မှန်းနိုင်အောင် ရှိချေ၏။ ယောကျ်ားဝတ်ချည်လုံချည် တစ်ကွင်းကို ကုလားထိုင်လက်ရမ်းပေါ်တွင် တင်၍ထား၏။ ဆေးပြာလက်တစ်လုံးထဲ၌ ဆေးလိပ်တိုပေါင်း မြောက်မြားစွာ မြုပ်၍နေသော ဆေးလိပ်ပြာပန်းကန်မှာ စားပွဲပေါ်တွင် အပေါ်လွှင်ဆုံးဖြစ်၏။ ဖုန်များကို ခြေဖဝါးနှင့် အထပ်ထပ် ပွတ်ထားသဖြင့် ကြမ်းပေါ်တွင် ဖုံများ သိပ်လျက်နေရာ လှျာထိုးပျဉ်များပင် ရုတ်တရက် မမြင်ရပေ။ လက်ဖက်ရည်ကြမ်းအိုး လက်ဖက်ရည်ပန်းကန်လုံးများမှာ စားပွဲနှင့်ထာဝစဉ် မခွဲသကဲ့သို့ အချို့ပန်းကန်လုံးများမှာ လက်ဖက်ရည်ဂျိုးကပ်ကာ ဝါကျင့်၍နေ၏။ စိုလိုက်ရ ခြောက်လိုက်ရနှင့်ပင် စားပွဲ၌ အမြဲထာဝစဉ်နေရသည့် ပုံပန်းအသွင်ကို ဆောင်လျက်ရှိကြ၏။ ထိုအတွင်း လေတိုက်လိုက်သဖြင့် တမာရွက်ခြောက်တို့မှာ ကြမ်းပြင်ပေါ်တွင် အလိုက်သင့် လွင့်ခါ ရှရစ် ရှရစ်အသံထွက်လျက်ရှိ၏။ ပွတ်ခြင်း တိုက်ခြင်းမရှိ၍ ဖုံအလိမ်းလိမ်းနှင့် ညိုညစ်မဲပေနေသော စားပွဲ ကုလားထိုင်များအနီး၌





အရောင်အဆင်းကင်းမဲ့သော အပ်ချုပ်စက်တစ်လုံးရှိ၏။ စက်ပေါ်တွင် သရက်ယည်ထမီဟောင်းများ ပုံ၍တင်ထား၏။ ချည်စ၊ ထမီစ၊ အထက်ဆင်အနက်ကိုက်စတို့မှာလည်း တမာရွက်ခြောက်များကဲ့သို့ ကြမ်းပေါ်တွင် ကစင့်ကရဲ လွင့်လျက်နေ၏။

ဒေါ်နှင်းအေးသည် တွေ၍ရပ်နေရာမှ မည်သည့်အသံမျှ မကြား၍ အတွင်းသို့ နှစ်လှမ်းသုံးလှမ်း လျှောက်ဝင်လာခဲ့လေ၏။

အပေါ်တွင် အိပ်ခန်းနှစ်ခန်းရှိ၏။ ဆင်ဝင်ဧည့်ခန်းနှင့် အိပ်ခန်းတို့ကြားတွင် အဆောင်တစ်ခုရှိရာ ထိုအဆောင်တွင် ဘုရားစင်ကို တွေ့ရသဖြင့် ကြက်သီးမွေးညင်းများပင် ထ၍သွား၏။

စားပွဲခုံကြီးပေါ်တွင် ကျောက်ဆင်းတုတစ်ဆူ တင်၍ထားပြီး ဆင်းတုဘုရားရှေ့တွင် ဖန်ခွက်သုံးလုံး၊ ဟင်းအစအနနှင့် ဆွမ်းကပ်ထားသည့် ဆွမ်းတော်ပန်းကန်တစ်ချပ် တွေ့ရလေ၏။ ဆွမ်းတော်ပွဲကို ဘေးပြတင်းပေါက်မှ စာကလေးတွေတရုံးရုံးဝင်၍ ထိုးနှိုက်စားနေကြသောကြောင့် ထမင်းလုံးများစားပွဲပေါ်တွင် ဖွေးဖွေးလှုပ်၍နေ၏။

မိန်းမ လေးယောက်ရှိသောအိမ်၌ ဤမျှ စုတ်ပဲ့ကြရမည်လားဟု ဘုရားစင်ကိုကြည့်လိုက်ရာမှ ဒေါသများပင် ထွက်လာလေ၏။ လူတစ်ဦးတစ်ယောက်မျှ မနေသကဲ့သို့ တိတ်ဆိတ်လှခြင်းကြောင့် "ဘယ်မှလည်း သွားကြတာမတွေ့ပါဘူး အထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့” ဟု အောက်မေ့ပြီး ညာဘက်အခန်းဝသို့ ကိုယ်ကို ကုန်း၍ကြည့်လိုက်ရာ ကြမ်းပေါ်တွင် ဖျာတစ်ချပ်ခင်းလျက် ပိုးလိုးပက်လက်အိပ်လျက်ရှိသော ဒေါ်လှမေကို တွေ့ရလေ၏။

အခန်းတွင်း၌ကား အပြင်ထက်ပင် ပို၍ဆိုးလေ၏။ သံကုတင်နှစ်လုံး ပူးတွဲ၍ ခင်းထားပြီးလျှင် ကုတင်ပေါ်တွင် ကျလျက်ရှိသော ခြင်ထောင်ကိုကြည့်ခြင်းအားဖြင့် ခြင်ထောင်ကို တင်သည့်ထုံးစံမရှိခြင်းကို ချက်ချင်း သိနိုင်လေ၏။ ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်တို့ကလည်း အိပ်ရန်ကို မဆိုထားနှင့်၊ မြင်ရုံနှင့်ပင် မသတီစရာ ဟောင်းနွမ်းညစ်ပေလှပေ၏။

ကုတင်ခြေရင်းရှိ ဒေါက်နှင့် သစ်သားတန်းစင်ကလေးပေါ်တွင် ရှပ်အင်္ကျီဟောင်း၊ ယောကျ်ားလုံချည်၊ မိန်းမအင်္ကျီ ဇာဘော်လီ၊ မျက်နှာသုတ်ပဝါတို့ကို တထပ်ပြီးတစ်ထပ် ပြု၍ စုပုံတင်ထားပုံတို့ကို ဒေါ်နှင်းအေးမှာ အော့နှလုံးနာ၍ သွားလေ၏။ ဘယ်ဘက်အခန်းတံခါးမှာ စေ့၍ထားခြင်းကြောင့် ဘာမျှ မတွေ့နိုင်ဘဲ စိတ်သက်သာရာ ရသွားရလေ၏။

အသံပြုရ ကောင်း၊ မကောင်း စဉ်းစားပြီးမှ စားသောက်ပြီးကြ၍ ကျောခင်းနေကြခြင်းကို မနှိုးလို၍ အောက်ထပ်သို့ ပြန်၍ဆင်းခဲ့လေ၏။

ထိုနေ့ ထိုရက်မှစ၍ တစ်အိမ်တည်း အတူနေကြသော်လည်း ဒေါ်နှင်းအေးမှာ ၎င်းတို့နှင့် စကြာဝဠာတံတိုင်းခြား၍





နေလေ၏။ မိမိနှင့် အစစ ဆန့်ကျင်ဘက်ကြီးဖြစ်၍နေသည်ကို တစ်နေ့ထက်တစ်နေ့ ပို၍ သိသာလာလေ၏။

သမီးလုပ်သူကိုမှ နည်းပေးညွှန်ပြ ဆိုဆုံးမရန် သိတတ်သူမဟုတ်၍ ၎င်းတို့၏ အစေခံတို့မှာကား ပြောဖွယ်ရာမရှိ။ အောက် မီးဖိုထဲတွင် ပြောင်းဆန်၍နေကြ၏။

“အစ်မရဲ့ . . . မီးဖိုပြင်ဘက်ရင်လည်း ထွက်ချက်မှပဲ။ ဖိုခွဲထားပေမယ့် ဒီဘက်လှည့်လုပ်နေတုန်း ဖိုပေါ်တင်ထားတဲ့ ယောင်းမ ယူသွားလိုက်၊ ဖွန်းဆွဲသွားလိုက်နဲ့၊ ယူကိုင်ပြီးကိုင်တဲ့နေရာမှာလည်း မထားဘူး။ မီးဖိုထဲလဲ ဘယ်တော့မှ မလှဲကြဘူး။ ကျွန်တော်ပဲ ဒိုင်ခံလှဲရတာပဲ။ ဘယ်လိုညစ်ပတ်မှန်း မသိဘူးဟု မောင်နီ ခဏခဏ ညည်းလှ၍ တစ်နေ့တွင် မီးဖိုသို့ ခေါက်တုန့်ခေါက်ပြန် ကင်းထောက်၍ ကြည့်လေ၏။

ဆီပုလင်း၊ နနွင်းမှုန့်ဘူး၊ ငြုပ်ဆုံ၊ ဓား၊ စဉ့်တီတုံး တို့ကို ဟင်းအိုး ဖိုပေါ်ရောက်သည့်တိုင်အောင် မသိမ်းဘဲ မီးဖိုထဲတွင်ပင် ပြန့်ပြန့်ကြဲထားကြလေ၏။

ထမင်းချက်သည့် ကလေးမလေးမှာ ဟင်းအိုး၊ မီးဖိုပေါ်တင်ထားခဲ့ပြီး ခြံထဲသို့ဆင်းလိုက်၊ အပေါ်သို့ တက်လိုက် လုပ်နေသဖြင့် မျက်စိအောက်တွင် အမြင်မတော်ဖြစ်နေရာ . . .

“မောင်နီရယ် . . . ဟင်းအိုးတူးနေပြီ၊ ချပေးလိုက်စမ်းပါ၊ ငါ မြင်ပြင်းကပ်လှတယ်” ဟု ပြောလိုက်ရသောအခါ “ဒီလိုပဲ အစ်မရဲ့ . . . နေ့တိုင်း နေ့တိုင်း သူတို့အလုပ်ဟာပါ အမြင်



www.burmeseclassic.com

www.burmeseclassic.com



မတော်တိုင်း ကျွန်တော်က ကြည့်လျှောက်လုပ်ပေးနေရတာပဲ။ ကျွန်တော်လည်း စိတ်ညစ်ပြီ” စသည်ဖြင့် တတွတ်တွတ် ညည်းညူနေခြင်းကို “ခဏကွယ် . . . ခဏပါ၊ သည်းခံပါ” ဟု ဖျောင်းဖျပေးရလေ၏။

နံနက်ခင်း ညနေခင်း၌တွင် မဟုတ်ဘဲ တစ်နေ့ခင်းလုံးလိုလိုပင် အောက်ထပ်သို့ဆင်း၍ သားအမိနှစ်ယောက် လာလည်နေကြခြင်းကြောင့် အိမ်မှုကိစ္စများကို မလုပ်နိုင်အောင် ဧည့်ခံ၍နေရသဖြင့် ဒင်းတို့ပဲ အားရန်ကောဟု အောင့်အီးသည်းခံ၍ အလိုက်အထိုက်လုပ်နေရလေ၏။

အရည်မရ အဖတ်မရ အကျိုးမဲ့ အချည်းနှီးစကားများသာလျှင် အဖန်တလဲလဲ ကြားနာ၍နေရသဖြင့် ဒေါ်နှင်းအေးသည် အလွန်အငမ်း စက်ဆုပ်လှလျက်နှင့်ပင် ဟန်လုပ်နေရလေ၏။

“ကိုအေး သောက်လိုက်တာဆိုတာ မင်းကတော်တို့အမြင်ပဲ မသင်းဘူး၊ စိတ်ညစ်လွန်းလို့ ကျွန်မဖြင့် ဘာမှမလုပ်ချင်ဘူး။ မင်းကတော်တို့ကတော့ အေးချမ်းတယ်၊ လင်ကောင်းရတယ်၊ ကုသိုလ်ကောင်းတယ်” စသည်ဖြင့် အိမ်ထောင်ကိုဇရပ်သဖွယ် လုပ်နေခြင်းကို လင် အရက်သောက်လို့ဟု လွှဲချကာ ကိုယ့်အပြစ်ကို ဖုံးကာဖိကာ ပြောလေသေး၏။

ဒင်းတို့သားအမိကား ဧည့်သည်လာလျှင် မျှော်၍နေကြ၏။ လာသမျှဧည့်သည် မင်းကတော်များနှင့် အပေါ်ထပ်တွင်





ပူအိုက်သည်ဟု အကြောင်းပြကာ အောက်ထပ်၌ တရုံးရုံးတအုံးအုံး လာလုပ်နေခြင်းကြောင့် မျက်စိရှုပ်လှ၍ အိမ်ပြောင်းပြေးချင်သောစိတ်များပင် အခါခါ ပေါ်ပေါက်မိလေ၏။

ဒင်းတို့နှင့်ရောနှောကာ ဝိုင်းထိုင်၍ စကားမပြောလျှင်လည်း မကောင်း၊ ပြောရမည့် စကားများမှာလည်း မိမိတစ်သက်လုံးက မပြောခဲ့သည့် အတင်းအဖျင်းတို့ကြောင့် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ နားထောင်၍သာ နေရလေ၏။

ယောက်ျား၊ မိဘ၊ လင်သား၊ အပေါင်းအသင်း၊ အရပ်သတင်း၊ အတင်းတို့ကို ဝိုင်းဖွဲ့၍ ပြောလိုက်ကြရာ နေကုန်မှပင် ထကြလေ၏။ ဒင်းတို့ကဲ့သို့ တစ်နေကုန် ထိုင်မနေနိုင်၍ အိမ်၏လုပ်ငန်းဆောင်ဝတ္တတို့ကို ထ၍ လုပ်ကိုင်နေမှပင် နားချမ်းသာရာ ရလေ၏။ ဤသို့ နေ့စဉ်နေ့တိုင်း စိတ်မချမ်းသာစရာတွေ ကြုံတွေ့နေရသည့်ကြားထဲမှာပင် စိတ်ချမ်းသာစရာ အိမ်၏သုခကို လင်နှင့်သားအား တစ်နေ့မပျက် ပေးနိုင်အောင် ပေးလျက်ရှိလေ၏။

ယခုလို ကိုယ့်အိမ် ကိုယ့်အိုးနှင့် မလွတ်မလပ် စိတ်ကျဉ်းကျပ်နေရသည့်အထဲ၌ ဒေါ်နှင်းအေးတွင် စိတ်နှလုံးနောက်ကျိစရာ အမှုတစ်ခု ကြုံတွေ့လာရလေ၏။ မိမိ၏သားနှင့် မြမြတို့မှာ တစ်နေ့ထက်တစ်နေ့ ရင်းနှီးသည်ထက် ရင်းနှီး၍ လမ်းလျှောက်အတူ သွားအတူ စားအတူ ဖြစ်နေပုံကို စိတ်မချမ်းမသာလျက်နှင့် ဘာမှမဖြစ်ဘိသကဲ့သို့ ဟန်ဆောင်၍နေ



www.burmeseclassic.com

www.burmeseclassic.com



ရခြင်းကြောင့် ဖြစ်လေ၏။

ကလေးတို့ဘာဝ ရှေ့နောက် ဘာမှ မစဉ်းစားဘဲ လျှပ်ပေါ်ဘော်ကြော် အစားမျိုးနှင့် မိမိသားဖြစ်ပျက်သွားမည်ကို စိတ်ထဲတွင် မရိုတင်ကဲဖြစ်၍နေ၏။ နေ့ရှိသမျှ ဤပြဿနာကို ပြေပျောက်ဖို့ရန်သာ အကြံထုတ် ဉာဏ်ထုတ်ရလွန်း၍ စိတ်ရှုပ်၍နေ၏။

နေ့နှင့်အမျှ သားစိတ်ကြောင့် မသက်မသာ စိတ်ညစ်၍ နေခဲ့ရာ ယနေ့တွင်မှ သား၏ပြဿနာအတွက် သက်သာရာရရှိနိုင်မည့် လမ်းတစ်ချက်ကို တွေးမြင်လေ၏။ ထိုအကြံအတိုင်း မြမေအား ခေါ်ကာ တစ်စုံတစ်ရာ ဟီးတိုးမှာကြား ပြောဆိုထားလိုက်လေ၏။

"အိပ်ရာကို မတင်ဘူး မေမေရဲ့ . . . ဘာဖြစ်လို့ မတင်ပါလိမ့်လို့ အံ့ဩပြီး ကျွန်တော့်ဟာ ကျွန်တော် တင်ရတယ်။ ကျွန်တော် အိပ်ရာပြင်မှပဲ မပြင်ရင် ဘယ်တော့မှ မပြင်ပေးဘူး။ အခု ဘာဖြစ်နေသလဲ မသိဘူး" စသည်ဖြင့် ဆူသံညံသံကလေးများ ကြားစပြုလာရလေ၏။

"ကြည့်ပါဦးမေမေရဲ့ . . . ကျွန်တော့်အခန်းကလေးထဲ မေမေကြည့်ပါဦး၊ အင်္ကျီဟောင်း လုံချည်ဟောင်းတွေကို မေမေရယ် ထိုးထားလိုက်တာ သေတ္တာနောက်မှာ ကျွန်တော်သွားတွေ့တယ်။ ကောင်းသေးရဲ့လား မေမေရဲ့" ဟု ဒေါသအမျက်ထွက်၍ အော်ကြီးဟစ်ကျယ် ပြူးတူးပြဲတဲနှင့် လုပ်လာသည့်အခါ၌





မြမေအား မြည်တွန်ကြိမ်းမောင်း၍ မိမိကိုယ်တိုင် သား၏ အခန်းထဲ ဝင်ပြီးရှင်းလင်းပေးလိုက်ခြင်းဖြင့် သားအား ကျေနပ်သွားစေလေ၏။

ရက်သတ္တတစ်ပတ် နှစ်ပတ်အတွင်း၌ ဤအမှု မပေါ်ပေါက်ဘဲ အေးသလိုလိုရှိသွားစေပြန်ပြီး နောက်တစ်နေ့တွင် မောင်မောင် မြို့ထဲမှ ပြန်ရောက်လာပြီး ညနေအေးတွင် မြမြတို့ ပျော်ပွဲစားထွက်လိမ့်မည်ကို သိသည်နှင့် မောင်မောင် လိုက်မသွားနိုင်ရန် ဒေါ်နှင်းအေးသည် မောင်မောင်အား ခေါ်ကာ ဈေးဘက်သို့ ထွက်၍သွားပြီးလျှင် နေစောင်းမှ အိမ်သို့ ပြန်ခဲ့ကြလေ၏။

ဒေါ်နှင်းအေးသည် မိမိ၏ အခန်းထဲသို့ဝင်၍ အဝတ်များလဲနေရာ တစ်ဘက်ခန်းမှ ဘာလောင်ဆန်နေသည့် အသံများ ကြားရပြီးလျှင် မိမိအခန်းထဲသို့ ရှုံးရှုံးရှဲရှဲနှင့် မောင်မောင် ဝင်ရောက်လာသည်ကို တွေ့ရလေ၏။

"မေမေ . . . မေမေ့ကို တိုင်ရမလားလို့ အခွဲ့တိုက်နေသလား မသိဘူး။ ကျွန်တော့်အင်္ကျီဟောင်းတွေ မလျှော်မဖွပ်ဘဲ အကုန်စုပြီး သေတ္တာထဲ ထိုးထားပြန်ပြီ။ ချဉ်စော်နံနေတာပဲ။ တစ်ထည်ဆို တစ်ထည်မှ လျှော်ပြီးသား မရှိဘူး။ မေမေ့ရဲ့ အခန်းထဲမှာလည်း သဲတရှပ်ရှပ်နဲ့ ဖြစ်ချင်သလို ဖြစ်နေတာပဲ"

"နေထိုင်မကောင်းလို့များ မလုပ်တာလားဟင်"

"အဝတ်ဟောင်းကို တစ်ထည်က နှစ်ထည်ထားရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မပြောပါဘူး၊ အခု လေးငါးဆယ်ထည် စုထပ်ထားတာ တမင်လုပ်တာပေါ့ မေမေရဲ့။ ဘယ်မိန်းမ ဒီလိုလုပ်ထားမလဲ။ ဒါ တမင်တကာ လုပ်ထားတာမှ တမင် အရွဲ့တိုက်တာ၊ မေမေ လာကြည့်ပါ။ အိပ်ရာဆိုတာ နံနေပြီ။ ဘယ်တုန်းကများ ၃-၄ ရက် မလဲဘဲ သူ နေရဖူးသလဲ။ ဒီနေ့မှ သေသေချာချာ ကြည့်မိတယ်။ ဟောင်းလှပြီ၊ နံစော်နေပြီ၊ သူ ဘာလုပ်နေတာလဲ။ ကျွန်တော် ပြောရလိမ့်မယ်"

"မဟုတ်တာ . . . ဘယ့်နှယ် မင်းပြောရမှာလဲ . . . ဒါ မင်းပြောရမယ့်ကိစ္စမဟုတ်ပါဘူး။ မေမေ မေးရ ပြောရမှာပါ။ နောက် ဒါမျိုးမဖြစ်စေရဘူး။ လာ လာ မေမေ မန်ကျည်းသီးထောင်း စားချင်လို့ လာစမ်း လာစမ်း" ဟု မောင်မောင်အား အိမ်ဘေးသို့ ဆွဲ၍ခေါ်သွားလေ၏။

မောင်မောင်သည် မိမိစိတ်ဆိုးနေပြီအထင်ရှိ၍ မိမိအား စိတ်ဆိုးပြေသွားရန် မိခင်က ခိုင်းသည်ဟု အထင်ရှိကာ စိတ်မဆိုးကြောင်း မိခင်အားပြလို၍ ရယ်ရယ်မောမောလုပ်လျက် သစ်ပင်ပေါ်သို့ တက်သွားလေ၏။

မန်ကျည်းပင်ကြီးမှာ အိမ်နှင့်ကပ်လျက်ပေါက်နေသည့် ဧရာမအပင်ကြီးဖြစ်လေ၏။ ဒေါ်နှင်းအေးသည် မန်ကျည်းပင်မှ မန်ကျည်းသီးကို မကြည့်ဘဲ တစ်ကိုင်းမှတစ်ကိုင်း တက်၍သွားသော သားအားသာလျှင် အောက်က စိုက်ကြည့်နေလေ၏။

လက်လှမ်းထားသော အကိုင်းမှ မန်ကျည်းသီးကို ရုတ်





တရက် မခူးသေးဘဲ အပင်နှင့်ကပ်လျက် အပေါ်ထပ်အခန်းသို့ မျက်စိရောက်နေကြောင်းကို ဒေါ်နှင်းအေးလည်း သားအား စူးစိုက်၍ကြည့်နေလေ၏။

အခန်းကို စူးစူးစိုက်စိုက်ကြည့်နေသည့် မောင်မောင်ကို "ဟေ့ . . . ဘာများ မြင်ရလို့လဲကွဲ့ . . . ရှုံ့မဲ့နေလိုက်တာ၊ ခူးမှာ ခူးစမ်းပါကွဲ့" ဟု အောက်က အသံပေးလိုက်လေ၏။

မောင်မောင်သည် မိခင်အသံကြားမှ မန်ကျည်းသီးများကို လှမ်းဆွတ်ကာ ခါးပိုက်ထောင်ထဲသို့ ထည့်လေ၏။

အခန်းကိုသာလျှင် သမင်လည်ပြန် လှည့်ကြည့် လှည့်ကြည့် လုပ်၍ ခူးနေသည်ကို ဒေါ်နှင်းအေးလည်း ကျေနပ်စွာ ကြည့်၍နေ၏။

"တော်လောက်ရောပေါ့ကွယ်" ဟု လှမ်း၍ အော်ပြောလိုက်မှပင် မောင်မောင်သည် အောက်သို့ ဆင်းလာခဲ့လေ၏။

"ဘာတွေမြင်ရလို့လဲ သားရဲ့ . . . မျက်မှောင်ကြုတ်ကြည့်နေလိုက်တာ၊ သူတို့ မရှိကြဘူး၊ အပြင်ထွက်သွားကြတယ်"

"ဘယ်သူနေတဲ့အခန်းလဲ မသိပါဘူး မေမေရယ်၊ ဖြစ်နေလိုက်တာ" ဟု ပြောပြီး မိခင်အား မဲ့ရွဲ့၍ ကြက်သီးထပြလိုက်လေ၏။

"ဒီဘက်က မြမြနေတဲ့အခန်းလေ . . . ဘာဖြစ်လို့လဲ၊ ဘာတွေ့ခဲ့ရလို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ထမီတွေ ထမီတွေ ကွင်းလုံးချုတ် ပုံထား လိုက်တာ မမြင်ဝံ့ မရှုဝံ့ပါပဲ။ ကြမ်းပြင်မှာ သနပ်ခါးစက်တွေ ကလည်း ဖွေးဖွေးလှုပ်နေတာပဲ။ ခြင်ထောင်ကြီးကလည်း လေ နဲ့လွင့်နေလိုက်တာ၊ မဲညစ်နေတာပဲ။ ပင့်ကူအိမ်တွေကလည်း ပွေလို့၊ ဖုန်တွေ၊ အမှိုက်သရိုက်တွေနဲ့ တစ်ခန်းလုံး ပွေရှုပ်ပြီး ဂျွန်းသဒါလန်နေတာပဲ"

"ဟုတ်လား . . . ဩော် အေး အေး၊ အဲဒီလိုမိန်းမနဲ့ မျှား မင်း ရရင်ခက်မယ်၊ ခဏတဖြုတ် ရှုပ်တာတောင် မင်း မနေတတ်တဲ့အကောင်။ မင်းယူတဲ့မိန်းမ မင်းနဲ့ကို နှစ်ပြန် လောက်သန့်မှ ကိုက်တော့မှာပဲ" ဟု ရယ်မောကာ မောင်မောင် ၏နားထဲသို့ ထိုစကားများ ပစ်သွင်းလိုက်ပြီးလျှင် ထိုနေ့ညနေ တွင် ဒေါ်နှင်းအေးကိုယ်တိုင်ပင် မောင်မောင်၏အခန်းကို အထူးစပါယ်ရှယ် ခင်းကျင်းပြင်ဆင်ပေးလိုက်လေ၏။

မောင်မောင်လည်း မိမိ၏ သားနားသပ်ရပ် သန့်ရှင်း လှသည့် အခန်းကို ရေချိုးရာမှအပြန် တွေ့ရရာ၊ မိခင်အား ကျေးဇူးတင်လှ၍ မိခင်ပြောသည့်စကားများကို နားမှမထွက်နိုင် ဖြစ်၍သွားလေ၏။

ထိုနေ့မှစ၍ ရန်ကုန်သို့ ပြန်မပြောင်းမချင်း ဒေါ်နှင်း အေးသည် မြမြနှင့် မောင်မောင် အတွဲနည်း၍ မောင်မောင် ရှောင်ဖယ်နေပုံကို မြမေနှင့် နှစ်ယောက်သား ကြိတ်၍ပြုံးနေကြ လေတော့၏။

× × ×

# သည်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

နတ်တော်လ ဝင်လာခဲ့ပြီ . . .။

တဖျောက်ဖျောက်နှင့် ဆီးနှင်းတွေကျနေသည်။

ပဲအိုးကို မီးထိုးပေးနေရင်းမှ ငွေရီသည် မျက်နှာသစ်ရန် နောက်ဖေးရေစင်သို့ ထလာခဲ့သည်။ မီးဖိုနားတွင် မီးငွေ့နှင့် နွေးသလိုလို ရှိသော်လည်း တဲပြင်အရောက်တွင် နှင်းငွေ့ဆီးရိုက်လိုက်သဖြင့် မျက်နှာသစ်ရန်ပင် တွန့်၍နေလေသည်။

နှင်းသားများ ပိတ်ဆီးဆိုင်းကာ၍ နှင်းမှောင်ကြီးကျနေသည့်အတွင်း မြောက်လေက တဖြူးဖြူး တိုးဝှေ့တိုက်ခိုက်နေမှုကြောင့် ခိုက်ခိုက်တုန်လောက်အောင် ဥတုဓာတ် အေးမြလှလေရာ မျက်နှာကို ရေဖျန်းလိုက်တိုင်း စိမ့်စိမ့်အေးရာမှ ထုံကျင်သွားသည်အထိ ချမ်းလှလေသည်။





ငွေရီသည် အုန်းမှုတ်ကို ရေအိုးထဲသို့ ကပျာကယာ ပစ်ချထားခဲ့ပြီး မီးဖိုနားသို့ ပြန်ပြေးလာခဲ့သည်။ တစ်ကိုယ်လုံး တုန်နေရုံမက အသံကလည်း တရှီးရှီးနှင့် တုန်တုန်ရီရီ မြည်ထွက်နေသည့် ပဲအိုးကို ဖွင့်ကြည့်ပြီး မီးတောက်ထွက်နေသည့် ထင်းစများကို ထိုးခြေငြိမ်းလိုက်ပြီးနောက် မီးခဲများနှင့် ပဲအိုးကို ပြန်နှပ်ထားလိုက်သည်။ မီးရဲလာအောင် အားရပါးရ ကုန်းမှုတ်ပေးပြီး ဝါးအခင်းအပေါ်သို့ ဆောင့်ဆောင့်ထိုင်ချလိုက်ကာ မျက်နှာကို အပေါ်အင်္ကျီစနှင့် လှန်သုတ်ပစ်လိုက်သည်။ သို့ သုတ်ပြီး လက်ဝါးနှစ်ဘက်ကို မီးကင်ပေးလေသည်။

တိတ်ဆိတ်လျက်ရှိသော ဝေလီဝေလင်း ထိုအချိန် ထိုကာလသည် တွေးတောမှုကို ဖန်တီးပေးလေသည်။ မျက်လုံးစိုက်ထားသည့် ရဲရဲတောက်နေသော မီးခဲတွေထဲတွင် မျက်နှာတခု ချိုပြုံးစွာ ပေါ်လာလေသည်။ ပြန်ကာနီး မှာကြားနေဟန်ပုံသဏ္ဍာန်ဖြစ်သည်။

"စိတ်ချ စိတ်ချ၊ သန်ဘက်ခါညာ နင့်ကို ငါ လာခေါ်မယ်" အသံသည်လည်းကောင်း၊ "ငါ ကြောရရုံကြံတယ်ထင်ပြီး စိတ်ပူမနေနဲ့" အသံသည်လည်းကောင်း ငွေရီနားတွင် ပြန်၍ကြားယောင်ယောင် ဖြစ်နေသည်။

သန်းခေါင်ကြက်အတွန်တွင် နောက်ဖေးပေါက်မှ ဝင်လာ၍ ပဲအိုးမပြုတ်ခင်ကလေးက ဆင်းသွားသော ကျော်အောင်ကို ခုနေ တစ်ပတ်ပြန်လှည့်လာရင် ကောင်းမှာပဲဟု အောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



တမ်းတလျက် စိတ်ထဲတွင် မချင့်မရဲဖြစ်ကာ စောစောက အကြောင်းကို ပြန်ပြောင်းတွေးတော ကြည်နူးနေ၍ ပဲအိုးကို လည်း မေ့၊ မိုးလင်းသွားမည်ကိုလည်း မေ့၊ ပတ်ဝန်းကျင် တစ်ခု လုံးကိုပင် မေ့နေလေသည်။

ကျော်မောင် အနားပြန်ရောက်နေသကဲ့သို့ မှတ်ထင်နေ မိသည်။ "ငါ သူ့အပေါ် စွဲစွဲမြဲမြဲ ချစ်သွားပါပကောလား" ဆို သော အသိသည် တွေးနေရင်းမှ ပေါ်ပေါက်လာလေသည်။ ထို အသိနောက်မှ ကျောက်သလို ထိတ်သလိုစိတ်များ တဆက် တည်းပေါက်ဖွားလျက် ပင့်သက်ဖြာဖြာချလို့နေသည်။ နှာခေါင်း တွင်းသို့ စူးစူးဝါးဝါး အနံ့ကြီး ထိုးဝင်လာမှ ပဲအိုးကို ဖိုပေါ်မှချ ကာ ပဲပြုတ်ရောင်းထွက်ရန် သုတ်သီးသုတ်ပြာ ပြင်ဆင်ရလေ သည်။

မိုးလင်းလေပြီ။ နှင်းများ အခဲလိုက်စုဆို့ကျကာ နှင်းပိတ် နေသဖြင့် မိုးသားနှင့် နှင်းသား ကွဲကွဲပြားပြား ခွဲမရအောင် ရှိ နေသည်။

မိမိသွားမည့်လမ်းကို ဆီးဆို့ပိတ်နေသည့် နှင်းထုကြီး ကို ကိုယ်လုံးနှင့် တိုးခွင်းလျက် လျှောက်လာရရာ တစ်လှမ်းနှင့် တစ်လှမ်း နှင်းများ ရှဲကွဲသွားသကဲ့သို့ မှတ်ထင်ရသော်လည်း ထိုလှမ်းသလောက် အတိုင်းအတာအတွင်းသာ နှင်းကွဲသလို ဖြစ်သွားပြီး မိမိနောက်တွင် နှင်းတွေပိတ်မြဲ ပြန်ပိတ်နေသည် ကို လည်ပြန်လှည့်ကြည့်ရင်း ငွေရီသည် ရှေ့လည်းမမြင်၊





နောက်လည်း မမြင်၊ ဘာကိုမှ မှန်းမမြင်နိုင်ဘဲ နှင်းထုထဲတွင် ဆက်လက်၍ သုတ်ခြေတင်နေလေသည်။

ခေါင်းဖုံမှလွဲ၍ အပိုအဝတ်ဟူ၍ကား ခြုံလွှမ်းစရာ မရှိ ၍ မယူခဲ့ရှာနိုင်ပေ။ ဖခင် အဘိုးကြီးနှင့် လူမမယ် မောင်နှမ တစ်ပြုံတစ်စုကြီးကို မိမိက အကြီးအကဲပီပီ နံနက်တွင် ပဲပြုတ်၊ ညဘက်တွင် ပဲလှော်၊ အဖုံဖုံအနည်းနည်း အပြေးအလွှား ရှာဖွေ ကျွေးနေရရာ မဖြစ်စလောက်သော ဝင်ငွေလုပ်စာသည် သား ချင်းတစ်စုအား ငတ်ငတ်မွတ်မွတ် ကသီလင်တ နိုင်လွန်းလှ သဖြင့်သာ ကျော်မောင့်အချစ်ကို ဖွတ်မှိတ်၍ လက်ခံလိုက်ခြင်း ဖြစ်လေသည်။ ကျော်မောင်၏ မိဘများမှာ ယာကလေးရှိ၍ မိမိတို့ထက် ဝမ်းခါးလှလှ ပြောင်ပြောင်ရောင်ရောင် နေနိုင် စားနိုင်သောဘဝဖြစ်သဖြင့် အလှမ်းချင်းကွာနေရာ ကျော်မောင် ၏အချစ်ကို စိတ်မချရဲဘဲဖြစ်ကာ ဆိုင်းတွံ့ဆိုင်းငံ့ လုပ်နေခဲ့စဉ် သည်ညမှာပင် မိမိမှာ ကျော်မောင်ကို မယူလျှင် မဖြစ်သည့် အခြေသို့ အရောက်ခံလိုက်ခြင်း ဖြစ်ပေသည်။

ယခင် ငွေရီ ဆုတ်ဆိုင်းဆုတ်ဆိုင်းလုပ်နေ၍ ကျော်မောင် တွင် အပူမီးဖူးသကဲ့သို့ ယခုသော် ငွေရီတွင် မိမိအား သွေဖီသွား မည်လားဟု ကြောင့်ကျစိုးပူလွန်း၍ အပြင်အပူမှ တခဲနက် လွှမ်းရိုက်နေသည့် အအေးဓာတ်ကြီးကို ရင်တွင်းမှ ပွက်ပွက် ဆူနေသည့် အပူခဲကြီး၏ အရှိန်အခိုးဖြင့် ယနေ့နံနက်တွင် အေး သည်ကိုမှ အေးမှန်းမသိ၊ ချမ်းသည်ကိုပင် ချမ်းရမှန်းမသိနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သွားနေကျလမ်းကို မလျှောက်ဘဲ တစ်ဘက်သို့ချိုးကွေ့လျှောက်သွားလေသည်။

ကုလားတစ်ဦးပိုင် ဥယျာဉ်ကွင်းကြီးထဲသို့ လျှောက်လာခဲ့သည်။ ခါးတောင်းမြှောင်အောင် ကျိုက်လျက် ရေတွင်းတွင် ရေငင်နေသော ကျော်မောင်နောက်နားသို့ရောက်လျှင် ခေါင်းပေါ်မှ ဗန်းကလေးကိုချကာ မြေပေါ်သို့ ထိုင်ချလိုက်ပြီးနောက် "ကိုကျော်မောင်" ဟု လှမ်းခေါ်လိုက်လေသည်။

စကားဖြူ စကားစိမ်းအပင်ကြီးများကား ရေတွင်းနားတွင် ဝိုင်းဝိုင်းရံလျက် ပေါက်နေကြသည်။ ကွင်းကြီးထဲရှိ သစ်ပင်ကြီးများအောက်တွင် အစုလိုက်အပြုံလိုက် အုပ်နှင့်ချီ၍ ကျက်စားနေကြသော နွားအုပ် ဝက်အုပ်ကြီးများကား နှင်းတောထဲတွင် ဟိုတစ်စု သည်တစ်စုနှင့် နံနက်ခင်း၏ အအေးသက် အကြည်သက်ကို တစိမ့်စိမ့်ခံစားကြရင်း အစာရှာစားနေကြလေသည်။

ငွေရီသည် ပြန့်ပြူးကျယ်ဝန်းလှသည့် ကွင်းပြင်ကြီးထဲတွင် မိမိနှင့် ကျော်မောင်အပြင် မည်သူမည်ဝါ ရှိလေသနည်းဟု ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်လိုက်သည်။ လူရိပ်လူသဏ္ဍာန် တစ်ဦးတလေကိုမျှ မမြင်ရမှ "ကိုကျော်မောင်" ဟု ထပ်မံ၍ ကျယ်ကျယ်လောင် ဟစ်ခေါ်လေသည်။

ကျော်မောင်သည် ငင်လက်စကြိုးကို ရေတွင်းထဲသို့ ပြန်ပစ်ချလိုက်ပြီး အသံလာရာနောက်ကျောဘက်သို့ လှည့်





ကြည့်လိုက်ရာ ငွေရီကိုတွေ့ရ၍ ငွေရီနားသို့ ပြေးသွားလေသည်။

"ဟာ ငွေရီ . . . ဘယ့်နှယ် ဈေးရောင်းမသွားဘူးလား"

ငွေရီသည် တွေတွေကလေးလုပ်လျက်နေသည်။ ကျော်မောင်လည်း ပဲပြုတ်တောင်းကိုဖွင့်လျက် ပဲစေ့များ နှိုက်စားရင်း ငွေရီအား ပြုံးစနဲ့နဲ့ ကြည့်နေသည်။

"ရှင် ကျုပ်ကို မလိမ်နဲ့နော် . . . ကျုပ်က ရှင့်ကိုယုံလို့ ပုံလိုက်ပြီ"

"ဖြစ်မှဖြစ်ရလေ ငွေရီရယ် . . . ဒါကြောင့်များ လာခဲ့သလား၊ ငါ ယူမှာပေါ့၊ သန်ဘက်ခါညကို စောင့်နေ . . . နင်သာ အအိပ်ကြီးမနေနဲ့"

"ရှင့်နောက်လိုက်ရမှာက ဟုတ်ပါပြီ၊ ၃-၄ ရက် ပုန်းနေတုန်း အိမ်က အဘနဲ့ကလေးတွေ ငတ်နေမှာလည်း ပူမိတာပဲ"

"သြော် ဟယ် . . . မုန့်လာဥတွေ ဈေးအသွင်းမှာ ငါ ငွေ ၅ိ ကစ်လိုက်ပါ့မယ်လို့ ပြောထားပြီးပြီဟာ၊ နင့်နှယ် ပူရန်ကော။ ငါ ညနေလာပေးမယ်"

"ရှင့်အိမ်က ကျုပ်ကို ရှင်တို့ထက် ဆင်းရဲလို့ သဘောမတူရင် . . ."

"တော်စမ်းပါ ငွေရီရယ် . . . သဘောမတူရင် မတူလို့ပေါ့ . . . ဟ မြင်လား၊ ငါ့မှာ ပခုံးနှစ်ဘက်ရှိပါသေးတယ်။ ရေထမ်းကျွေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စေတနာကို ကျေးဇူးတင်ပါတယ်။ ဖောက်လွှဲဖောက်ပြန်သာ မလုပ်ပါနဲ့"

"စိတ်ချပါဟ ငွေရီရ . . . သစ္စာဆိုကြမလား၊ ရွှေပြောင်ပြောင် ဟောဟိုမှာ ကြည့်စမ်း၊ ကုန်းပေါ်က ကျိုက္ကဆံဘုရားကြီး၊ မယ်နှင့်မောင် သစ္စာထားမယ်၊ ပေါင်းကြရပါစေသား"

"ကိုကျော်မောင်ကလည်း တော် ကတဲ့မှပဲ . . . နောက်စရာမရှိ"

"နို့ . . နင်က . . . "

"တော်ပါ . . . ကျုပ် သွားမယ်၊ ဆက်ဆက်လာခဲ့နော်"

× - × ×

ဤညသည် ကလေးများနှင့် နောက်ဆုံးအိပ်ရမည့် ညသာဖြစ်၍ ငွေရီ၌ စိတ်မငြိမ်နိုင်ဘဲ ရှိလေသည်။ ညဦးက မြေပဲလှော်ရောင်းရာမှ ရခဲ့သောပိုက်ဆံအကြွေစများနှင့် ကျော်မောင်ပေးလိုက်သည့် ငွေ ၅ိကို ကျစ်ကျစ်ပါအောင်ထုပ်လျက် မည်သူ့အား ပေးအပ်ခဲ့ရမည်ကို စဉ်းစားရကျပ်နေလေသည်။ အချိန်မှာ ည ၈ နာရီခန့်ရှိ၍ စောသေးသဖြင့် ကလေးတွေ မအိပ်ကြသေးဘဲ နေသောကြောင့် တေးဆိုကာ ချော့သိပ်နေရလေသည်။

"အထုပ်ပိုက်ကာ စောင်ပိုက်ကာ သက်ထားပျိုရယ် ခုပင်လိုက်ကွယ်" ဟူသော တေးသွားကို သီဆိုနေရင်း မိမိတွင်





တစ်ထည်စို၍မှ တစ်ထည်လဲစရာမရှိ။ သူများတကာလို အထုပ်မပါနိုင်ခြင်းကြောင့် ဝမ်းနည်းသလိုလို ဖြစ်မိလေသည်။

မိမိလည်းရှာ ကျော်မောင်လည်းရှာ နှစ်ယောက်ပြိုင်ရှာကြရလျှင် ကန့်ကော်မြိုင်ခြံအိမ်က ဘာဘူကုလားမကြီး ဝေနေသော ရာရှင်ထမီတစ်ထည်ကို လွယ်လွယ်နှင့် ဝယ်လိုက်မည်ဟူသော အတွေးဖြင့် စိတ်ကို ဖြေနှစ်သိမ့်လိုက်လေသည်။

လူကြီးခေါင်းချချိန်ရောက်ပေပြီ။ ညတိုင်းထက် ယနေ့ည ပိုအေးမြလှ၍ ကလေးများမှာ ထွေးစရာ မလောက်ငှခြင်းကြောင့် ချမ်း၍နေကြသည်။ မအိပ်နိုင်အောင် ချမ်းနေကြပေသည်။ တဲဦးခန်းတွင် လှဲနေသော အဘိုးကြီးလည်း ချောင်းတဟွတ်ဟွတ် မရပ်မနားဆိုးနေပြီး "တယ် . . . ဒီချောင်းဟာ" ဟု ကိုယ့်ချောင်းကိုယ် မာန်ရင်း ငုတ်တုတ် ထ,ထိုင်နေသည်။

အအေးဓာတ်ငွေ့သည် တဲတွင်းသို့ တစိမ့်စိမ့် ချဉ်းနင်းသက်ဝင်လာလေသည်။ ကလေးတွေကား အေးလွန်း၍ ငွေရီ့ရင်ခွင်ထဲသို့ ဝိုင်းပြုတိုးခွေ့ကြလေသည်။ ငွေရီသည် လက်တစ်ဆုံး လှမ်းဖက်ထားပြီး ခေါင်းရင်းဘက်သို့ မော့ကြည့်ရာ အဘိုးကြီး ငုတ်တုတ်ထိုင်၍ ခိုက်ခိုက်တုန်နေပုံကို မကြည့်နိုင်ပြန်သဖြင့် လှဲရာမှထထိုင်ကာ "အဘ အဘ . . . ချမ်းရင် သည်ရွှေ့၊ သူတို့တစ်တွေနဲ့ တိုးဝှေ့အိပ်လေ . . . လာ အဘ" ဟု လှမ်းခေါ်လိုက်သည်။

အဘိုးကြီးကား ထိုင်မြဲထိုင်နေသည်။ ကလေးတွေ ဘေးတွင် ပြန်လှဲရင်း ငွေရီလည်း စဉ်းစားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘူ ကုလားမကြီးဝေနေသည့် ရာရှင်မှ ထမီ အရင် မဝယ်ဘဲ အဘတို့ စောင်တစ်ထည် ရှေးဦးပထမ ဝယ်လိုက်မယ်" ဟု စောစောက စိတ်ကူးထားသည်ကို ပြောင်းလဲပစ်လိုက်သည်။ မိမိသာ သားယောကျ်ားဖြစ်ခဲ့ပါက ခိုက်ခိုက်တုန်နေသည်ကို ကြည့်မနေချင်ပေ။ မိမိဝတ်ထားသော လုံကွင်းကို အဘအား ထ၍ ချွတ်ခြုံပေးလိုက်မည်ဖြစ်လေသည်။ ယခုသော် ထဘီဖြစ်နေ၍ လှိုက်လှဲပြင်းပြလှသည့် ရင်တွင်းမှ ကရုဏာကို "နေအုံး ၄-၅ ရက်ပဲ စောင့်ဦး" ဟု ကျော်မောင်အားကိုးနှင့် သူဆင်းရဲဘဝကို ကြုံးဝါးလိုက်လေသည်။

"သမီးရယ် . . . မီးဖိုစမ်းပါကွယ်"

ငွေရီသည် တဲပြင်သို့ထွက်လျက် စပယ်ရုံတွင် ကာထားသည့် သွပ်ချပ်စကို ဆွဲနုတ်ယူလာခဲ့လျက် ထိုသွတ်ပြားချပ်ပေါ်တွင် ထင်းစုပုံလျက် ကောက်ရိုးဖျာများ ဖုံးကာ မီးမွှေးလိုက်သည်။

တဟူးဟူး ရမ်းဝှေ့တိုက်ခတ်နေသည့် မြောက်လေ အကျအညီနှင့် မီးဖိုမှ မီးတောက်ကြီးများ ထတောက်လျက် မီးရှိန်မှာ အလွန်ပြင်းလာသည်။

ကလေးတွေနှင့် လွတ်လွတ်ကင်းကင်း၊ အဘိုးကြီးနှင့်လည်း မလှမ်းမကမ်းနေရာတွင် မီးဖိုကို ချပေးထားလိုက်ပြီး တဲအောက်က ကောက်ရိုးများထပ်ယူကာ မီးဖိုနားတွင် ပုံပေးထားပြီးနောက် ကလေးတွေအနားတွင် ပြန်၍ ခွေလှဲအိပ်လေ





သည်။ အဘိုးကြီးလည်း သွပ်ချပ်ကို ၄င်းအနီးသို့ လှမ်းဆွဲပြီး မီးလှုံနေသည်။

"အဘိုးကြီး ဒီည အိပ်မှအိပ်ပါ့မလား" ဟု ငွေရီသည် စိတ်ထင့်နေသည်။ ကျော်မောင်လာမည့်အချိန်မှာ မဝေးတော့ပေ။ အလွန်ဆုံးစောင့်ရလှ သန်းခေါင်ကျော်ပဲဟု စဉ်းစားကာ အဘိုးကြီးအား မြန်မြန်အိပ်ပျော်စေချင်လေသည်။

မိမိအား ကျော်မောင် မည်သည့်နေရာသို့ ခေါ်သွားမည်နည်း။ နံနက်လင်းလျှင် အဘနှင့်ကလေးများ မိမိကို လိုက်များရှာနေကြမည်လား။ အကြွင်လင်မယားဘဝသို့ ရောက်ကြရတော့မည်။ ကျော်မောင်က ဘယ်သို့ မိမိက ဘယ်ညာ စသည်ဖြင့် တွေး၍မဆုံးနိုင်အောင် ဖြစ်နေသည်။

အဘိုးကြီးလည်း ချောင်းတဟွတ်ဟွတ်ဆိုးလျက် မီးဖိုနားတွင် ခွေလှဲအိပ်နေသည်။ အိပ်၍ ပျော် မပျော်ကိုမူ ငွေရီ အတတ်မသိပေ။ ခဏခဏ ခေါင်းထောင်၍ အကဲခတ်ကြည့်လေသည်။ လေတိုက်၍ တချွတ်ချွတ်လွင့်လိမ့်နေသည့် သစ်ရွက်ခြောက်သံများကိုလည်း ကျော်မောင့်ခြေသံလားဟု ခဏခဏ နားစွင့်ကြည့်ရသည်။

အဘိုးကြီး အိပ်ပျော်သွားသည်ကို စိတ်ချရလျှင် ချရခြင်း အသံမကြားအောင် အိပ်ရာမှ ထလာခဲ့ရာ နောက်မီးကဲလားကိုမ၍ မှောင်ထဲတွင် ကျော်မောင်ကို မြင်ရလိုမြင်ရငြား စမ်းဝါးကြည့်လေသည်။ ဘယ်အရိပ်အယောင်မျှ အမြင်ရဘဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြင်ရတော့မလို နာရီဝက်ခန့် မျှော်နေသည်။ ရပ်မျှော်နေစဉ် ရင်ထဲတွင် တလှပ်လှပ် တဖိုဖိုနှင့် ဒူးတုန်လို့နေသည်။

အကြောင်း ဘာမျှမထူးသဖြင့် တဲတွင်းသို့ ပြန်ဝင်ခဲ့လျက် ကလေးတွေနားတွင် ထိုင်ကာ ခြေသံကို နားစွင့်နေလေသည်။ တစ်မနက်လုံး တစ်ညလုံး လမ်းတကာလမ်း ပဲပြုတ် ပဲလှော် မကုန်မချင်းလျှောက်ခဲ့ရသည့် ခြေထောက်တို့မှာ ဆိုင်းတွနေပြီးလျှင် တစ်ချက်တစ်ချက်လည်း ငိုက်ငိုက်သွားသဖြင့် မအိပ်မိရန် အထူးသတိထားရလေသည်။

သို့ စောင့်ရင်း ညသန်းခေါင်ကျော်ခဲ့ပြီ။ စောင့်ရသည်မှာ အလွန်ကြာသည်ဟု ထင်မိလေသည်။ ခုအချိန် မလာလို့ ဘယ်အချိန်လာမှာလဲဟု အပြစ်တင်သည်မှာလည်း အခါခါပင်။ စောင့်ရင်း စောင့်ရင်း စိတ်မငြိမ်သက်ရာမှ စိတ်ညစ်လာသလို စိတ်မသက်မသာဖြစ်ကာ မိမိကိုယ်ကို ဝါးကြမ်းပေါ်သို့ အလျားထိုးလှဲပြီး မျက်စိစုံမှိတ်လျက် နားစွင့်ထားသည်။

မြောက်လေကား တဟူးဟူး တိုက်ခတ်နေသည်။ ကန်ဘဲ့ရွာ တစ်ရွာလုံး အိပ်မောကျနေကြချိန်ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်နေလေသည်။ ရာသီဥတု အေးမြလွန်း၍ အူနေဆူနေကျ ခွေးများပင် ချမ်းရာလွန်း၍ တုတ်တုတ်မျှ မလှုပ်ကြ၊ မအူကြပေ။

ပြင်းထန်လှသည့် အအေးဓာတ်ကြီးနှင့် ခြောက်သွေ့တိတ်ဆိတ်နေသည့် အငြိမ်ဓာတ်လွှတ်ရာသို့ ကန်ဘဲ့တစ်ရွာလုံး





မိနေရုံမကဘဲ ငွေရီကိုပါ ဓာတ်ဆွဲ၍သွားသဖြင့် ရောပါမိသွားကာ "ငွေရီ ငွေရဲ" ဟု ငယ်သံပါအောင် ဟစ်ခေါ်နေသည့် အသံကား သတိလစ်၍ အိပ်မောကျတော့မထိ ဖြစ်နေသည့် ငွေရီအား ဆွဲထူလိုက်လေသည်။

ငွေရီသည် မတ်တပ်ထရာမှ ပက်လက်ပြန်လန်လဲတော့မလောက် ယိမ်းယိုင်သွားပြီးလျှင် "အမယ်လေး အဘရဲ့ . . . ကုန်လောက်ပါပြီ" ဟု ပူလောင်စွာ ဟစ်အော်လိုက်လေသည်။

အရှိန်ပြင်းစွာ တဟဲဟဲ တရှဲရှဲဖြင့် လောင်စွဲနေသည့် မီးမှာ တစ်တဲလုံး မျိုလိုက်မည့်ကဲ့သို့ ရဲရဲတောက်လောင်နေလေသည်။ စောစောက ဖိုပေးထားသည့် မီးဖိုမီးသည် မီးပုံကြီးဖြစ်လာ နေလေသည်။ ငွေရီမှာ အဘိုးကြီးနှင့် ကလေးများကို အပြင်သို့ အလွတ်ရုန်း၍ ဆွဲထုတ်ရလေသည်။ မီးလောင်ဆွဲနေသည့် ခေါင်ဝါးကြီး ပြုတ်အကျနှင့် ငွေရီကလေး ပွေ့အထွက်တွင် ငွေရီကိုယ်ပေါ်သို့ ကျဖို့ရာ ပြေး၍သာ သီသီကလေးလွတ်တော့သည်။

"လုပ်ကြပါဦး လုပ်ကြပါဦး" ဟု မီးထိန်ထိန်တောက်လောင်နေသည့်တဲကို ချာလပတ် ပတ်ပတ်လည် လှည့်ပတ်ပြေး၍သာ ဟစ်အော်မြည်ကြွေးနေလေသည့်အထဲမှ ယူနိုင်သမျှ ယူရန် ပစ္စည်းများကို သတိမရပေ။

ရောမ တိုက်ကြီး အိမ်ကြီးများပင် နာရီပိုင်းအတွင်း၌ အရှိန်ပြင်း၍ လေထန်နေလျှင် ပြာကျသွားသေးရာ လောင်စာ



www.burmeseclassic.com

www.burmeseclassic.com



အတိပြည့်နေသော ခနီဖက် ခနီကာ ဝါးခင်းတဲကလေးမှာ ငြိမ်းသတ်ဖို့ရန် လူတွေ ဝိုင်းအုံပြေးမလာမီ သက်တပစ်အချိန်အတွင်း ရှိတ်ခနဲ ရှိတ်ခနဲ လောင်သွား၍ တဲငယ်ကလေးဘဝမှ ကောက်ရိုးမီးလောင်၍ ပြာကျသွားသကဲ့သို့ လျင်မြန်စွာ လောင်ကျွမ်းပြာကျသွားလေသည်။

ငွေရီသည် လာကြသည့်လူအုပ်ထဲတွင် ကျော်မောင်ကို ငိုရင်းက ရှာကြည့်လေသည်။ ကျော်မောင်ကို မတွေ့ရ၍ အသည်းကို ဓားနှင့် နုတ်နုတ်စင်းလိုက်သကဲ့သို့ ဆတ်ဆတ်ခါ နာကျည်းနေလေသည်။ ဘာတစ်ခုမျှ မကြွင်းမကျန်ရစ်ဘဲ လူလုံးသာ ကျန်ကြရသည့်အဖြစ်ကို ကျော်မောင့်အပေါ်သို့ ပုံလွှဲ၍ စိတ်နာပစ်လေသည်။

ရပ်တည်ရာ နေထိုင်စရာ အိမ်ဟူ၍ ပြစရာမရှိခြင်းကို ယူကျုံးမရ ဖြစ်ရင်း အားကိုးထားသည့် ကျော်မောင် မပေါ်လာသည်ကို ထပ်တလဲလဲ အသည်းနာနေသည့် ငွေရီ၏ ကျရောက်နေသမျှ ဒဏ်တို့သည် ကျော်မောင့်အပေါ်သာ ပုံလွှဲ၍ ကျော်မောင်တစ်ဦးတည်းသာ ခံယူရမည်ကဲ့သို့ ရှိနေသည်။ ကျော်မောင် ပျက်ကွက်သည့်အပြစ်ကို ကျော်မောင့်ပေါ်တွင် ဖို့လို့မကုန်အောင် ဖြစ်နေလေသည်။

မိုးမလင်းသေးခင် ငွေရီတို့သားအဖအား လိုက်အိပ်ရန် တဲနီးချင်းတွေက ခေါ်သော်လည်း သူတို့ပင် ခြံစရာ လွှမ်းစရာ ရှိကြသည်မဟုတ်၍ မိမိတို့လိုက်လျှင် တံစက်မြိတ်အောက် ခိုရုံ





အပြင်က ဘာမျှ မထူးခြား၍ မလိုက်ဘဲ နေရစ်ခဲ့ကြလေသည်။

ပိုက်ဆံအထုပ်ကလေး ခေါင်းအုံးအောက်တွင် ပါသွား၍ စားစရာအတွက် ရောင်းရန်ငွေမရှိခြင်းကို ဆင်းရဲရာမှ ပြောင်သလင်းခါပါရောလားဟု တအားငယ်ကာ မျက်ရည်မဆည်နိုင်အောင် ဖြစ်နေသည်။

ကျော်မောင် ယခုနေ လာခေါ်ခဲ့လျှင် မိမိမှာ ကလေးတွေနှင့် အဘကို ထားခဲ့ရန် နေရာမရှိသေး၍ လိုက်နိုင်မည် မဟုတ်ခြင်းကြောင့် "လာခေါ်ရင်လည်း အလကားပါပဲ" ဟု စိတ်ဖြေယူပြီး နေရေးထိုင်ရေးကို စဉ်းစားလေသည်။ ခိုကိုးရန်နေရာယူ၍ ဘယ်နေရာမှ မမြင်ဘဲ သူချမ်းသာများ ဆောက်လုပ်လှူဒါန်းထားသည့် ဇရပ်ကိုသာ မြင်လေသည်။ ဇရပ်တွင် သွားနေလျှင် မိမိတို့မှာ ခင်းစရာပင် မရှိတော့၍ သူတောင်းစားနှင့်မခြားနားတော့ပါလားဟု တွေးလိုက်ရင်း ဒူးပေါ်တွင် ခေါင်းငိုက်စိုက်ချကာ တရှုံ့ရှုံ့ငိုကြွေးလေသည်။

အဘိုးကြီးနှင့် ကလေးများလည်း ငွေရီငိုနေသည်ကို ကြည့်ရင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်နေကြလေသည်။ ငွေရီအား ဝိုင်းဝန်း၍ အားမပေးနိုင်ရှာကြပေ။ ငွေရီကိုသာလျှင် မှီခိုအားကိုးပြုနေ၍ ငွေရီ့အစီအမံကိုသာ ဆိုင်းလင့်နေကြရသည်။

"အဘ အရင် စစ်ပြေးတုန်းက သွားနေတဲ့ မိုးကောင်းဇရပ်ထဲကိုပဲ ပြန်သွားနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားတာက ဟုတ်ပြီကွယ် . . . ဘယ်လိုစားကြနေကြမလဲ"

"အို . . . ခု မိုးလင်းတော့မှာပဲ၊ အဘတို့ ဇရပ်ကိုသွားကြ၊ ကျွန်မ သယ်န်းကျွန်းသွားမယ်။ ခွေးလေးတို့ကို အကျိုးအကြောင်းပြောပြပြီး ငွေ ၁ဝိလောက် ချေးခဲ့မယ်။ အိုးခွက်တို့ဖျာတို့ ဝယ်လာမယ်။ အဲဟိုဇရပ်ကသာ စောင့်နေကြဖို့ပဲ၊ အဘရယ် . . . လျှောက်နိုင်ပါ့မလား"

"ဒီလိုပဲပေါ့ကွယ် . . . အဘ ဖြည်းဖြည်းလျှောက်ပါ့မယ်"

ငွေရီသည် လင်းလျှင်လင်းချင်း အဘိုးကြီးနှင့် ကလေးတစ်စုကို အရင်လွှတ်လိုက်ပြီး ၄င်းမူ ကျော်မောင်ရေထမ်းလေ့ရှိသည့် ရေတွင်းကြီးရှိရာသို့ လာခဲ့လေသည်။

ကျော်မောင်ကိုတွေ့လျှင် ဘာကိုပြောရမည်ကိုလည်း မသိပေ။ မိမိ ဘာကြောင့်လိုက်လာသည်ကိုလည်း ပြောစရာရှာမရပေ။ ကျော်မောင်အား စကားတစ်ခွန်းမျှ ပြောချင်စိတ်လည်း မရှိပေ။ ဤသို့ အဓိပ္ပါယ်မရှိဘဲနှင့် လျှောက်လာခဲ့လေသည်။ ရေတွင်းနားသို့ရောက်လျှင် ကျော်မောင်ကို မတွေ့ရ၍ စိတ်ထဲတွင် ဟာလာဟင်းလင်းဖြစ်သွားလေသည်။ ကွင်းကြီးသည်လည်း ဟာလာဟင်းလင်းဖြစ်နေသည်။ ရေတွင်းဘောင်တွင်ရပ်မှီကာ ကျော်မောင့်ကို စောင့်ဆိုင်းနေလေသည်။

နေဝန်းပြူထွက်၍ နေလုံးမြင့်လာသည့်အချိန်အထိ ဖြစ်လေသည်။





ကျော်မောင် ပေါ်မလာမှ ခြေမသယ်ချင် ကိုယ် မသယ်ချင် ဒယိမ်းဒယိုင်နှင့် သယ်န်းကျွန်းဘက်သို့သွားရန် မြင်းပြိုင်ကွင်းလမ်းပေါ်သို့ သယ်ဆွဲလျှောက်သွားလေသည်။

လမ်းပေါ်တွင် စိတ်တခြား ကိုယ်တခြား လျှောက်သွားနေခြင်းမှာ မိမိ၏ခွန်အား၊ မိမိ၏ ဇွဲမာန်၊ မိမိ၏ ဘဝအလားအလာဟူဟူသမျှတို့ကို ရေတွင်းနားတွင် မြှုပ်နှံသင်္ဂြိုဟ်ပစ်ခဲ့ရခြင်းကြောင့် ဖြစ်လေသည်။

ဆင်းရဲသူလည်း ချမ်းသာမပေး၊ ချမ်းသာသူတို့ကိုလည်း မျက်နှာမရွေး တစ်မြို့လုံးကို နှင်းဖုံးနေသည့် တပို့တွဲလဆန်းတမနက်သို့ ကူးရောက်ခဲ့လေပြီ။

မိုးလင်းနေသော်လည်း ဝေလီဝေလင်းကဲ့သို့ နေမင်းမှာ နှင်းကိုမတိုးနိုင်သေးပေ။ အနွေးထည်ထွေး၍ ဖိမ်ခံကွေးမနေနိုင်ကြသည့် ဆင်းရဲသားများကား ပေတစ်ရာပေါ်တွင် စောစောစီးစီး ကိုယ်စီကိုယ်ငှ ဝမ်းရေး ဝမ်းစာအတွက် နှင်းတောထဲတွင် လှုပ်လှုပ်ရွရွ ထွက်ရှာကြပေသည်။ ဆွယ်တာထည်ပတ်အနွေးထည် အထပ်ထပ်နှင့် လမ်းလျှောက်ထွက်ကြသူ အထက်တန်းစား တစ်ဦးတစ်လေမှအပ ဤအချိန်တွင် ဆင်းရဲသားတို့၏အဖြစ်သနစ်ကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့နိုင်သည့်အချိန်ဖြစ်ပေသည်။ အအေးကာကွယ်ရန် အနွေးထည်ဟူ၍ ဝေးစွ၊ ဖိနပ်မျှပင် လူစေ့တက်စေ့ စီး၍ ထွက်လာနိုင်ကြပေ။ ဆင်းရဲသည့်အဖြစ်ကို သိ၍ ဆင်းရဲခြင်းကို ရှာဖွေစားသောက်ရမည်



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍သာ နားလည်ကြပြီး ဘာကြောင့် ဆင်းရဲ၍ လူတန်းစေ့ မနေနိုင်ကြရသည်ကို ပိတ်ပိတ်သား နားမလည်သော ဆင်းရဲသားခမြာများမှာ နွေလည်း နွေအခါ၊ မိုးလည်း မိုးအခါ၊ ဆောင်းလည်း ဆောင်းအခါ။ ဥတုသုံးပါး ဒဏ်ကို မကာကွယ်သာဘဲ အစင်းသား အဆင်းရဲခံကြရသော ဆင်းရဲသားတစ်စုထဲတွင် အစုတ်စုတ်အပြတ်ပြတ်နှင့် ရုပ်ပင်မပေါ်တော့သော ငွေရီပါပါလေသည်။

မိုးကောင်းဇရပ်သို့ ပြောင်းသွားပြီးသည့်နေ့ရက်မှစ၍ ငွေရီသည် ဤလမ်းသို့ ခြေဦးတစ်ခါမျှ မလှည့်ခဲ့ပေ။ ဤဇရပ်အနီး ဤကွင်းကြီးသည် သူ့သချိုင်းပင်ဟု ကွင်းကြီးကို ရှောင်ကွင်း၍နေခဲ့လေသည်။ အဘိုးကြီး မမာနေသည့်အတွက် ဆေးတောင်းဖို့ရာ အောက်ချိုင့်ထဲကို လာရန်ရှိ၍သာ ဤလမ်းပေါ်မှ ဖြတ်လာခဲ့ရလေသည်။

နောက်ကြောင်းကို အလွန် သတိရမိလေသည်။ နောက်ကြောင်းသည် ယနေ့ ပိုမို၍ ငွေရီအား အသစ်ဖြစ်စေသည်။ လမ်းထိပ်က ကန့်ကော်မြိုင်ခြံတွင် လက်မှတ်များကိုင်၍ အထည်ယူရန် ခြံတံခါးအဖွင့် စောင့်နေကြသည့် လူစုကို လှမ်းမြင်ရလေသည်။

ဤခြံသို့လာရန် မှန်းထားခဲ့ဖူးသမျှ ယခု ခြံနားသို့ မသီနိုင်သည့်အဖြစ်ကို တွေးမိ၍ ရင်ဆို့သွားလေသည်။

တစ်လှမ်းနှင့်တစ်လှမ်းကို ရေတွက်၍ လှမ်းနေသကဲ့သို့ လေးလေးကန့်ကန့်ဖြင့် တရွေ့ရွေ့လှမ်းလာနေသည်။





အသက်ဝိညာဉ်ရှိသေးသော်လည်း သတိကင်းကွာနေ၍ တေးပတ်ဝန်းကျင်နှင့် လွတ်ရှင်းနေသည်။

"ဟဲ့ မြင်း၊ သည်မြင်းဟာဟု နောက်မှ ကပ်အော်လိုက်သောအသံနှင့်တကွ မြင်းခြူသံများပါ နားထဲသို့ စူးဝင်လာမှ သတိရသလို လမ်းဘေးသို့ ဖယ်ဆင်းကွေ့ပြီး အမှတ်မထင် လှည်းကို ကြည့်မိရာ ရွယ်လှမ်းထားသော ခြေတို့လည်း ရပ်တန့်သွားလေသည်။

လှည်းပေါ်တွင် ကျော်မောင့်အမေ သဘောကျနေသော မြင်းလှည်းပိုင်ရှင် ဦးဘ၏သမီး အေးမြိုင်နှင့် ကျော်မောင်တို့ တူစုံတွဲကာ လှည်းမောင်းလာကြလေသည်။ အေးမြိုင်သည် ဟန်ဟန်ပန်ပန် ရေခဲချည်ရှောစောင်ကို ခြုံလွှမ်းထားပြီး တစ်မျက်နှာလုံး ဖွေးဖွေးလှုပ်အောင် သနပ်ခါးဖုံဖုံ လူးလာသည်။ ကျော်မောင်တို့ယာတဲမှ မုန်လာ၊ ခရမ်း၊ ဘူးသီး စသည့် အသီးအနှံတောင်းကြီးတောင်းငယ်များလည်း လှည်းနောက်တွင် ပါလေသည်။

မိုးကောင်းသို့ ပြောင်းသွားသည့်နေ့ရက်မှစ၍ ကျော်မောင်ကို တစ်ခါမျှ မတွေ့ရပေ။ ကျော်မောင်၏သတင်းကို ပြောမည့်သူနှင့်လည်း မကြုံကြိုက်ပေ။ ကျော်မောင်နှင့် အလှမ်းမဝေးသေးသော်လည်း အဆက်အဝေးသွားလေသည်။

မိမိကို ဖြတ်ကျော်မောင်းသွားသောလှည်းကို မျိုဟ်မသုံ စူးစိုက်လှမ်းမျှော်ကြည့်လေသည်။ နှင်းမကွဲတကွဲ မှုံရီရီထဲတွင် ရွှေရောင်တလက်လက်နှင့် ဝင်းဝေထိုးထွေင့်ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျိုက္ကဆံစေတီကြီးကို ဦးတိုက်မောင်းသွားသော လှည်းကလေးကို မိမိ၏ ရိဝေသော မျက်စိထဲတွင် အမဲစက်အစက်တစ်စက်လောက် သေးငယ်သွားသည်အထိ ကြည့်နေပြီးလျှင် ချေးအထပ်ထပ် ဖုန်အလိမ်းလိမ်း ညှိုးညှိုးနွမ်းနွမ်း အစုတ်စုတ်အပြတ်ပြတ်ဖြင့် သူတောင်းစားနှင့်မခြားသော အသွင်အပြင်များကို တစ်ခုစီ တစ်ခုစီ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်လိုက်ပြီးနောက် ခေတ္တခဏ ဘာကိုမျှ မမြင်ရလိုက်ဘဲ အမှောင်ကြီးကျသွားလေသတည်း။

× × ×

# မာမရှိန်း

www.burmeseclassic.com

www.burmeseclassic.com

"အို . . . ဘယ့်နှယ် တစ်ယောက်တည်း ဒေါပွနေသလဲ"

"ရုံးဆင်းပြီလား . . . စောင့်ဦး ခဏ"

"ကြည့် ကြည့် . . . ဘာစာလဲ၊ ဆုတ်ပစ်လိုက်တာ"

"ယောကျာ်းတဲ့ . . ယောကျာ်းတဲ့ အမယ်မင်း . . ."

"အိုး . . ."

"လူကို ပန်းသယ်များမှတ်နေသလား မသိပါဘူး"

"ပြော ပြောစမ်းပါဦး အချောရဲ့ . . ."

"စာအုပ်ငှားတာတဲ့ကွယ်၊ စာအုပ်ကြားထဲ စာညှပ်ပေးတယ်၊ ကိုယ်က ဒီစာအုပ်မဖတ်မိဘဲ တစ်ယောက်ယောက် ယူဖတ်ပါပြီတဲ့၊ မရေရာလိုက်တဲ့လူနှယ် . . . ကိုယ်တိုင်ပဲ ပေးတော့ . . ."

"ဘယ်သူလဲ . . . သူ့ခမျာ မပြောရဲလို့ ဒီလိုပေးတာပေါ့"

"ဝန်ထောက်မင်းပေါ့ . . . မပြောရဲရအောင် ကိုယ်က





ဘာမို့လဲ . . ."

"မိန်းမ . . ယောကျာ်းဆိုတာ ပြောရမှာ လန့်တာပေါ့"

"ဟင် . . ."

"အချောကလည်း အဟုတ်တကယ်ပြောတာ . . . သူတို့ ဘယ်လိုပဲ စစ်ထွက်ယောကျာ်း စစ်သားကြီးဖြစ်နေနေ မိန်းမရှေ့ကျရင် ကြိုက်တယ်လို့ မပြောရဲဘူး၊ ပြောရင်လည်း တုန်နေတာပဲ"

"မြတ်စွာဘုရား . . ."

ခင်ခင်သည် အချော၏ ချစ်စရာကောင်းလှသော မျက်နှာပေးနှင့် ပြောပုံဟန်အမူအရာကို သဘောကျလှသည်နှင့် တခစ်ခစ် ရယ်ကာ အချောလက်ကိုဆွဲလျက် ရုံးပြင်ဘက်သို့ ထွက်ခဲ့ကြလေသည်။

အချောကို ခင်ခင် အလွန်ချစ်လေသည်။ ခင်ခင်ပင် မဟုတ်၊ မသန်းကြည်၊ မအေးရီ၊ မထွေးလှတို့ပါ အချောကို အသဲစွဲချစ်ကြပြီး ရွယ်တူတန်းတူအရွယ်တွေဖြစ်လျက်နှင့် အရာရာ အချောကို အမကြီးလို အားကိုးချစ်ခင်ကြရလေသည်။ သူတို့သည် သွေးသား ဘာမျှ မစပ်ဘဲ ကရိလမ်းတွင် သားနားသော အခန်းကျယ်ကြီးတစ်ခန်း ငှားကာ ငါးယောက်သား စုရုံးစရိတ်ခံပြီး စုပေါင်းနေကြလေသည်။ အားလုံး အပျိုများပင်ဖြစ်ပြီး အသီးသီး မိမိအလုပ်အကိုင်နှင့်မိမိ ရှိကြသည်။ နံနက်တွင် အလုပ်အသီးသီးသွားကြကာ ညနေတွင်မှ အခန်းတွင် စုဆုံကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နေကြသောအခန်းကို မြင်ရလျှင်- ဂုဏ်သရေရှိ အထက်တန်းစား လူကြီးလူကောင်း (ဝါ) အထက်တန်းစား ယောကျ်ားတစ်ယောက် ဦးဆောင်နေသော အိမ်ကဲ့သို့ မှတ်နိုင်လေသည်။ သူတို့အိမ်တွင် ယောကျ်ားဟူ၍ တစ်ယောက်မျှ မရှိပေ။ ထမင်းချက်သော အပျိုကြီးတစ်ဦးသာ ရှိလေသည်။

လှေခါးမှတက်လိုက်လျှင် ဧည့်ခန်းကို ရှေးဦးစွာမြင်နိုင်သည့် ဧည့်ခန်း၌ ရေဒီယို၊ ဆိုဖာ၊ ဓာတ်မီး၊ ပန်ကာတို့နှင့် ထိန်လင်းနေသည့် ထမင်းစားခန်းသည် ဧည့်ခန်းနောက်တွင် ကပ်လျက်ရှိသည်။ စားပွဲ၊ ကုလားထိုင်၊ ပန်းအိုး၊ ဘီရို၊ ဇွန်းခက်ရင်း၊ ပန်းကန်စသည့် ထမင်းစားခန်း အသုံးအဆောင်များသည် ခန့်ငြားထည်ဝါပေသည်။

ထမင်းစားခန်း၏ လက်ဝဲ လက်ျာဘက်တွင် အိပ်ရန် အခန်းနှစ်ခန်းရှိသည်။ အခန်းနှစ်ခန်းစလုံးထဲရှိ ကုတင်၊ မှန်ခုံ၊ ဘီရိုများ ဆင်တူ ခင်းကျင်းပြင်ဆင်ထားကြသည်မှာ သပ်သပ်ရပ်ရပ် ရှိလှသည်။ အိပ်ခန်းတစ်ခန်းလုံး၏ အသရေကို ရှာထိုးကြမ်းပျဉ်တွေက တဖိတ်ဖိတ် တပြောက်ပြောက်နှင့် အရောင်လက်ပြနေသည်။

အိမ်ရှေ့ သံတံခါးကို သော့ပိတ်ထားလျှင် အလွန် ခိုင်လုံသည့် အခန်းကြီးတစ်ခန်းဖြစ်လေသည်။

င်းယောက်စလုံး တစ်မြို့တစ်ရွာစီက ဖြစ်သည်။ အလုပ်အကိုင်များလည်း တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က ကျောင်းဆရာ၊ တစ်ယောက်က ရုံးအုပ်၊ တစ်ယောက်က လွှတ်





တော်ရုံး လက်ရေးတိုလက်နှိပ်စက်စာရေးနှင့် တစ်ယောက်က အင်္ဂလိပ်ဘဏ်တိုက်ကြီးတွင် စာရင်းကိုင် စာရေးမကြီးဖြစ်၍ အလုပ်ချင်းမတူဘဲ တစ်လုပ်စီဖြစ်ကြသည်။

အားလုံးထဲတွင် အချောမှာ သတ္တိ ဗျတ္တိနှင့် ပညာဉာဏ် အရည်အချင်းထက်မြက်စူးရှရုံမက တည်တည်ကြည်ကြည်သိမ်သိမ်မွေ့မွေ့ရှိ၍ အားလုံးက အားကိုးလေးစားကြရခြင်း ဖြစ်သည်။

မိန်းမများ ထားရှိနိုင်သည့် စိတ်သဘောနှင့်ပင် အရာရာတွင် ပိုနေသည့် အရည်အသွေးကြောင့် သူတို့အိမ်တွင် အချောမှာ ယောကျ်ားတစ်ယောက်နှင့်လည်း တူလှသည်။ ယောကျ်ားတစ်ယောက်လိုဖြစ်နေသည်။ ယောကျ်ားတစ်ယောက်ပြည့်သလို သူလည်း ပြည့်နေသည်။

မည်သည့်ဘက်ကဖြစ်စေ၊ အမြဲတန်း အနစ်နာခံ၍ ကူညီလုပ်ကိုင်ပေးတတ်သော ထူးကဲသည့် နှလုံးသွင်း မြင့်မြတ်ပုံမှာ စံမတူအောင် ရှားလှသည့် မိန်းမမျိုးဖြစ်သည်။

ယနေ့ညနေ အိမ်သို့ ရောက်လျှင် ရောက်ခြင်း အချောသည် အိမ်ခန်းထဲသို့ ရုတ်တရက် လှမ်းမဝင်နိုင်ဘဲ ရှိလေသည်။ ကမ္ဘာလောကကြီး၏ အဆင်မပြေ ထူးဆန်းပုံနှင့် ရင်ဆိုင် သွားတိုးနေသည်။

ဧည့်ခန်းတွင် မထွေးလှနှင့် ယောကျ်ားနှစ်ယောက် စကားထိုင်ပြောနေကြသည်။ ယောကျ်ားတစ်ယောက်မှာ ယောကျ်ားဖြစ်ပြီး ယောကျ်ားတစ်ယောက်မှာ မိန်းမရှာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရှာသည် မိမိ ဘိုကေကို အမောက်ကလေး ဖြစ်အောင် တမင်လုပ်ဖြီးထားသည်။ တစ်မျက်နှာလုံး ပေါင်ဒါဖွေးဖွေး လူပ်နေပြီး နှုတ်ခမ်းကလည်း ရဲရဲနီနေပေသည်။ ရှပ်အင်္ကျီ မီးခိုးရောင်နုနုကို အိတ်မထည့်ဘဲ ခပ်ကြပ်ကြပ်ချုပ်ပြီး စိန်ကြယ်သီးများတပ်လျက် ဝတ်ဆင်ထားသည်။ အချောမျက်စိထဲတွင် အဆန်းဆုံးမှာ မီးခိုးရောင်ရင့်ရင့် အသွေးဖြစ်သည့် ခါးဝတ်လုံချည်သည် ပုဆိုးဝတ်သလိုလည်းမဟုတ်။ ထဘီဝတ်သလိုလည်း မရောက်ဘဲ ပုဆိုးထမီဝတ်ထားသည့်ပုံ ဖြစ်သည်။

မိန်းမရှာဆို၍ ကြားသာကြားဖူးပေသည်။ ယခုလောက်နီးနီးကပ်ကပ် တစ်ခါဖူးမျှ မတွေ့ဖူးပေ။

"ဘုရား . . . ဘုရား . . . ဘယ်လိုသတ္တဝါများရောက်နေပါလိမ့်" ဟု ခင်ခင့်အား တိုးတိုးကလေးကပ်ပြောပြီး အိန္ဒြေမပျက် ဧည့်ခန်းသို့ တန်းဝင်သွားလျက် ကုလားထိုင်လွတ်တွင် ထိုင်ချလိုက်ပြီးနောက် မိန်းမရှာကို စေ့စေ့စပ်စပ် ကြည့်လေသည်။

"အချော ဒါထွေးရဲ့မောင် မောင်ထွန်းလေ။ သူက မောင်ထွန်းသူငယ်ချင်း မောင်မောင်"

အချောလည်း မိတ်ဖွဲ့ပေးသူများကို ပြုံး၍နှုတ်ဆက်ပြလိုက်သည် မှန်သော်လည်း၊ မိန်းမရှာကို ပြုံးပြပုံမှာ စိတ်ရောကိုယ်ပါ လွန်သွားလေသည်။

လှိုက်လှိုက်လှဲလှဲ အချောက ပြုံးလိုက်၍လားမသိ။





မိန်းမရှာလည်း မနေတတ်သလို ဆုပ်ထားသောပုဝါစကို ကိုင်လျက် ခေါင်းမဖော်ဘဲ ငုံ့၍နေသည်။

မထွေးလှုက ရယ်စရာပြော၍သော်လည်းကောင်း၊ မောင်ထွန်းက နောက်၍သော်လည်းကောင်း၊ မိန်းမရှာသည် သူတို့အား ပြုံးစိစိ မျက်နှာပေးဖြင့် မျက်စောင်းလှမ်းလှမ်းထိုးပုံမှာ ကြာမှုပါလွန်း၍ တကယ့်မိန်းမဟန် အမူအရာနှင့်မခြားအောင် ဖြစ်သည်။

အချောသည် သူတို့ကို ဖော်ဖော်ရွေရွေလုပ်နေသော်လည်း သူ့စိတ်ထဲ၌ တိုင်တစ်တိုင်တွင် မိန်းမရှာကိုချည်၍ ကြိမ်လုံးကောင်းကောင်းနှင့် ရိုက်ချင်သည့်စိတ်များ ပေါ်ပေါက်နေလေသည်။

"ဒီမှာ အချော . . . ပေါင်ဒါတို့ ရေမွှေးတို့ ဂျိုင်းမွှေး နှုတ်ဆေးတို့ ဘယ်ဟာ အကောင်းဆုံးလဲလို့ သိချင်ရင် မောင်မောင့်သာမေး . . . မောင်မောင့်သာ ဝယ်ခိုင်း" ဟု မထွေးလှုက ပြောသည်ကို "ကြည့်ပါလားလို့" ဟု ဆို၍ ခြေနှစ်ဘက်ကို ဆောင့်ပြလိုက်ပုံကိုမြင်ရသည်မှာ အချောတွင် သူ့ရင်ကို လှမ်းကန်လိုက်သကဲ့သို့ အောင့်သွားခဲ့လေသည်။

"မဟုတ်ဘူးလားလို့ . . . မောင်မောင်က၊ မောင်မောင် အလှကြိုက်တယ်မှတ်လား။ ဖြီးလိမ်းထားလိုက်တာ သူ့ကိုယ်မှာ"

"မလှဘူးလားလို့ . . ."

"ဘယ်လိုပဲ လှအောင်လုပ်လုပ် အချောနဲ့ မောင်မောင်နဲ့ ဘယ်သူက လှသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချောက နဂိုချောကို . . . မောင်မောင်က မချော တော့ ချောအောင်လုပ်ရတာပေါ့"

"နို့ . . . ချောရဲ့ယား မှန်ထဲမှာ ကိုယ့်ကိုယ်ကို ကြည့် ပါဦး . . ."

မောင်ထွန်းက ဝင်၍ တဟားဟား ရယ်ပစ်လိုက်သည့် အသံကြီးသည် တစ်ခန်းလုံး ဟိန်းသွားလေသည်။

"ကြည့်လေ . . . သူ လူကိုခေါ်လာပြီး နောက်နေ တယ်"ဟု မောင်ထွန်းကို လှမ်းထုကာ စိတ်ဆိုးသလို စူနေပြီး ကျွေးမွေးဧည့်ခံထားသည့် အစားအစာများကို ဘာမျှမစားဘဲ စိတ်ကောက်သလို လုပ်နေသည်။

အချော၌ ပထမသော် မောင်မောင့်ကိုကြည့်၍ ရွံနေ သော်လည်း မောင်မောင်၏ ချို့ယွင်းချက်တွေ စုံစုံလင်လင် အချိန်ကြာကြာမြင်နေရသောအခါ၌ ရွံရာမှတစ်ဖန် သနား လိုက်မိလေသည်။

အရွယ်ကလေးကလည်း အရွယ်ကောင်း၊ ရုပ်ကလည်း မခေ၊ အင်္ဂလိပ်ပညာလည်း တတ်၊ ယောကျ်ားစင်စစ်လည်း ဖြစ် ၍ သူ့ကို လောက၌ ဘယ်နေရာမှာ အသုံးချရမလဲဟု နေရာ ရှာကြည့်ရာတွင် တစ်နေရာ တစ်ကွက်မှ သူနှင့် ထိုက်တန်စရာ နေရာမမြင်၍ ယောကျ်ားဘက်ကလည်း လုံးလုံး သုံးမရ၊ မိန်းမ ဘက်ကလည်း လုံးလုံး သုံးမရ။ မြေကြီးပေါ်တွင် အပိုလို ပစ်ရ နေသောဘဝကို သနားရာမှတစ်ဖန် လှိုက်လှိုက်လှဲလှဲ ထပ်ခါ သနားနေလေသည်။





မောင်မောင့်အပေါ်တွင် စိတ်ဝင်စားသွားသောကြောင့် အရေးတယူလုပ်၍ ကိုယ်တိုင်ပင် ချော့မော့ ကျွေးသောအခါ မှ မောင်မောင်လည်း စိတ်ဆိုးပြေသည့် အမူအယာနှင့် ကျွေး သမျှကို မငြင်းဘဲ စားလေသည်။

စားသောက်ပြီး အိတ်ထဲမှ မှန်ကလေးနှင့် တို့ပတ်ကို ထုတ်ကာ လူတွေရှေ့တွင်ပင် မှန်ကြည့်ပြီး တို့ပတ်နှင့် မျက်နှာ ကို တို့နေပြန်၍ အချောသည် မောင်မောင်လုပ်နေပုံကိုကြည့် ရင်း သနားသွားသည်မှာ ပြောဖွယ်ရာမရှိပေ။

မောင်ထွန်းနှင့် မထွေးလှတို့ ခင်ခင့်တို့ စကားအပြန် အလှန်ပြောနေသလို အချောလည်း မောင်မောင်နှင့် ခင်မင် ရင်းနှီးအောင် မိတ်ဖွဲ့နေလေသည်။

ရယ်စရာတစ်မျိုး စိတ်ဝင်စားဖွယ်ရာတစ်မျိုး ချော့လို့ တစ်မျိုး နည်းအမျိုးမျိုးနှင့် အချော ဧည့်ခံနေပုံကို ခင်ခင်က နားမလည်နိုင်ဘဲ ရှိနေသည်။

ပြန်ကာနီးတွင်လည်း အလှဆုံး လက်ကိုင်ပဝါငယ်လေး များကို မောင်မောင်အား လက်ဆောင်ပေးလိုက်၍ တနင်္ဂနွေ နေ့တွင် ထမင်းစားလာရန် အထပ်ထပ် မှာနေခြင်းကိုလည်း ခင်ခင်တွင် အလွန်ဆန်းနေသည်။

မောင်မောင်တွင် အဖေ အမေ မရှိ။ အစ်ကို အစ်မ တွေသာ ရှိလေသည်။ ညီငယ် အထွေးဆုံးမို့ မပြောရက်၊ မဆို ရက်ဖြင့် အလွန်ဂရုစိုက်ကြသည်ကို မထွေးလှက မောင်မောင် တို့ အပြန်တွင် အချောအား ဇာတ်ကြောင်းပြန်ပြသည်။ ၁၀



www.burmeseclassic.com

www.burmeseclassic.com



တန်းအောင်ပြီး ပိုက်ဆံကြွယ်ဝသည့်အတိုင်း အစ်ကိုအစ်မများက စကော့ဈေးတွင် ပိုးထည်ဆိုင်ကြီး ဖွင့်လှစ်ထား၍ ပိုးလုံချည်ခါးကမချွတ်ဘဲ ငွေကို ရေလိုသုံးနေကြောင်းလည်း ပြောပြလေသည်။ ၄င်းပြင် မောင်ထွန်းကို သူ ကြိုက်နေသလားမသိဘူး" ဟု ပြောပြီး ပါးစပ်ကို လက်ကိုင်ပဝါနှင့် ပိတ်ပြီး ကြိတ်ရယ်လေသည်။

"ကြည့်ရတာ စိတ်ကောင်း၊ သဘောကောင်းလေးတော့ ရှိသား" ဟု အချောကပြောရာ လှမှန်းသူမှန်း အလွန်သိတတ်ပြီး ဖော်ဖော်ရွေရွေနှင့် သူတစ်ပါးအကျိုး သည်ပိုးတတ်လွန်းလို့ အစ်မများက "နင် အဲဒီလို သဘောကောင်းနေ၊ တော်တော်ကြာ မီးကပ်ပေါ်က ဆင်းရမှာမဟုတ်ဘူး" လို့တောင် ပြောယူရတယ်ဟုပြောရာ အချောလည်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

× × ×

မသန်းကြည်၊ မအေးရီ၊ မထွေးလှတို့က တစ်ခန်း အိပ်ကြပြီး ခင်ခင်နှင့် အချောက တစ်ခန်းအိပ်၍ ညအချိန်၌ ခင်ခင်လည်း အချောအိပ်ရာပေါ်တွင် လှဲ၍ စာဖတ်နေစဉ် ညဦးကဇာတ်ကို ပြန်ကောက်လိုက်သည်။

"ခင်ခင်တော့ နားမလည်ဘူး ... မောင်မောင်နဲ့ ဘယ်လိုကြောင့် အလွမ်းတဲ့နိုင်ရသလဲဆိုတာ နားကိုမလည်ဘူး"





အချောလည်း စာကိုသာ စိတ်ဝင်စားသလို ဖြစ်နေသည်။

"သူ့ကိုတွေ့ရတာ နှလုံးမနာဘူးလား အချော"

"မပြောပါနဲ့တော့"

"ဇွိ"

"ဒါကြောင့်ပေါ့"

"ဟင် ... ခက်ပါဘိတော့"

"အသေအချာပဲ"

"အချောကလည်း ဘာအသေအချာလဲ"

"ခက်တာလေ ... ခက်တာ"

"ဘာခက်တာလဲ ... ဘယ်လိုလဲ"

အချောသည် စာသာ ပြန်ဖတ်နေသည်။

"ပြောပြစမ်းပါဦး အချောရဲ့" စက်ဆုပ်ပါလျက်နဲ့ အချော သူ့ကို ဘာလို့ ထမင်းစားခေါ်နိုင်တာလဲ"

"ဘယ်လိုထင်လို့လဲ ခင်ခင်"

"ဘယ်လိုမှ မထင်စတတ်လို့ ... အံ့သြနေတာပေါ့"

"မိန်းမလို မိန်းမရ ယောက်ျားတစ်ယောက် လုပ်နေတာ ခင်ခင်ရော နှလုံးမနာဘူးလား"

"နာတာပေါ့ ... ခင်ခင့်ထက် အချောက ပိုရွံမှာ သိလို့ အံ့သြလွန်းလို့ မေးနေတာ ... ဘယ်လို မျက်မှန်းတန်းရတာလဲ"

"သိချင်သလား ခင်ခင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဆိုမှ"

"နောက်ထပ် မမေးနဲ့နော်"

"မမေးပါဘူး . . . ကဲပါ ပြောပါဦး"

"ရွှလို့ ရွှလို့"

အချောသည် တစ်ဘက်သို့ စောင်းလှည့်လိုက်ပြီး စာအုပ်ဖြင့် မျက်နှာအုပ်ထားလိုက်သည်။

ခင်ခင်သည် "ရွှလို့ ရွှလို့" ဟု နှုတ်နှင့် တတွတ်တွတ် ရေရွတ်ပြီး ရယ်ရကောင်းမလား၊ ငိုရကောင်းမလား မသိအောင် မချင့်မရဲကြီးဖြင့် "ဆန်းပါပေ့ါ အချောရယ်" ဟု ညည်းလိုက်ပြီးနောက် ကုတင်ပေါ်သို့ ပစ်လှဲအိပ်လိုက်လေတော့သည်။

× × ×

တနင်္ဂနွေနေ့ လူစုံစုံ စုမိ၍ တစ်အိမ်လုံး အချောကို ပွဲကျနေကြသည်။

"အံ့ပါရဲ့ အချောတစ်ယောက် မိန်းမရှာအတွက် ထမင်းပွဲကြီး ပြင်နေလိုက်တာ၊ ဘယ်လိုစိတ်ကူးများလဲ မထွေးလှရဲ့" ဟု မအေးရီက တခစ်ခစ်ရယ်နေရင်းမှ အချောကြားအောင် အော်ပြောလိုက်သည်။

"နောက်ကို ဒီထက် အံ့ရဦးမယ်" ဟု အားလုံးကြားအောင် အချောကလည်း လှမ်းအော်လိုက်သည်"

အားလုံးပင် ထမင်းပွဲနားသို့ ကပ်လာကြပြီး အချောအား "ဘယ်လိုအံ့ရမှာလဲ" ဟု တစ်ပြိုင်တည်း ဝိုင်းအုံမေးကြသည်။





"အံ့ဆို ထမင်းကျွေးရုံတင် မဟုတ်ဘူး၊ သူ့ကို အိမ်ခေါ်သိပ်တန် သိပ်ရဦးမယ်"

"ဘုရားရေ . . . မိန်းမတွေ အိမ်လာအိပ်ရင် အခုလုံချည်က အထက်ဆင်မတတ်သေးဘူး၊ လာရောမှ ထဘီလုံးလုံးဝတ် ဖြစ်တော့မှာပဲ" ဟု ခင်ခင်က ထင်မြင်ချက်ပေးလိုက်ရာ တဟားဟား ဖြစ်နေကြလေသည်။

"ဒါပဲနော် . . . တစ်ခုတော့ မှာထားမယ်၊ အချောဘာလုပ်လုပ် သူ့ရှေ့မှာ နောက်လည်း မနောက်ကြနဲ့၊ ရယ်လည်း မရယ်ကြနဲ့။ သူ့ကို မိန်းမတစ်ယောက်လိုပဲ အရိပ်အကဲကြည့်ပြီး ယည်ယည်ကြီးလုပ်ရလိမ့်မယ်"

"ဘယ်လိုလဲ အချောရဲ့ . . ."

"ဩော် . . . ရှက်သွားမှာစိုးလို့ပါ"

"အမယ်လေး လေး . . ."

"မယ်လေးမနေနဲ့ ဟိုမှာ လာပြီ"

ဧည့်ခန်းသို့ ပြုံထွက်လာကြပြီး မျက်နှာပိုးသပ်ကာ ထိုင်ကြသည်။

မောင်မောင်ကား အမောက်ကို ကောက်လိန် မောက်လာသဖြင့် အသီးသီး ကြန္နေဆည်မရဘဲ မောင်မောင့်အလစ်တွင် တစ်ယောက်နှင့်တစ်ယောက် အမောက်ကို မျက်စပစ်ပြနေကြသည်။

လက်သည်းခွံတွေကို ချွန်ချွန်ညှပ်၍ ပန်းရောင်ဖျော့ဖျော့ဆေးဆိုးလာသည်။ မျက်ခုံးမွေး သေးသေးလေး နှုတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်မှာ သူ့ရှေ့တွင်ထိုင်နေသော မိန်းမငါးယောက်ထက် စတိုင်ကျသေးသည်။ အချောတို့ဖို့ သနပ်ခါးမှုန့်များ သူ့တွင် လက်ဆောင်ပါလာသည်။

"မောင်မောင်လာမှ လာပါ့မလားလို့ . . . အချော ပူလိုက်ရတာ၊ ကိုထွန်းရော . . ."

"ထွန်းထွန်း နေမကောင်းလို့ မလာနိုင်ပါဘူးတဲ့ . . . ဖိတ်ထားတာ မလာဘဲ နေပါ့မလား"

"မောင်မောင့်အင်္ကျီလေးနဲ့ လုံချည်လေးက ဖက်ရှင်ပဲ၊ သိပ်လှပါလား"

"ဒါလေ မောင်မောင် မန္တလေးသွားတုန်းက ဝယ်လာတာ . . . ဘယ်သူမှ ဒီအဆင်မျိုး ဝတ်တာ မောင်မောင်တော့ မတွေ့သေးဘူး"

"ဒီသနပ်ခါးမှုန့်ကလည်း မန္တလေးကပဲ ထင်တယ်၊ မောင်မောင့်အသားလေး ဝါညက်နေတာ ဒါလူးလို့များလား"

"သနပ်ခါးမှုန့်တော့ ညကျမှပဲ လူးပါတယ်"

"နေ့ခင်းတော့ကော . . ."

"ကရင်ခံပြီး မက်(စ်)ဖက်တာရိုက်တာပဲ . . ."

"မောင်မောင် ဒီလောက်တောင် ချစ်စရာကောင်းတာ ယောကျ်ားတွေတော့ ဝိုင်းပိုးမှာပဲနော် . . ."

"ပိုးတာမှ သူ လမ်းထွက်ရင် သူ့ဘေးမှာ ယောကျ်ား လေး ငါးယောက် အမြဲရံနေတာပေါ့" ဟု မထွေးလှက ဝင်ပြော လိုက်ရာ နှုတ်ခမ်းကိုက်သူကိုက် လက်ကိုင်ပဝါထုတ် ပိတ်သူ





ပိတ်နှင့် ရယ်ချင်လျက်နှင့် အောင့်ထားကြသည်။

"အချောကလည်း . . . မောင်မောင် သူတို့တို့ သိပ် အကာပ်မခံပါဘူး၊ အိပ်ကလည်းလေ သူတို့တစ်တွေနဲ့သွားရင် သိပ်မကြိုက်ဘူး။ မိန်းမသူငယ်ချင်းတွေနဲ့သွားမှ ကြိုက်တယ်။ အခုလည်း အချောတို့မိန်းမတွေချည်းနေတဲ့အိမ်ဆိုတာ သိကြ လို့ စိတ်ချပြီး လွှတ်လိုက်တာ"

ပခုံးနှစ်ဘက်လှုပ်ပြီး ရင်ချီချီပြောပုံသည် မိန်းမများကဲ့ သို့ သဘာဝမကျဘဲ လွန်နေသည့်အတွက် မြင်ပြင်းကပ်စရာ အလွန်ကောင်းလှသော်လည်း အချောသည် ဘာမျှ အမှတ် မထားဟန်ဖြင့် မထူးခြားသလို မှင်သေသေနှင့် နားထောင်နေပြီး

"ဒါပေါ့ . . . သူတို့နဲ့ ဘယ်လာစိတ်ချပါ့မလဲ၊ အချော တို့လည်း ယောကျ်ားဆိုရင် ဘယ်အသိလုပ်ရဲပါ့မလဲ" ဟု၍ ခပ်တည်တည်ကြီးပင် ပြန်ပြောလိုက်သည်။

မိန်းမရှာမှာ သူ့အား ယောကျ်ားမဟုတ်လို့ဟု ဆိုလိုက် သည်ကို နည်းနည်းမှ နာရမှန်းမသိ၊ ရှက်ရမှန်းလည်း မသိပေ။

ထမင်းစားပွဲတွင် ထမင်းစားကြစဉ် အရိုးများထွင်ပေး၊ အသားချည်း ရွေးပေးနှင့် မျိုမကျနိုင်သလို ဂရုတစိုက် တည်ပြုံ ကျွေးမွေးပေးသည့်အခါ အားလုံးမျက်စိ၌ ကြည့်ရကပ်အောင် ဖြစ်စရာရှိသော်လည်း မောင်မောင်ကား သဘောအကျကြီး ကျပြီး အချောကို အခင်ကြီးခင် အစွဲကြီးစွဲသွားလေပြီ။

"ထမင်းစားပြီးတယ်ရယ်လို့ မပြန်ရသေးဘူးနော် . . . တစ်နေ့လုံး နေရမယ်၊ အချောက လူခင်ရင် သူများနဲ့ မတူဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခင်သလို ခင်မှ ကြိုက်တာ . . ."

"ဒီတစ်ခါတော့ မောင်မောင့်ကို ခွင့်လွှတ်ပါဦး၊ နောက်ဆိုရင်လေ တနင်္ဂနွေနေ့တိုင်း အချောဆီ လာပါ့မယ်၊ လာလိုက်တာလို့သာ ရန်မတွေ့နဲ့"

"အခုတော့ ဘာဖြစ်လို့လဲ . . . အလုပ်ရှိလို့လား"

"အလုပ်တော့ မရှိဘူး၊ ဒါပေမဲ့ ဒီနေ့ ဘောက်ထော်မှာ နတ်ကမယ်၊ မောင်မောင်တို့ အမြဲ က,ရတယ်။ ကိုယ်တော်လေးက မောင်မောင့်ကို ကောက်ထားတော့ မသွားလို့ မရဘူး"

"ဟင် . . . ဘယ်ကိုယ်တော်ကလဲ"

"မင်းကလေး ကိုယ်တော်လေ . . . မောင်မောင့်ကို သိပ်ချစ်နေတယ်"

မိန်းမတွေသာ ကောက်သည်ကို သိရပြီး၊ မိန်းမရှာကိုပါ နတ်များက မိန်းမလို ကောက်ယူပြန်သလားဟု အဆန်းဖြားရပြန်၍ အဆန်းမြင်ချင်လာသဖြင့် မောင်မောင်အား နတ်ပွဲသို့ ခေါ်ပြပါရန် တောင်းပန်လိုက်သည်။

"အို . . . ခေါ်တာပေါ့၊ ဒီလိုမျိုး လိုက်ရင် သိပ်ဝမ်းသာတာပေါ့" နှင့် တစ်အိမ်လုံးကို ဖိတ်မန္တကာ ပြုနေသည်။

အချောနှင့် မထွေးလှသာ လိုက်ပါပြီး ခင်ခင်က အပြင်ထွက်ရန် ဟန်ပြင်နေသော အချောနားကပ်လျက် "ဂွတ်တယ်ထင်ရင် ဒူးသာဒူးနော် . . . လုပ် လုပ်" ဟု အချောအား သြချလွှတ်လိုက်သည်။

ကားစီးစီး မြင်းလှည်းစီးစီး တစ်ခရီးလုံး မိန်းမရှာနှင့်တွဲ





သွားရသည်ကို မနှစ်မြို့ဘဲနှင့် လိုက်ပါခဲ့သော အချောသည် နတ်ပွဲသို့ရောက်သောအခါ နှလုံးနာထားရသည့်အထဲ ပျို့ချင်အန်ချင်စိတ်များပင် ပေါက်သွားလေသည်။

နတ်ရုပ်တွေနှင့် ပြင်ဆင်ထားသော နတ်စင်ရှေ့ တချိမ့်ချိမ့်တီးနေသော ဆိုင်းဝိုင်းနား၌ မောင်မောင်ကဲ့သို့သော အထက်ဆင်မတပ်သော မိန်းမရှာများ စုဝေးထိုင်နေသည်ကို မြင်ရလေသည်။ မိန်းမရှာလောကကြီးကို ရောက်လာသည့်အတွက် စူးစမ်းနိုင်ခွင့်ရပြီဟု အောက်မေ့လိုက်သည်။ မိမိတို့အား မောင်မောင့်မျက်နှာနှင့် သူတို့နားတွင် ထိုင်ကြရန် ဖိတ်ခေါ်ပြီး ဧည့်ခံကြသည်။

ကိုယ့်အဖြစ်နှင့် ပုဆိုးဝတ်နေလျှင် ယခုလို ရေတိမ်တွင် နစ်ကြလိမ့်မည်မဟုတ်၍ မိန်းမရှာပပျောက်ရေး ဘယ်နည်းနဲ့ ဖြစ်နိုင်သလဲဟုသာ အချော စဉ်းစားလေသည်။

ထိုင်မသိမ်းအင်္ကျီနှင့် ထဘီရှည်ဝတ်လျက် မောင်မောင်တို့ မိန်းမရှာတစ်စု ထ,ထပြီး အလှည့်ကျ နတ်ဝင်၍ ကဲ,ပြကြသည်မှာ နတ်ဝင်သယ်တွေထက်ပင် အကကောင်းလေသည်။ နတ်ဝင်သည်ကို မိန်းမများ မလုပ်ဘဲ သူတို့သာလျှင် လုပ်ဖို့သင့်ပေသည်။ သူတို့စိတ်ကား မိန်းမများ၏စိတ်ထက်ပင် အရည်ပျော်လွယ်၍ နတ်ဝင်ရလွယ်ကူပေသည်။

ကြည့်ရင်း ကြည့်ရင်း စိတ်ထဲ၌ နာကျင်လွန်း၍ အချောသည် အံကြိတ်၍ထားရသည်။

ဤနေ့အဖို့တွင် ခြေကုန်လက်ပန်းကျခဲ့ပြီး စိတ်မသက်



www.burmeseclassic.com

www.burmeseclassic.com



သာစွာနှင့် မအီမသာဖြစ်နေလေသည်။ မိန်းမရှာတွေကို လှိုက်လှိုက်လှဲ့လှဲ့ ပိုမို၍ ကရုဏာကြီးသွားသည့်အတိုင်း မောင်မောင့်ကို တနင်္ဂနွေနေ့မှမဟုတ်ဘဲ ညနေတိုင်း လာပါရန် ထပ်မံ၍ အတန်တန် ဖိတ်ခေါ်ခြင်းပြုလိုက်သည်။

မောင်မောင်နှင့် အချော အလွန်ရင်းနှီးခင်မင်သည့် အဖြစ်သို့ ရောက်လာခဲ့လေပြီ။ ညနေတိုင်း မောင်မောင်အား အချောတို့အိမ်၌ တွေ့နိုင်သည်။ အချောသည် မောင်မော( အား ပကတိ မိန်းမမိတ်ဆွေသူငယ်ချင်းတစ်ယောက်ကဲ့သ( ခင်မင်ပေါင်းသင်းပုံမှာ ပိပိရိရိရှိလေသည်။ တနင်္ဂနွေနေ့များ၌ အရောင်ဆင်တူဝတ်ဆင်ကြလျက် ဈေးသွား၊ ရုပ်ရှင်သွားနှင့် လုပ်နေကြသည်။ ခင်ခင်သည် အချောအား အကဲခတ်၍ မရနိုင်။ အချော သွန်သင်မှာကြားထားသည့်အတိုင်း ၎င်းတို့ကပါ မောင်မောင့်ကို မိန်းမသားတစ်ယောက်ကဲ့သို့ အချော ဆက်ဆံပုံအတိုင်း ဆက်ဆံနေရသဖြင့် မောင်မောင်မှာ ပိပိရိရိ မိန်းမတ[illegible]ယောက် သူတို့အိမ်တွင် ဖြစ်လျက်နေခဲ့လေပြီ။ ယခုတွင် မောင်မောင် ပေါ်မလာလျှင် သူတို့ပါ ပျင်း၍ မောင်မောင့်အလာသာ စောင့်ကြလေသည်။

အချောသည် မောင်မောင်နှင့် ဆန့်ကျင်ဘက်ပြုရန်ကိစ္စမှန်သမျှ သတိကြီးစွာထားလျက် ရှောင်ရှားကာ မောင်မောင့်အလိုလိုက်လျက် အကြိုက်သာရွေး၍ မောင်မောင့်ကို မည်မျှခင်မင်ကြောင်းကို အမိကထားပြီး ပြနေရာ၊ အချောက ထိုင်ဆိုထိုင်၊ ထဆိုထ နာခံသည့်အခြေသို့ ရောက်သည်အထိ





ခင်မင်နေသည်။

အချော [illegible]တုခိုးပြီး အချော အယုအယ အချော သွေးဆောင်သည့်အတိုင်း နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေး အိန္ဒြေတွေ သိက္ခာတွေနှင့် ဖြစ်လာ၍ မိန်းမရှာ ဟုတ်ရုံမက မိန်းမအလွန်ပီသနေပေပြီ။

ယနေ့ညတွင် ၉ နာရီပွဲ ရုပ်ရှင်သွား၍ အပြန်၌ အချောတို့အိမ်၌ မောင်မောင်အိပ်ရန် အချော စီမံလိုက်လေသည်။

ရုပ်ရှင်မှ ပြန်လာခဲ့ကြပြီး စုရုံးဝိုင်းဖွဲ့ စားသောက်ကာ စကားထိုင်ပြောနေကြလေရာ ညဉ့်နက်လာမှပင် အိပ်ကြရန် အသီးသီး ကိုယ့်အခန်းကိုယ် ဝင်သွားကုန်ကြသည်။ အချောသည် မောင်မောင်အား အိမ်ရှေ့ဧည့်ခန်းတွင် ကုတင်ထုတ်၍ အိပ်ရာပြင်ပေးထားသည်။

"မောင်မောင် မအိပ်ခင်လေ မျက်နှာလေးသစ်ပြီး သနပ်ခါးရေကျဲ ပွတ်လိုက်ဦး . . ." ဟု မောင်မောင်ကို အိမ်တွင်းသို့ ခေါ်သွင်းသွားသည်။

မျက်နှာသစ်ပြီးကြပြီး အချောအခန်းထဲရှိ မှန်ခုံတွင် သနပ်ခါးလူးနေကြသည်။

ခင်ခင်သည် မိန်းမရှာမှန်း သိသော်လည်း ယောကျ်ားတစ်ယောက်ဟူသောအသိကို မစွန့်နိုင်လေ၍ ပက်လက်အိပ်နေရာမှ ကပျာကယာ ထထိုင်ရသည်။ အခန်းထဲသို့ ခေါ်လာသည်ကို ရှက်ပုံလည်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်နဲ့အချော ဘယ်သူက အရပ်မြင့်လဲ . . . လာ လာ . . တိုင်းကြည့်ရအောင်" ဟုဆိုပြီး ကိုယ်လုံးပေါ်မှန်ရှေ့၌ ယှဉ်လျက် ရပ်ကြသည်။

"ကြည့်စမ်း . . . မောင်မောင့်ကို အခုမှ သေသေချာချာ ကြည့်မိတော့တယ်။ နဖူးကလည်း မဟာနဖူး၊ လှလိုက်တာ . . . ဟောဒီမျက်ခုံးလေးက နှုတ်လိုက်လို့ . . . သူ့အရှိအတိုင်းဆိုရင် မျက်လုံးနှစ်လုံးပေါ်မှာ သိပ်ပေါ်မှာပဲနော် . . ."

"နှုတ်တော့ မလှဘူးလား အချောရဲ့ . . . "

"လှတော့ လှပါရဲ့ . . . ဒါပေမဲ့ သေသေချာချာ ကြည့်မှ ပေါ်တယ်၊ မနှုတ်ဘဲထားရင် ဘယ်လောက်ပေါ်မလဲနော်။ သိပ်ပြီး ကျက်သရေရှိမှာပဲ။ အချောဖြင့် ဘာလို့ ဒီလောက်တောင် ကျက်သရေရှိရသလဲလို့ အောက်မေ့နေတာ . . . ဟော . . လား လား . . . လက်စသတ်တော့ ဒါကြောင့်ကိုး၊ ကိုယ့်ဟာကိုယ်ရော သိရဲ့လား . . . မြင်ရဲ့လား မောင်မောင်"

"ဘာလဲ အချောရဲ့ . . ."

"ဟင် . . . မမြင်ဘူးလား၊ ခင်ခင်ရေ လာကြည့်စမ်း၊ မောင်မောင့်မှာ လာရာကြည့်စမ်း၊ ကျက်သရေရှိတာ ဘယ်ဒင်းလဲဆိုတာ . . . ကိုယ်တို့မှာ မရှိဘူးဆရာ"

ခင်ခင်လည်း ကုတင်မှ ထလာရာ အနားမရောက်မီ အချောက မောင်မောင်မမြင်အောင် မျက်စိမှိတ်ပြလိုက်သည်။

"ကြည့် . . . ကြည့် . . . ခင်ခင်၊ ဒါကြောင့် ဒါကြောင့် ဒီကျက်သရေ . . ဒီကျက်သရေ . . . "





"အချောကလည်း တစ်ယောက်တည်း ပြောနေတယ်၊ ပြဦးမှပေါ့၊ ဘာကိုလဲ . . . ပြစမ်းပါဦး . . . "

မိန်းမနှစ်ယောက် အလှရှာနေကြသည့်ကြားတွင် မောင်မောင်မှာ မျက်နှာမထားတတ်သလို ရှက်လို့နေသည်။ အချောက မိမိအား ပြိုင်ဘက်ကင်းအောင်လှသည် ထင်နေခြင်းကိုလည်း အကျေနပ်ကြီး ကျေနပ်နေလေသည်။

"အလကားပါခင်ခင် . . . မောင်မောင်က အချောထက်များ ပိုချောလို့လား . . . ဘယ်ဟာကိုများ သူ ကျက်သရေရှိနေတယ် မဆိုနိုင်ဘူး၊ ကြည့်ပါလား . . ကြည့်လိုက်ကြတာ မောင်မောင် ရှက်တောင်လာပြီ . . ."

"အဟုတ် အဟုတ် မောင်မောင်ရဲ့၊ အချော မောင်မောင့်လို ရှိချင်လိုက်ပါဘိတော့ . . ."

"ဘာကိုလဲလို့ အချောရဲ့ . . ."

"မောင်မောင်ကြည့် . . . ကြည့်၊ ဟောဒါ ဟောဒါ"

အချောသည် မိမိပြလိုသည့်နေရာကို လက်ထောက်ထားလိုက်သည်။

မှန်ထဲတွင် မောင်မောင်၏ သနပ်ခါးဘဲကြားမျက်နှာနှင့် လက်ထောက်၍ပြထားသည့် ဇလုတ်ကြီးမှာ တခြားစီဖြစ်နေ၍ ခင်ခင်မှာ အိန္ဒြေမျှ မဆည်နိုင်ဘဲ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

မောင်မောင်ခမျာ မျက်လုံးမျက်ဆံပြူးပြူးနှင့် ဘယ်လိုပြောလိုက်တာလဲဟု အချောကို နားမလည်သလို ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာတစ်ပြင်လုံး၌ ရှက်သွေးရောင်များ လွှမ်းသွားလေသည်။ အချောက တည်တည်ကြီးလုပ်နေ၍ ရှက်ရမှာလား မရှက်ဘဲ နေရမှာလား မသိအောင် ခက်သွားသည်။

"ခင်ခင်ကလည်း ကိုယ်တို့မှာ မပါဘူးဆိုလို့ ရယ်နေတာလား . . ."

"ဘေးကကြည့်ကြည့် ရှေ့ကကြည့်ကြည့် သူ ပေါ်နေတာ ဘယ်လောက်လှလဲ၊ ဒါက နဂိုအလှ ကိုယ်တို့မှာ မရှိဘူးနော် . . ."

အချောသည် မိမိလက်ဖြင့် မိမိလည်ပင်းကို သပ်လျက် မှန်ထဲတွင် လိုက်ရှာကြည့်သလို လုပ်ပြောရင်းက မောင်မောင့်ကို ခိုးခိုးလည်း ကြည့်သည်။

မောင်မောင်ကား ရှက်ရှက်နှင့် ကြောင်တက်တက် ဖြစ်နေသည်။

"ခင်ခင်တို့မှာ ဘယ်ပါမလဲ၊ အချောကလည်း . . ."

"အေးလေ . . . ဒါကြောင့် ပြောတာပေါ့၊ အချောတော့ မောင်မောင့်မျက်နှာမျိုး တော်တော်ကို ဖြစ်ချင်တာပဲ။ ဘဝက ကံမကောင်းတော့ လူချင်းတူပေမယ့် ကွဲပြားလာတယ်နော်။ ဟောဒီဆံပင်ကြီးလည်း သိပ်ရှုပ်တာပဲ၊ မောင်မောင့်လို ဘိုကေထားနိုင်ရင် သိပ်ကောင်းမှာပဲ ခင်ခင်ရယ် . . . ညှပ်ချင်လိုက်တာ . . ."

ခင်ခင်က တခစ်ခစ်ရယ်နေရာမှ . . .





"ဒါလောက်တောင် ယောကျ်ားဖြစ်ချင်ရင်လည်း မောင်မောင့်လို ညှပ်လိုက်ပါလား၊ ပြီး ရှပ်အင်္ကျီဝတ်၊ ပုဆိုးဝတ်၊ မောင်မောင့်လိုလုပ်လေ" ဟု တွယ်လိုက်သည်ကို ခင်ခင်အား အချောက အလွန်ကျေနပ်စွာ ပြုံး၍ပြလိုက်သည်။

"လုပ်ချင်တာပေါ့ ခင်ခင်ရဲ့ . . . ဒါပေမဲ့ ဘယ်ယောကျ်ားအစစ် ဖြစ်မလဲ။ အတုကြီးလုပ်ရတာ ရှက်စရာပိုကောင်းတာပေါ့။ ကိုယ်တို့က မိန်းမဆိုတော့ ဘယ်လိုပဲ ရှပ်အင်္ကျီစွပ်ဦး . . . ချွေးခံတော့ ဝတ်ရဦးမှာပဲ။ ခါးတောင်းလည်း ကြိုက်ဝံ့တာလည်း မဟုတ်ဘူး။ ဘောင်းဘီပြတ်လည်း မဝတ်ဝံ့ဘူး။ ဓမ္မတာကလည်း ပိတ်လို့ရမှာ မဟုတ်ဘူး။ ယောကျ်ားလို ဝတ်ထားတယ်ရယ်လို့ ဘယ်ယောကျ်ားနဲ့မှလည်း အတူသွားအိပ်ရဲ အိပ်ရဲမှာမဟုတ်ဘူး။ မောင်မောင့်လို ဇလုတ်က မပါတော့ သာဆိုးသေးတယ်။ မိန်းမပဲဆိုတာ ယောကျ်ားတိုင်းသိပြီး သာပြီး မခန့်လေးစားလုပ်ကြမှာပေါ့ . . . ဖြစ်ချင်တာက မောင်မောင့်လို လုံးဝဥဿုံ အစစ်ဖြစ်ချင်တာ . . . ယောကျ်ားအတုတော့ မလုပ်ချင်ဘူး"

ခင်ခင်သည် သဘောကျလွန်း၍ တခစ်ခစ်ရယ်နေသည်။

အချောနှင့်ခင်ခင် အပြန်အလှန်ပြောနေကြသည့် အကြားတွင် မောင်မောင်ကား ဘာမှ ဝင်မပြောဘဲ မျက်နှာမထားတတ်အောင် ဖြစ်နေသည်။ အချောက ဟန်ပါပါမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပေးနှင့် "မဟုတ်ဘူးလား မောင်မောင်ရယ်" ဟု မောင်မောင့် ဘက်လှည့်၍ လုပ်လိုက်ရာ ဘာပြန်ပြောရမှန်း မသိအောင် မွန်ထူနေသည်။

"အချောတို့အဖြစ်က နိပ်ကို မနိပ်ပါဘူး။ သိပ်ရွံဖို့ ကောင်းတာပဲ . . . မမွတာလာရတာနဲ့ ကလေးမျက်နှာ မြင်ရ တာနဲ့ စက်ဆုပ်စရာဘဝကြီး မောင်မောင်တို့က ဘယ်လောက် အေးလဲ . . . ဒီဒုက္ခတွေ မောင်မောင့်မှာ ဘာမှမရှိဘူးနော်။ ဒါကြောင့် မိန်းမဘဝက ယုတ်လွန်းလို့ ယောကျ်ားဆုပန်ကြတာ ပဲ။ လူဖြစ်ရပေမယ့်လည်း နိမ့်ကျပြီး ဖြစ်လာရတဲ့ အချောတို့ ဘဝကို အချောဖြင့် အမုန်းဆုံးပဲ။ မလွဲသာလို့သာ ဖြီးလိမ်းပြီး နေရတယ်။ တစ်နေ့မှ ထဘီဝတ်ရတာ မကျေနပ်ဘူး မောင် မောင်ရဲ့ . . . ဖြစ်ချင်တာကတော့ မောင်မောင့်လိုဖြစ်ချင် တာ၊ ဒီဘဝလို မိန်းမဖြစ်ရတာ စိတ်နာလွန်းလို့။ နောက်ဘဝ မှာ ယောကျ်ားဖြစ်ဖို့ရာသာ ဘုရားမှာ ဆုတောင်းနေရတော့ တာပဲ။ အချောတို့ဘဝကိုက ဆိုးလှပါတယ် မောင်မောင်ရယ်"

အချောက မျက်နှာထားခပ်ညှိုးညှိုးနှင့် ညည်းညည်း ညူညူ ဝမ်းနည်းပက်လက် လုပ်ပြောသံကို ခင်ခင်တွင် ရယ်ချင် လွန်း၍ မနည်းချုပ်တည်းအောင့်အည်းထားရလေသည်။ မောင် မောင် မွန်ထူနေမှန်း သိသော်လည်း အချောကဲ့သို့ လိုက်၍ မသိဟန်ဆောင်ရပြီး မောင်မောင့်အလစ်တွင် အချောအား မျက်စိတစ်ဖက် မှိတ်မှိတ်ပြနေသည်။





"အချောကလည်း အသာနေ" ဟူသော အဓိပ္ပါယ်နှင့် ပြန်ပြန် မျက်မှောင်ကြုတ်ပြလိုက်သည်။

"ယောကျ်ားတစ်ယောက်ပဲ" ဟု သွယ်ဝိုက်ကာ အသိ ပေးနေသည့်ကြားထဲမှ မောင်မောင့်အား မိန်းမတစ်ယောက်ကဲ့ သို့သာ အမှတ်ထားကြောင်းဟန်ကလည်း မပျက်ပေ။ မနေ့ည က အချော၏ အမူအရာမှာ အံ့ဩလောက်အောင် ဖြစ်ပေ သည်။

"မောင်မောင် . . . မအိပ်ခင် ဘုရားရှိခိုးတယ် မဟုတ် လား"

"ရှိခိုးပါတယ်"

"အချောလည်း အမြဲ ရှိခိုးတာပဲ။ ဘုရားဆုပန် အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားဖြစ်ပါစေလို့ နေ့တိုင်း လည်း ဆုတောင်းတယ်။ မောင်မောင်ကော ဘာဆုတောင်းလဲ၊ သနပ်ခါးကြိုက်လို့ ထမီဝတ်များ ဆုတောင်းနေသလား မောင် မောင်ရယ် . . ."

"မောင်မောင်လည်း အချောလိုပါပဲ" ဟု ကတုံကရင် နှင့် ပြန်ပြော၍ အခန်းထဲမှ ထွက်ပြေးချင်လောက်အောင် ဖြစ် နေမှန်းကို အချောတို့ သိကြလေသည်။

"ဒီလိုမှပေါ့ . . . အချောနှင့် ဆုတောင်းခြင်း တူလိုက် တာနော် . . . ယောကျ်ားဆုပဲ ပန်တယ်လား . . . ကဲ . . . ဘုရားရှိခိုးပြီး အိပ်တော့။ သိပ်ညဥ့်နက်ရင် မနက်ကျ မျက်တွင်း တွေကျနေမယ်။ နေဦး နေဦး မအိပ်ခင် ခါးကထဘီဝတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လဲဦး။ ကြေကုန်ဦးမယ်" ဟုပြောရင်းဆိုရင်းက ဘီရိုကို ဖွင့်လျက် သရက်ထည်ထမီတစ်ထည် ဘော်လီတစ်ထည် ပဒုမ္မာရင်ဖုံးတစ်ထည်ကို ဆွဲထုတ်၍ ကမ်းလိုက်သည်။

မောင်မောင်သည် မိန်းမရှာဖြစ်နေသော်လည်း ထဘီစစ်ကို ဘယ်သောအခါမျှ မဝတ်ခဲ့၍ ထဘီကို မြင်မြင်ချင်း ခေါင်းကြီးသွားသည်။ အတွင်းခံ ဇာဘော်လီကိုလည်း မိမိတွင် ဝတ်လောက်အောင် အကြောင်းမရှိ။ ဝတ်လည်း မဝတ်ခဲ့သဖြင့် မြင်ရရုံနှင့်ပင် မိမိနှင့် လုံးလုံး မဆီမလျော်သည့်အထည်မှန်းကို သိသည်။

"အချောရယ် . . . ဒါမျိုးတွေ မောင်မောင် ဘယ်တုန်းကမှ မဝတ်ပါဘူး၊ နေပါစေ . . . ဒီတိုင်းပဲ အိပ်ပါ့မယ်"

"ဘာကြောင့်မို့လဲ မောင်မောင် အားမနာနဲ့ . . . အချော အဝတ်တွေပါ၊ ဝတ်သာဝတ်ပါ . . . ရော့ ရော့ . . . လဲ လဲ"

"မလုပ်ပါရစေနဲ့ အချောရယ် . . . ဒီအဝတ်တွေ မောင်မောင် မဝတ်ရဲဘူး"

"ဘာပြုလို့လဲ"

"ဟာ . . . ဒါက မိန်းမအဝတ်တွေပဲဟာ . . . မောင်မောင် ထဘီဘယ်တုန်းက ဝတ်လာဖူးလို့လဲ"

"အကြောင်းသိချင်းဟာ ငြင်းမနေစမ်းပါနဲ့၊ ဝတ်မှာဝတ်ပါ။ ကိုယ့်အကြိုက် ကိုယ်ဝတ်တာ ဘာဖြစ်ရမှာလဲ။ ဘန်ကောက်လုံချည် ကြေသွားလိမ့်မယ် . . . လဲပါ လဲပါ"





"အို . . . အချော ဒီထဘီကြီး မဝတ်ချင်ဘူး"

"အို . . . ခက်ပါဘိ၊ ယောကျာ်းရယ်လို့ ပုဆိုးမှ ဝတ်နေတာမဟုတ်ဘဲဟာ . . . လဲပါလို့ဆိုတာ"

"မောင်မောင်ဝတ်နေတာ ပုဆိုးပါပဲ"

"မျက်နှာက သနပ်ခါးတွေနဲ့ ပုဆိုးကြီးနဲ့ မလိုက်ပါဘူး၊ ဒီထမီလေးနဲ့မှ လိုက်မှာ၊ သိပ်လှမှာပဲ . . . ဝတ်စမ်းပါ"

မောင်မောင် ငိုတော့မည်ကဲ့သို့ ဖြစ်နေရှာသည်။

အချောသည် ထဘီခေါက်ကို ဖြန့်ချလိုက်လျက် မောင်မောင့်ကိုယ်နှင့် ကပ်မည့်ဟန် လုပ်လိုက်သဖြင့် နောက်သို့ ခုန်လှမ်းဆုတ်လိုက်သောကြောင့် ဘီရိုလုံးနှင့် ဒုံးခနဲနေအောင် တိုက်မိသွားသည်။

အချောလုပ်ပုံတွေကို ခင်ခင့်တွင် မချုပ်တီးနိုင်၍ အသံထွက်သွားရာ တစ်ဖက်ခန်းမှလူများလည်း အကြောင်းထူးသည်ဟု ခင်ခင်တို့အပေါက်ဝသို့ စုပြုံပြေးလာကြသည်။

"ကြည့်ကြပါဦး . . . သူ့အကျီနဲ့ လုံချည် ကြေမှာစိုးလို့ အဝတ်လဲခိုင်းတာ မလဲဘူး" ဟု အချောက အားလုံးကို စစ်ကူလှမ်းတောင်းလိုက်သည်။

ခင်ခင် မျက်စိမှိတ်ပြလိုက်သည်တွင် အသီးသီး ရိပ်မိသွားကြပြီး "ဟုတ်သားပဲ မောင်မောင်ကလည်း . . . လဲရောပေါ့။ ဒီထဘီလေးနဲ့ဆိုရင် သိပ်လှမှာပဲ၊ ဝတ်ပြစမ်းပါ" ဟူ၍ တစ်ပြိုင်တည်း ဝိုင်းအုံပြောကြပြီး မောင်မောင့်အဝတ်များကို ဝိုင်းချွတ်တော့မည်ကဲ့သို့ မောင်မောင့်အနားသို့ စုကပ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် သေလိုက်ချင်အောင် ရှက်လေသည်။ မိန်းမရှာလုပ်နေသည့် မိမိအဖြစ်သည် မည်မျှ ဝွကျလေမှန်း ယခုမှ လုံးလုံးလျားလျား သဘောပေါက်ကာ မိန်းမတွေ ရှေ့၌ ဘယ်နည်းနှင့်မျှ ထဘီဝတ်မပြရဲသဖြင့် ဝိုင်းအုံချဉ်းကပ်လာသည့် မိန်းမတပ်ကြီးကို ဘယ်လိုရှောင်ရှားရမလဲဟု ကြံရာမရ ဘီရိုကြားသို့ ပြေးကပ်သွားသည်။

"ဘာရမလဲ . . . လာကြ၊ ရှက်စရာမဟုတ်တာ သူကရှက်နေတယ်၊ ဒါလေးဝတ်ရင် ဘယ်လောက်လှမလဲ . . . သိပ်ကြည့်ချင်တာပဲ။ လဲမပြဘူးလား ပြမလား" ဟု ပြောပြောဆိုဆို အချောလက်မှ ထဘီကို ခင်ခင်တို့ လှမ်းဆွဲယူလိုက်ကြပြီး မောင်မောင့်နားသို့ ပြုံကပ်သွားကြပြန်သည်။

"မလုပ်နဲ့နော် . . . မလုပ်နဲ့၊ ဒါပဲ မောင်မောင် မလဲချင်ဘူး"

အချောသည် မောင်မောင် စိတ်ထွက်လာသံကို နားထောင်ရင်း ကျေနပ်စွာ ရယ်ပြုံးကြည့်နေသည်။

"အို . . . မျက်ဘုကဖြင့် သနပ်ခါးတွေနဲ့ မိန်းမ မဟုတ်ဘူးတဲ့ . . . အလကား သူပြောနေတာ ဆွဲချွတ် ဆွဲချွတ်"

မောင်မောင်သည် ရှိသမျှအားနှင့် ရုန်းကန်လေသည်။ ပါးစပ်ကလည်း မလုပ်ကြနဲ့နော် . . . ဒါပဲ နောင်တော့သာ အဆိုးမဆိုနှင့်ဟု ဒေါသထောင်းထောင်းထွက်နေသည်။

အချောကား ၄င်းတို့ထဲတွင် ဘာမျှ ဝင်မပါဘဲ ထွေးလုံးရစ်ပတ်နေကြသည်ကို ကြည့်နေရင်း ငုံ့နေသည်။





"ဘယ်တုန်းကဝတ်လို့လဲ၊ ဒီအဝတ်ကို ယူသွားကြ"

"ဒီတစ်ခါ ဝတ်ဖူးတယ်ရှိအောင်ပေါ့ . . . ဟောဒီ ဘော်လီက နံပါတ် ၃၂ ဆိုတော့ ကျဉ်းချင်မှ ကျဉ်းမယ်၊ ကြယ်သီးတော့ စိလို့ရမှာပဲ။ ဒီထဘီကွင်းလည်း လေးတောင် တစ်မိုက်လျော့ကွင်းမို့ အတော်ပဲနေမှာပဲ။ ပဒုမ္မာအင်္ကျီ မဝတ်ချင်နေ။ အဲဒါနဲ့ အဲဒါ ဝတ်ပြစမ်းပါ မောင်မောင်ရယ်"

"လူကို အရူးမှတ်လို့လား"

"ဟုတ်တယ် . . . ရှပ်အင်္ကျီနဲ့ လုံချည်ကို ထမီ အင်္ကျီလို လုပ်ဝတ်လာတာတော့ ကြည့်ကောင်းသလား။ ဒီလို ဝတ်ရင် အရူးလား၊ ခင်ခင်တို့က အရူးလား . . . လှစေချင်လွန်းလို့ ဝတ်ခိုင်းတာ . . . အလှကြိုက်တယ်ဆို"

"မကြိုက်ဘူး . . . မကြိုက်တော့ဘူး"

"ညာပြန်ပြီ"

အချောသည် ခင်ခင်တို့ကို ငိုင်းချွတ်ရန် မျက်စိမှိတ်ကာ အရိပ်အကဲ ပြလိုက်ပြီး "မဝတ်ချင်ရင်လည်း နေပါစေလေ. . ခင်ခင်တို့ကလည်းကွယ်" ဟု မောင်မောင့်နားထဲသို့ ရောက်လောက်အောင် ပြောသည်။

ခင်ခင်တို့လည်း ညာသံပေး၍ မောင်မောင့်အနားသို့ ဆူညံကာ ကပ်သွားကြသည်။

၄င်း၏ ခါးပုံစကို လက်နှင့် မြဲမြဲဆုပ်ဖိထားပြီး နှုတ်ကြောကြီးများပင် ထောင်ထလာကာ "မကပ်ကြနှင့်နော်" ဟု မျက်နှာထားကြီးနှင့် ဝေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုးသလား မောင်မောင်"

"ဒီလိုများလုပ်ရင် ခင်ခင်တို့ကို မောင်မောင် အဟုတ် စိတ်ဆိုးမှာပဲ"

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

"ဘာဖြစ်ရမှာလဲ . . . ကောင်းသလား"

"မကောင်းရအောင် စိတ်ဆိုးစရာလား၊ မိန်းမအဝတ်တွေပဲဟာ၊ ယောကျ်ားလို ပုဆိုးတို့၊ ရှပ်အင်္ကျီတို့ ဝတ်ခိုင်းတယ်ဆိုရင် စိတ်ဆိုးပါတော့၊ အခု ကိုယ့်အကြိုက် ကိုယ်ဝတ်ရမှာကြည့်ချင်လွန်းလို့ပါ မောင်မောင်ရယ် . . . ချွတ် ချွတ်"

"အို . . . မောင်မောင်မကြိုက်ဘူး၊ ဆုတ်ကြ၊ ဒီမိန်းမဝတ်ကို နည်းနည်းမှ မကြိုက်ဘူး၊ ဖယ်ဆို ဖယ်ကြနော်"

"ခုံးထဲက မိန်းမရှာဝတ်ကိုတော့ ကြိုက်တယ်လား၊ မိန်းမဝတ်ကိုတော့ မကြိုက်ဘူးလား"

"ဘယ်ဒင်းမှ မကြိုက်ဘူး၊ ဒီလိုမလုပ်နဲ့နော် ထွေးထွေး၊ ကျွတ်သွားမယ် . . . ဖယ်ပါဆို ဖယ်"

"လဲပြစမ်းပါလို့ဆို မောင်မောင်ကလည်း လိမ္မာသားနဲ့"

"ကျုပ် ဒီနေ့ကစပြီး မိန်းမရှာမဟုတ်တော့ဘူး၊ ဖယ်ကြသွားကြ . . ."

"ဟေး မိန်းမရှာမဟုတ်ဘူးတဲ့၊ ချွေးခံကို အတင်းဆွဲချွတ်ကြည့်ရအောင် လုပ်ကြ လုပ်ကြ"

မောင်မောင်နှင့် မိန်းမလေးယောက် ထွေးလုံးနေကြသည်။ အချောသည် ကပျာကယာ လူတွေကြားထဲသို့ တိုးဝင်





ပြီး မောင်မောင်ရှေ့မှ ကာရပ်သည်ကို အချောကပါ ဝိုင်းချွတ်မည်ထင်မှတ်၍ အထိတ်တလန့် တွန်းပစ်လိုက်ရာ အချောလည်း နောက်ပြန်လဲကျသွားသည်။

အားလုံးပင် ရှဲသွားကြပြီးနောက် အချောအား ဝိုင်းထူကြသည်။

"မောင်မောင့်ကို ဝိုင်းချွတ်မလို့ မဟုတ်ပါဘူး။ သူတို့ကဲလွန်းလွန်းလို့ အချော မောင်မောင့်ကို လာကွယ်ပေးတာပါ"

"မောင်မောင် စိတ်မကောင်းဘူး၊ နာသွားလား အချော"

"မနာပါဘူး . . . ဘယ့်နှယ်လဲ၊ ခင်ခင်တို့ကလည်း ကဲ ကဲလွန်းတယ်။ ဒီနေ့ကစပြီး မောင်မောင် မိန်းမရှာမဟုတ်တော့ဘူးဆိုနေတာ အတင်းလုပ်ရသလား။ ဟိုက မိန်းမရှာစိတ် ပျောက်သွားပြီဆိုတာ အချောကသိလို့ ရှင်တို့ နာကုန်မှာစိုးလို့ ပြေးလာရတာ။ မိန်းမရှာပဲလို့ ထင်မနေကြနဲ့။ အချော သေသေချာချာ ရပ်ကြည့်နေတယ်။ မိန်းမရှာစိတ် မရှိဘူး၊ သိကြရဲ့လား မမတို့ရဲ့ . . ., ဒီနေ့ကစပြီး မောင်မောင့်ကို မိန်းမရှာလို့ အောက်မေ့မနေကြနဲ့တော့ . . . မောင်မောင်ဟာ တကယ့်ယောကျ်ားစစ်စစ် ဖြစ်သွားပြီ။ ဒီလို မရည်ရွယ်ဘဲနဲ့ ဒီလိုဖြစ်ကြရတာလည်း ဝမ်းသာကြဖို့ပဲ။ အချောတစ်သက်မှာ ဒီနေ့ညလောက် စိတ်ချမ်းမြေ့တဲ့ရက် ဘယ်တော့မှ ရှိမှာမဟုတ်ဘူး။ ဘေးပန်းတွေ မကောင်းလို့ မောင်မောင် ရေတိမ်နစ်နေရတာ။ အခု မောင်မောင့်မှာ အသိဉာဏ် ပွင့်လင်းသွားပြီ။ အမှန်ကို မောင်မောင် လက်ခံပြီ။ ဒီနေ့ကစပြီး ကိုယ်တို့မှာ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ပီသတဲ့ မောင်တစ်ယောက်ရပြီလို့သာ မှတ်ကြတော့၊ ဝမ်းမသာကြဘူးလား ရှင်တို့ . . .”

“အို . . ဒီလိုဆိုရင် သိပ်ဝမ်းသာတာပဲ” ဟု လက်ခုပ်တီး၍ ဩဘာပေးလိုက်ကြသည်မှာ ညဦးယံက အချောတီးလုံးတိုက်ထားသည့်အတိုင်း စည်းဝါး အလွန်ကျသွားလေသည်။

“ဟို ဘီရိုထဲက အချောအစ်ကိုဖို့ ဝယ်ထားတဲ့ ပုဆိုးနဲ့ လုံချည်ရှိတယ်။ မောင်မောင် လဲဝတ်ပါလား”

“ပေး . . . ဝတ်မယ်၊ အားလုံး အပြင်ထွက်ကြ”

အားလုံး အားလုံး ကြိတ်ပြုံးပြီး မျက်နှာပိုးသေသေနှင့် စုရုံးထွက်သွားကြပြီး အချောအမိန့်အတိုင်း တစ်ဘက်ခန်းထဲဝင်သွားကြကာ ခန်းစီးကြားမှ ချောင်းကြည့်နေကြသည်။

“မောင်မောင် . . . သူတို့ကို အထဲသွင်းလိုက်ပြီ၊ လဲပြီးရင် အချောနဲ့ အပြင်မှာ စကားပြောရအောင် ထွက်ခဲ့နော်”

မျက်နှာတွင် မပျက်သေးသော ကွက်တိကွက်ကြားသနပ်ခါးစနှင့် ရှပ်အင်္ကျီလက်ရှည် ပလေကပ်လုံချည်ကို ခွပ်ဝတ်၍ ထွက်လာပုံကို အချောလည်း ရယ်စရာကောင်းသည်ကိုမှ သတိမရနိုင်ဘဲ ဝမ်းမြောက်ဝမ်းသာ မောင်မောင့်လက်ကိုလှမ်းဆွဲပြီး အိမ်ရှေ့ဆောင်သို့ ခေါ်ထုတ်သွားလေသည်။

“မောင်မောင်ရယ် . . . အချောလေ ဟိုတုန်းကလည်းမိန်းမရှာအဖြစ်နဲ့လည်း ခင်တာပဲ။ အခုလည်း ကိုယ့်မောင်လေးလို ချစ်သွားတာပဲ။ အချောကိုရော မောင်မောင်က အစ်မလိုပြောင်းမချစ်နိုင်ဘူးလား မောင်မောင်”





“ချစ်ပါတယ် အချော . . . မောင်မောင် အချောကိုဘယ်လောက်. . .ဟယ်ဆိုတာ ပုဆိုးလဲဝတ်တာသာ ကြည့်တော့လေ”

“နောက်ကို အချော မောင်မောင့်ကို မိန်းမဟန် မိန်းမဂိုက်တွေနဲ့ မတွေ့ပါရစေနဲ့တော့နော်”

“စိတ်ချပါ အချော”

× × ×

ဤနေ့ကား တနင်္ဂနွေနေ့။

တသောသော တအုံးအုံး ဆူညံကာ အချော ထမင်းစားပွဲကြီးပြင်နေသည်ကို ညီညီညာညာ ဝိုင်းကူ လုပ်ပေးနေကြသည်။ မောင်မောင့်ကို မိန်းမရှာအဖြစ်နှင့် စသိသည့်နေ့က ထမင်း ဖိတ်ကျွေးသလို ယခုလည်း ယောကျ်ားစဖြစ်သည့် အထိမ်းအမှတ်နှင့် ထမင်းကျွေးရန် ဖိတ်ခေါ်ထားလိုက်ပြီးသည့်နေ့ ဖြစ်၏။

ဘိုကေကျကျနနဖြီးပြီး သက္ကလပ် တိုက်အင်္ကျီ မီးခိုးရောင်နှင့် နက်ပြာအကွက် ပိုးပုဆိုးကို ကျကျနန ခါးပုံစချလျက် စည်းဝတ်ထားသော မောင်မောင် ရောက်လာသောအခါ ပထမသော် အားလုံးငေး၍ ကြည့်နေမိကြသည်။ ထိုနောက်မှ အသက်ဝင်လာကြကာ မောင်မောင်အား ဆီးကြိုနှုတ်ဆက်ကြလေတော့၏။ ကျက်သရေ ဘယ်လောက်ရှိ၍ ယောကျ်ား ဘယ်လောက်ပီသ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အားလုံးကိုခေါ်ထုတ်၍ ချီးကျူးပြလိုက်ပြီးနောက် ထမင်းစားပွဲသို့ ဆွဲခေါ်သွားလေသည်။

"ဝမ်းသာလွန်းလို့ ထွေးဖြင့် ထမင်းတောင် မစားနိုင်ဘူး"

"ခင်ခင်တို့လည်း ဒီလိုပါပဲဆရာ"

"မောင်မောင်ရော"

"မောင်မောင်တင် မကပါဘူး၊ မောင်မောင်တို့အိမ်ကလည်း ဒီလိုပါပဲ ခင်ခင်"

"ဒီနေ့လောက် ခင်ခင်တို့အိမ်ဟာ ပျော်စရာကောင်းတာ မရှိဘူးနော်"

"မဟုတ်လား . . . တကယ်နော်၊ မောင်မောင် နေ့တိုင်းလာမယ်နော်။ တော်တော်ကြာ စိတ်မညစ်ကြနဲ့။ မိန်းမရှာလိုများ ထင်မနေကြပါနဲ့။ (မာမရှိန်း)ဖြစ်သွားပြီ။ ဒီမှာ လာစားမယ်။ ဒီမှာ လာအိပ်ချင် အိပ်မယ်၊ ဟုတ်လား အချော"

"ဟိုး ဆရာ၊ ဟိုး ဟိုး"

သောသောညံနေသော ထမင်းစားပွဲမှာ အချောကြောင့် ပွက်ပွက်ဆူညံသွားလေတော့သတည်း။

× × ×

# သည်မိုး

www.burmeseclassic.com

www.burmeseclassic.com

လေသည်လည်း တိုး၍တိုး၍သာ တိုက်၏။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း အပြင်းအထန် တိုက်လိုက်ပြီးနောက် မိုးသက်မိုးစက်ပါ လေထဲတွင် ရောနှောပါလာလေ၏။

ညအချိန်ဖြစ်၍ အမှောင်ဓာတ်အုပ်ဆိုင်း ဖုံးလွှမ်းထားမှုကြောင့် အမှုမဲ့ အမှတ်မဲ့သော် ဘာကိုမျှ မြင်နိုင်မည်မဟုတ်သော်လည်း တစ်ချက်တစ်ချက် မှိတ်တုတ်မှိတ်တုတ် တောက်နေသည့် မီးရောင်ကလေး ထွက်ထွက်လာ၍သာ လူနေတဲကလေးဖြစ်မှန်း သိနိုင်တော့၏။

ထိုအတွင်း ဝင်းခနဲ ဝင်းခနဲ လျှပ်စစ်လက်လိုက်ပြီးလျှင် နားကွဲမတတ် ထစ်ချုန်းလိုက်သည့် မိုးကြိုးသံကြီး ပဲ့တင်ရိုက်ဟည်းသွားလျက် မိုးကောင်းကင်မှ မိုးရေများ တဝေါဝေါ သွန်ချလိုက်လေ၏။

မိုးနှင့်အတူ လိုက်၍ မွှေ့ထိုးတိုက်ခပ်နေသည့် လေအရှိန်သည် မေးမှိန်အားနည်းလှသည့် ရေနံချေးမီးအုပ်မှုတ်ခွက်ကလေးကို မှိတ်တုတ်မှိတ်တုတ် တောက်နေရာဘဝမှ လုံးဝ





မှောင်အတိကျသွားအောင် ပတ်ချာလည် လှည့်တိုက်ငြိမ်းသတ်နေသဖြင့် နှင်းဥမှာ မီးမငြိမ်းအောင် အမျိုးမျိုး ကွယ်ကာ၍နေရရှာ၏။

ရေနံဆီပုံး အဖုံးသွတ်ပြားအပဲ့ကလေးကို မိမိလက်နှစ်ဘက်နှင့် မြဲမြဲဆုပ်ကိုင်ကာ ငြိမ်းလုငြိမ်းလုဖြစ်နေသည့် မီးခွက်ကလေးကို ဟိုဘက်လှည့်ကာ ဒီဘက်လှည့်ကာနှင့် မီးတောက်မသေအောင် ကာမေးနေလေ၏။

လူလုံးနှင့် ကွယ်လိုက်၊ သွပ်ပြားနှင့်ကာလိုက် လုပ်နေသော်လည်း မိမိတို့နေရသည့် တဲကလေးမှာ ဝါးလုံးလေးငါးတိုင်နှင့် ကဲလားမရှိ ကွက်တိကွက်ကြား သက်ငယ်မိုး သက်ငယ်ကာထားသည့် တဲကလေးဖြစ်ရကား လေပြင်းသဖြင့် နဲ့ယိုင်၍ ကြိုးကြိုးကြွတ်ကြွတ်အသံပင် ထွက်လာနေသည့်အတွက် မီးသေရုံတွင်မကဘဲ တဲလုံးပါ ကျွတ်ထွက်သွားကာ အတွင်းရှိ မိမိတို့သားအမိပါ မိုးရေထဲတွင် မျောသွားရတော့မည်ကဲ့သို့ ထင်ရလေ၏။

မိုးနှင့်လေတို့၏ အအေးဓာတ်ကား ထမီရင်လျားနှင့် မီးကို ဆောင့်ဆောင့်ထိုင်ကာ နေရသော မိမိအားပင် ခိုက်ခိုက်တုန်နေအောင် ချမ်းအေးလှသဖြင့် တဲထောင့်တွင် ခွေလဲနေသည့် ဒုက္ခိတဂိလာန အမေအိုအား သနားလှ၍ "အမေရေ ထဘီကို လုံလုံခြုံခြုံထား" ဟု ဟစ်အော်လိုက်လေ၏။ ၎င်းအသံမှာ နှစ်ကြိမ်ဆင့်၍ ပစ်လိုက်သည့် မိုးကြိုးသံကြီးတွင် သဲ့သဲ့လေးမျှသာ ကြားနိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တအုံးအုံး ရွာချနေသည့် မိုးသည် ပိုမိုသည်းထန်သည်ထက် သည်းထန်လာလေ၏။ လေသည် တိုးဝှေ့၍ ပြင်းထန်သထက် ပြင်းထန်တိုက်ခတ်လိုက်လေ၏။

နှင်းဥသည် ငုတ်တုတ်ထိုင်ကာ နေရာမှ ငိုင်ကျသွားလေ၏။ ဘာကိုမျှ မမြင်ရတော့ပေ။ မိုးသံလေသံ တအုံးအုံး တဖြုန်းဖြုန်း ရောပွမ်းသော အသံထုကြီးသာ ကြားရ၍ မှောင်ကြီးထဲတွင် အားစိုက်ကြည့်သော်လည်း မည်သည့်သဏ္ဌာန်မှ မမြင်ရချေ။

လောကဓာတ် ပတ်ဝန်းကျင်ကို တစ်ကွက်မျှ မမြင်ရနိုင်သော်လည်း ၎င်း၏ဘဝကိုကား မှောင်ထဲတွင် ဖောက်ထွင်းမြင်လျက်နေ၏။ စောစောက မီးရောင်ကလေးသာရှိလျှင် မြေပြင်တွင် မိုးရေတွေ တသွင်သွင်စီးကျနေသကဲ့သို့ သူ့ပါးပြင်တွင် တဖြိုင်ဖြိုင် စီးဆင်းနေသည့် မျက်ရည်များကို မြင်နိုင်ရာ၏။

ညနေက ကောက်စိုက်အပြန် လယ်ကန်သင်းတွေ ဖြတ်ကျော်၍ လယ်နှင့်တခေါ်လောက်တွင်ရှိသည့် သပြေပင်ရွာကလေးကို သုတ်ခြေတင်သွားခဲ့၏။ ကောက်စိုက်မ ဘုတိုက "ရွာမှာ အဝတ်တွေ ဝေနေတယ်ကြားတယ် . . . ညီးတို့မှာ လဲစရာမရှိတာ သွားတောင်းပါလားအေ့၊ အင်္ဂလိပ်ပြန်လာလို့ သူကြီးတွေကို အဝတ်တွေဝေရအောင် ပို့လိုက်တယ်ဆိုလား၊ သေသေချာချာတော့ မသိဘူး၊ သွားတောင်းရင် ရတယ်ပြောတယ်။ ငါ့ထဘီပေါက်က လှည့်ဝတ်လို့မရအောင် ဖြစ်နေလို့ မသွားဝံ့ဘူး။ ညီးသွားရင် ရှစ်ခိုးပါရဲ့ နှင်းဥရယ် . . . ငါ့ဖို့ပါ





တောင်းခဲ့ပါ" ဟု သတင်းပေးလိုက်၍ ရလိုရငြား ဝမ်းသာအားရနှင့် ကတိုက်ကရိုက် သုတ်ခြေတင်ခဲ့လေ၏။ နေကလေး ညိုလာ၍ ရွာမြောက်ဖျားကွင်းသို့ ပြန်ရမည့်အတွက် မှောင်မည်စိုးသဖြင့် သုတ်ခြေတင် လျှောက်နေရာမှ ဒုန်းစိုင်းပြေးလေ၏။

ရေဝင်နေသည့် ထဘီကြွမ်းထည်မှာ လူတစ်ယောက် ကုန်းပိုးပြေးရသကဲ့သို့ လေးလံလှ၍ ပြေးရင်ပင် မောဟိုက်နေလေ၏။ ရွာစပ်သို့ ရောက်လျှင် အပေါ်အင်္ကျီမပါဘဲ ထမီရင်လျားနှင့် ဖြစ်နေ၍ ရွာသို့ဝင်ရန် ရှက်မိလေ၏။

ဖခင်ရှိစဉ်တုန်းက ချောင်လည်ခဲ့၍ အဝတ်အထည် လဲထားနိုင်ကာ ဝတ်စားနေလာသည့်အတွက် ယခုသော် ကိုယ်တစ်ပိုင်းဖော်ထားရခြင်းကြောင့် မိမိရွာပင် မိမိမဝင်ရဲအောင် လိပ်ပြာလန့်၍ နေ၏။ ယောကျ်ားဖော် မိန်းမဖော် သူငယ်ချင်းများသည်လည်း ရှိ၏။ ယခုတစ်ခေါက် အင်္ကျီလေးမှ ဝတ်မလာနိုင်ရပါလားဟု ဝမ်းနည်းသွားမိ၏။ ဂျပန်တစ်ခေတ်လုံး ရွာထဲသို့လာလျှင် ဝတ်ခဲ့၍ တဲပြန်ရောက်လျှင် ချွတ်ထားရသည့် ဖျင်ကြမ်းအင်္ကျီမှာလည်း ပြဲရာဆုတ်ရာကအစိပ်စိပ် အမွှာမွှာ ကွဲသွားပြီး လက်နှီးဘဝသို့ရောက်၍နေသဖြင့် မဝတ်ခဲ့ရတော့ချေ။

နှင်းဥသည် ဆောင်းထားသည့် ခမောက်ကို မျက်နှာပေါ်သို့ ခပ်ငိုက်ငိုက် ဆွဲချပြီးနောက် အုတ်လမ်းမသာလျှင်ငုံ့စိုက်ကြည့်ပြီး ရွာထဲသို့ လျှောက်လာခဲ့၏။ ရှင်လောင်းလှည့်စဉ်တစ်ခါတုန်းက မော်လမြိုင် ရေ့ထိုးဖိနပ်ကလေးစီး၍ ဤအုတ်လမ်းမပေါ်၌ လျှောက်ခဲ့ရဖူးသည်တို့ကို ပြန်၍သတိရလာလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ယခုဘဝနှင့် ယခင်ဘဝကို အနေအထိုင် အဝတ်အစား အမျိုးမျိုးတို့နှင့် ချိန်ထိုး၍ လျှောက်လာရာမှ "နှင်းဥ . . . နှင်းဥ" ဟု ဟစ်ခေါ်သံကြားသဖြင့် ကိုယ်ရှိန်သတ်ကာ နောက်သို့ လည်ပြန်လှည့်ကြည့်လိုက်၏။

လက်ကိုင်ပဝါပြာကလေးကို ခေါင်းစည်းထားလျက် လက်နှစ်ဖက်က ပုဆိုးအောက်နားစကို လှန်ကိုင်ကာ ဈေးဆိုင် အိမ်ကလေးရှေ့တွင် ဗွက်ရှောင်ရင်း တုံးတွေကို ခနော်ခနဲ့ ကျော်နင်း၍ ပြေးလာသောသူကို တွေ့ရလေ၏။

နှင်းဥကား မည်သူမည်ဝါ မမှတ်မိပေ။

"တူပါတယ်လို့ အတင်းခေါ်ရတယ် နှင်းဥရယ် . . . အခု ဘယ်လဲ . . ."

"သြော် . . . ကိုညို၊ လူထွက်လာပလား"

"အေး . . . ခဏထွက်လာကာ၊ ဆရာတော်က အခု တစ်ဝါပြန်ဆိုရဦးမယ်ဆိုလို့ မြို့ပြန်ရဦးမယ်၊ အခု ဘယ်လဲ၊ ဘယ်နေသလဲ . . ."

နှင်းဥသည် မေးခွန်းနှစ်ခွန်းစလုံးပင် တစ်ခုမှ မဖြေချင်ပေ။ ကိုညို ရှင်ပြုပြီး ငါးနှစ်လောက် ကွဲသွားကြ၍ ယခု မိမိဘဝ ပြောင်းသွားပုံကို နည်းနည်းမှ မသိသချင်ပေ။

"ပြောပါဦးဟ . . . ဘယ်လဲ . . နင့်ကြည့်ရတာ စိတ်မကောင်းလိုက်တာ . . . တစ်နေ့ကမှ ရွာရောက်လို့ နင်တို့ အကြောင်း သိရတယ်၊ အခု ဘယ်ကိုလဲ . . ."

"သြော် . . . ဟိုနားတင်"





"ဘယ်သူ့အိမ်လဲ . . . လာလေ သွားမယ်"

"ဟို . . ."

"အင်း . . ."

"ဟိုလေ . . သူကြီးအိမ်"

"သူကြီးအိမ် ဘာလုပ်တုန်းဟ"

ကိုညိုက ရှေးကကဲ့သို့ မိမိအား ရင်းရင်းနှီးနှီး ချစ်ခင်လျက်ရှိသေးသည်ကို တွေ့ရ၍ မျက်ရည်မကျမိအောင် မနည်းပင် ချုပ်တီးထားရလေ၏။

"သူကြီးအိမ် ဘာသွားလုပ်ရမှာတုန်း နှင်းဥရဲ့"

"ကိုညို မကြားဘူးလား . . . အံဝတ်ဝေနေတယ်လို့ ဘုတို ကောက်စိုက်ရင်းပြောလိုက်လို့ အခုလာပြီးတောင်းမလို့"

"တောင်းမလို့ နှင်းဥ . . . နင် တောင်းမလို့လား၊ အလကားပေးတာ မဟုတ်ဘူးဟ . . . အစိုးရက အလကားဝေတာ မဟုတ်ဘူး။ ပိုက်ဆံနဲ့ဝယ်ရတာ။ အဲဒါ လူစိတက်စိ အကုန်ရတာမဟုတ်ဘူး။ ရချင်တဲ့လူမှ ရတာ။ ရွာထဲကလူတွေတောင် အကုန်မရပါဘူး။ နင့်နဲ့ မသိရအောင် ဘယ်နေလို့လဲ နှင်းဥရယ် . . . ဟိုမြောက်ဖျားမှာလား"

နှင်းဥသည် တွေတွေလေး နားထောင်နေရာမှ ခေါင်းညိတ်ပြလိုက်၏။

မောကြီးပမ်းကြီး ပြေးလာခဲ့ရ၍ ကြားရသည့်စကားကြောင့် ဆို့သွားသဖြင့် စကားနှင့်ပင် မဖြေလိုက်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"သန်ဘက်ခါ ငါ သရက်တောကျောင်းတိုက်ကို ပြန်မယ်။ မြို့ရောက်တော့ ဈေးကြီးမှာ အင်္ကျီတစ်ထည်၊ လုံချည်တစ်ထည် ငါ ဝယ်ပြီး လူကြုံနဲ့ ပေးလိုက်မယ်။ ဆက်ဆက်ပေးလိုက်မယ်။ မြို့မှာ အခု အထည်တွေ အားကြီးပဲရောက်လာကုန်ပြီ၊ မျှော်သာနေနော်"

"နေပါစေ ကိုညိုရယ် . . ."

"ဘယ်က နေပါစေလဲ၊ နင့်ဖို့အဝတ် ဝယ်မလာမိတာ ခုဖြင့် နင့်တွေ့ရတာ နည်းနည်းမှ စိတ်မကောင်းဘူး။ ဒီလောက်ဖြစ်နေမှန်းသိရရင် ငါ ဝယ်ခဲ့မှာပဲ။ ကဲလေ . . . မိုးချုပ်လိမ့်မယ်၊ ပြန်တော့။ မနက်ကို ငါ အစောကြီးလာမယ်၊ စောင့်နေနော် . . . ဘယ်မှ မသွားနဲ့"

နှင်းဥသည် အသံမထွက်အောင် ကြိတ်၍ ရှိုက်ကာရှိုက်ကာ အားရအောင်ငိုပြီးလျှင် မိခင်ရှိရာသို့ မှောင်ထဲတွင် စမ်း၍ သွားလေ၏။ မိခင်ကို စမ်းမိသောအခါ စိုရွှဲနေသည့် လုံချည်စကို ကိုင်မိသဖြင့် စိတ်ထဲတွင် မချိမဆန့်ဖြစ်ဖြစ်နှင့် "အမေ အမေ" ဟု နားနားသို့ကပ်ကာ ခေါ်လိုက်၏။

"နှင်းဥ နှင်းဥ . . . အမယ်လေး အသက်ရှူလို့လည်း မရဘူး၊ မျက်စိတွေလည်း ပြာလို့၊ ငါ မမြင်ရတော့ဘူး"

"မီးငြိမ်းသွားလို့ မှောင်နေတာ အမေရဲ့ . . . ပန်းနာဆိုတာ အေးရင် ဒီလိုပဲ မောတာပဲအမေ၊ မီးလုပ်နေရတာနဲ့ အမေ့ စိုကုန်မှန်းတောင် မသိဘူး"





"ဟိုတဲမှာ မီးသွားကူးစမ်း"

"အမေ့ . . . မိုးတွေရွာနေတယ်။ လမ်းမှာ ငြိမ်းသွားမှာပေါ့"

"ဟင်း ဟင်း ချမ်းလိုက်တာ"

"လုံချည်ခြင်း လဲဝတ်ရအောင်အမေ . . . ချွတ် မှန်း"

"နင်ကရော"

"အို . . . အမေ့လုံချည်ဝတ်ပါ့မယ်၊ ကျွန်မ ကိစ္စမရှိဘူး"

နှင်းဥသည် မတ်တပ်ရပ်၍ လုံကိုချွတ်ချယူလိုက်လေသည်။

မိမိ၏ ကိုယ်တုံးလုံးကိုယ်ကို မှောင်ထဲတွင် မမြင်ရ၍သာ ရဲရဲတင်းတင်း လဲဖယ်ပေးလေ၏။ မိမိ၏ စိုထိုင်းထိုင်းလုံချည်ကို မိခင်အား ဝတ်ပေးလိုက်ပြီး မိခင်ကိုယ်ပေါ်မှ လုံချည်ကို ဆွဲခွာလာရာ လုံချည်မှာ အပေါ်ပိုင်းသာ မိုးရည်များ ရွှဲနေ၍ အောက်ပိုင်းက မစိုသဖြင့် ဆွဲချွတ်မယူတော့ဘဲ မစိုသည့်ဘက်နှင့်ရွေး၍ ခြေထောက်ကို ထွေးပေးထားပြီး မိမိမူကား ကိုယ်တုံးလုံးနှင့်ပင် မိခင်အား ဖက်ထားလေသည်။

အေးလွန်လွန်း၍ နှင်းဥ၏အမေလည်း ရောဂါဖောက်၍ မောနေလေ၏။ နှင်းဥသည် ဘာမျှ မကြံနိုင်။ ၎င်း၏ကိုယ်ငွေ့နှင့်သာ မိခင်အား အပူငွေ့ပေးရလေ၏။ "သည်မိုး မတိတ်ရင် အမေ ခက်လိမ့်မယ်" ဟု တွေးမိပြီး ရင်ထဲတွင် တဒိတ်



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ခုန်၍ "တိတ်ပါတော့ မိုးရယ်" ဟု အကြိမ်ကြိမ် ဆုတောင်းလျက်ရှိနေ၏။

မိုးလည်း သဲရာမှ စဲ၍လာသော်လည်း လေကား တသိမ့်သိမ့် တိုက်လျက်ပင်။

"အမေ အမေ" ဟု ထပ်ထပ်ခေါ်ပါသောလည်း စကားပြန်မရ။ နှင်းဥကား အားငယ်သွားသည်။ တစ်ညလုံး နွေးနွေးမထွေးရဘဲ အစိုအအေးကြီးနှင့်ထားလျှင် မိုးလင်းမှ ခံပါ့မလားဟု ကြီးစွာသော ကြောင့်ကြပူပန်ခြင်းဖြစ်လေ၏။ အမေ့အား လှိုက်လှိုက်လှဲလှဲ သနားလှသဖြင့် ဘယ်လိုများနွေးအောင် လုပ်ရပါ့မလဲဟု အကြံအဖန်ထုတ်ကြည့်မိရာ ညနေက ရွာသို့သွားစဉ် တဲနှင့်မနီးမဝေးတွင်ရှိသည့် စပါးကျီကြီးကို မြင်လိုက်လေ၏။

ထိုကျီကြီးအမိုးအောက် လူလျှောက်ရန် ဆင့်ခင်းရိုက်ထားသည့် သစ်သားဖျဉ်ပြားပေါ်တွင် ဂုံအိတ်တွေ ဆင့်ထပ်ထားသည်ကို ပြေးမြင်လေ၏။ ကျီနားကဖြတ်လျှောက်သွားစဉ်သော်လည်းကောင်း၊ ဖြတ်ပြန်လာစဉ်သော်လည်းကောင်း လူရိပ် လူခြေတစ်ဦးမှ မတွေ့ခဲ့ရသဖြင့် မိုးတိတ်လျှင် ထိုဂုံအိတ်ထပ်မှ ဂုံအိတ် သုံးလေးလုံးသွားယူမည်။ မိုးလင်းမှ သွားပြန်ထားမည်ဟု မိုးအတိတ်သာ စောင့်လင့်နေလေတော့၏။

အနီးအနား တဲများတွင်လည်း မိမိတို့ကဲ့သို့ ဆင်းရဲသူတစ်စုများသာဖြစ်ကြ၍ ရှိစုမဲ့စုကလေးတို့နှင့် စုကွေးနေကြ





မည်ဖြစ်၍ ငှားရရင် လုံလုံလောက်လောက် ပေးနိုင်စရာမရှိကြပေ။ ဂုံအိတ်ကိုသာ ထွေးချင်သလို ထွေးပေးလိုက်ရရင် လုံလုံလဲလဲ နွေးနိုင်မည်။ အပြန်မှ အသိတဲကိုဝင်ပြီး မီးခြစ်ငှားခဲ့ပြီး ရေနွေးကြိုတိုက်မည့် စသည်ဖြင့် တွက်ကိန်းချနေရင်းပင် မိုးလည်း စဲရာမှ တိတ်သွားလေ၏။

"အမေ အမေ ခဏနေဦး၊ မီးထွန်းသွားဦးမယ်"

လူမမာမှာ မောဟိုက်နေ၍ ဘာမျှ ပြန်မပြောနိုင်ချေ။

နှင်းဥလည်း မတ်တပ်ထရပ်လိုက်ရာ တစ်ကိုယ်လုံး ဟာသွားလေ၏။ ဟာလာဟင်းလင်း ဖြစ်သွားမှသာ အဝတ်မှရှိမှန်း သတိရ၍ ကပျာကယာ သူ့အမေခြေထောက်တွင် ထွေးထားသည့် လုံချည်ကို ကောက်စွပ်လျက် တဲဝသို့ စမ်းထွက်ခဲ့လေ၏။

မိုးသားတွေ ပျောက်သွား၍ တခြမ်းလကလေးသည် ကောင်းကင်တွင် ရေးရေးထင်လျက် ပေါ်လာရာ သွားလိုရာ လမ်းကို စိတ်နှင့်မမှန်းဘဲ သဲသဲကွဲကွဲ မြင်လေ၏။

သွက်သွက်လျှောက်လာခဲ့သဖြင့် ကျီကြီးနားသို့ ခဏနှင့် ရောက်လာခဲ့၏။ မိခင်ဇောကြောင့် ကြောက်ရမှန်းမသိ။ တဲက ထွက်ခဲ့သော်လည်း ရေးရေးလင်းလျက်ရှိသော လရောင်အောက်တွင် မှုန်မှုန်မဲမဲ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိသော ကျီကြီးကို မျှော်ကြည့်လိုက်ပြီး ကြက်သီးဖျန်းသွားလေ၏။

ညအမှောင်တွင် အဆောက်အဦကြီးလျှင် တစ်မျိုးပင် ကြောက်စရာပုံသဏ္ဌာန်ဆောင်သဖြင့် အနားသို့ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်ရန် နှင်းဥဘ္ဘ ခဲယဉ်းနေပြန်၏။

ကြောက်စိတ်ဖြင့် နောက်ပြန်ဆုတ်လိုသည့်စိတ်ကို အားပေးလိုက်လေ၏။ "ငါ ဒီအတိုင်းပြန်ရင် အမေ မုချသေလိမ့်မယ်" ဟု တွက်၍ စိတ်အားတင်းပြီး ကျိဘေးသို့ကပ်လျှောက်လာခဲ့၏။

စောစောက ချမ်းသလောက် ဇောချွေးတွေ ထွက်လျက်နေ၏။ ကျိဝင်းထဲသို့ဝင်ရန် လျှောက်လာရာ ခြံစည်းရိုးတံခါးပိတ်ထားသည်ကို တွေ့ရ၍ အကြံခက်သွားလေ၏။ ညနေက လူရိပ်လူယောင် မမြင်ရဘဲ အခု ဘယ်သူလာ၍ တံခါးပိတ်သလဲဟု စဉ်းစားရင်း တွန်းကြည့်ရာ တံခါးသည် ကျွီခနဲ မြည်၍ ပွင့်သွား၏။

သွားရင်းလာရင်း တစ်ယောက်ယောက် စေ့သွားတာပဲဟု ယုံကြည်ကာ မရဲတရဲ လှမ်းဝင်လာခဲ့၏။ တိုးဝှေ့ တိုက်ခတ်သည့် လေအဟုန်ကြောင့် ကျိဝင်းရှိ ကုက္ကိုပင်၊ အုန်းပင်တို့မှ တရှဲရှဲထွက်သံကို သဘက် သူရဲများ ထွက်ဆွဲလေမလားဟု ခေါင်းနပန်း ကြီးသွားလေ၏။ သစ်ပင်ကိုင်းများ လှုပ်လှုပ်ရှားရှားမြင်တိုင်း စိတ်ချောက်ချားသွား၏။ စိတ်ချောက်ချားလွန်၍ မဲမဲကို သဲသဲကွဲကွဲ မမြင်ရခင် သူရဲပင် အောက်မေ့ပြီး တစ်ကျောလုံး စိမ့်သွားလေ၏။ အချိန်မှာ လူကြီးခေါင်းချချိန် ၁၁ နာရီခန့်ဖြစ်၏။ ရွာထဲမှ ခွေးများသည် ဆွဲဆွဲငင်ငင် အူလိုက်ကြလျှင် နှင်းဥလုပ်ရန်အလုပ်ကို ဝိုင်းဝန်းဖျက်ဆီးပေးကြ၏။

လှည့်၍လည်း ပြန်ချင်၏။ ယူလည်း ယူချင်၏။ စိတ်





နှစ်စိတ် လွန်ဆွဲနေရာ ယူလိုခြင်း ဇွဲ၏ ထက်သန်ပြင်းပြမှုက နှင်းဥအား ဂုံအိတ်ထပ်နားသို့ အနိုင်ဆွဲခေါ်သွားလေ၏။

နှင်းဥသည် တစ်ခြမ်းလကလေး၏ အကူအညီဖြင့် ဂုံအိတ်ထပ်ထဲမှ ဂုံအိတ်လေးလုံး ဆွဲထုတ်လိုပ်လေ၏။ ဖြည်းဖြည်းဆေးဆေး မလိပ်ဘဲ လျင်လျင်မြန်မြန်ကြီးလိပ်ပြီးနောက် ဆင့်ခင်းရိုက်ထားသည့် ပျဉ်ပေါ်မှ မြေပေါ်သို့ ခုန်ချလိုက်၏။

ပျဉ်ခင်းပေါ်တွင် ကျိနံရံနှင့် မှီထောင်ထားသည့် သွပ်ပြားချပ်မှာ နှင်းဥခုန်လိုက်သည့်အရှိန်ဖြင့် မြေပေါ်ရှိတုံးတို တုံးစများပေါ်သို့ ဖြန်းခနဲ လျောကျသွား၏။

နှင်းဥလည်း မြေပြိုသည်ထင်သည့် ယုန်ကဲ့သို့ တအားကျုံးပြေးလေ၏။ သူရဲဘဲ သူရဲ လိုက်ပြီဟု အောက်မေ့၍ ပြေးချင်သလောက် ပြေးလို့မရဘဲ ခြေဆွဲနေ၍ ဖင့်လေးနေ၏။ နောက်မှနေ၍ ခေါက်တုတ်ကျနေသည့်ဆံပင်ကို လှမ်းဆောင့်ဆွဲလိုက်သဖြင့် ဇက်ကြိုးတပ်လိုက်သည့် မြင်းပမာ တုန့်ရပ်သွားရ၏။

ကိုယ်ခန္ဓာအတွင်းမှ သွေးကြောများ ရပ်ဆိုင်းသွားဘိသည့်အလား အသက်ရှူရန်ပင် မတတ်နိုင်ပေ။ ဂုံအိတ်တွေလွှတ်ချပြီး မျက်စိကို စုံမှိတ်ထားလိုက်၏။

မိမိ နားမလည်သည့် ဘာသာစကားနှင့် ဆံပင်ကို လှမ်းဆွဲထားသူက ဟစ်အော်လိုက်ပြီး ဆွဲလှည့်လိုက်ရာမှ ရုတ်တရက်မျက်စိဖွင့်ကြည့်ပြီး အံကိုက်၍ အလွှတ်ရုန်းတော့၏။

မုတ်ဆိတ်ဖွားဖွားနှင့် ခေါ်တောကုလားကြီးကို သူရဲ



www.burmeseclassic.com

www.burmeseclassic.com



သူဘက်ထက်ပင် နှင်းဥကြောက်အားပိုလေ၏။

ကုလားကြီးလည်း နှင်းဥ မရုန်းနိုင်အောင် လှမ်း၍ ဖက်လိုက်၏။ မဖက်မိခင်ပင် နှင်းဥသည် အရေးထဲ၌ ရင်လျားထားသည့် ထဘီစ ပြုတ်ကျွတ်သွားမည်စိုးလှ၍ ဆောင့်ဆောင့်ထိုင်ချလိုက်၏။ နောက်ထပ် ခေါ်တောတစ်ယောက် အမြန်ရောက်လာပြီး သူတို့ချင်းချင်း ညာသံပေးကာ နှင်းဥအား ဖမ်းချုပ်၍ ညောင်ရေအိုးစင် ပန်းအိုးစင် ကစားသကဲ့သို့ ပွေ့သွားကြရာ နှင်းဥလည်း ရှန်းလွန့်ရင်း ဆောင့်ဆောင့်ကလေး ပါသွားတော့၏။

ရှက်လည်း ရှက်လှ၏။ ကြောက်လည်း ကြောက်လှ၏။ ဘာလုပ်ရမည်မှ သတိမရတော့ဘဲ ကုလားတွေ လွှတ်အောင် လက်များကို ကုန်းကိုက်ရာ နာလွန်းမက နာမှ ကိုရွှေခေါ်တောများသည် စပါးပုတ်ကြီးနား၌ ချကြ၏။

နှင်းဥသည် ပြေး၍မလွတ်နိုင်မှန်းသိ၍ "ကယ်ကြပါဦး" ဟု အသံကုန် ကုန်း၍ဟစ်လေ၏။

ခေါ်တောကုလား၏ လက်ဖဝါး ကြမ်းကြမ်းကြီးက ပါးစပ်ကို ဆီးပိတ်ထားလိုက်၍ အသံ အပြင်မရောက်ပေ။

ကုလားလက်ကို ဖယ်ရင်း ရုန်းရင်း မျက်စိများ ပြာလာပြီးနောက် မဟာပထဝီ မြေကြီးလည်း အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်သွားသလို ထင်လိုက်ရပြီးလျှင် မူးသွားရာမှ မေ့သွားလေ၏။

သတိပြန်ရသောအခါ နှင်းဥသည် သွပ်ပေါ်သို့ တဖြန်း





ဖြန်းပက်ဖျန်းနေသော မိုးသံကို ရှေးဦးစွာကြားရလေ၏။

ငှင်း၏အရောင်မရှိသော မျက်လုံးစုံနှင့် ဟိုဟိုဒီဒီ ပြူးကျယ်စွာ ဖွင့်ကြည့်လိုက်၏။

လက်ဆွဲမှန်အိမ်မီးမှာ ခြေရင်းဘက်တွင် လင်းနေသည်။ တခေါခေါ အိပ်မောကျနေသည့်ဘေးက ကုလားကြီးကို သွားမြင်ရာ စိတ်ရောကိုယ်ပါ နာကြည်းနာကျင်သွားလေ၏။

ကုလားမနိုးအောင် ဖြည်းဖြည်းထပြီး အပေါက်တံခါးကို ဖွင့်လေ၏။ ကုလားများ နိုးဦးမလားဟု စိတ်ပူမိသော်လည်း လှည့်၍မကြည့်ပေ။ တုံးလုံးလဲအိပ်နေသည့် ခေါ်တောကုလားကို သင်းချိုင်းက ပုပ်ပွနေသည့် လူသေကောင်ပုပ်ကြီးကဲ့သို့ ကြည့်ရမှာ စက်ဆုပ်ရွံရှာလွန်းလှမိခြင်းကြောင့် တစ်ကြိမ်တစ်ခါမှ ပြန်လှည့်မကြည့်ဘဲ တံခါးဖွင့်ပြီး ပြေးလေ၏။

မိုးရေထဲတွင် အမေရှိရာဘက်သို့ ဦးတည်ပြီး ပြေးနေလေ၏။ ပြေးနေရင်း ဟစ်အော်ငိုကြွေးလိုက်ချင်သည့်စိတ်ကို ချုပ်တီးထားလေ၏။

မိုးတိမ် မိုးလိပ်များ ဖုံးအုပ်သွား၍ တစ်ခြမ်းလကလေး ကွယ်နေသဖြင့် တဲထဲသို့ စမ်း၍ ဝင်ခဲ့ရ၏။ ရွဲရွဲစိုနေသော ကိုယ်က ရေများကို လက်နှင့် သုတ်ခါပြီး မိခင်နားသို့ တွားသွားကာ အမေ အမေ ဟု ကတုံကရီ ခေါ်လိုက်၏။

မိုးသံနှင့် ဘာသံမှ ပြန်မကြားရပေ။

မိခင်၏လက်ကို ဆွဲလှုပ်ကြည့်ရာ သစ်ချောင်းကြီးကဲ့သို့ တောင့်တောင့်မာမာကြီး ကိုင်လိုက်ရသဖြင့် "အမယ်လေး"

www.burmeseclassic.com



ဟု ကျယ်လောင်စွာ ဟစ်အော်လိုက်ကာ သူ့အမေကိုယ်ပေါ်သို့ ၄င်းကိုယ်ကို မှောက်ချလိုက်၏။

မိုးသံလေသံနှင့် နှင်းဥ ငိုလိုက်သည့်အသံ ရောပြွမ်းထွက်လာသံမှာ မကောင်းဆိုးရွားများ၏ အသံကဲ့သို့ အလားတူ မခြားပင်ဖြစ်လေ၏။

နှင်းဥလည်း အားရအောင် ငိုကြွေးနေရာမှ ရုတ်တရက် တိတ်၍သွား၏။ မိခင်၏ ခေါင်းကို ထူမလိုက်၏။ ကျောက်တုံးကို မှီရသကဲ့သို့ လေးနေ၍ ခေါင်းကိုပြန်ချကာ မှောင်ထဲတွင် မျက်နှာကို စမ်း၍ ကြည့်ပြန်၏။ ထို့နောက် ပါးချင်းပါးချင်းအပ်လိုက်ကာ မိခင်အား မိမိ၏ စောစောက အဖြစ်စုံကို ပြောပြနေလေ၏။

တစ်ဖန် ဟစ်ငိုပြန်၏။ တစ်ဖန် တိတ်သွားပြန်၏။ ပြန်၍ ထပ်ငိုပြန်ပြီးနောက် ငြိမ်သက်၍ သွားပြန်၏။

နံနက်တွင် မည်သူ့မျက်နှာတွေနှင့်မှ မျက်နှာချင်းမဆိုင်ရဲ၍ မဆိုင်ချင်။ အထူးသဖြင့် ကိုညိုနှင့်လည်း မျက်နှာချင်း မဆိုင်ဝံ့၍ မျက်နှာချင်းမဆိုင်ချင်၊ မိမိကိုယ်ကို မနက်အထိ ဤမြေပေါ်မှာ မထားမှ နံနက်တွင် မည်သူနှင့်မျှ တွေ့ရတော့မည်မဟုတ်ပါလား . . . ဟု တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် စဉ်းစားကြည့်နေပြီးလျှင် ကပျာကယာ မိခင်အား အကြိမ်ကြိမ် နမ်းရှုပ်၍ လေးလေးကန်ကန်နှင့် တဲဝသို့ ထွက်သွားလေ၏။

တစ်ချက်တစ်ချက်တွင် လျှပ်စစ်ပြက်၍ တဝင်းဝင်း





လက်လိုက်တိုင်း လက်လိုက်တိုင်း မိုးရေထဲတွင် ဒယိမ်းဒယိုင် လျှောက်သွားနေသော နှင်းဥကို ကောင်းစွာမြင်နိုင်၏။ သူသည် ချောင်းဘက်သို့ လျှောက်၍နေလေ၏။

ထိုသို့ လျှောက်သွားနေရင်း ဘာစိတ်ကူးရသွားသည် မသိ။ ဘုတ်တိုတ်တဲအိုကလေးရှေ့တွင် ခေတ္တရပ်ကာ သူ့ကိုယ်မှ ထဘီကို ချွတ်၍ခေါက်ပြီး တဲဝ၌ စွန့်ထားခဲ့ပြီးနောက် ချောင်းဘက်သို့ ဒုန်းစိုင်းပြေးသွားပြီးလျှင် တံတားလေးပေါ်မှ ချောင်းထဲသို့ ခုန်ချလိုက်လေ၏။

မိုးကြီးလည်း သည်းထန်စွာ ရွာချနေ၏။ သပြေပင် ရွာ တစ်ရွာလုံး အိပ်မောကျနေကြ၏။ အဝတ်ရှားပါးမှု ဒုက္ခကြောင့် လူဖြစ်ရှုံး၍ လူတစ်ကိုယ်လုံး ရေထဲသို့ ပစ်လိုက်ရသည့် နှင်းဥ၏ဖြစ်အင်ကို သနားချစ်ခင်သည့် မိတ်ဆွေ ကိုညိုလည်း မသိ။ အသိအကျွမ်း ရွာသူရွာသားတွေလည်း မသိကြ။

ချောင်းထဲတွင် နစ်၍သွားသော နှင်းဥအား မိုးကြီးလည်း သည်းထန်စွာ သွန်ကူနှစ်ပေးလိုက်၏။

အရှက်တက် မိုးမလင်းခင် တအုံးအုံးရွာချနေသည့် 'သည်မိုး'မှာ လူတန်းစေ့စေ့ လူလိုနေရ၍ သူတို့အတွက်သော်ကား တမိုက်ထူထူ မွေ့ရာပေါ်ဝယ် ကိုယ်ကိုနှစ်၍ ဂွမ်းစောင်၊ သက္ကလပ်စောင်၊ ကတ္တီပါစောင်၊ ခြုံစောင်အမျိုးမျိုးတို့နှင့် အထပ်ထပ် ခြုံလွှမ်း၍ ကွေးအိပ်နေရသည်မှာ အလွန်သာယာ 'ဇိမ်'ရှိလှပါပေ၏။

× × ×

www.burmeseclassic.com